http://www.cherrythitsar.org



http://www.cherrythitsar.org

[illegible]

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်သူများအား ဆန့်ကျင်ကြ
- နိုင်ငံတော် တည်ငြိမ်ရေး၊ တိုင်းပြည် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ

http://www.cherrythitsar.org

မြန်မာ့သမိုင်းဆိုင်ရာစာအုပ်

# ရဲဘော်သုံးကျိပ်

ကျော်ငြိမ်း

တက္ကသိုလ်များ သမိုင်းသုတေသနဌာန
ဂျီအီးစီ(ပညာရေး)သမဝါယမအသင်းလီမိတက်မှ
စီစဉ်ပြုစု၍
အင်းဝစာပေတိုက်မှ ပုံနှိပ်ထုတ်ဝေသည်။

http://www.cherrythitsar.org

**တန်ဖိုး - ၅၅၀ ကျပ်**

http://www.cherrythitsar.org

စီစဉ်ပုံနှိပ်ထုတ်လုပ်မှု

မျိုးအောင် (ရုက္ခဗေဒ)
အင်းဝစာပေတိုက်

**အင်းဝစာပေတိုက်**
အမှတ် ၁၃၆/၃၆ လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၅၃၂၅၅

http://www.cherrythitsar.org

**ပထမအကြိမ်၊** ၁၉၉၈
**အုပ်ရေ (၁၀၀၀)**
**ကျော်ငြိမ်း** (သုတေသန အရာရှိ) ပြုစုသည်။
☆
**စာမူခွင့်ပြုချက်အမှတ်**
၆၅၃/၉၇(၁၀)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၈၄/၉၇ (၁၁)
☆
**မျက်နှာဖုံးဒီဇိုင်း**
ကိုကိုမြင့်
**မျက်နှာဖုံးကာလာခွဲ**
**အယ်လ်ဖာ၊** ဖုန်း - ၂၄၅၈၅၆
☆
**ထုတ်ဝေသူ**
**ဒေါ်မြင့်မြင့်** (မြဲ - ၃၇၅၆)
ဒု လက်ထောက်ညွှန်ကြားရေးမှူး၊
တက္ကသိုလ်များသမိုင်းသုတေသနဌာန။
☆
**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**
**ဦးသာရင်**
တက္ကသိုလ်များ ပုံနှိပ်တိုက်
☆
အတွင်းဖလင် - **ပန်းခို ကိုသူသ**
စာအုပ်ချုပ် - **ကိုမြင့်**
ကွန်ပျူတာ - **မြန်ကွန်**

http://www.cherrythitsar.org

# မာတိကာ

ဥယျောဇဉ်
နိဒါန်း
၁။ ရဲဘော်သုံးကျိပ်ဇာတိ
၂။ ရဲဘော်သုံးကျိပ် ကြီးစဉ်ငယ်လိုက် အသက်အရွယ်ပြဇယား
၃။ သက်ရှိထင်ရှား ရဲဘော်သုံးကျိပ်ဝင်များ
၄။ ကွယ်လွန်သွားကြသော ရဲဘော်သုံးကျိပ်ဝင်များ
၅။ ရဲဘော်သုံးကျိပ်သမိုင်း (၁၉၄၁-၄၈)
၆။ ရဲဘော်သုံးကျိပ် အတ္ထုပ္ပတ္တိ
(၁) သခင်အောင်ဆန်း (ဗိုလ်တေဇ) ၄၅
(၂) သခင်ရှုမောင် (ဗိုလ်ချုပ်ကြီးနေဝင်း) ၅၅
(၃) သခင်ကျော်စိန် (ဗိုလ်မိုးညို) ၆၃
(၄) သခင်ခင်မောင်ဦး (ဗိုလ်တာရာ) ၆၇
(၅) သခင်ငွေ (ဗိုလ်စောအောင်) ၇၁
(၆) သခင်စောလွင် (ဗိုလ်မင်းခေါင်) ၇၅
(၇) သခင်စံမြ (ဗိုလ်တောက်ထိန်) ၈၁
(၈) သခင်စံလှိုင် (ဗိုလ်မှူးအောင်) ၈၅
(၉) သခင်စိုး (ဗိုလ်မြင့်အောင်) ၉၁
(၁၀) ကိုဆောင်း (ဗိုလ်ထိန်ဝင်း) ၉၅
(၁၁) သခင်တင်အေး (ဗိုလ်ဘုန်းမြင့်) ၉၉

http://www.cherrythitsar.org

(၁၂) သခင်ထွန်းခင် (ဗိုလ်မြင့်ဆွေ) ၁၀၃

(၁၃) ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်) ၁၀၉

(၁၄) သခင်ထွန်းရွှေ (ဗိုလ်လင်းယုန်) ၁၁၅

(၁၅) သခင်ထွန်းလွင် (ဗိုလ်ဗလ) ၁၁၉

(၁၆) သခင်ထွန်းအုပ် ၁၂၃

(၁၇) သခင်ဗဂျမ်း (ဗိုလ်လရောင်) ၁၂၉

(၁၈) သခင်မောင်မောင် (ဗိုလ်ညဏ) ၁၃၅

(၁၉) ကိုရွှေ (ဗိုလ်ကျော်ဇော) ၁၃၉

(၂၀) သခင်လှ (ဗိုလ်မင်းရောင်) ၁၄၅

(၂၁) သခင်လှဖေ (ဗိုလ်လက်ျာ) ၁၄၉

(၂၂) ကိုလှမောင် (ဗိုလ်ဇေယျ) ၁၅၅

(၂၃) သခင်လှမြိုင် (ဗိုလ်ရန်အောင်) ၁၆၁

(၂၄) သခင်သစ် (ဗိုလ်စောနောင်) ၁၆၅

(၂၅) သခင်သန်းညွန့် (ဗိုလ်ဇင်ယော်) ၁၆၉

(၂၆) သခင်သန်းတင်(၁) (ဗိုလ်သန်းတင်) ၁၇၃

(၂၇) သခင်သန်းတင်(၂) (ဗိုလ်မြဒင်) ၁၇၇

(၂၈) သခင်အေးမောင် (ဗိုလ်မိုး) ၁၈၁

(၂၉) သခင်အောင်သန်း (ဗိုလ်စကြာ) ၁၈၅

(၃၀) ကိုအောင်သိန်း (ဗိုလ်ရဲထွဋ်) ၁၈၉

ကျမ်းကိုးစာရင်း ၁၉၄

တွေ့ဆုံမေးမြန်းသည့် ပုဂ္ဂိုလ်များ ၂၀၁

# ဦးယျာဇဦ

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုတွင် ပြည်သူတို့နှင့် လက်တွဲ၍ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ရဲဘော်သုံးကျိပ်အကြောင်းကို ရှုထောင့်အဖုံဖုံမှ ရေးသားပြုစုခဲ့ကြသည့် ဆောင်းပါးနှင့်စာအုပ်များစွာရှိခဲ့ပါသည်။ သို့ရာတွင် ရဲဘော်သုံးကျိပ်တို့၏ အတ္ထုပ္ပတ္တိနှင့်ပတ်သက်၍ ပြီးပြည့်စုံစွာ စုစည်းရေးသားထားသော စာအုပ်စာတမ်းများကား မရှိသေးပေ။

နှစ် ၅၀ ပြည့် မြန်မာ့လွတ်လပ်ရေးရွှေရတု အခါသမယတွင် တက္ကသိုလ်များသမိုင်းသုတေသနဌာနမှ သုတေသန အရာရှိ ဦးကျော်ငြိမ်းက ရဲဘော်သုံးကျိပ်အကြောင်းကို ခိုင်လုံသော အထောက်အထားများကို မှီငြမ်းသုတေသနပြု၍ စာအုပ်ရေးသား ထုတ်ဝေနိုင်သဖြင့် ဝမ်းမြောက်အားရမိပါသည်။ ဤစာအုပ်ကို ဖတ်ရှုပြီးနောက် လွတ်လပ်ရေးနှင့် အမျိုးသားရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်တို့အား ချီးကျူးဂုဏ်ပြုရင်း အသက်သွေး ချွေးတို့ဖြင့် ခက်ခက်ခဲခဲ ရယူခဲ့ရသည့် အမိမြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို တန်ဖိုးထား မြတ်နိုးလိုစိတ်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်ပြီး လွတ်လပ်သော နိုင်ငံတော်ကြီးကို တိုးတက်ခေတ်မီအောင် ဆောင်ရွက်လိုစိတ်များ ပွားများလာကာ အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် စွမ်းဆောင်နိုင်ကြပါစေဟု ဆန္ဒပြုပါသည်။

ဒေါ်နီနီမြင့်
ညွှန်ကြားရေးမှူး
တက္ကသိုလ်များသမိုင်းသုတေသနဌာန

# နိဒါန်း

မြန်မာ့သမိုင်းတစ်လျှောက်တွင် ဇာတိသွေး ဇာတိမာန် အရည်အသွေးနှင့် ပြည့်စုံပြီး အမိမြန်မာနိုင်ငံကို ထိပါးကျူးကျော်လာသူ နယ်ချဲ့ဗြိတိသျှတို့အား ဆန့်ကျင်တော်လှန် တိုက်ခိုက်သူ၊ တိုင်းပြည်နှင့် လူမျိုး လွတ်လပ်ရေးအတွက် စွန့်လွှတ်စွန့်စားစွာ သက်စွန့်ကြိုးပမ်း ဆောင်ရွက်သူ၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲအောင် ကြိုးပမ်း ဆောင်ရွက်သူ နိုင်ငံဂုဏ်ဆောင် သားကောင်းများ မြောက်မြားစွာပေါ်ထွန်းခဲ့ပါသည်။ ထိုသို့ ပေါ်ထွန်း ခဲ့သည့် မြန်မာ့သားကောင်းများအနက် ရဲဘော် သုံးကျိပ်ဝင်တို့မှာ မြန်မာ့ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် မော်ကွန်းတင်ရမည့် ပုဂ္ဂိုလ်များ ဖြစ်ကြပေသည်။ ရဲဘော်သုံးကျိပ်သည် တိုင်းပြည်နှင့်လူမျိုး လွတ်မြောက်ရေး အတွက် စွန့်လွှတ်စွန့်စားစွာ ပြည်ပ ထွက်ခွာ၍ စစ်ပညာများ သင်ကြား ခဲ့ကြသည်။ ထိုနောက် ဗမာ့လွတ်လပ်ရေး တပ်မတော် ဖွဲ့စည်းပြီး နယ်ချဲ့ အင်္ဂလိပ်တို့ကို မြန်မာ့မြေပေါ်မှ တော်လှန် တိုက်ထုတ်ခဲ့ကြသည်။ ဖက်ဆစ်ဂျပန်တို့၏ ဖိနှိပ်အုပ်စိုးမှု ကိုလည်း တော်လှန်ခဲ့ကြသည်။ ဖက်ဆစ်တော်လှန်ရေး အပြီးတွင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖဆပလ အဖွဲ့ချုပ်သည် မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိအောင် ကြိုးပမ်း ဆောင်ရွက်ခဲ့သည်။ ထိုသို့ ကြိုးပမ်းဆောင်ခဲ့သည့် အတွက် ၁၉၄၈

ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာတိုင်းရင်းသား ပြည်သူ တစ်ရပ်လုံး အနှစ်နှစ်အလလ မျှော်မှန်းခဲ့သည့် အချုပ်အခြာ အာဏာပိုင် လွတ်လပ်ရေးကို ရရှိခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ချုပ်ကြီးနေဝင်းသည် နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲအောင် ဆက်လက် ကြိုးပမ်း ဆောင်ရွက်ခဲ့သည်။ ရဲဘော်သုံးကျိပ်ဝင်များအနက် ပါတီနိုင်ငံရေး ဆောင်ရွက်ပြီး တောခိုသောင်းကျန်းသူဘဝ ကျရောက် သူများလည်း ရှိခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းစဉ် ကာလက တိုင်းပြည်နှင့်လူမျိုးလွတ်လပ်ရေးအတွက် ရဲဘော်သုံးကျိပ်ဝင် များ၏ အမျိုးသားနိုင်ငံရေး ဆောင်ရွက်ချက်များ ကိုကား မေ့ပျောက်၍ မရစကောင်းပေ။

မြန်မာ့သမိုင်းကိုလေ့လာရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စစ်ရေး ခေါင်းဆောင်များ၏ အတ္ထုပ္ပတ္တိကို လေ့လာရန်လည်း လိုအပ်ပါသည်။ အတ္ထုပ္ပတ္တိသည်သမိုင်း၏အစိတ်အပိုင်းဖြစ်ရာ နိုင်ငံကိုဦးစီးခေါင်းဆောင် ခဲ့သည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိကို ဖတ်ရှုလေ့လာခြင်းဖြင့် နိုင်ငံ သမိုင်းကို ပို၍ သိရှိနားလည်နိုင်သည်သာ မက ထိုပုဂ္ဂိုလ်များ၏ စွမ်းရည်များကို သိရှိလာမည် ဖြစ်ပါသည်။

ရဲဘော်သုံးကျိပ်အတ္ထုပ္ပတ္တိကို ဖတ်ရှုခြင်းဖြင့် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းကိုသာမက ရဲဘော်သုံးကျိပ်ဝင်များ၏ တိုင်းပြည် နှင့်လူမျိုး လွတ်မြောက်ရေးအတွက် သက်စွန့်ကြိုးပမ်း ဆောင်ရွက် ခဲ့ပုံများကို ဂုဏ်ယူဖွယ်ရာသိရှိပြီး မျိုးဆက်သစ်လူငယ်များ အပါအဝင် မြန်မာပြည်သူတို့ အနေဖြင့် အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် အစဉ်ရှင်သန် ထက်မြက်ကာ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို စွန့်လွှတ်

စွန့်စားစွာ အသက်ပေး ကာကွယ်စောင့်ရှောက်လိုသည့် သူရဲကောင်း စိတ်ဓာတ်များ ပေါ်ထွန်းလာရေးကို အထောက်အကူပြုမည် ဖြစ်ပါသည်။

ရဲဘော်သုံးကျိပ် အတ္ထုပ္ပတ္တိကို အပြည့်အစုံ ရေးသားနိုင်ရန် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင်၊ ဗိုလ်ဗလ၊ ဗိုလ်ရဲထွဋ်နှင့် ဗိုလ်တောက်ထိန်တို့ကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ဤစာအုပ် ရေးသားပြုစုရာတွင် မူရင်း အထောက်အထား ဖြစ်သည့် ရဲဘော် သုံးကျိပ်ဝင် အချို့ ရေးသားပြုစုခဲ့သည့် မှတ်တမ်း၊ စာအုပ်စာတမ်းများနှင့် ရဲဘော်သုံးကျိပ်နှင့်အတူ ကိုယ်တိုင် ပါဝင်ဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်များ ရေးသား ပြုစုခဲ့သည့် မှတ်တမ်း၊ စာအုပ်စာတမ်းများကို အဓိက အားကိုးအားထား ပြု၍ ရေးသားထားပါသည်။ အချက် အလက်များ ရရှိရေးအတွက် ရဲဘော်သုံးကျိပ်ဝင် အချို့၏ ဇာတိရပ်ရွာများသို့ ကွင်းဆင်း ခရီးထွက်ခြင်း၊ ရဲဘော်သုံးကျိပ်ဝင်များ၏ ဆွေမျိုးများနှင့် တွေ့ဆုံမေးမြန်းခြင်း အပါအဝင် စာရေးမေးမြန်းခြင်း များကိုလည်း ပြုလုပ်ခဲ့ပါသည်။ ယခု စာအုပ်တွင် အသုံးပြုသည့် ရဲဘော် သုံးကျိပ်ဝင်များ၏ ဓာတ်ပုံများကို အကူအညီ ပေးခဲ့သည့် စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးအား အထူးကျေးဇူး တင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

# လွတ်လပ်ရေးကြိုးပမ်းမှု
# သမိုင်းမှတ်တမ်း ဓာတ်ပုံများ




အမ္ပိုင်သို့လျှို့ဝှက်ခရီးတွင်သခင်အောင်ဆန်းနှင့်သခင်လှမြိုင်
တို့ စီးနင်းလိုက်ပါခဲ့သည့် ဟိုင်လီသင်္ဘော(၈-၈-၄၀)

http://www.cherrythitsar.org

http://www.cherrythitsar.org



အမွိုင်မှတစ်ဆင့် ဂျပန်နိုင်ငံရောက် သခင်အောင်ဆန်းနှင့်
သခင်လှမြိုင် (နိုဝင်ဘာ ၁၉၄၀)

http://www.cherrythitsar.org



မြန်မာနိုင်ငံအတွင်းရှိ ပြည်သူ့အရေးတော်ပုံပါတီဝင်များနှင့်
တိုင်ပင်ရန် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ရုပ်ဖျက်ကာ
ပြန်လည်ဝင်ရောက်လာသည့် သခင်အောင်ဆန်း(ဖေဖော်ဝါရီ ၁၉၄၁)

http://www.cherrythitsar.org

(ငၚမၚ ယွဂ ၅) ၜွမ္ဒ
မြွးနှုပြိုးနှုယုထ ငၠင်ထဍုံးနိခးထိခ ဥှုံန်းငါက၃ဝမွာဂုဂုင့်ယခးဗခဇ ငါင၃ါဂြ
ယုငနံခး႒လမြွယုဃခးနှုထ၃ထဇခ၃ဇထ ငွ်င ါဂြုနှုပြယုနှုမ





ရဲဘော်သုံးကျိပ် စတုတ္ထအသုတ်အား ဟာကိုနီစခန်းတွင် တွေ့ရစဉ်
(၁၉၄၁ ခုလိုင်)



(၁) ဗေဟိကော (၂) ဗိုလ်ဇင်ယော် (၃) ဗိုလ်မြင့်ဆွေ (၄) ဗိုလ်စောနောင်
(၅) ဗိုလ်ညာဏ (၆) ဗိုလ်မင်းရောင် (၇) ဗိုလ်မိုးညို (၈) ဗိုလ်ဗလ
(၉) ဗိုလ်အောင် (၁၀) မိဇုကာနီ (၁၁) သခင်ထွန်းအုပ် (၁၂) ကိုဒါမ
(၁၃) ဗိုလ်စောအောင် (၁၄) ဗိုလ်နေဝင်း

http://www.cherrythitsar.org



ရဲဘော်သုံးကျိပ် စတုတ္ထအသုတ်အား ဟာကိုနီ တောင်ပေါ်
စခန်းမြို့တွင် တွေ့ရပုံ

http://www.cherrythitsar.org



ရဲဘော်သုံးကျိပ်တို့ စိန်ပြောင်းပစ်လေ့ကျင့်နေစဉ်

http://www.cherrythitsar.org

ငှါဖနံခဒှံၢ်ယလံခဂီၦၢ်ဝံၤဒှဝီငးယါ ဝံဂှၢ်ၦၤငံၤငှငးခါၣ်



http://www.cherrythitsar.org



ဟိုင်နန်ကျွန်း၊ စစ်ပညာသင်တန်းကျောင်းတွင် ကျောင်းအုပ်ကြီး၊ သင်တန်းနည်းပြဆရာများနှင့် ရဲဘော်သုံးကျိပ်ဝင်များ

http://www.cherrythitsar.org



နောက်တန်း - ကာတိုး၊ ဗိုလ်ဇေယျ(ကိုလှမောင်)၊ ဗိုလ်နေဝင်း(သခင်ရှုမောင်)
ဗိုလ်မြင့်ဆွေ(သခင်ထွန်းခင်)၊ တပ်ကြပ်အီတို

ရှေ့တန်း - ဒိုးအိ၊ ဗိုလ်လက်ျာ(သခင်လှဖေ)၊ ဗိုလ်ကြီးကာဝါရှီမ၊ သခင်ထွန်းအုပ်၊
ဗိုလ်တေဇ(သခင်အောင်ဆန်း)၊ နိုဟာရာ

http://www.cherrythitsar.org

ငှ့်ဖနဲခဒုံါယလံခဂို့ယှပွဲဝဂို့ဈခ ါမွဲဧဒဝဂှါပွယးငဲ့ငှငဃခဗ့် ဒုငိးနှါပ်ယနှနဒုပွဲ



http://www.cherrythitsar.org



ဟိုင်နန်ကျွန်းတွင် ရဲဘော်သုံးကျိပ်ဝင်အချို့ မြေပုံတိုက်ပွဲလေ့ကျင့်နေစဉ်

http://www.cherrythitsar.org

ဖွံ့ယကိၣ်ယလၢ်ကနွ့ၣ်ယၤခမ့ၢ်ကြၢ်ယၤယခန့ၢ်ဂ ခ့ၣ်ခွံးၣ်ထဲ ၡိၣ်ထၣ်နံ့ၣ်လၢ်ကြ
ၣ်ၢ်ါနံၣ်ငၢ်ပြၢ(ၜးခၣ်မွံၤပွၣ်)ၣ်ယၤခဂၣ်ယၤးဖခၣ်လယ့ၢ်လိၤ်ဂဂ



http://www.cherrythitsar.org



ရဲဘော်သုံးကျိပ်ဝင်များ လက်မောင်းသွေးဖောက်ကာ သစ္စာ
အဓိဋ္ဌာန်ပြုလုပ်ခဲ့သည့် ဗန်ကောက်မြို့ရှိ မြန်မာလူမျိုး မျက်စေ့
ကုဆရာဝန် ဦးလွန်းဖေနေအိမ်

ငွဖါ်ဝိဒ ဒုဝိယပထိဖောက်ကျွယ်ယယေခနှဂ ငွယခဂဒွယးဗခဒွလငွလိင်ဂဂ



http://www.cherrythitsar.org



ဗမာ့လွတ်လပ်ရေးတပ်မတော်သားများ လက်နက်ပစ္စည်းများကို လှေဖြင့်သယ်ယူနေစဉ်

ငှါဖြန်ခါ်းနှဲဧဒွဖိုးဂှယယှယငယဖှဂြှန်ဂ ငှယခဂှယးဗဓှလှလိင်ဂဂ



http://www.cherrythitsar.org



ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး ဖြတ်သန်းလာခဲ့သည့်ထိုင်းမြန်မာနယ်ခြားဒေသ



ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးချီတက်လာစဉ်

ငှဲဖယှဝ်ှးရှငှယှယခဒှဝယ်ှ ကြွန်ှယနှဗ  ပှယဒဂှထးဗဒဂှလပှလိင်ံဂရ



http://www.cherrythitsar.org



ဗမာ့လွတ်လပ်ရေးတပ်မတော်၏ဗိုလ်ချုပ် ဗိုလ်မိုးကြိုး



ရဲဘော်သုံးကျိပ်ဝင်အချို့

နောက်ဆုံးတန်း - ဗိုလ်တာရာ၊ ဗိုလ်မင်းခေါင်၊ ဗိုလ်လင်းယုန်၊ ဗိုလ်ဇင်ယော်၊ ဗိုလ်ဗလ၊ ဗိုလ်ရဲထွဋ်

အလယ်တန်း - ဗိုလ်ရန်နိုင်၊ ဗိုလ်မင်းရောင်၊ ဗိုလ်မြင့်အောင်၊ ဗိုလ်စောနောင်၊ ဗိုလ်ကျော်ဇော

ရှေ့တန်း - ဗိုလ်ဇေယျ၊ ဗိုလ်အောင်၊ နဂါးအိ၊ ဗိုလ်တေဇ၊ ဗိုလ်မိုးကြိုး၊ ဗိုလ်နေဝင်း၊ ဗိုလ်လရောင်

http://www.cherrythitsar.org

(ဧၢဒ္ဒွၣ်) ၄ဃာခဂ္ဂဃးဗခၡဂၜယငံဂၵ



http://www.cherrythitsar.org

(ဧၢဒ္ဒွင) ၦယဝဒဂၦယးဖဒၦဂဝိယငယငံဂရ





၁၉၄၅ ခု၊ မတ်လ ၁၇-ရက်နေ့ ဗမာ့အမျိုးသားတပ်မတော် စစ်ရေးပြနှင့် တပ်ထွက်ပွဲအခမ်းအနားအပြီး တပ်မတော်သားများ ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်ဆီသို့ချီတက်သွားကြစဉ်

http://www.cherrythitsar.org



ဗိုလ်ချုပ်အောင်ဆန်းအားဂျပန်ဘုရင်ကချီးမြှင့်သည့်
တက်နေဝန်းတံဆိပ် (၂၂-မတ်-၄၃)

http://www.cherrythitsar.org

ၚ္ဂဋယ့ဥ္ဂဝးနှ္ဂဃၚ္ဂကၜးဗၜၚ္ဂလၚ္ဂယလိ



http://www.cherrythitsar.org



မဟာသီရိသုဓမ္မတံဆိပ်



အရေးတော်ပုံတံဆိပ် လွတ်လပ်ရေးစည်းရုံးမှုတံဆိပ် လွတ်မြောက်ရေးတံဆိပ်

BIA BDA PBF

၁၉၄၂ခုနှစ်မှ၁၉၄၅ခုနှစ်အတွင်း တိုင်းပြည်နှင့်လူမျိုးအတွက်
စွန့်လွှတ်စွန့်စားစွာ ကြိုးပမ်းဆောင်ရွက်ခဲ့သူများအား
နိုင်ငံတော်ကချီးမြှင့်သည့် အရေးတော်ပုံတံဆိပ်၊ လွတ်လပ်ရေး
စည်းရုံးမှုတံဆိပ်နှင့်လွတ်မြောက်ရေးတံဆိပ်များပုံ

http://www.cherrythitsar.org



ဗိုလ်မိုးကြိုး ဗမာပြည်သို့ပြန်လည်ရောက်စဉ်။ ရဲဘော်သုံးကျိပ်အဖွဲ့ဝင်များနှင့်အတူ ဗိုလ်နေဝင်းအား တွေ့ရပုံ။

ဂုဏ်ဝေ့ဂိစင်ပါဌင်းပါဝင



ဥဂ္ဂဇေယျကီဝင်ထင်ရှားဂုဏ်ပြုပိုး





http://www.cherrythitsar.org



ဇင်းမယ်တွင်ကွယ်လွန်သွားသော သခင်သန်းတင်(၂) (ဗိုလ်မြဒင်)၏အရိုးပြာကို ဗိုလ်ချုပ်အောင်ဆန်း ယူဆောင်လာစဉ် (ဤဓာတ်ပုံကို **ဂျပန်ကြီးစာအုပ်ဆိုင်** အမှတ် ၁၁၈/၁၂၂၊ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့မှ ကျေးဇူးပြုပါသည်။)

# ရဲဘော်သုံးကျိပ်

ဥရောပတွင် ၁၉၃၉ခုနှစ် စက်တင်ဘာလ၌ ဒုတိယကမ္ဘာစစ်ကြီးစတင် ဖြစ်ပွားလေသည်။ ထိုစစ်ကြီးတွင် ဗြိတိသျှတို့ ပါဝင်တိုက်ခိုက်နေသဖြင့် အခက်အခဲကြုံတွေ့နေရသည်။ ထိုအခါ ဗြိတိသျှတို့လက်အောက်မှ လွတ်မြောက် ရန် ကြိုးပမ်းနေသော မြန်မာတို့အဖို့ လွတ်လပ်ရေးအတွက် ဆောင်ရွက်ရန် အခွင့်ကောင်းရခဲ့သည်။ ဤသို့ အခွင့်အခါကောင်းနှင့် ကြုံကြိုက်စဉ် သခင်ကိုယ်တော်မှိုင်း သခင်မြ ဦးဆောင်သော တို့ဗမာအစည်းအရုံးသည် "အင်္ဂလိပ်အခက်၊ ဗမာ့အချက်" ဟု ကြွေးကြော်ကာ မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသော အင်အားစုများ စည်းလုံးညီညွတ်စွာဖြင့် ဘုံရန်သူ ဗြိတိသျှအား လက်တွဲ၍တိုက်ပွဲဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ၁၉၃၉ ခုနှစ်အောက်တိုဘာ ၁ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကို ချစ်မြတ်နိုးသူအားလုံးပါဝင်သော ဗမာ့ထွက်ရပ်ဂိုဏ်း (Freedom Bloc) ကို ဖွဲ့စည်းနိုင်ခဲ့သည်။ ဗမာ့ထွက်ရပ်ဂိုဏ်းတွင်သခင်ကိုယ်တော် မှိုင်း၊ သခင်မြ၊ တို့ဗမာအစည်းအရုံး၊ ဆင်းရဲသားဝံသာနုအဖွဲ့၊ ငါးပွင့်ဆိုင်အဖွဲ့ နှင့် နေပြည်တော်အဖွဲ့တို့ ပါဝင်ခဲ့ကြသည်။ ဗမာ့ထွက်ရပ်ဂိုဏ်းတွင် ဒေါက်တာ ဘမော်က ဥက္ကဋ္ဌ၊ သခင်အောင်ဆန်းက အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ဗမာ့ထွက်ရပ်ဂိုဏ်း၏ ရည်ရွယ်ချက်မှာ ဒီမိုကရေစီ ရေးနှင့် လွတ်လပ်ရေးအတွက် ဖြစ်သည်ဟု ကြေညာချက် ထုတ်ပြန်ခဲ့သည်။

http://www.cherrythitsar.org



သခင်ကိုယ်တော်မှိုင်း သခင်မြ ဦးဆောင်သော တို့ဗမာအစည်းအရုံးဝင် သခင်လူငယ်များသည် ဥပဒေဘောင်အတွင်းမှ ဗြိတိသျှအစိုးရအား အရေးဆိုရန် ဗမာ့ထွက်ရပ်ဂိုဏ်း ဖွဲ့စည်းခဲ့သကဲ့သို့ ဗြိတိသျှအစိုးရထံမှ လွတ်လပ်ရေးကို အနုနည်းဖြင့် မရပါက လက်နက်ကိုင် တော်လှန်ရန်အတွက် ၁၉၃၉ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် မြေအောက်လျှို့ဝှက်အဖွဲ့ (Under Ground Unit) ကို လျှို့ဝှက်ဖွဲ့စည်းခဲ့သည်။

ဗြိတိသျှအစိုးရက မြန်မာနိုင်ငံအတွက် လွတ်လပ်ရေးကတိများ ပေးအပ်ပါက ယခုစစ်ကြီးတွင် ဗြိတိသျှအစိုးရအား ကူညီမည်ဟု ဗမာ့ထွက်ရပ်ဂိုဏ်းက အရေးဆိုခဲ့သည်။ ဗြိတိသျှအစိုးရက ဗမာ့ထွက်ရပ်ဂိုဏ်း၏ အရေးဆိုမှုကို လျစ်လျူရှုခဲ့သည်သာမက ၁၉၄၀ ပြည့်နှစ်တွင် ကာကွယ်ရေးဥပဒေ ထုတ်ပြန်ကာ နိုင်ငံရေးဖိနှိပ်မှုများကို ပို၍ ပြင်းထန်စွာ ပြုလုပ်ခဲ့သည်။ ထိုအခါ မြန်မာတို့အဖို့ ဒီမိုကရေစီရေးနှင့် လွတ်လပ်ရေးအတွက် ဗြိတိသျှ အစိုးရကို လက်နက်ကိုင်တိုက်ပွဲဝင်ရန်မှ တစ်ပါး အခြားရွေးချယ်စရာလမ်း မရှိတော့ပေ။

မြန်မာမျိုးချစ်လူငယ်များသည် ဗြိတိသျှနယ်ချဲ့ကို လက်နက်ကိုင်တော်လှန်ရန်အတွက် နိုင်ငံခြားအကူအညီရယူရန် လိုအပ်ကြောင်းသိရှိခဲ့သည်။ သခင်အောင်ဆန်းတို့သည် မြန်မာ့လွတ်လပ်ရေး အရေးတော်ပုံအတွက် ကမ္ဘာတွင် ဝါဒဖြန့်ရန်လိုသည်။ ကမ္ဘာ၏ အကူအညီရနိုင်လျှင် ပိုကောင်းသည်ဟု ယူဆသည်။ ထိုအကူအညီ ရနိုင်ရန် ပြည်တွင်းတွင် ဆောင်ရွက်၍ မဖြစ်နိုင်သောကြောင့် နိုင်ငံခြား တိုင်းပြည်တစ်ခုခုသို့ သွားရောက်ဆောင်ရွက်ကြရန် သဘောတူကြသည်။ နိုင်ငံခြား တိုင်းပြည်တစ်ခုခုသို့ သွားရောက်ရန် ဆွေးနွေးကြရာ၌ တရုတ်၊ ယိုးဒယားနှင့် ဂျပန် တစ်နိုင်နိုင်ငံသို့သွားရန် ဆွေးနွေးခဲ့ကြသည်။ ဗမာ့ထွက်ရပ်ဂိုဏ်း ခေါင်းဆောင် ဒေါက်တာဘမော်နှင့် ဒေါက်တာသိန်းမောင်တို့က သခင်အောင်ဆန်းအား ဂျပန်၏ အကူအညီကို အလိုရှိက ရနိုင်ကြောင်း ပြောကြားထားသဖြင့် ဂျပန်၏ အကူအညီ ယူသင့် မယူသင့် ပြဿနာကို သခင်ကိုယ်တော်မှိုင်း၊ သခင်မြ တို့ဗမာအစည်းအရုံးဝင် ခေါင်းဆောင်တို့ ဆွေးနွေးကြသည်။ ထိုပြဿနာကို ဆွေးနွေးကြရာ၌ အစည်းအရုံး အတွင်းရှိ လက်ဝဲဝါဒီအချို့က ဖက်ဆစ်ဝါဒ၏ သဘောသရုပ်ကို

http://www.cherrythitsar.org



သိရှိထားကြပြီး လက်တွေ့တွင်လည်း ဖက်ဆစ်ဂျပန်သည် တရုတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက် နေသောကြောင့် ဂျပန်၏ အကူအညီကို မယူလိုကြပေ။ ထို့ကြောင့် တရုတ် နှင့် ယိုးဒယား တစ်နိုင်နိုင်ငံသို့ သွားရောက်ရန် စဉ်းစား ဆွေးနွေးကြရာ တရုတ်နိုင်ငံနှင့် မူလက အဆက်ရှိထားသောကြောင့် တရုတ် နိုင်ငံသွားရန် ရွေးချယ်ခဲ့ကြသည်။ တရုတ်နိုင်ငံသို့ စွန့်လွှတ်စွန့်စားစွာ သွားရောက်မည့်သူ ရွေးချယ်ရာ၌လည်း ဗြိတိသျှ အစိုးရက ဖမ်းဝရမ်း ထုတ်ထားသဖြင့် မြေအောက် လျှိုးနေရသော သခင်အောင်ဆန်းကို ရွေးချယ် ခဲ့သည်။ သခင်အောင်ဆန်း ကိုယ်တိုင်ကလည်း အမျိုးနှင့်နိုင်ငံ လွတ်လပ်ရေး အတွက် မိမိအသက်ကို စွန့်လျှပြီး ဗမာရော်ဂျာကေးမင်းအဖြစ် ခံယူရန် ဆုံးဖြတ်ထားပြီးဖြစ်၍ ထိုသို့ ရွေးချယ်ခြင်းကို လက်ခံခဲ့သည်။

သခင်အောင်ဆန်းတို့သည် တရုတ်နိုင်ငံသို့ ကုန်းလမ်းခရီးမှ သွားရောက် ရန် စီစဉ်ထားသော်လည်း တရုတ်မြန်မာ လမ်းမကြီးပိတ်ထားသဖြင့် ရေကြောင်း မှ သွားရောက်ရန် ဆုံးဖြတ်ခဲ့သည်။ မြေအောက်လျှို့ဝှက် အဖွဲ့သည် သခင် အောင်ဆန်းတို့ တရုတ်နိုင်ငံသို့ ရေကြောင်းမှ သွားရောက်နိုင်ရေးအတွက် သခင်လှဖေ(ဗိုလ်လက်ျာ)အား တာဝန်ပေးအပ်ခဲ့သည်။ သခင်လှဖေသည် ရန်ကုန်မြို့ ၁၉လမ်းတွင်နေထိုင်သော ကိုကျော်ခင်၏ အကူအညီဖြင့် တရုတ် နိုင်ငံ အမွိုင်မြို့သို့ သွားရောက်မည့် နော်ဝေးပိုင် ဟိုင်လီ (Hailee)သင်္ဘော နှင့် အဆက်ရခဲ့သည်။ ထိုသို့အဆက်ရခဲ့ပြီးနောက် ၁၉၄၀ ပြည့်နှစ် ဩဂုတ်လ ၈ ရက်နေ့တွင် သခင်အောင်ဆန်းသည် တန်လွန်ရှောင် (Tan Luan Shaung) ဟူသော တရုတ်အမည်ခံယူ၍လည်းကောင်း၊ သခင်လှမြိုင်သည် တန်ဆူတောင် (Tan Su Taung)ဟူသော တရုတ်အမည်ခံယူ၍လည်းကောင်း ဟိုင်လီသင်္ဘောဖြင့် ရန်ကုန်မြို့မှ စွန့်လွှတ်စွန့်စားစွာ ထွက်ခွာခဲ့ရာ ၁၉၄၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၄ရက်နေ့တွင် အမွိုင် (Amoy)သို့ ရောက်ရှိခဲ့သည်။ သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့ အမွိုင်ရောက်ရှိပြီးနောက် တရုတ်ကွန်မြူနစ်ပါတီနှင့် အဆက် အသွယ်ရရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ဘဲ အမွိုင်မြို့တွင် သောင်တင် နေခဲ့သည်။

တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် နိုင်ငံခြား အကူအညီရရန် မြန်မာတို့ ကြိုးပမ်းနေချိန်တွင် ဂျပန်တို့ကလည်း တရုတ်နိုင်ငံ ချုံကင်းမြို့

http://www.cherrythitsar.org



(Chung King)တွင်အခြေစိုက်နေသည့် ချန်ကေရှိတ် (Chiang Kai-shek)အစိုးရထံ မဟာမိတ်တို့က လက်နက်ခဲယမ်းမီးကျောက်နှင့် ရိက္ခာပစ္စည်းများ ပို့ပေးရာတွင် အသုံးပြုနေသော တရုတ်မြန်မာလမ်းမကြီး ဖြတ်တောက်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံကို စိတ်ဝင်စားခဲ့သည်။ ဂျပန်အစိုးရသည် မိမိတို့အား ခုခံတိုက်ခိုက်နေသည့် ချန်ကေရှိတ်အစိုးရ လျင်မြန်စွာ ကျဆုံးရေးအတွက် တရုတ်မြန်မာ လမ်းမကြီးကို အလျင်အမြန် ဖြတ်တောက်လိုသည်။ ထို့ကြောင့် ဂျပန်ကြည်းတပ်မတော်မှ ဗိုလ်မှူးကြီးစူဇူကီး (Colonel Suzuki Keiji) အား တရုတ်မြန်မာလမ်းမကြီး ဖြတ်တောက်နိုင်ရေးအတွက် နည်းလမ်းများ ရှာဖွေရန် မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့သည်။

ဗိုလ်မှူးကြီး စူဇူကီးသည် ၁၉၄၀ ပြည့်နှစ် မေလတွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။ ဗိုလ်မှူးကြီးစူဇူကီးသည် မြန်မာနိုင်ငံသို့ ရောက်ရှိပြီးနောက် ၁၉၄၀ ပြည့်နှစ် စက်တင်ဘာလတွင် မြန်မာ့လွတ်လပ်ရေး လှုပ်ရှားမှုကို ခေါင်းဆောင်နေသော သခင်ကိုယ်တော်မှိုင်း၊ သခင်မြ၊ တို့ဗမာအစည်းအရုံးဝင်များနှင့် လျှို့ဝှက်တွေ့ဆုံနိုင်ခဲ့သည်။ ထိုသို့တွေ့ဆုံရာတွင် ဗိုလ်မှူးကြီးစူဇူကီးက မြန်မာ့လွတ်လပ်ရေးအတွက် ဂျပန်က အကူအညီပေးမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။ ထိုသို့ကတိပေးပြီးနောက် ဗိုလ်မှူးကြီးစူဇူကီးသည် ဒေါက်တာသိန်းမောင်ထံမှ သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့၏ ဓာတ်ပုံများနှင့် လိပ်စာကို ရယူကာ ၎င်းတို့နှစ်ဦးအား ဂျပန်နိုင်ငံသို့ ခေါ်ယူရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ ဗိုလ်မှူးကြီး စူဇူကီးသည် ၁၉၄၀ ပြည့်နှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ရန်ကုန်မြို့မှ ဂျပန်နိုင်ငံသို့ ထွက်ခွာခဲ့ရာ တိုင်ဝမ်ကျွန်း (Taiwan) တိုင်ပေမြို့ (Taipei)အရောက်တွင် တိုင်ပေ ဂျပန်စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးတာနာကာ (Colonel Tanaka)နှင့် တွေ့ဆုံ၍ အမွိုင်သို့ရောက်ရှိနေသော သခင်အောင်ဆန်း သခင်လှမြိုင်တို့နှင့် အဆက်အသွယ် ရရှိရေးအတွက် အကူအညီတောင်းခဲ့သည်။ ဗိုလ်မှူးကြီးတာနာကာသည် အမွိုင်ရှိ ဂျပန်ကင်ပေတိုင်တပ်မှူး ဗိုလ်မှူးခန်းဒ (Major Kanda)ထံ သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့၏ ဓာတ်ပုံများနှင့် လိပ်စာကိုပေးပို့ပြီး ယင်းမြန်မာလူငယ်နှစ်ဦးကို တွေ့အောင်ရှာရန် ညွှန်ကြားခဲ့သည်။ ဗိုလ်မှူးခန်းဒသည် သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့ကို အမွိုင် နိုင်ငံခြားသားရပ်ကွက်ရှိ တရုတ်စားသောက်ဆိုင်တစ်ဆိုင်တွင် တွေ့ရှိ

http://www.cherrythitsar.org



ခဲ့သည်။ ဗိုလ်မှူးခန်းဒက သခင်အောင်ဆန်းတို့အား ဗိုလ်မှူးကြီး စူဇူကီးနှင့် တွေ့ဆုံလိုစိတ် ရှိ မရှိ မေးမြန်းရာ သခင်အောင်ဆန်းတို့က တွေ့လိုကြောင်း ပြောကြားခဲ့သည်။ ထို့ကြောင့် ဗိုလ်မှူးခန်းဒသည် သခင်အောင်ဆန်း တို့အား အမွိုင်မှ တိုင်ပေရှိ ဂျပန်စစ်ဌာနချုပ်သို့ ပို့ပေးခဲ့သည်။ ထိုမှတစ်ဆင့် သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့သည် ၁၉၄၀ ပြည့်နှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် တိုကျိုမြို့သို့ ရောက်ရှိခဲ့သည်။

သခင်အောင်ဆန်းတို့ ဂျပန်နိုင်ငံရောက်ရှိပြီးနောက် ဂျပန်တို့က မြန်မာနိုင်ငံစစ်ဆင်ရေးနှင့် ပတ်သက်၍ စီမံကိန်းတစ်ရပ် ရေးဆွဲရန် တာဝန်ပေးခဲ့သည်။ ဤတွင် သခင်အောင်ဆန်းသည် "လွတ်လပ်သောမြန်မာပြည် ပြန်လည်ထူထောင်ရေးစီမံကိန်း" တစ်ရပ် ရေးဆွဲတင်ပြခဲ့သည်။ ထိုစီမံကိန်းတွင် လွတ်လပ်သော မြန်မာနိုင်ငံသစ် တည်ထောင်ရန်နှင့် မြန်မာနိုင်ငံသစ်သည် သာယာဝပြောပြီး အင်အားတောင့်တင်းသည့် ခေတ်မီနိုင်ငံတစ်ခုဖြစ်ရမည် စသည့် အချက်များပါဝင်ခဲ့သည်။ ဂျပန် စစ်ဦးစီးချုပ်ရုံးသည် ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလ ၁ရက်နေ့တွင် ဗိုလ်မှူးကြီးစူဇူကီး ခေါင်းဆောင်သော မီနာမီအဖွဲ့ (Minami Kikan) ကို ဖွဲ့စည်းပေးခဲ့သည်။ မီနာမီအဖွဲ့တွင် ဂျပန်ကြည်းတပ်၊ ရေတပ်အရာရှိများ၊ သခင်အောင်ဆန်း၊ သခင်လှမြိုင်နှင့် ဂျပန်တွင် ပညာတော်သင် ရောက်ရှိနေသည့် ကိုဆောင်းတို့ ပါဝင်သည်။ မီနာမီအဖွဲ့သည် လျှို့ဝှက်အဖွဲ့အစည်းဖြစ်ရာ အဖွဲ့နှင့်အဖွဲ့၏ လှုပ်ရှားမှုများကို နန်ပိုကီဂျိုချိုဆာကိုင် (Nanpo Kigyo Cho sa kai)ခေါ် တောင်ပိုင်းဒေသ စီးပွားရေးလုပ်ငန်းများ လေ့လာရေးအဖွဲ့အစည်းအသွင်ဖြင့်သာ လှုပ်ရှားဆောင်ရွက်ခဲ့သည်။ မီနာမီအဖွဲ့ ဖွဲ့စည်းပြီးနောက် ဗိုလ်မှူးကြီး စူဇူကီးသည် ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် မီနာမီအဖွဲ့၏ စစ်ဆင်ရေးအမိန့် အမှတ် ၁ ကို ထုတ်ပြန်ခဲ့သည်။ ထိုအမိန့်အရ သခင်အောင်ဆန်းသည် မြန်မာနိုင်ငံသို့ ပြန်၍ မြန်မာ့လွတ်လပ်ရေး လုပ်ငန်းများကို အထောက်အကူပြုရေးနှင့် ပတ်သက်သော စီစဉ်ပြင်ဆင်မှုများကို ဆောင်ရွက်ရမည်ဖြစ်သည်။

သခင်အောင်ဆန်းသည် ၁၉၄၁ခုနှစ် ဖေဖော်ဝါရီလ ၁၅ရက်တွင် ရှွန်းတင်းမာရူး (Shunten Maru) သင်္ဘောဖြင့် ဂျပန်နိုင်ငံမှ ထွက်ခွာခဲ့ရာ ၁၉၄၁ ခုနှစ်၊ မတ်လ ၃ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိပြီး ပြည်သူ့

http://www.cherrythitsar.org



အရေးတော်ပုံ ပါတီဝင်များနှင့် မြန်မာ့လွတ်လပ်ရေး လုပ်ငန်းစဉ်များ၊ ဂျပန်နိုင်ငံတွင် စစ်ပညာသင်ကြားရန် နိုင်ငံချစ်လုလင်များ စေလွှတ်ရေးကိစ္စကို ဆွေးနွေးတိုင်ပင်ခဲ့သည်။ ဂျပန်နိုင်ငံတွင် စစ်ပညာသင်ကြားရန် နိုင်ငံချစ်လုလင်များ စေလွှတ်ရေးကိစ္စကို ဆွေးနွေးကြရာ၌ သခင်ကိုယ်တော်မှိုင်း၊ သခင်မြ၊ တို့ဗမာအစည်းအရုံးနှင့် သခင်ထွန်းအုပ် သခင်ဗစိန် ဦးဆောင်သော တို့ဗမာအစည်းအရုံး နှစ်ဂိုဏ်းလုံးမှ လူငယ်များ ပါဝင်ရေးကို သဘောတူ လက်ခံခဲ့ကြသည်။

သခင်အောင်ဆန်းသည် ၁၉၄၁-ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် ရွှန်းတင်းမာရူး သင်္ဘောဖြင့် ဂျပန်နိုင်ငံသို့ အပြန်တွင် ရဲဘော်သုံးကျိပ် ပထမအသုတ် ဖြစ်သော ကိုထွန်းရှိန်၊ သခင်ဗဂျမ်း၊ သခင်လှဖေနှင့် သခင်အေးမောင်တို့ကို ခေါ်ဆောင်သွားခဲ့ရာ ၁၉၄၁ ခုနှစ် မတ်လ ၂၇ ရက်တွင် တိုကျိုမြို့သို့ ရောက်ရှိခဲ့သည်။ ရဲဘော်သုံးကျိပ် ဒုတိယအသုတ်ဖြစ်သော သခင်စောလွင်၊ သခင်စိုး၊ သခင်တင်အေး၊ သခင်ထွန်းရွှေ၊ ကိုရွှေ၊ သခင်သန်းတင် (၂) နှင့် ကိုအောင်သိန်းတို့သည် ကိုင်ရှိုမာရူး (Kaisho Maru) သင်္ဘောဖြင့် ၁၉၄၁ခုနှစ် ဧပြီလ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၁၉၄၁ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် ဂျပန်နိုင်ငံသို့ ရောက်ရှိခဲ့သည်။ ရဲဘော်သုံးကျိပ် တတိယအသုတ်ဖြစ်သော သခင် ခင်မောင်ဦး၊ သခင်စံမြနှင့်ကိုလှမောင်တို့သည် ၁၉၄၁ ခုနှစ်၊ မေလတွင် ကိုဆိုင်မာရူး (Kosei Maru) သင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၁၉၄၁ ခုနှစ် မေလကုန်တွင် ဂျပန်နိုင်ငံသို့ ရောက်ရှိခဲ့သည်။ ရဲဘော်သုံးကျိပ် စတုတ္ထအသုတ် ဖြစ်သော သခင်ရှုမောင်၊ သခင်ကျော်စိန်၊ သခင်ငွေ၊ သခင်စံလှိုင်၊ သခင်ထွန်းခင်၊ သခင်ထွန်းလွင်၊ သခင်ထွန်းအုပ်၊ သခင်မောင်မောင်၊ သခင်လှ၊ သခင်သစ်နှင့် သခင်သန်းညွန့်တို့သည် ၁၉၄၁ ခုနှစ် ဇူလိုင်လ ၈ရက်နေ့တွင် ကိုရိယုမာရူး (Koriyu Maru)သင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၁၉၄၁ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် ဂျပန်နိုင်ငံသို့ ရောက်ရှိခဲ့ကြသည်။ ထို့အပြင် သခင်သန်းတင်(၁)နှင့် သခင်အောင်သန်းတို့သည် မြန်မာ ထိုင်းနယ်စပ်ကို ဖြတ်ကျော်၍ ထိုင်းနိုင်ငံမှတစ်ဆင့် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ကြသည်။ ဤသို့ဖြင့် စုစုပေါင်း မြန်မာမျိုးချစ်လူငယ် သုံးဆယ် ရှိခဲ့သည်။

http://www.cherrythitsar.org



မီနာမီအဖွဲ့သည် မြန်မာမျိုးချစ်လူငယ်များအား စစ်ပညာများ သင်ကြားပေးရန် တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ကျွန်း (Hainan)တွင် စစ်ကျောင်းတစ်ကျောင်းကို ဖွင့်လှစ်ရန် ကြိုတင်စီစဉ်ခဲ့သည်။ ဟိုင်နန်ကျွန်းရှိ စန်းယ (Sanya) မြို့တွင် ဂျပန်ရေတပ်မတော်၏ ရှေ့တန်းစခန်းအခြေစိုက် တည်ရှိသည်။ မီနာမီအဖွဲ့မှာ ဂျပန်ကြည်းတပ်မတော်နှင့် ရေတပ်မတော် ပူးပေါင်းဖွဲ့စည်းထားသော အဖွဲ့ဖြစ်၍ ဟိုင်နန်စစ်သင်တန်းကျောင်း ဆောက်လုပ်ရေးနှင့် သင်တန်းအတွက် စားနပ်ရိက္ခာထောက်ပံ့ရေးကို ဂျပန်ရေတပ်က တာဝန်ယူဆောင်ရွက်ပြီး၊ စစ်ပညာသင်ကြားရေးကို ဂျပန်ကြည်းတပ်မတော်က တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

ဂျပန်စစ်အာဏာပိုင်တို့သည် စန်းယ စစ်သင်တန်းကျောင်းနှင့် ပတ်သက်၍ အစွမ်းကုန် လျှို့ဝှက်ထားပြီး တရားဝင်အားဖြင့် အရှေ့တောင်အာရှဖွံ့ဖြိုးရေး စန်းယတောင်သူလယ်သမား သင်တန်းကျောင်းဟု အမည် မှည့်ခေါ်ထားသည်။ သင်တန်းကျောင်းအတွက် စားနပ်ရိက္ခာများကို ရေတပ်က ထောက်ပံ့ရသဖြင့် ရေတပ်နှင့် တွဲဖက်နေသယောင် ထင်မြင်စေရန် စန်းယ စစ်သင်တန်းကျောင်းသားများအား ရေတပ် ဝတ်စုံများကို ဝတ်ဆင်စေခဲ့သည်။ မြန်မာ မျိုးချစ်လူငယ်များအား စစ်ပညာသင်တန်း ပေးနေသည့် အကြောင်းကို ဗြိတိန်သို့မဟုတ် ရန်သူဖြစ်ရန် အလားအလာရှိသည့်နိုင်ငံတို့ သိရှိသွားပါက အပြည်ပြည်ဆိုင်ရာ ပြဿနာတစ်ခု ဖြစ်လာနိုင်သည်။ ထို့ကြောင့် မြန်မာမျိုးချစ်လူငယ်များအား ဂျပန်အမည်များပေးပြီး စစ်တန်းလျားအပြင်ဘက်တွင် မြန်မာစကား ပြောခြင်း၊ မြန်မာတိုင်းရင်းသား အပြုအမူများ ပြုမူခြင်းများကို ရှောင်ကြဉ်ရန်နှင့် ဂျပန်လူမျိုးကျောင်းသားအဖြစ် နေထိုင်သွားလာ ပြောဆိုပြုမူရန် ဩဝါဒ ပေးခဲ့သည်။

ဂျပန်တို့သည် စန်းယ စစ်ပညာသင်တန်းကျောင်းကို ၁၉၄၁ ခုနှစ် ဧပြီလ ၂၅ ရက်တွင် စတင်ဖွင့်လှစ်ကာ မြန်မာမျိုးချစ်လူငယ်များကို စစ်ပညာများ သင်ကြားပေးခဲ့သည်။ စစ်သင်တန်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲတွင် တပ်မှူးကောင်းများအဖြစ် ဦးဆောင်နိုင်ရန်၊ လက်နက်မျိုးစုံ ကိုင်တွယ်ပစ်ခတ်နိုင်ရန်နှင့် စိတ်ဓာတ် ကြံ့ခိုင်မှု ရှိရန်တို့အတွက် ဖြစ်သည်။

http://www.cherrythitsar.org



ဟိုင်နန်စစ်သင်တန်းတွင် မြန်မာမျိုးချစ်လူငယ်များကို တပ်ဖွဲ့သုံးဖွဲ့ခွဲ၍ သင်တန်းပေးခဲ့သည်။ တပ်ဖွဲ့(၁)သည် အခြေခံစစ်ပညာ၊ လက်နက်ကြီးနှင့် လက်နက်ငယ်မျိုးစုံ ကိုင်တွယ်ပစ်ခတ်နည်းများ၊ ခံစစ်ပညာနှင့် ညတိုက်ပွဲများကို အလေးထားသင်ယူရပြီး မြန်မာ့လွတ်လပ်ရေးတိုက်ပွဲတွင် တိုက်ခိုက်ရေး တာဝန် ထမ်းဆောင်ရန် ဖြစ်သည်။ တပ်ဖွဲ့(၁)တွင် သခင်စံမြ၊ သခင်စံလှိုင်၊ သခင်စိုး၊ သခင်တင်အေး၊ သခင်ထွန်းလွင်၊ သခင်ဗဂျမ်း၊ သခင်မောင်မောင်၊ ကိုရွှေ၊ သခင်လှ၊ သခင်လှမြိုင်၊ သခင်သန်းညွန့်၊ သခင်အေးမောင်၊ ကိုအောင်သိန်း တို့ ပါဝင်ခဲ့ကြသည်။ တပ်ဖွဲ့(၂)သည် အခြေခံစစ်ပညာ၊ ဖောက်ခွဲဖျက်ဆီးရေး နည်းပညာများ၊ ထောက်လှမ်းရေးနှင့် ဆက်သွယ်ရေး ပညာရပ်များကို အလေးထား သင်ယူရပြီး မြန်မာ့လွတ်လပ်ရေးတိုက်ပွဲတွင် ထောက်လှမ်းရေး နှင့် ဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဖြစ်သည်။ တပ်ဖွဲ့ (၂)တွင် သခင်ကျော်စိန်၊ သခင်ခင်မောင်ဦး၊ သခင်ငွေ၊ သခင်စောလွင်၊ ကိုထွန်းရှိန်၊ သခင်ထွန်းရွှေ၊ သခင်သစ်၊ သခင်သန်းတင် (၂)တို့ ပါဝင်ခဲ့ကြသည်။ တစ်ဖွဲ့ (၃)သည် အခြေခံစစ်ပညာ၊ စစ်ဘက်နယ်ဘက် အထွေထွေ အုပ်ချုပ်မှု ပညာရပ်များကို သင်ယူရပြီး မြန်မာ့လွတ်လပ်ရေး တိုက်ပွဲတွင် ခေါင်းဆောင် မှုပေးနိုင်ရန်အတွက် ဖြစ်သည်။ တပ်ဖွဲ့(၃)တွင် သခင်အောင်ဆန်း၊ သခင်ရှုမောင်၊ သခင်ထွန်းခင်၊ သခင်လှဖေ၊ ကိုလှမောင်၊ သခင်အောင်သန်းတို့ ပါဝင်ခဲ့ကြ သည်။ မြန်မာမျိုးချစ်လူငယ်သုံးဆယ်အနက် သခင်ထွန်းအုပ်သည် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် အုပ်ချုပ်ရေးပညာ ဆည်းပူးနေ၍လည်းကောင်း၊ ကိုဆောင်းသည် မီနာမီအဖွဲ့၏ တာဝန်ပေးချက်အရ ထိုင်းမြန်မာနယ်စပ်ကို လျှို့ဝှက်စွာ ဖြတ်ကျော်ရောက်ရှိလာမည့် မြန်မာမျိုးချစ် လူငယ်များကို စောင့်ကြိုရန် တာဝန်ဖြင့် ဇင်းမယ်(Chiangmai)တွင် တာဝန်ထမ်းဆောင်နေ၍လည်းကောင်း၊ သခင်သန်းတင်(၁)သည် ထိုင်းနိုင်ငံ ဗန်ကောက် (Bangkok)မှ ဂျပန်နိုင်ငံသို့ သွားရောက်စဉ် တိုင်ပေမြို့တွင် ကွယ်လွန်သွား၍လည်းကောင်း ဟိုင်နန် စစ်သင်တန်းကျောင်းတွင် မြန်မာမျိုးချစ်လူငယ် (၂၇)ဦးသာ စစ်သင်တန်း တက်ခဲ့သည်။

မြန်မာမျိုးချစ်လူငယ်များ ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်တန်းတက် နေစဉ် ကာလအတွင်း ၁၉၄၁ ခုနှစ် ဩဂုတ်လ ၂၁-ရက်နေ့တွင် တိုင်ပေမြို့

http://www.cherrythitsar.org



၌ မီနာမီအဖွဲ့ အစည်းအဝေးကျင်းပခဲ့သည်။ ထိုအစည်းအဝေးသို့ သခင်အောင်ဆန်း၊ သခင်ထွန်းအုပ်၊ သခင်လှဖေနှင့် သခင်အောင်သန်းတို့ တက်ရောက်ခဲ့ကြသည်။ ထိုအစည်းအဝေးတွင် မီနာမီအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များနှင့် မြန်မာပြည်တွင်း မည်သို့မည်ပုံ ဝင်ရောက်ကြမည့် အကြောင်းများကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် မြန်မာပြည်လွတ်လပ်ရေးအတွက် သခင်နှစ်ဖွဲ့ စည်းလုံးညီညွတ်စွာဖြင့် တိုက်ပွဲဝင်သွားရန် သဘောတူခဲ့ကြသည်။

ဟိုင်နန်စစ်ပညာသင်တန်းကျောင်းတွင် မြန်မာမျိုးချစ်လူငယ် (၂၇) ဦးသည် ရက်တိုတိုဖြင့် စစ်ပညာတတ်မြောက်နိုင်ရန် နေ့မအား ညမလပ် တပင်တပန်း ကြိုးစားသင်ယူခဲ့ကြသည်။ ထိုသို့ စစ်ပညာသင်နေစဉ် ကာလတွင် သခင်အောင်ဆန်းသည် မြန်မာပြည် လွတ်လပ်ရေး တိုက်ပွဲနှင့် ပတ်သက်၍ ဂျပန်စစ်ဦးစီးဌာနချုပ်နှင့် ညှိနှိုင်းရန် တိုကျိုမြို့သို့ သွားရောက်ခဲ့သည်။ သခင် အောင်ဆန်းသည် တိုကျိုမြို့တွင် ဂျပန်စစ်ဦးစီးဌာနချုပ်နှင့် ညှိနှိုင်းဆွေးနွေးပြီးနောက် ၁၉၄၁ ခုနှစ် စက်တင်ဘာလတွင် ဟိုင်နန်ကျွန်းသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ထိုသို့ ရောက်ရှိပြီးနောက် မြန်မာမျိုးချစ်လူငယ်များ မြန်မာပြည်တွင်းသို့ ပြန်လည်စေလွှတ်ရေးကို စတင်အကောင်အထည်ဖော်ခဲ့သည်။ ဦးစွာ သခင်ထွန်းခင်၊ ကိုထွန်းရှိန်၊ သခင်ဗဂျမ်း၊ သခင်လှဖေ၊ ကိုလှမောင်နှင့် သခင်အေးမောင်တို့အား ဟိုင်နန်ကျွန်းမှ တိုကျိုမြို့သို့ စေလွှတ်ခဲ့သည်။ မြန်မာမျိုးချစ်လူငယ် ခြောက်ဦးသည် ၁၉၄၁-ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် ကိုဆိုင်မာရူးသင်္ဘောဖြင့် ဂျပန်နိုင်ငံမှ ထွက်ခွာလာရာ ၁၉၄၁ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံအတွင်းသို့ ရဲဘော်သုံးကျိပ်ဝင်များ ဝင်ရောက်ရန် ပြင်ဆင်နေချိန် ၁၉၄၁ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ဂျပန်နိုင်ငံ၌ ကိုနိုယေ(Konoye)အစိုးရအဖွဲ့ နုတ်ထွက်သွားပြီး ၁၉၄၁ခုနှစ် အောက်တိုဘာလ ၁၈ရက်နေ့တွင် ဗိုလ်ချုပ်ကြီး တိုဂျို (General Tojo) အစိုးရအဖွဲ့ အာဏာရလာခဲ့သည်။ ထိုသို့ အစိုးရအဖွဲ့ အပြောင်းအလဲဖြစ်ပြီးနောက် ဂျပန်စစ်ဦးစီးဌာနချုပ်သည် မြန်မာမျိုးချစ်လူငယ်များ မြန်မာနိုင်ငံတွင်း ဝင်ရောက်ရေးအစီအစဉ်ကို ရပ်ဆိုင်းရန် အမိန့်ပေးခဲ့သည်။ ဂျပန် စစ်ဦးစီးဌာနချုပ်သည်

http://www.cherrythitsar.org



အရှေ့အာရှစစ်ကို စစ်ကြေညာတိုက်ခိုက်ခြင်းဖြင့် မစတင်လိုဘဲ အငိုက်ဖမ်း တိုက်ခိုက်၍ စတင်လိုသည်။ အရှေ့အာရှစစ် မဆင်နွှဲမီမြန်မာမျိုးချစ် လူငယ်များ မြန်မာနိုင်ငံတွင်း ဝင်ရောက်ပါက အကြောင်းတစ်စုံတစ်ရာကြောင့် ဗြိတိသျှတို့ ရိပ်မိသိရှိသွားပြီး ၎င်းတို့၏ အစီအစဉ်များ ပျက်ပြားသွားနိုင်သည်။ ထို့ကြောင့် ဂျပန် စစ်ဦးစီးဌာနချုပ်သည် ဗန်ကောက်ရှိ ဗိုလ်မှူးကြီး စူဇူကီးအား မြန်မာ မျိုးချစ်လူငယ်များ မြန်မာနိုင်ငံတွင်း ဝင်ရောက်ရေးအစီအစဉ်ကို ရပ်ဆိုင်း ထားရန်နှင့် ဗန်ကောက်ရောက် မြန်မာမျိုးချစ်လူငယ် (၆)ဦးအား ဂျပန်နိုင်ငံသို့ ပြန်ပို့ရန် အကြောင်းကြားခဲ့သည်။

ဗိုလ်မှူးကြီး စူဇူကီးသည် ဂျပန်စစ်ဦးစီးဌာနချုပ်မှ အကြောင်းကြားချက် ကြောင့် ကိုထွန်းရှိန်နှင့် သခင်အေးမောင်ကို ဂျပန်နိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ သည်။ ကျန်မြန်မာမျိုးချစ်လူငယ် (၄)ဦးဖြစ်သည့် သခင်ထွန်းခင်၊ သခင်ဗဂျမ်း၊ သခင်လှဖေနှင့် ကိုလှမောင်တို့မှာ ဗန်ကောက်ဆိပ်ကမ်းတွင် သင်္ဘောပေါ်မှ ဆင်းပြေးသွားကြောင်း၊ ၎င်းတို့ကို လိုက်ရှာနေကြောင်း ဂျပန်စစ်ဦးစီးဌာနချုပ် သို့ အကြောင်းပြန်ကြားခဲ့သည်။ ဗိုလ်မှူးကြီး စူဇူကီးသည် ထိုသို့ ဂျပန်စစ်ဦးစီး ဌာနချုပ်အား လှည့်စားအကြောင်းကြားပြီးနောက် သခင်ထွန်းခင်နှင့် ကိုလှမောင် တို့အား ရဟိုင်း (Raheng) ရှိ မီနာမီဌာနခွဲသို့လည်းကောင်း၊ သခင်ဗဂျမ်းနှင့် သခင်လှဖေတို့အား ကန်ချနာဘူရီ (Kanchanaburi)ရှိ မီနာမီ ဌာနခွဲသို့လည်း ကောင်း သွားရောက်ပြီး မြန်မာနိုင်ငံအတွင်းသို့ ဖြစ်သည့်နည်းဖြင့် အမြန်ဆုံး ဝင်ရောက်၍ ပြည်တွင်းသူပုန်လုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့သည်။ ထိုသို့တာဝန် ပေးအပ်ချက်အရ သခင်ဗဂျမ်းနှင့်သခင်လှဖေတို့သည် ကန်ချနာဘူရီ မှ တစ်ဆင့် မြန်မာနိုင်ငံတွင်း ဝင်ရောက်ရန်ကြိုးပမ်းစဉ် ၁၉၄၁ ခုနှစ် နိုဝင်ဘာ လ ၂၁ ရက် နေ့တွင် ထိုင်းမြန်မာနယ်စပ်အနီး တက်နွန် (Taknung) ရွာ၌ ထိုင်းရဲများ၏ ဖမ်းဆီး ခြင်းခံခဲ့ရသည်။ သခင်ထွန်းခင်နှင့် ကိုလှမောင်တို့မှာမူ ရဟိုင်းမှ တစ်ဆင့် မြန်မာနိုင်ငံတွင်း ဝင်ရောက်ခဲ့ရာ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက် နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။ ၎င်းတို့သည် ပြည်သူ့ အရေးတော်ပုံ ပါတီဝင်များနှင့် တွေ့ဆုံကာ သတင်းပေးခြင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ တို့တွင် စစ်ပညာသင်တန်းပေးခြင်း၊ လက်နက်ကယ်သင်တန်းပေး ခြင်းများကို ဆောင်ရွက်ခဲ့သည်။

http://www.cherrythitsar.org



မြန်မာမျိုးချစ်လူငယ်များ ဟိုင်နန်ကျွန်းစစ်သင်တန်းတွင် စစ်ပညာသင်ယူနေခဲ့ကြရာ အခြေခံစစ်ပညာသင်တန်းမှာ ၁၉၄၁ ခုနှစ် အောက်တိုဘာလဆန်းတွင် ပြီးဆုံးခဲ့သည်။ ထို့ကြောင့် ၁၉၄၁ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် စန်းယ စစ်ပညာသင်တန်းကျောင်းကို ပိတ်၍ တိုင်ဝမ်ကျွန်းရှိ တာမာဆာတိုမြို့ (Tamasato) သို့ ပြောင်းရွှေ့ခဲ့သည်။ မြန်မာမျိုးချစ်လူငယ်များသည် ၁၉၄၁ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ဟိုင်နန်ကျွန်းမှ ထွက်ခွာခဲ့ရာ ၁၉၄၁ ခုနှစ် အောက်တိုဘာလ ၂၃ ရက်တွင် တိုင်ဝမ်ကျွန်း တာမာဆာတိုမြို့သို့ ရောက်ရှိခဲ့သည်။ မြန်မာ မျိုးချစ်လူငယ်များသည် တာမာဆာတိုမြို့ ဗိုလ်သင်တန်းကျောင်းတွင် စစ်သေနင်္ဗျူဟာပညာနှင့် ဂျပန်နိုင်ငံမှ ထုတ်လုပ်သည့် နောက်ဆုံးပေါ်လက်နက်များ သုံးစွဲနည်း၊ ပြင်ဆင်နည်းများကို ဆက်လက် သင်ကြားခဲ့သည်။

ဂျပန်တို့သည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပစိဖိတ်သမုဒ္ဒရာအတွင်း ဟာဝိုင်ယီကျွန်း (Hawaii) ရှိ အမေရိကန်တို့၏ အကြီးဆုံး ရေတပ်စခန်းဖြစ်သည့် ပုလဲဆိပ်ကမ်း (Pearl Habour) ကို ရုတ်တရက် ဝင်ရောက်တိုက်ခိုက်၍ အရှေ့အာရှစစ်ပွဲကြီးကို စတင်ခဲ့သည်။ ထိုအခါတွင်မှ မီနာမီ အဖွဲ့သည် မြန်မာ့လွတ်လပ်ရေး တိုက်ပွဲ အစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။ ဗိုလ်မှူးကြီး စူဇူကီးသည် တိုင်ဝမ်ကျွန်း တာမာဆာတိုမြို့မှ မြန်မာမျိုးချစ်လူငယ်များကို အသုတ်လိုက် ထိုင်းနိုင်ငံဗန်ကောက်မြို့သို့ စေလွှတ်ခဲ့သည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်တွင် သခင်အောင်ဆန်း၊ သခင်စောလွင်၊ သခင်စိုး၊ သခင်တင်အေး၊ သခင်ထွန်းရွှေ၊ ကိုရွှေနှင့် သခင်သန်းတင် (၂)တို့သည် ဗန်ကောက်မြို့သို့ ရောက်ရှိခဲ့သည်။ မီနာမီအဖွဲ့သည် ဗန်ကောက်မြို့ရှိ အင်္ဂလိပ်ပိုင်ဘော်နီယို ကုမ္ပဏီ (Borneo Company) ဝင်းကြီးကို သိမ်းယူကာ ဌာနချုပ်ပြုလုပ်ခဲ့သည်။ ထို့နောက် ဗမာ့လွတ်လပ်ရေးတပ်မတော်ဖွဲ့စည်းရေးကိစ္စများကို စီစဉ်ဆောင်ရွက်ခဲ့သည်။

ဗန်ကောက်မြို့သို့ မီနာမီအဖွဲ့နှင့် မြန်မာမျိုးချစ်လူငယ်များ ရောက်ရှိပြီးနောက် ဗိုလ်မှူးကြီး စူဇူကီးက ဗမာ့လွတ်လပ်ရေး တပ်မတော်ဖွဲ့စည်းရန်အတွက် စစ်သားများ စုဆောင်းရန် အမိန့်ပေးခဲ့သည်။ ထို့ကြောင့် ၁၉၄၁ - ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ဗန်ကောက်မြို့ရှိ မြန်မာလူမျိုး မျက်စေ့အထူးကု

http://www.cherrythitsar.org



ဆရာဝန်ကြီး ဦးလွန်းဖေ နေအိမ်တွင် အစည်းအဝေးကျင်းပ၍ စစ်သားစုဆောင်းရန် စီစဉ်ခဲ့သည်။ ထိုနေ့တွင် အစည်းအဝေးသို့ မသွားမီ သခင်အောင်ဆန်းသည် ရဲဘော်သုံးကျိပ်ဝင်တို့အား စုဝေးပြီး ယနေ့အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်လာသူများနှင့် မိတ်ဆက်သည့်အခါ မိမိတို့ ဝတ်ထားသည်မှာ ဂျပန်ဝတ်စုံ၊ အမည်ကလည်း ဂျပန်နာမည်ဖြစ်နေ၍ မိတ်ဆက်ရာတွင် အဆင်မပြေလှကြောင်း၊ မိမိတို့၏ နာမည်ရင်းများနှင့် မိတ်ဆက်လျှင်လည်း မြန်မာနိုင်ငံတွင် ကျန်ရစ်ခဲ့သည့် မိဘဆွေမျိုးသားချင်းများ ဒုက္ခရောက်နိုင်ကြောင်း ဟိုင်နန်ကျွန်းတွင် ရှိစဉ်က ကိုလှမောင် အကြံပေးသည့်အတိုင်း ဗမာဆန်ဆန် ဗိုလ်နာမည်များ ပေးရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် သခင်အောင်ဆန်း၏ လမ်းညွှန်ချက်အရ ရဲဘော်သုံးကျိပ်တို့၏ ဗိုလ်ဘွဲ့အမည် အသီးသီးကို ဘော်နီယိုကုမ္ပဏီဝင်းအတွင်း အမိန့်ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ဤသို့ဖြင့် မြန်မာမျိုးချစ် လူငယ်များ၏ ဗိုလ်အမည်များ တွင်လာခဲ့သည်။ ရဲဘော်သုံးကျိပ်တို့၏ အမည်ရင်း၊ ဂျပန်အမည်နှင့် ဗိုလ်အမည်များမှာ-

| စဉ် | အမည် | ဂျပန်အမည် | ဗိုလ်ဘွဲ့အမည် |
|---|---|---|---|
| ၁။ | သခင်အောင်ဆန်း | Omoda Monji | ဗိုလ်တေဇ |
| ၂။ | သခင်ရှုမောင် | Takasugi Susumu | ဗိုလ်နေဝင်း |
| ၃။ | သခင်ကျော်စိန် | Takahashi | ဗိုလ်မိုးညို |
| ၄။ | သခင်ခင်မောင်ဦး | Monya Masaru | ဗိုလ်တာရာ |
| ၅။ | သခင်ငွေ | Katsura | ဗိုလ်စောအောင် |
| ၆။ | သခင်စောလွင် | Yamaoka Kiyoshi | ဗိုလ်မင်းခေါင် |
| ၇။ | သခင်စံမြ | Nakagawa Ichiro | ဗိုလ်တောက်ထိန် |
| ၈။ | သခင်စံလှိုင် | Omura Tadashi | ဗိုလ်အောင် |
| ၉။ | သခင်စိုး | Kono | ဗိုလ်မြင့်အောင် |
| ၁၀။ | ကိုဆောင်း | Monya Hiroshi | ဗိုလ်ထိန်ဝင်း |
| ၁၁။ | သခင်တင်အေး | Chinda Seiji | ဗိုလ်ဘုန်းမြင့် |
| ၁၂။ | သခင်ထွန်းခင် | Nakamura Hitoshi | ဗိုလ်မြင့်ဆွေ |
| ၁၃။ | ကိုထွန်းရှိန် | Yamashita Teruo | ဗိုလ်ရန်နိုင် |

http://www.cherrythitsar.org



| | | | |
|---|---|---|---|
| ၁၄။ | သခင်ထွန်းရွှေ | Utsumi Susumu | ဗိုလ်လင်းယုန် |
| ၁၅။ | သခင်ထွန်းလွင် | Otani Hiroshi | ဗိုလ်ဗလ |
| ၁၆။ | သခင်ထွန်းအုပ် | Ichihara Ishiro | ----- |
| ၁၇။ | သခင်ဗဂျမ်း | Baba Takeshi | ဗိုလ်လရောင် |
| ၁၈။ | သခင်မောင်မောင် | Tsuchiya | ဗိုလ်ညဏ |
| ၁၉။ | ကိုရွှေ | Taniguchi Shin-ichi | ဗိုလ်ကျော်ဇော |
| ၂၀။ | သခင်လှ | Ito Hitochi | ဗိုလ်မင်းရောင် |
| ၂၁။ | သခင်လှဖေ | Tani Kiyoshi | ဗိုလ်လက်ျာ |
| ၂၂။ | ကိုလှမောင် | Kaga Masashi | ဗိုလ်ဇေယျ |
| ၂၃။ | သခင်လှမြိုင် | Itoda Tei-ichi | ဗိုလ်ရန်အောင် |
| ၂၄။ | သခင်သစ် | Osawa | ဗိုလ်စောနောင် |
| ၂၅။ | သခင်သန်းညွန့် | Okawa | ဗိုလ်ဇင်ယော် |
| ၂၆။ | သခင်သန်းတင်(၁) | Yamada | ဗိုလ်သန်းတင် |
| ၂၇။ | သခင်သန်းတင်(၂) | Tsubota | ဗိုလ်မြဒင် |
| ၂၈။ | သခင်အေးမောင် | Mizuno Saburo | ဗိုလ်မိုး |
| ၂၉။ | သခင်အောင်သန်း | Hirata Masao | ဗိုလ်စကြာ |
| ၃၀။ | ကိုအောင်သိန်း | Hayashi | ဗိုလ်ရဲထွဋ် |

တို့ဖြစ်ကြသည်။ ဗိုလ်မှူးကြီး စူဇူကီး၏ အမည်ကိုလည်း ဗိုလ်မိုးကြိုးဟု ပြောင်းလဲမှည့်ခေါ်ခဲ့သည်။ ထိုသို့ပြောင်းလဲမှည့်ခေါ်ခြင်းမှာ အင်းကိုဟသ်ာဆင်းမည်။ ဟသ်ာကို မုဆိုးလေးနှင့်ခွင်းမည်။ မုဆိုးကို ထီးရိုးရိုက်မည်။ ထီးရိုးကို မိုးကြိုးပစ်မည်ဟူသော တဘောင်အတိုင်း စနေနံဖြစ်သည့် ဗြိတိန်ထီးရိုးကို ဗိုလ်မိုးကြိုးက အောင်နိုင်မည်ဟု မြန်မာပြည်သူများက ယုံကြည်လာစေရန်အတွက် ဖြစ်သည်။ ထိုယုံကြည်မှုနှင့်အတူ ဗိုလ်မိုးကြိုး ဦးစီးသည့် ဗမာ့လွတ်လပ်ရေးတပ်မတော် မြန်မာနိုင်ငံတွင်း ချီတက်တိုက်ခိုက်ရာတွင် မြန်မာပြည်သူတို့၏ ကြိုဆိုထောက်ခံမှုနှင့် အကူအညီများ ရရှိစေနိုင်မည် ဖြစ်သည်။

ဗန်ကောက်မြို့ရှိ ဦးလွန်းဖေနေအိမ်တွင် ၁၉၄၁-ခုနှစ် ဒီဇင်ဘာလ ၂၇ရက်နေ့၌ကျင်းပသော အစည်းအဝေးသို့ ရဲဘော်သုံးကျိပ်ဝင်များ၊ ထိုင်းနိုင်ငံ

http://www.cherrythitsar.org



ရောက် ဗမာလူမျိုးများ၊ ထိုင်းမြန်မာကပြားများ အပါအဝင် လူဦးရေ ၂၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ ဦးလွန်းဖေက ဗိုလ်တေဇနှင့် ရဲဘော်သုံးကျိပ်ဝင်များအား တက်ရောက်လာသော ပရိသတ်များနှင့် မိတ်ဆက်ပေးခဲ့သည်။ ထိုအစည်းအဝေးတွင် ဗိုလ်တေဇက မိမိတို့သည် မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရန် ဂျပန်နိုင်ငံတွင် စစ်ပညာ သင်ကြားခဲ့ကြသူများ ဖြစ်ကြောင်း၊ ယခု အစည်းအဝေးခေါ်ရခြင်းမှာ မြန်မာနိုင်ငံကို စိုးမိုးအုပ်ချုပ်နေသည့် နေမဝင် ဗြိတိသျှ အင်ပါယာကို ဖြိုဖျက်ရန် ဗမာ့လွတ်လပ်ရေးတပ်မတော် ဖွဲ့စည်းတည်ထောင်လို၍ ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားစွာ တိုက်ပွဲ ဝင်လိုသူများအား ဗမာ့လွတ်လပ်ရေး တပ်မတော်အတွင်း ဝင်ရောက်ရန် ဖိတ်ခေါ်ကြောင်း ပြောကြားခဲ့သည်။ ဗိုလ်တေဇ မိန့်ခွန်းပြောကြားပြီးနောက် အစည်းအဝေး တက်ရောက်လာသူများထဲမှ ဗမာ့လွတ်လပ်ရေး တပ်မတော် (Burma Independence Army) သို့ ဝင်ရောက်ရန် စာရင်းပေးကြရာ တပ်သားသစ် ၁၀၀ကျော်ရရှိခဲ့သည်။ ထိုသို့ တပ်သားသစ်များ ရရှိခဲ့ပြီးနောက် ဗိုလ်တေဇသည် ရဲဘော်သုံးကျိပ်ဝင်များ အပါအဝင် ဗမာ့လွတ်လပ်ရေး တပ်မတော် တပ်သားသစ်များနှင့်အတူ လက်မောင်းသွေးဖောက်၍ မြန်မာ့လွတ်လပ်ရေးအတွက် အသက်ပေး၍ တိုက်ပွဲဝင်ပါမည်ဟု သစ္စာအဓိဋ္ဌာန် ပြုကာ သွေးသောက်ပွဲ ကျင်းပခဲ့သည်။ ထို့နောက် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ဗန်ကောက်မြို့ရှိ ဗိုလ်တေဇနေထိုင်လျက်ရှိသော ဆသွန်းလမ်း (Sathorn)ရှိ ဖရန့်ဖီးလ် (Frank Field) အဆောက်အအုံတွင် ရဲဘော်သုံးကျိပ်ဝင် အားလုံးတို့သည် တစ်ဦးကိုတစ်ဦး အသက်ပေးစောင့်ရှောက်၍ တိုင်းပြည် လွတ်လပ်ရေးအတွက် အသက်စွန့်လှူပါမည်ဟု သစ္စာအဓိဋ္ဌာန်ပြုကာ ဒုတိယ အကြိမ် သွေးသောက်ပွဲ ကျင်းပခဲ့သည်။ ထိုသို့ နှစ်ကြိမ်မြောက် သွေးသောက်ပွဲ ကျင်းပခဲ့ရာတွင် ရဲဘော်သုံးကျိပ်ဝင် သုံးဆယ်အနက် တိုင်ဝမ်ကျွန်းတွင်ကွယ်လွန်ခဲ့သည့် ဗိုလ်သန်းတင်နှင့် ပြည်တွင်းသူပုန်တပ်ဖွဲ့ ပထမအသုတ်အဖြစ် မြန်မာနိုင်ငံတွင်း ဝင်ရောက်ခဲ့ကြသည့် ဗိုလ်မြင့်ဆွေနှင့် ဗိုလ်ဇေယျတို့မှအပ ကျန်ရဲဘော်သုံးကျိပ်ဝင် ၂၇ ဦး ပါဝင်ခဲ့ကြသည်။

http://www.cherrythitsar.org



ဂျပန်ဘုရင့်တပ်မတော် စစ်ဦးစီးဌာနချုပ်သည် အရှေ့အာရှစစ်ပွဲကြီးကို ဆင်နွှဲကာ အရှေ့တောင်အာရှ နိုင်ငံများကို တိုက်ခိုက်သိမ်းပိုက်ရန် စီစဉ်ထားပြီး ဖြစ်သည်။ ဂျပန်ဦးစီးဌာနချုပ်သည် စစ်ရေး အချက်အချာကျသော မြန်မာနိုင်ငံတွင် ခြေကုပ်ယူတပ်စွဲထားနိုင်ရန် လိုလားခဲ့သည်။ ထို့ကြောင့် ဂျပန် တပ်မတော် အမှတ် (၁၅)သည် မြန်မာနိုင်ငံတွင်းသို့ ချီတက်ဝင်ရောက်၍ ဗြိတိသျှတို့ကို တိုက်ခိုက်ရန် စီစဉ်ထားပြီး ဖြစ်သည်။

ဗိုလ်တေဇသည် မြန်မာနိုင်ငံအတွင်းသို့ မလွဲမသွေ ဝင်ရောက်တိုက်ခိုက်မည့် ဂျပန်တပ်များနှင့် ရင်ဘောင်တန်း၍ ဘီအိုင်အေတပ်ကြီး ချီတက်ကာ မြန်မာ့လွတ်လပ်ရေးကို ရယူရန် ကြံရွယ်ခဲ့သည်။ ထို့ကြောင့် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် မြန်မာနိုင်ငံတွင်းသို့ ချီတက်၍ ဗြိတိသျှတို့ကို တိုက်ခိုက်ရန် စစ်ကြောင်းများ သတ်မှတ်ခဲ့သည်။ ထို့ပြင် ဗမာ့လွတ်လပ်ရေး တပ်မတော်စစ်ကြောင်းများတွင် ချီတက်လိုက်ပါမည့် ဗိုလ်များအား တာဝန်အသီးသီး ခွဲဝေခန့်ထားခဲ့သည်။ ထို့နောက် ဗန်ကောက်မြို့ ဘော်နီယိုကုမ္ပဏီဝင်းအတွင်းရှိ ကွင်းပြင်တွင် ဗမာ့လွတ်လပ်ရေး တပ်မတော် စစ်ရေးပြ အခမ်းအနားကို ကျင်းပခဲ့သည်။ စစ်ရေးပြအခမ်းအနားတွင် ဗိုလ်ချုပ်ကြီးဗိုလ်မိုးကြိုးက ဗမာ့လွတ်လပ်ရေးအတွက် ဗြိတိသျှတို့ကို သတ္တိရှိရှိ တိုက်ပွဲဝင်ရန် မိန့်ခွန်းပြောကြားခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းကလည်း ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဇွဲ၊ သတ္တိနှင့် စိတ်ဓာတ်ကြံ့ခိုင်သော တပ်မတော်ဖြစ်၍ ဗြိတိသျှတို့ကို တိုက်ခိုက်နိုင်စွမ်းရှိသည့် တပ်မတော်ဖြစ်ကြောင်း မိန့်ခွန်းပြောကြားကာ ဗမာ့လွတ်လပ်ရေး တပ်မတော်သားများ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးခဲ့သည်။

ဗမာ့လွတ်လပ်ရေး တပ်မတော်စစ်ကြောင်း အသီးသီးသည် ဗန်ကောက်မြို့၊ ဇင်းမယ်၊ လမ်းဖုံး (Lumphun)၊ ကန်ချနာဘူရီနှင့် မိမိတို့ တပ်စွဲရာဒေသ အသီးသီးတွင် တပ်သားသစ်များ ထပ်မံစုဆောင်းခဲ့ရာ ဗမာ့ လွတ်လပ်ရေး တပ်မတော်တွင် တပ်သားအင်အား ၁၅၀၀ ခန့်အထိ ရှိလာခဲ့သည်။ ဗမာ့လွတ်လပ်ရေး တပ်မတော်သည် တပ်သားသစ်များ စုဆောင်းခြင်းအပြင် လက်နက်ခဲယမ်းမီးကျောက်နှင့် စားနပ်ရိက္ခာများကိုလည်း ဖြည့်တင်း စုဆောင်းခဲ့သည်။

http://www.cherrythitsar.org



ဗမာ့လွတ်လပ်ရေး တပ်မတော်မြန်မာနိုင်ငံတွင်း မချီတက်မီ မြန်မာနိုင်ငံအတွင်း မြေအောက်တော်လှန်ရေး လုပ်ငန်းများကို ကြိုတင်စီစဉ်ဆောင်ရွက်ရန် ဗိုလ်နေဝင်းခေါင်းဆောင်သော ပြည်တွင်းသူပုန်တပ်ဖွဲ့ကို စေလွှတ်ခဲ့သည်။ ထိုအဖွဲ့တွင် ဗိုလ်မိုးညို၊ ဗိုလ်လင်းယုန်၊ ဗိုလ်တာရာနှင့် ဗိုလ်မြဒင်တို့ ပါဝင်သည်။ ပြည်တွင်းသူပုန်အဖွဲ့ မြန်မာနိုင်ငံတွင်းဝင်ရောက်စဉ် ဗိုလ်မြဒင်မှာ အဖျားရောဂါ ဖြစ်ပွားလာ၍ ဇင်းမယ်ဆေးရုံတွင် ထားရစ်ခဲ့ရသည်။ ကျန်အဖွဲ့ဝင်များသည် ဇင်းမယ်မှတစ်ဆင့် အုန်းကွိုင် (Om Koi)၊ သာဆောင်ရန်း (Tha Song Yang) တို့ကို ဖြတ်၍ ထိုင်းမြန်မာနယ်စပ်ကို ဖြတ်ကျော်ကာ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်ခဲ့သည်။ ဗိုလ်နေဝင်း၊ ဗိုလ်မိုးညိုနှင့် ဗိုလ်လင်းယုန်တို့သည် ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး ပြည်သူ့အရေးတော်ပုံ ပါတီဝင်များနှင့် ဆက်သွယ်မိခဲ့သည်။ ဗိုလ်နေဝင်း ရန်ကုန်မြို့သို့ ရောက်ရှိပြီးနောက် မြန်မာနိုင်ငံအတွင်း သူပုန်လှုပ်ရှားမှု၏ ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ဗိုလ်နေဝင်း၊ ဗိုလ်မိုးညို၊ ဗိုလ်လင်းယုန်တို့သည် ရန်ကုန်မြို့၊ ပဲခူးမြို့တို့တွင် စစ်ပညာသင်တန်းပေးခြင်း၊ စစ်လက်နက်ငယ် သင်တန်းပေးခြင်းများကို စီစဉ်ဆောင်ရွက်ခဲ့သည်။ ဗိုလ်တာရာသည်လည်း ဖြူးမြို့၊ ပျဉ်းမနားမြို့တို့တွင် စစ်ပညာ သင်တန်းပေးခြင်း၊ စစ်လက်နက်ငယ် သင်တန်းပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြန်မာနိုင်ငံတွင်း ချီတက်တိုက်ခိုက်ရန် ပြင်ဆင်မှုများ ပြုလုပ်ပြီးနောက် မြန်မာနိုင်ငံတွင်းသို့ စစ်ကြောင်းသုံးကြောင်းဖြန့်ကာ ချီတက်ဝင်ရောက်ခဲ့သည်။ ဗမာ့လွတ်လပ်ရေး တပ်မတော်စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းတွင် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးမိုးကြိုး ဦးစီးပြီး စစ်ဦးစီးချုပ် ဗိုလ်ချုပ်မူရကာမိ (Major General Murakami) နှင့် ဂျပန် စစ်ဘက်အရာရှိများအပြင် ရဲဘော်သုံးကျိပ်ဝင်များဖြစ်သည့် စစ်ဦးစီးမှူး ဗိုလ်တေဇ၊ စစ်ဦးစီးအရာရှိ ဗိုလ်ရန်အောင်၊ သခင်ထွန်းအုပ်၊ ဗိုလ်ရဲထွဋ်၊ ဗိုလ်စောအောင်၊ ဗိုလ်မိုး၊ ဗိုလ်ဇင်ယော်တို့ ပါဝင်ခဲ့သည်။ ဗမာ့လွတ်လပ်ရေး တပ်မတော် စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းအတွက် လက်နက်ခဲယမ်း မီးကျောက်နှင့် သယ်ယူပို့ဆောင်ရေးတာဝန်များ ဆောင်ရွက်ရန် ထောက်ပို့ တပ်ရင်းတွင် ဗိုလ်ကျော်ဇောနှင့် ဗိုလ်စောနောင်တို့ ပါဝင်ခဲ့သည်။

http://www.cherrythitsar.org



ဗိုလ်မှူးအောင် နှင့် ဗိုလ်စကြာတို့သည်လည်း ထောက်ပို့တပ်ရင်းနှင့် အတူ ချီတက် လိုက်ပါခဲ့သည်။ မော်လမြိုင် စစ်ကြောင်းသည် ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ဗန်ကောက်မြို့မှ ရဟိုင်းမြို့သို့ မီးရထားဖြင့် ထွက်ခွာခဲ့ သည်။ ရဟိုင်းမြို့သို့ ရောက်ရှိပြီးနောက် ဗိုလ်မိုးကြိုးသည် မော်လမြိုင် စစ်ကြောင်း၏ စစ်ဆင်ရေး အစီအစဉ်များကို ပြောင်းလဲခဲ့သည်။ မူလက မော်လမြိုင်စစ်ကြောင်းသည် ဂျပန်အမှတ် ၁၅ တပ်မတော်နှင့် အတူ ထိုင်း မြန်မာနယ်စပ်ကို မဲဆောက် (Mae Sot)မှ ဖြတ်ပြီး မြဝတီကို ဝင်သိမ်းကာ ထိုမှတစ်ဆင့် ဒေါနတောင်တန်းကို ဖြတ်၍ မော်လမြိုင်မြို့ကို ဝင်ရောက် သိမ်းပိုက်ရန် ဖြစ်သည်။ သို့သော် ယခု ပြောင်းလဲလိုက်သည့် အစီအစဉ်အရ မော်လမြိုင်စစ်ကြောင်းသည် ဂျပန် အမှတ် ၁၅ တပ်မတော်နှင့် အတူ မော်လမြိုင် သို့ မချီတက်ဘဲ အမှတ် ၁၅ တပ်မတော်စစ်ကြောင်း၏ မြောက်ဘက် ခပ် လှမ်းလှမ်းမှနေ၍ သီးခြားချီတက်ကာ ဗြိတိသျှတပ်များကို နောက်ပိုင်းမှ တိုက်ခိုက်ရန် နဂါးပတ်စစ်ဆင်ရေး ဆင်နွှဲမည် ဖြစ်သည်။ မော်လမြိုင် စစ်ကြောင်းသည် ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်တွင် ရဟိုင်းမှ ဘန်းသာ၊ ဘန်းသာမှတစ်ဆင့် မောင်းဆန်သို့ ချီတက်ခဲ့သည်။ ထို့နောက် မောင်းဆန်မှ မဲနမ်ပင်မြစ် (Mae Nam Ping) အတိုင်း မွတ်ခသို့ ဆက်လက်ချီတက်ခဲ့ပြီး မွတ်ခမှ ကုန်းကြောင်းဖြင့် သာဆောင်ရန်းသို့ ဆက်လက်ချီတက်ခဲ့ရာ ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် သာဆောင်ရန်းသို့ ရောက်ရှိခဲ့သည်။

မော်လမြိုင် စစ်ကြောင်းသည် ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် သာဆောင်ရန်းမှ ထိုင်းမြန်မာနယ်စပ်ကို ဖြတ်ကျော်ခဲ့သည်။ မော်လမြိုင် စစ်ကြောင်းသည် ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကူဆိပ်သို့ရောက်ရှိ ပြီး စခန်းချခဲ့သည်။ ကူဆိပ်တွင် စစ်သားများ ဆက်လက်စုဆောင်းပြီးနောက် ဆက်လက်ချီတက်ခဲ့ရာ ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်တွင် စစ်တောင်း မြစ်ကမ်းရှိ ကွင်းဆိပ်သို့ ရောက်ခဲ့သည်။ ထို့နောက် မော်လမြိုင်စစ်ကြောင်းသည် စစ်တောင်းမြစ်ကို ဖြတ်ကူး၍ ဆက်လက်ချီတက်လာခဲ့သည်။ မော်လမြိုင် စစ်ကြောင်းမှ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်စောအောင် ဦးစီးသည့် တပ်ဖွဲ့သည် ရွှေကျင်မြို့တွင် ဗြိတိသျှတပ်ဖွဲ့နှင့် တွေ့ဆုံတိုက်ပွဲ ဖြစ်ပွားရာ ၁၉၄၂ ခုနှစ်

http://www.cherrythitsar.org



ဖေဖော်ဝါရီလ ၂၆ ရက်တွင် ဗိုလ်စောအောင်ကျဆုံးသည်။ မော်လမြိုင်စစ်ကြောင်းသည် ဘုရားကြီးတာဆုံမှ ရန်ကုန် မန္တလေး လမ်းမကြီးကို ဖြတ်၍ ပဲခူးရိုးမကို ကျော်ကာ တိုက်ကြီးမြို့သို့ ချီတက်တိုက်ခိုက် သိမ်းပိုက်ခဲ့သည်။ မော်လမြိုင်စစ်ကြောင်းသည် တိုက်ကြီးမြို့မှ ဆက်လက် ချီတက်လာရာ ၁၉၄၂ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ဖူးကြီးရွာသို့ ရောက်ရှိခဲ့ပြီး ဗြိတိသျှတပ်များနှင့် တိုက်ပွဲဖြစ်ပွားရာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မိုး ကျဆုံးသည်။ မော်လမြိုင်စစ်ကြောင်းသည် ဖူးကြီးရွာမှ သပြေကုန်းရွာသို့ ချီတက်ပြီးနောက် ယင်းမှတစ်ဆင့် မြယာကုန်းသို့ ရောက်ရှိခဲ့သည်။ ထိုမှ လှိုင်မြစ်ကိုကူးပြီး ထန်းတပင်မြို့မှ လှေသမ္ဗာန်များဖြင့် လှိုင်မြစ်အတိုင်း စုန်ဆင်းလာရာ ရန်ကုန်မြို့ကြည့်မြင်တိုင် ဆိပ်ကမ်းသို့ ၁၉၄၂ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် ရောက်ရှိခဲ့သည်။

ဗမာ့လွတ်လပ်ရေး တပ်မတော်ရေကြောင်းချီ တပ်ဖွဲ့ (မြိတ်စစ်ကြောင်း) တွင် ဗိုလ်မှူးကြီးဟိရယာမ (Colonel Hirayama) ဦးစီး၍ ရဲဘော်သုံးကျိပ်ဝင်များဖြစ်သော ဗိုလ်မှူးရန်နိုင်၊ ဗိုလ်ကြီးမင်းခေါင်နှင့် ဗိုလ်ကြီးတောက်ထိန်တို့ ပါဝင်သည်။ ရေကြောင်းချီတပ်ဖွဲ့သည် ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် ဗန်ကောက်မှ ချွန်ဖုန်း (Chumphon)၊ ချွန်ဖုန်းမှတစ်ဆင့် ဝိတိုရိယအငူ (Victoria point) သို့ ချီတက်ရာ ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် ရောက်ရှိခဲ့သည်။ ရေကြောင်းချီ တပ်ဖွဲ့သည် ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကရာမြစ် (Kra)အတိုင်း ချီတက်ခဲ့ပြီး ကရသူရိရွာ၊ ဘုတ်ပြင်းမြို့တို့ကို တိုက်ခိုက်သိမ်းပိုက်ပြီးနောက် ၁၉၄၂-ခုနှစ် ဇန်နဝါရီလ ၃၀ရက်နေ့တွင် မြိတ်မြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ ရေကြောင်းချီတပ်ဖွဲ့သည် မြိတ်မြို့တွင် တပ်သားသစ်များ စုဆောင်းအင်အား ဖြည့်တင်းပြီးနောက် ထားဝယ်၊ ထိုမှတစ်ဆင့် ကျိုက္ခမီ၊ ကျိုက္ခမီမှတစ်ဆင့် မော်လမြိုင်မြို့သို့ ရောက်ရှိခဲ့သည်။ ထို့နောက် ဘားအံရှိ ဗြိတိသျှတပ်များကို သွားရောက်တိုက်ခိုက်ရန် အမိန့်ရသဖြင့် ၁၉၄၂ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ဘားအံကို ချီတက်တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ရေကြောင်းချီတပ်ဖွဲ့ ဘားအံတွင် တပ်စခန်းချနေစဉ် ဘားအံသို့ ဗိုလ်တေဇ ရောက်လာခဲ့သည်။ ဗိုလ်တေဇက ရေကြောင်းချီ တပ်ဖွဲ့အား ဂျပန်တပ်များထက် ဦးစွာ ရန်ကုန်မြို့ကို သိမ်းပိုက်ရန် အမိန့်ပေးသဖြင့် ဘားအံမှကျိုက္ခမီသို့ ပြန်လည် ထွက်ခွာခဲ့သည်။

http://www.cherrythitsar.org



ရေကြောင်းချီတပ်ဖွဲ့သည် စက်လှေ (၁၂) စင်းဖြင့် ကျိုက္ခမီမှ ရန်ကုန်မြို့သို့ ချီတက်ခဲ့သည်။ ဗိုလ်မင်းခေါင် ဦးစီးသည့် စက်လှေအုပ်စုသည် ရှေ့ဆုံးမှ ချီတက်ခဲ့ပြီး ၎င်း၏နောက်မှ ဗိုလ်ရန်နိုင် ဦးစီးသည့် စက်လှေအုပ်စု၊ ဗိုလ်တောက်ထိန် ဦးစီးသည့် စက်လှေအုပ်စုတို့ လိုက်ပါလာကြသည်။ သခွပ်မြစ်ဝ အလွန် သီလဝါရွာအနီးသို့ ရောက်သောအခါ ဗြိတိသျှရေတပ်အုပ်စုက ဗိုလ်မင်းခေါင်၏ စက်လှေကို ဝိုင်းဝန်းဖမ်းဆီးခဲ့သည်။ ဗိုလ်မင်းခေါင် ဦးစီးသည့် စက်လှေ အဖမ်းခံရသည်ကို အဝေးမှမြင်ရသည့် ဗိုလ်ရန်နိုင်နှင့် ဗိုလ်တောက်ထိန် ဦးစီးသည့် စက်ရေယာဉ်များသည် သခွပ်မြစ်ဝမှ မြစ်ဝကျွန်းပေါ်ဒေသသို့ လမ်းကြောင်းပြောင်းချီတက်ခဲ့သည်။

ဗိုလ်မင်းခေါင်နှင့် ရေကြောင်းချီတပ်ဖွဲ့မှ ဗမာ့လွတ်လပ်ရေးတပ်မတော်သား ခြောက်ဆယ်တို့အား ဗြိတိသျှရေတပ်အုပ်စုမှ ဖမ်းဆီးပြီး ရန်ကုန်ထောင်ကြီးတွင် ချုပ်နှောင်ထားခဲ့သည်။ ဗိုလ်မင်းခေါင်နှင့် ရဲဘော်များသည် ၁၉၄၂ ခုနှစ် မတ်လ ၃ ရက်နေ့တွင် တူတစ်လက်ဖြင့် ရန်ကုန်ထောင်ကို ဖောက်ထွင်းလွတ်မြောက်လာခဲ့သည်။ ထိုအချိန်၌ ရန်ကုန်မှဗြိတိသျှတပ်များ ဆုတ်ခွာနေပြီဖြစ်၍ ဗိုလ်မင်းခေါင်သည် ကြည့်မြင်တိုင်ကမ်းနားလမ်းရှိ သူဌေးဦးဘကျော်တိုက်တွင် ဗမာ့လွတ်လပ်ရေး တပ်မတော် ရေကြောင်းချီ တပ်ဖွဲ့ဌာနချုပ်ကို ဖွင့်လှစ် ခဲ့သည်။

ရေကြောင်းချီတပ်ဖွဲ့မှ ဗိုလ်ရန်နိုင်ဦးစီးသော ရေတပ်အုပ်စုနှင့် ဗိုလ်တောက်ထိန် ဦးစီးသော ရေတပ်အုပ်စုတို့သည် မြစ်ဝကျွန်းပေါ် ဒေသသို့ ဆက်လက်ချီတက်ခဲ့ရာ ၁၉၄၂ ခုနှစ် မတ်လ ၃ ရက်နေ့တွင် ဒေးဒရဲမြို့သို့ ရောက်ခဲ့သည်။ ထို့နောက် ကျိုက်လက်မြို့သို့ရောက်ရှိခဲ့သည်။ ဗိုလ်တောက်ထိန်သည် ရန်ကုန်မြို့သို့ သတင်းပို့ရန် သွားရောက်စဉ် ရေကြောင်းချီတပ်များကို ဗိုလ်ရန်နိုင် ဦးစီးကာ ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ မြို့ရွာများကို သိမ်းပိုက်ပြီး အုပ်ချုပ်ရေးနှင့်ငြိမ်ဝပ်ပိပြားရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ဗိုလ်ရန်နိုင် ဦးစီးသည့် ရေကြောင်းချီတပ်ဖွဲ့သည် မြစ်ဝကျွန်းပေါ်ရှိ မြို့ရွာများကို သိမ်းပိုက်ခဲ့ပြီး ကြံခင်းမြို့သို့ ရောက်ရှိခဲ့သည်။ ထိုစဉ် ဗြိတိသျှတပ်များ၏ သတင်းရသဖြင့် ကြံခင်းမှတစ်ဆင့် ညောင်စာရေး၊ ရွှေနတ်တောင်တို့ကို ဖြတ်သန်း၍ ရွှေတောင်မြို့သို့ ချီတက်ခဲ့သည်။ ရွှေတောင်မြို့သို့ ရောက်ရှိ

http://www.cherrythitsar.org



ပြီးနောက် ၁၉၄၂ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့် ဂျပန်တပ်များသည် အင်္ဂလိပ်တပ်များနှင့် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ ရွှေတောင်တိုက်ပွဲတွင် ဗိုလ်ရန်နိုင် ဦးစီးသည့် ဗမာ့လွတ်လပ်ရေး တပ်မတော် ရေကြောင်းချီတပ်ဖွဲ့နှင့် ဂျပန်တပ်များသည် ဗြိတိသျှတပ်များကို ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်သဖြင့် ဗြိတိသျှတပ်များ ရွှေတောင်မြို့မှ ဆုတ်ခွာသွားရသည်။ ရွှေတောင်တိုက်ပွဲအပြီးတွင် ဗိုလ်ရန်နိုင်၏ တပ်သည် ပြည်မြို့သို့ ဆက်လက် ချီတက်၍ ၁၉၄၂ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် ပြည်မြို့၌ စခန်းချရပ်နားခဲ့သည်။

ထားဝယ်စစ်ကြောင်းတွင် ဗိုလ်ကြီးကာဝါရှိမား (Lieutenant General Kawashima) ဦးဆောင်ပြီး ဂျပန်စစ်ဖက်အရာရှိများအပြင် ရဲဘော်သုံးကျိပ် ဝင် ဗိုလ်လက်ျာ၊ ဗိုလ်လရောင်၊ ဗိုလ်မင်းရောင်၊ ဗိုလ်မြင့်အောင်၊ ဗိုလ်ဗလနှင့် ဗိုလ်ဉာဏတို့ ပါဝင်ခဲ့သည်။ ထားဝယ်စစ်ကြောင်းသည် ဗန်ကောက်မြို့မှ ၁၉၄၂ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် စတင်ချီတက်ခဲ့သည်။ ထို့နောက် ကန်ချနာဘူရီတွင် စစ်သားစုဆောင်းခဲ့ပြီး ဆက်လက်ချီတက်လာရာ ထိုင်းမြန်မာ နယ်စပ်စန်ပိုရွာသို့ ရောက်သောအခါ အမှတ် ၅၅ ဂျပန်တပ်မ၏ တပ်ဦးဖြစ်သော ကာနယ်အိုကီး (Colonel Oki) ၏ အမှတ် ၁၂၂ တပ်မနှင့် တွေ့ဆုံပူးပေါင်းမိ ခဲ့သည်။

ထားဝယ်စစ်ကြောင်းသည် မြန်မာနိုင်ငံအတွင်းသို့ ချီတက်ဝင်ရောက်ခဲ့ ရာတွင် ထားဝယ်မြို့၏အရှေ့နှစ်ဆယ့်ငါးမိုင်အကွာရှိ မေတ္တာရွာတွင် ဗြိတိသျှ ရှေ့ပြေးကင်းတပ်နှင့် တွေဆုံတိုက်ပွဲ ဖြစ်ပွားခဲ့သည်။ ထားဝယ် စစ်ကြောင်းသည် ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်တွင် မေတ္တာရွာရှိ ဗြိတိသျှ တပ်စခန်းကို သိမ်းပိုက်ခဲ့သည်။ ထို့နောက် ဂျပန်တပ်မ ၅၅ မှ အိုကီးတပ်ဖွဲ့နှင့် အတူ ထားဝယ်မြို့ကို ချီတက်တိုက်ခိုက်ရာ ၁၉၄၂ခုနှစ် ဇန်နဝါရီလ ၁၉ရက်တွင် သိမ်းပိုက်ရရှိခဲ့သည်။ ထို့နောက် ထားဝယ်စစ်ကြောင်းသည် မော်လမြိုင်သို့ ဆက်လက်ချီတက်ခဲ့သည်။ ထားဝယ်စစ်ကြောင်း မော်လမြိုင်ရောက်ရှိပြီးနောက် မော်လမြိုင်မြို့ အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းထူထောင်ရေးကို ဂျပန်တပ်မတော် က ခွင့်မပြုသောကြောင့် မုဒုံမြို့သို့ ပြောင်းရွှေ့ တပ်စွဲခဲ့သည်။

ထားဝယ်စစ်ကြောင်း မှ ဗိုလ်မြင့်အောင်နှင့် ဗိုလ်ဗလတပ်များသည် ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ်နှင့် မော်လမြိုင် စစ်ကြောင်းနှင့်အတူ

http://www.cherrythitsar.org



လိုက်ပါချီတက်ရန် မုဒုံမှ မော်လမြိုင်၊ မော်လမြိုင်မှ ဘားအံ၊ ထိုမှတစ်ဆင့် ရွှေဂွန်းသို့ ချီတက်ခဲ့သည်။ ရွှေဂွန်းမှ တစ်ဆင့် သံလွင်မြစ်ကို ဖြတ်ကူးပြီး ချီတက်ခဲ့ရာ ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်တွင် ကွင်းဆိပ်ရွာသို့ ရောက်ရှိပြီး ဗမာ့လွတ်လွပ်ရေး တပ်မတော်စစ်ဌာနချုပ် စစ်ကြောင်းနှင့် ပူးပေါင်းမိခဲ့သည်။ ထိုသို့ ပူးပေါင်းမိခဲ့ပြီးနောက် ဗိုလ်မိုးကြိုးက ဗမာ့လွတ်လပ်ရေး တပ်မတော် စစ်ဌာနချုပ်စစ်ကြောင်းကို ရန်ကုန်မြို့သို့ ဦးတည်ချီတက်ရန် ပြင်ဆင်ပြီး ထားဝယ်စစ်ကြောင်းကို ရှေ့ပြေးတပ်အဖြစ် ချီတက်စေခဲ့သည်။

ထားဝယ်စစ်ကြောင်းသည် ၁၉၄၂ ခုနှစ် မတ်လ ၃ ရက်နေ့၌ စစ်တောင်းမြစ်ကို ဖြတ်ကူးပြီး မြစ်ကြိုး၊ ဝေါတို့မှတဆင့် ပဲခူးမြို့သို့ ဦးတည်ချီတက်ခဲ့သည်။ ထိုစစ်ကြောင်းသည် ဂျပန်တပ်မ ၅၅ နှင့်အတူ ပဲခူးမြို့ရှိ ဗြိတိသျှတို့ကို တိုက်ခိုက်ရာ ၁၉၄၂ ခုနှစ် မတ်လ ၇ ရက်နေ့တွင် ပဲခူးမြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ ထို့နောက် ရန်ကုန်မြို့သို့ ဆက်လက် ချီတက်ခဲ့ရာ ဂျပန်တပ်မ ၅၅ မှ တပ်များနှင့်အတူ ၁၉၄၂ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ရန်ကုန်မြို့ကို ဝင်ရောက်သိမ်းပိုက်နိုင်ခဲ့သည်။

ထားဝယ်စစ်ကြောင်းမှ ဗိုလ်လကျာ်၊ ဗိုလ်လရောင်၊ ဗိုလ်မင်းရောင်နှင့် ဗိုလ်ညဏတို့ ဦးစီးသည့်တပ်များလည်း မုဒုံမှ မော်လမြိုင်၊ မော်လမြိုင်မှ မုတ္တမမြို့သို့ ကူး၍ ထိုမှတစ်ဆင့် ပဲခူးမြို့၊ ပဲခူးမှတစ်ဆင့် ရန်ကုန်မြို့သို့ ချီတက်ခဲ့ကြသည်။

ဗမာလွတ်လပ်ရေး တပ်မတော်နှင့် ဂျပန်တပ်များ ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးနောက် ရန်ကုန် စစ်ဌာနချုပ်က ထားဝယ်စစ်ကြောင်းမှ ချီတက်လိုက်ပါခဲ့သည့် ဗိုလ်ကြီးညဏအား ဖာပွန်မြို့သို့ ငြိမ်ဝပ်ပိပြားရေး လုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ပေးခဲ့သည်။ ဗိုလ်ကြီးညဏသည် ဖာပွန်မြို့တွင် ငြိမ်ဝပ်ပိပြားရေးတာဝန်များ ထမ်းဆောင်နေစဉ် ၁၉၄၂ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် ကရင်လက်နက်ကိုင်များ၏ ချုံခို တိုက်ခိုက်မှုကြောင့် ကျဆုံးခဲ့ရသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် မြန်မာနိုင်ငံတွင် ချီတက်၍ ဗြိတိသျှတို့ကို တိုက်ခိုက်ရာ၌ ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာချုပ်နှင့် မော်လမြိုင်

http://www.cherrythitsar.org



စစ်ကြောင်းတွင် ဗိုလ်တေဇအပါအဝင် ရဲဘော်သုံးကျိပ်ဝင် ၁၁ ဦး၊ ရေကြောင်းချီတပ်ဖွဲ့ရာတွင် ရဲဘော်သုံးကျိပ်ဝင် ၃ ဦး၊ ထားဝယ်စစ်ကြောင်းတွင် ရဲဘော်သုံးကျိပ်ဝင် ၆ ဦး၊ ပြည်တွင်းသူပုန်တပ်ဖွဲ့တွင် ဗိုလ်နေဝင်းအပါအဝင် ရဲဘော်သုံးကျိပ်ဝင် ၇ ဦးနှင့် ဂျပန်တပ်မ ၁၅၏ ဆက်သွယ်ရေးအရာရှိ ဗိုလ်ဘုန်းမြင့် စုစုပေါင်း ရဲဘော်သုံးကျိပ်ဝင် ၂၈ ဦး ပါဝင်ခဲ့သည်။

ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့် ဂျပန်တပ်မတော်တို့ ရန်ကုန်မြို့ကို သိမ်းပိုက်နိုင်ခြင်းမှာ မြန်မာနိုင်ငံသိမ်း စစ်ဆင်ရေး၏ ပထမအဆင့်သာ ဖြစ်သည်။ ၁၉၄၂ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံတွင်း၌ ဗြိတိသျှတပ်များနှင့် ဗြိတိသျှတပ်များ အောင်မြင်စွာ ဆုတ်ခွာနိုင်ရန်အတွက် အကူအညီပေးရန် ရောက်ရှိနေသည့် ချန်ကေရှိတ်အစိုးတပ်များ ရှိနေသေးသည်။ ထို့ကြောင့် ဂျပန်တပ်မတော်သည် မြောက်ပိုင်းစစ်ဆင်ရေးဟု အမည်ပေးထားသည့် မြန်မာနိုင်ငံတစ်နိုင်ငံလုံး သိမ်းပိုက်ရေးအတွက် စစ်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ ဗမာ့လွတ်လပ်ရေး တပ်မတော်သည်လည်း ဂျပန်တပ်မတော်နှင့်အတူ မြောက်ပိုင်းစစ်ဆင်ရေးတွင် ပါဝင်ဆင်နွှဲရန် ပြင်ဆင်ခဲ့သည်။ ထိုသို့ ပြင်ဆင်နေချိန်တွင် ဗိုလ်မိုးကြိုးက ဗိုလ်တေဇအား ဗမာ့လွတ်လပ်ရေး တပ်မတော် စစ်သေနာပတိချုပ်နှင့် ဗိုလ်လက်ျာအား စစ်ဦးစီးချုပ်အဖြစ် ခန့်အပ်ခဲ့သည့်အတွက် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို မြန်မာအရာရှိများက ဦးစီးကွပ်ကဲခွင့် ရလာခဲ့သည်။

မြောက်ပိုင်းစစ်ဆင်ရေးတွင် ဂျပန်တပ်မတော်သည် ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းကို လည်းကောင်း၊ ဗမာ့လွတ်လပ်ရေး တပ်မတော်သည် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းကိုလည်းကောင်း အသီးသီးတာဝန်ယူကာ ချီတက်တိုက်ခိုက်ရန် သတ်မှတ်ခဲ့သည်။ အထက်မြန်မာနိုင်ငံကို ချီတက်တိုက်ခိုက်ရန်အတွက် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို တပ်မ (၁) နှင့် တပ်မ (၂) ဟူ၍ ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ထို့နောက် ဗမာ့လွတ်လပ်ရေး တပ်မတော်သည် အထက်မြန်မာနိုင်ငံသို့ စစ်ကြောင်း သုံးကြောင်းဖြင့် ချီတက်တိုက်ခိုက်ခဲ့သည်။ ဗိုလ်မှူးမင်းခေါင်ဦးစီးသည့် ရေကြောင်းချီတပ်ဖွဲ့ခွဲသည် ၁၉၄၂-ခုနှစ် မတ်လ ၁၈ရက်တွင် ကြည့်မြင်တိုင်ဆိပ်ကမ်းမှ မြစ်ဝကျွန်းပေါ်ကို ဖြတ်၍ ရခိုင်တိုင်းတောင်ပိုင်းသို့ ချီတက် တိုက်ခိုက်ခဲ့သည်။ ဗိုလ်မှူးမင်းခေါင် ဦးစီးသည့်

http://www.cherrythitsar.org



ရေကြောင်း ချီတပ်ဖွဲ့သည် ဝမြို့နှင့် သံတွဲမြို့များကို သိမ်းပိုက်ပြီး အုပ်ချုပ်ရေးနှင့် ငြိမ်ဝပ်ပိပြားရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ထို့နောက် သံတွဲမှတစ်ဆင့် တောင်ကုတ်၊ တောင်ကုတ်မှတစ်ဆင့် ပြည်မြို့သို့ ချီတက်ခဲ့သည်။ ပြည်မြို့သို့ ရောက်ရှိပြီးနောက် အထက်အမိန့်အရ မြင်းခြံ၊ မန္တလေးမြို့များသို့ ဆက်လက်ချီတက်ခဲ့သည်။

ဗမာ့လွတ်လပ်ရေး တပ်မတော် တပ်မ(၁)နှင့် တပ်မ(၂)သည် တပ်ထွက်အခမ်းအနားကို ၁၉၄၂ခုနှစ် ဧပြီလဆန်းတွင် ကျင်းပခဲ့သည်။ ထို့နောက် ဗိုလ်မှူးကြီးဇေယျ ဦးစီးသော ဗမာ့လွတ်လပ်ရေး တပ်မတော် တပ်မ(၁) သည် ၁၉၄၂ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် ရန်ကုန်မြို့မှ ရခိုင်သို့ စတင်ချီတက်ခဲ့သည်။ တပ်မ (၁)တွင် ဒုတိယဗိုလ်မှူးကြီး ရန်အောင် ဦးစီးသော တပ်မဟာ (၁)၊ ဒုတိယဗိုလ်မှူးကြီး မြင့်အောင်ဦးစီးသော တပ်မဟာ (၂)နှင့် ဗိုလ်မှူးရဲထွဋ်ဦးစီးသော တပ်မဟာ (၃)တို့ပါဝင်ခဲ့သည်။ တပ်မ (၁)သည် ပြည်မြို့အနီး ရောက်သောအခါ ဗမာ့လွတ်လပ်ရေး တပ်မတော် စစ်ဌာနချုပ်အမိန့်အရ ရခိုင်စစ်ကြောင်းသို့ ဒုတိယဗိုလ်မှူးကြီးရန်အောင် ဦးစီးသောတပ်ကိုသာ ချီတက်စေပြီး ကျန်တပ်မ (၁) တပ်များကို အထက်မြန်မာနိုင်ငံသို့ ချီတက်စေခဲ့သည်။ ဒုတိယဗိုလ်မှူးကြီး ရန်အောင် ဦးစီးသော တပ်မဟာ (၁)သည် ရခိုင်စစ်ကြောင်း ချီတက်ပြီး ရခိုင်တိုင်းအတွင်းရှိ မြို့ရွာများကို သိမ်းပိုက်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော ဗမာ့လွတ်လပ်ရေး တပ်မတော် စစ်ဌာနချုပ် တပ်များနှင့် ဗိုလ်မှူးကြီးနေဝင်း ကွပ်ကဲသော တပ်မ (၂)သည် ၁၉၄၂ ခုနှစ် ဧပြီလ ၈ ရက်နေ့တွင် ရန်ကုန်မြို့မှ စတင်ချီတက်ခဲ့သည်။ တပ်မ (၂)တွင် ဗိုလ်မှူးရန်နိုင်ဦးစီးသော တပ်မဟာ (၄)၊ ဗိုလ်မှူးဗလဦးစီးသော တပ်မဟာ (၅)၊ ဗိုလ်မှူးဘုန်းမြင့်ဦးစီးသော တပ်မဟာ (၆)နှင့် ဗိုလ်မှူးမင်းရောင်ဦးစီးသော တပ်မဟာ (၇) တို့ပါဝင်ကြသည်။ ဗမာ့ လွတ်လပ်ရေး တပ်မတော် စစ်ဌာနချုပ်တပ်များနှင့် တပ်မ (၂) သည် ၁၉၄၂ ခုနှစ် ဧပြီလ ၁၃ရက်တွင် ပြည်မြို့သို့ရောက်ရှိခဲ့သည်။ ပြည်မြို့အရောက်တွင် ဗိုလ်မှူးကြီး ဇေယျဦးစီးသည့် တပ်မ(၁)နှင့် ပေါင်း၍ ဧရာဝတီမြစ် အနောက်ဘက် ကမ်းအတိုင်း အထက်မြန်မာနိုင်ငံသို့ ချီတက်ကာ ဗြိတိသျှတပ်များကို တိုက်ခိုက်ခဲ့သည်။

http://www.cherrythitsar.org



ထိုသို့ တိုက်ခိုက်ခဲ့ရာ ၁၉၄၂ ခုနှစ် မေလ ၂၆ ရက်နေ့တွင် မြစ်ကြီးနားမြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။

ဂျပန်တို့၏ အကူအညီကို မြန်မာတို့ ရယူခဲ့ခြင်းမှာ မြန်မာ့လွတ်လပ်ရေးအတွက် ဗြိတိသျှနယ်ချဲ့ကို လက်နက်ကိုင် တိုက်ပွဲဝင်ရန် လက်နက်နှင့် စစ်ပညာများ ရယူလို၍ ဖြစ်သည်။ ဗိုလ်မှူးကြီးစူဇူကီး ဦးစီးသော မီနာမီအဖွဲ့ဝင် ဂျပန်တို့ကလည်း မြန်မာ့လွတ်လပ်ရေးအတွက် ဂျပန်က အကူအညီပေးမည် ဖြစ်ကြောင်း ကတိပေးခဲ့သည်။ ဂျပန်ဘုရင့်တပ်မတော်နှင့် ဗမာ့လွတ်လပ်ရေး တပ်မတော်တို့ မော်လမြိုင်မြို့ကို သိမ်းပိုက်ပြီးပါက မြန်မာ့လွတ်လပ်ရေးကို ကြေညာပြီး မြန်မာပြည် ယာယီအစိုးရဖွဲ့ပေးရန် စီစဉ်ခဲ့သည်။ ၁၉၄၂ခုနှစ် ဇန်ဝါရီလ ၃၁ ရက်နေ့တွင် ဂျပန်တပ်မ ၅၅က မော်လမြိုင်ကို သိမ်းပိုက်နိုင်ခဲ့သည်။ ထိုအခါ ဂျပန်တပ်မတော်သည် မြန်မာပြည် ယာယီအစိုးရဖွဲ့ပေးရန် အစီအစဉ်ကို ခွင့်မပြုတော့ဘဲ ဂျပန်စစ်ဘက်အုပ်ချုပ်ရေး ဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံကို လွတ်လပ်ရေး ချက်ချင်းပေးလိုသော မီနာမီအဖွဲ့နှင့် ဂျပန်အမှတ် ၁၅ တပ်မတော်အကြား ဝါဒကွဲပြားမှုများ စတင်ပေါ်ပေါက်လာခဲ့သည်။

ဂျပန်တပ်မတော်နှင့် ဗမာ့လွတ်လပ်ရေး တပ်မတော်တို့ ၁၉၄၂ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးနောက် ဗိုလ်မှူးကြီး စူဇူကီးသည် အစိုးရအိမ်တော်တွင် ဘီအိုင်အေ ဌာနချုပ် ဖွင့်လှစ်ရန် စီစဉ်ခဲ့သည်။ ထိုသို့ စီစဉ်ခြင်းမှာ အစိုးရအိမ်တော်သည် အုပ်ချုပ်ရေး၏ အထွတ်အထိပ် သို့မဟုတ် အချုပ်အခြာ အာဏာတည်ရာဌာန ဖြစ်ပြီး၊ အာဏာပိုင်ဆိုင်မှု၏ အမှတ်အသားလည်း ဖြစ်သောကြောင့် ဖြစ်သည်။ အစိုးရအိမ်တော်တွင် ရုံးစိုက်မှသာလျှင် ဘီအိုင်အေအတွက် ပြယုဂ်ကောင်းပြီး မြန်မာပြည်သူတို့ ကလည်း နှစ်ထောင်အားရ ကျေနပ်ကြမည်ဖြစ်သည်။ သို့သော် ဂျပန်တပ်မတော် က ဗိုလ်မှူးကြီးစူဇူကီး၏ တောင်းဆိုချက်ကို ပယ်ချပြီး ၁၉၄၂ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် ဂွန်ဆေဘု (Gunsei Bu) ခေါ် စစ်အုပ်ချုပ်ရေးဌာနဖွဲ့စည်းပြီး စစ်အုပ်ချုပ်ရေးရုံးကို အစိုးရ အိမ်တော်တွင် ဖွင့်လှစ်ခဲ့သည်။ ဂျပန် အမှတ် (၁၅) တပ်မတော်သည် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ဆောင်ရွက်ပေးခြင်း

http://www.cherrythitsar.org



မရှိဘဲ မြန်မာနိုင်ငံကို စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်သွားမည့် မူဝါဒကိုသာ မြဲမြဲစွာဆုပ်ကိုထားခဲ့သည်။

မီနာမီအဖွဲ့သည် မြန်မာအမျိုးသား လွတ်မြောက်ရေး ကြိုးပမ်းမှုတွင် အင်တိုက်အားတိုက် ကူညီခဲ့ပြီး ၎င်းတို့ပေးခဲ့သည် ကတိအတိုင်း မြန်မာ့ လွတ်လပ်ရေးကို ကြေညာပေးလိုသည် မှန်သော်လည်း ဂျပန်စစ်ဦးစီးဌာနချုပ် ကို ကျော်လွန်၍ လုပ်ဆောင်ရန်ကား မဖြစ်နိုင်ခဲ့ပေ။

ဂျပန်အမှတ် ၁၅ တပ်မတော်စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးအီဒါး (Lieutenant General Iida) က ၁၉၄၂ ခုနှစ် မေလ ၂၁ ရက်နေ့၌ "ဗမာပြည် ဗဟိုအုပ်ချုပ်ရေး စီစဉ်မှုအဖွဲ့ ထူထောင်ခြင်းကိစ္စ" ဟူသော အမိန့်ကို လည်းကောင်း၊ ၁၉၄၂ ခုနှစ် ဇွန်လ ၃ ရက်နေ့၌ "စစ်အုပ်ချုပ်ရေး ဆောင်ရွက် ခြင်း"နှင့် "ဗမာပြည် ဗဟိုအုပ်ချုပ်ရေးစီစဉ်မှုအဖွဲ့ ထူထောင်ခြင်း" တို့နှင့် စပ်လျဉ်းသော အမိန့်ပြန်တမ်းများကို လည်းကောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထို့နောက် ၁၉၄၂ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် မီနာမီအဖွဲ့ကို အပြီးသတ် ဖျက်သိမ်းခဲ့ပြီး မီနာမီအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစူဇူကီးအား ဂျပန်နိုင်ငံရှိ ဘုရင့် ကိုယ်ရံတော်ဌာနချုပ်သို့ ပြောင်းရွှေ့ခဲ့သည်။ ဗိုလ်မှူးကြီးစူဇူကီးလည်း ၁၉၄၂ ခုနှစ် ဇူလိုင်လ ၁၄ ရက်တွင် ရန်ကုန်မှ ဂျပန်နိုင်ငံသို့ ထွက်ခွာသွားသည်နှင့် အတူ မီနာမီအဖွဲ့ ဇာတ်သိမ်းခဲ့သည်။

ဂျပန်တပ်မတော်သည် အင်အား ၂၃၀၀၀ ရှိသော ဘီအိုင်အေ တပ်မတော် က ၎င်းတို့အား တော်လှန်တိုက်ခိုက်မည်ကို စိုးရိမ်ခဲ့သဖြင့် ဘီအိုင်အေ တပ် အင်အားကို လျှော့ချရန် စီစဉ်ခဲ့သည်။ ဂျပန်တို့က မြန်မာနိုင်ငံကို ကာကွယ် စောင့်ရှောက်ရန် စနစ်ကျသော တပ်မတော်တစ်ရပ် ပြန်လည် ဖွဲ့စည်းမည်ဟု အကြောင်းပြ၍ ၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ဘီအိုင်အေကို အင်အား (၃၀၀၀)သာ ရှိသော ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) (Burma Defence Army)အဖြစ် ပြန်လည်ဖွဲ့စည်းပေးခဲ့သည်။

ဂျပန်အမှတ် ၁၅ တပ်မတော်သည် မြန်မာနိုင်ငံအား စစ်အုပ်ချုပ်ရေး ဖြင့် ထိရောက်စွာ အုပ်ချုပ်နိုင်ရန်အတွက် ၁၉၄၂ ခုနှစ် ဩဂုတ်လ ၁ ရက် နေ့တွင် "ဗမာပြည်ဗဟိုအစိုးရအဖွဲ့" ကို ဖွဲ့စည်းပေးခဲ့သည်။ ဗမာပြည် ဗဟို အစိုးရအဖွဲ့သည် ဂျပန် အမှတ် ၁၅ တပ်မတော်၏ ညွှန်ကြားချက်အရသာ

http://www.cherrythitsar.org



အုပ်ချုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရသည်။ ထိုသို့ ဗမာပြည် အစိုးရအဖွဲ့ ဖွဲ့စည်း အုပ်ချုပ်ပြီး တစ်နှစ်ခန့်အကြာတွင် ဂျပန်အစိုးရသည် မဟာအရှေ့အာရှတိုက် စစ်ပွဲကြီး ထမြောက်အောင်မြင်ရန်အတွက် မြန်မာပြည်သူတို့၏ ယုံကြည်မှုနှင့် ထောက်ခံမှု ပိုမိုရရှိအောင် ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် အဓိပတိ ဒေါက်တာဘမော် ဦးဆောင်သော အစိုးရအဖွဲ့ကို ဖွဲ့စည်းပေးကာ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးခဲ့သည်။ သို့သော် ဂျပန်တို့ ပေးသော လွတ်လပ်ရေးသည် အတုအယောင် လွတ်လပ်ရေးသာဖြစ်ပြီး မြန်မာပြည်သူတို့သည် ဖက်ဆစ်ဂျပန်တို့၏ ဖိနှိပ်အုပ်ချုပ်မှုကို ဆက်လက်ခံစားမြဲ ခံစားနေကြရသည်။

မြန်မာ့လွတ်လပ်ရေးနှင့် ပတ်သက်၍ ကတိမတည်ခြင်း၊ မဟာအရှေ့အာရှတိုက် သာတူညီမျှ ကောင်းစားရေး ကြွေးကြော်သံဖြင့် အရှေ့အာရှစစ်ပွဲကြီး အောင်မြင်ရေးအတွက် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စစ်ရေးတို့ကို ဂျပန်တပ်မတော်၏ ဩဇာအောက်တွင် ထား၍ ကြိုးကိုင်ခြယ်လှယ်ခြင်း၊ မြန်မာပြည်သူတို့၏ အပေါ် ဖက်ဆစ်ပီသစွာ ဖိနှိပ် အုပ်ချုပ်ရုံသာမက ညှဉ်းပမ်းနှိပ်စက်ခြင်းတို့အပြင် လွတ်လပ်ရေးအတုအယောင်သာ ပေးခြင်းတို့ကြောင့် မြန်မာပြည်သူလူထု တစ်ရပ်လုံးသည် ဖက်ဆစ်ဂျပန်ကို ဆန့်ကျင်တော်လှန်လိုသည့် စိတ်ဓာတ်များ ကြီးထွားလာခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံအတွင်းရှိ ဖက်ဆစ်ဆန့်ကျင်ရေးအင်အားစုများကို စုစည်းခဲ့သည်။ ၁၉၄၄ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့မှ ၇ ရက် နေ့အထိ ပဲခူးမြို့ရှိ ဗမာ့တပ်မတော် စံပြတပ်ရင်းတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ကွန်မြူနစ်ပါတီကိုယ်စားလှယ် သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ဗဟိန်းတို့နှင့် လျှို့ဝှက်စွာ တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုဆွေးနွေးပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းတင်ပြသော "ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ်" (Anti Fascist Organization) ဖွဲ့စည်းရန် အစီအစဉ်နှင့် အဖွဲ့ချုပ်၏ ကြေညာစာတမ်း အမှတ် (၁) **"နယ်ချဲ့ဖက်ဆစ်စားပြဂျပန်လူရိုင်းများကို မောင်းထုတ်"** ဟူသော ကြေညာချက်ကို အားလုံးသဘောတူလက်ခံခဲ့သည်။ ထို့နောက်

http://www.cherrythitsar.org



၁၉၄၄ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့တွင် ကန်တော်ကြီးပတ်လမ်းနှင့် ဦးထွန်းမြတ်လမ်းထောင့်ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်တွင် အစည်းအဝေး တစ်ရပ်ကျင်းပခဲ့သည်။ ထိုအစည်းအဝေးသို့ ဗမာ့တပ်မတော်မှ ဗိုလ်ချုပ် အောင်ဆန်း၊ ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မှူးကြီးလက်ျာ၊ ဗိုလ်မှူးကြီးဇေယျ၊ ဗိုလ်မှူးကျော်ဇော၊ ဗိုလ်မှူးရန်အောင်၊ ဗိုလ်မှူးအောင်၊ ဗိုလ်မှူးဗထူး၊ ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်၊ ဗိုလ်ခင်မောင်လေး၊ ဗိုလ်စောကြာဒိုး၊ ဗိုလ်ဖိုးကွန်း၊ ပြည်သူ့အရေးတော်ပုံ ပါတီမှ သခင်ချစ်၊ ဦးကျော်ငြိမ်းနှင့် ကွန်မြူနစ်ပါတီမှ သခင်စိုး၊ သခင်သန်းထွန်းတို့ တက်ရောက်ခဲ့ကြသည်။ ထိုအစည်းအဝေးတွင် ဖက်ဆစ်တိုက်ဖျက်ရေး အဖွဲ့ချုပ် ဖွဲ့စည်းပြီး ဗိုလ်ချုပ် အောင်ဆန်းအား ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့သည်။

မြန်မာနိုင်ငံတွင်းရှိ ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေး အင်အားစုများသည် ၁၉၄၃ခုနှစ် နိုဝင်ဘာလကပင် အိန္ဒိယရှိ သခင်သိန်းဖေ (ဦးသိန်းဖေမြင့်) နှင့် အဆက်အသွယ် ရရှိခဲ့သည်။ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ် ဖွဲ့စည်း ပြီးသောအခါ အိန္ဒိယရှိ သခင်သိန်းဖေမှတစ်ဆင့် မဟာမိတ် စစ်အာဏာပိုင် တို့နှင့် ဆက်သွယ်ကာ စစ်ပညာနှင့် ဖောက်ခွဲဖျက်ဆီးရေးပညာများ သင်ယူရန် တော်လှန်ရေး ရဲဘော်များကို အိန္ဒိယနိုင်ငံသို့ စေလွှတ်ခဲ့သည်။

ဖက်ဆစ်ဂျပန်များအား တော်လှန်ရန် ကိစ္စအဝဝ ပြင်ဆင်ပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်အာဏာပိုင်များအား မြန်မာနိုင်ငံတွင်း ပြန်လည်ထိုးဖောက် တိုက်ခိုက်လာသည့် မဟာမိတ်တပ်များအား ခုခံတိုက်ခိုက် ရန် ဗမာ့တပ်မတော်အား စစ်မျက်နှာတစ်ခုဖွင့်၍ တိုက်ခိုက်ခွင့်ပြုရန် တောင်းဆို ခဲ့သည်။ ထိုသို့ တောင်းဆိုခြင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် ဗမာ့ တပ်မတော်ကို လွတ်လပ်စွာ ပြင်ဆင်လှုပ်ရှားနိုင်ရန် ပရိယာယ်ဖြင့် တောင်းဆိုခြင်း ဖြစ်သည်။ ဂျပန်စစ်အာဏာပိုင်များကလည်း အိန္ဒိယနိုင်ငံ အင်ဖာ-ကိုဟီးမား စစ်မျက်နှာမှ ဂျပန်တပ်များ ရှုံးနိမ့်ဆုတ်ခွာလာရခြင်း၊ မဟာမိတ်တို့၏ ထိုး ဖောက်တိုက်ခိုက်မှုများ ပို၍ ပြင်းထန်လာခြင်းတို့ကြောင့် စစ်ရေးအကျပ်အတည်း တွေ့လျှက်ရှိရာ ဗမာ့တပ်မတော်က စစ်မျက်နှာ တစ်ခုဖွင့်၍ မဟာမိတ်တပ် များကို တိုက်ခိုက်ခွင့်ပြုရန် ဟူသော ဗိုလ်ချုပ်အောင်ဆန်း၏ တောင်းဆိုချက် ကို လိုက်လျောခဲ့သည်။

http://www.cherrythitsar.org



ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်တို့ထံမှ ခွင့်ပြုချက် ရရှိပြီးနောက် ၁၉၄၅ ခုနှစ် မတ်လ ၁ရက်နေ့မှ ၃ ရက်နေ့အထိ ကန်တော်ကြီးပတ်လမ်းနှင့် ဦးထွန်းမြတ်လမ်းထောင့်ရှိ နေအိမ်တွင် လျှို့ဝှက်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ ထိုအစည်းအဝေးသို့ ဗမာ့တပ်မတော်မှ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မှူးကြီးလက်ျာ၊ ဗိုလ်မှူးကြီးဇေယျ၊ ဗိုလ်မှူးကြီးစောကြာဒိုး၊ ဗိုလ်မှူးကျော်ဇော၊ ဗိုလ်မှူးဗထူး၊ ဗိုလ်မှူးရန်အောင်၊ ဗိုလ်မှူးရဲထွဋ်၊ ဗိုလ်မှူးဖိုးကွန်း၊ ဗိုလ်မှူးအောင်ကြီး၊ ဗိုလ်မှူးမောင်မောင်၊ ဗိုလ်စိန်မှန်၊ ဗိုလ်ခင်မောင်ကလေး၊ ပြည်သူ့အရေးတော်ပုံပါတီမှ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ သခင်ချစ်၊ ကွန်မြူနစ်ပါတီမှ သခင်စိုး၊ သခင်သန်းထွန်းနှင့် သခင်တင်မြတို့ တက်ရောက်ကြသည်။ ထိုအစည်းအဝေးတွင် ဖက်ဆစ်တိုက်ဖျက်ရေး အဖွဲ့ချုပ်ကို ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖ တ ပ လ) ဟု ပြင်ဆင်လိုက်ပြီး ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ရန် စစ်တိုင်းနှင့် စစ်နယ်မြေများ သတ်မှတ်ခွဲခြားခဲ့သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေး ဆင်နွှဲရန် အတွက် ခွဲခြားသတ်မှတ်သော စစ်တိုင်းကြီးများမှာ-

တိုင်း ၁- မင်းလှစည်သူတပ်ဖွဲ့ (ပြည်၊သာယာဝတီ၊အင်းစိန်၊ဟင်္သာတအရှေ့)

၂- ကျော်ခေါင်ဗလတပ်ဖွဲ့ (ဟံသာဝတီ၊ ဖျာပုံ၊ မအူပင်)

၃- ရဲကျော်သူရတပ်ဖွဲ့ (ပုသိမ်၊ ဟင်္သာတအနောက်၊ မြောင်းမြ)

၄- လက်ျာကျော်ထင်တပ်ဖွဲ့ (ပဲခူး၊ ရွှေကျင်၊ သထုံ)

၅- ဇေယျကျော်သူတပ်ဖွဲ့ (မော်လမြိုင်၊ ထားဝယ်၊ မြိတ်)

၆- ဘယကျော်ထင်တပ်ဖွဲ့ (မိတ္ထီလာ၊ပျဉ်းမနား၊တောင်ငူ၊တောင်ပိုင်း ရှမ်းပြည်)

၇- သီရိကျော်ထင်တပ်ဖွဲ့(သရက်၊ အောင်လံ၊ မကွေး၊ မင်းဘူး)

ရခိုင်တိုင်း၊ အထက်မြန်မာပြည်တိုင်းနှင့် ရန်ကုန်တိုင်းတို့ ဖြစ်ကြသည်။ ဖက်ဆစ်ဂျပန်ကို တော်လှန်တိုက်ခိုက်မည့် နေ့ရက်ကို ၁၉၄၅ ခုနှစ် ဧပြီလ ၂ ရက်ဟု သတ်မှတ်ခဲ့သည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းက ဂျပန်ကို အယုံသွင်းထားသည့်အတိုင်း မဟာမိတ်တပ်များကို တိုက်ခိုက်ရန် ရှေ့တန်းစစ်မျက်နှာသို့ ချီတက်ရေးနှင့် ပတ်သက်သော ဗမာ့တပ်မတော်စစ်မိန့်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

http://www.cherrythitsar.org



ရခိုင်တိုင်း အခြေအနေအရ ဖက်ဆစ်ဂျပန် တော်လှန်ရေးကို ၁၉၄၄ ခုနှစ် ဒီဇင်ဘာလကတည်းကပင် စတင်ခဲ့သည်။ ၁၉၄၄ ခုနှစ် ဒီဇင်ဘာလတွင် ရခိုင်တိုင်း တော်လှန်ရေး ခေါင်းဆောင်များသည် ရန်ကုန်မြို့ရှိ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ်သို့ ဦးချိုဒိုးအား စေလွှတ်ကာ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တော့မည် ဖြစ်ကြောင်း အစီရင်ခံခဲ့သည်။ ထို့နောက် ရခိုင်တိုင်းတွင် ၁၉၄၄ ခုနှစ်ဒီဇင်ဘာလမှ စတင်ကာ ဖက်ဆစ်ဂျပန် တော်လှန်ရေးကို ဆင်နွှဲခဲ့ရာ အောင်ပွဲများ ရရှိခဲ့သည်။

ဗိုလ်မှူးဗထူး တာဝန်ကျသည့် အထက်မြန်မာပြည် တိုင်းအတွင်း၌ မဟာမိတ်တပ်များက ရွှေဘိုခရိုင်ကို တိုက်ခိုက်သိမ်းယူပြီး စစ်ကိုင်း၊ မန္တလေးဒေသသို့ ထိုးဖောက်ဝင်ရောက်လာခဲ့သည်။ ထို့ကြောင့် ဗိုလ်မှူးဗထူး၏ တပ်များသည် ဖက်ဆစ်ဂျပန် တော်လှန်ရေးအတွက် ဖ-တ-ပ-လ အဖွဲ့ချုပ်မှ သတ်မှတ်ထားသော ဧပြီလ ၂ ရက်ထိ စောင့်ဆိုင်းနေလျှင် မဟာမိတ်တပ်များနှင့် ဂျပန်တပ်များအကြား နှစ်ဘက်ညှပ်အတိုက်ခံရမည့် အခြေအနေသို့ ရောက်ရှိနေသည်။ ထိုကြောင့် ဗိုလ်မှူးဗထူးသည် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းထံသို့ အခြေအနေအရပ်အရပ်ကို အစီရင်ခံပြီး ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ရန် ပြင်ဆင်ခဲ့သည်။ ဗိုလ်မှူးဗထူးသည် ၁၉၄၅ ခုနှစ်မတ်လ ၈ ရက်နေ့တွင် စစ်ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်တွင် ဒေါက်တာဘမော်၏ မြန်မာနိုင်ငံအစိုးရနှင့် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ဗမာ့တပ်မတော်သည် ဂျပန်တို့၏ ညှဉ်းပန်းနှိပ်စက်မှုများကို အကာအကွယ် မပေးနိုင်ကြောင်း၊ ထို့ကြောင့် ၎င်း၏ လက်အောက်ရှိ တပ်များသည် ၁၉၄၅ ခုနှစ် မတ်လ ၈ရက်နေ့မှစ၍ ဖက်ဆစ်ဂျပန်တို့အား တော်လှန်တိုက်ခိုက်ပြီဖြစ်ကြောင်းပါရှိသည်။ ထိုစစ်ကြေညာချက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာ့တပ်မတော်ကိုပါ ဆန့်ကျင်ကြောင်း ထည့်သွင်းဖော်ပြထားသဖြင့် ဂျပန်တို့က ဗိုလ်မှူးဗထူးသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာ့တပ်မတော်စစ်ဌာနချုပ်ကို အသိမပေးဘဲ ၎င်း၏ သဘောအလျောက် တော်လှန်တိုက်ခိုက်ခြင်း ဖြစ်သည်ဟု ယူဆခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်ဂျပန်တို့အား တော်လှန်ရန် သတ်မှတ်ထားသည့်ရက်တွင် စစ်တိုင်းအသီးသီး၌ တာဝန်ယူထားသောတပ်များ မိမိတို့

http://www.cherrythitsar.org



တာဝန်ကျရာ နယ်မြေသို့ ကြိုတင်ရောက်ရှိနေစေရန် ဆောင်ရွက်ခဲ့သည်။ ၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ဘောင်ဒရီလမ်း (ယခု ဓမ္မစေတီလမ်း) နှင့် ဦးဝိစာရလမ်းထောင့်ရှိ ကွင်းပြင် (ယခုတော်လှန်ရေး ပန်းခြံ)တွင် ဗမာ့တပ်မတော် တပ်ထွက်ပွဲ အခမ်းအနားကျင်းပခဲ့သည်။ ထို အခမ်းအနားသို့ နိုင်ငံတော် အဓိပတိ ဒေါက်တာဘမော်၊ စစ်ဝန်ကြီး ဗိုလ်ချုပ် အောင်ဆန်း၊ ဗမာ့တပ်မတော် တပ်မှူးကြီးများ ဖြစ်ကြသည့် ဗိုလ်မှူးကြီး နေဝင်း၊ ဗိုလ်မှူးကြီး လက်ျာ၊ ဗိုလ်မှူးကြီးဇေယျနှင့် ဗမာ့တပ်မတော် ဂျပန် အကြံပေးအရာရှိချုပ် ဗိုလ်ချုပ်ဆာကုရိုင်း (Lieutenant General Sakurai)တို့ တက်ရောက်ကြသည်။ တပ်ထွက်အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းက စစ်မြေပြင် ထွက်လျှင် ဆင်းရဲပင်ပန်းပြီး အခက်အခဲများနှင့် ရင်ဆိုင်ရမည် ဖြစ်ကြောင်း၊ ဗမာပီပီ ဗမာ့သွေးကို ပြရန် လိုကြောင်းနှင့် အနီးကပ်ဆုံး ရန်သူ ကို ရှာပြီး ချေမှုန်းကြရန် မိန့်ခွန်းပြောကြားခဲ့သည်။ ဗမာ့တပ်မတော် တပ်ထွက်ပွဲ အခမ်းအနား ကျင်းပပြီးနောက် ဗမာ့တပ်မတော် တပ်အသီးသီးသည် မိမိတို့ သက်ဆိုင်ရာတာဝန်ကျသည့် စစ်တိုင်းများသို့ သွားရောက်ရန် စီစဉ်ဆောင်ရွက် ခဲ့ကြသည်။

ဖက်ဆစ်ဂျပန် တော်လှန်ရေးတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ရှေ့တန်း စစ်ဦးစီးဌာနချုပ်သည် တိုင်း (၇) စစ်ဒေသအတွင်းရှိ သရက်မြို့ အနောက်ဘက် သရက်ချောင်းရွာတွင် ရုံးစိုက်ကာ ဖက်ဆစ်ဂျပန်တော်လှန်ရေး စစ်တိုင်းများကို ကွပ်ကဲခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၅ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့မှ ထွက်ခွာကာ ရှေ့တန်းစစ်ဦးစီးဌာနချုပ် ဖွင့်လှစ်မည့် သရက်ချောင်း ရွာသို့ သွားရောက်ခဲ့ရာ ၁၉၄၅-ခု၊ မတ်လ ၂၆ရက်နေ့တွင် ရောက်ရှိခဲ့သည်။ ဖက်ဆစ်ဂျပန်တို့ကို စတင်တော်လှန်ရန် မူလက ဧပြီလ၂ရက် ဟုသတ်မှတ် ထားသော်လည်း တိုင်း (၄) ၏ တိုင်းမှူးဗိုလ်မှူးကျော်ဇောက ပဲခူးရှိ ၎င်း၏ တပ် များကို ဂျပန်များက မသင်္ကာဖြစ်နေကြောင်း၊ ရန်ကုန်မြို့မှ ဂျပန်အရာရှိ များ ပဲခူးသို့လာ၍ ၎င်း၏ တပ်များ အခြေအနေကို စစ်ဆေးကြောင်း၊ ထို့ ကြောင့် ဖက်ဆစ်ဂျပန်တော်လှန်ရေးကို ၁၉၄၅-ခုနှစ် မတ်လ ၂၇ရက်တွင် စတင်ခွင့်ပြုပါရန် စာရေးသားပေးပို့သဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ် ဂျပန်တော်လှန်ရေး စတင်ဆင်နွှဲမည့်ရက်ကို ဧပြီလ ၂ ရက်အစား မတ်လ

http://www.cherrythitsar.org



၂၇ ရက်သို့ ပြောင်းရွှေ့ကြောင်း၊ စစ်တိုင်းအသီးသီးသို့ အကြောင်းကြားခဲ့သည်။ ဤသို့ဖြင့် ၁၉၄၅-ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဗမာ့တပ်မတော်သည် ပြည်သူ့လွတ်လပ်ရေး တပ်မတော်အမည် ခံယူကာ မြန်မာပြည်သူလူထု တစ်ရပ်လုံးနှင့်အတူ ဖက်ဆစ်ဂျပန်တို့ကို တစ်ပြိုင်တည်းတော်လှန်တိုက်ခိုက်ခဲ့ကြသည်။

ဖက်ဆစ်ဂျပန် တော်လှန်ရေးတွင် ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသည့် ရှေ့တန်းစစ်ဦးစီးဌာနချုပ်တွင် တာဝန်ယူကာ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်သည့် ရဲဘော်သုံးကျိပ်ဝင်များမှာ စစ်ဦးစီးမှူး ဗိုလ်မှူးကြီးဇေယျ၊ ဒုတိယ စစ်ဦးစီးမှူး ဗိုလ်ရန်အောင်၊ ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ရံတော်တပ်မှူး ဗိုလ်မင်းခေါင်၊ တပ်ခွဲမှူး ဗိုလ်စောနောင်တို့ ဖြစ်သည်။ ထို့ပြင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးဗလ ဦးစီးသည့် တပ်ရင်း (၇)သည် ရှေ့တန်းစစ်ဦးစီးဌာနချုပ်၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ရှိပြီး တိုင်း(၆)နှင့် တိုင်း(၇)စစ်ဒေသအတွင်း ဖက်ဆစ်ဂျပန်တို့ကို တော်လှန် တိုက်ခိုက်ခဲ့သည်။

ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် တိုင်း (၁) စစ်ရေးခေါင်းဆောင်မှာ ဗိုလ်မှူးမောင်မောင်ဖြစ်သည်။ တိုင်း(၂) စစ်ရေးခေါင်းဆောင်မှာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးကြီးနေဝင်း ဖြစ်သည်။ တိုင်း (၃) စစ်ရေးခေါင်းဆောင်မှာ ဗိုလ်မှူးကြီး စောကြာဒိုး ဖြစ်သည်။ တိုင်း (၄) စစ်ရေး ခေါင်းဆောင်မှာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးကျော်ဇောဖြစ်သည်။ တိုင်း (၄) စစ်နယ်မြေတွင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးမြင့်ဆွေ၊ ဗိုလ်မင်းရောင်၊ ဗိုလ်ဇင်ယော်တို့ ပါဝင်သည်။ တိုင်း (၅) စစ်ရေး ခေါင်းဆောင်မှာ ဗိုလ်ကြီးတင်ထွန်း ဖြစ်သည်။ တိုင်း (၆) စစ်ရေးခေါင်းဆောင်မှာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူး ရဲထွဋ်၊ ဒုတိယ စစ်တိုင်းမှူးမှာ- ရဲဘော်သုံးကျိပ်ဝင် ဗိုလ်တောက်ထိန်တို့ဖြစ်ပြီး ရဲဘော်သုံးကျိပ်ဝင် ဗိုလ်တာရာလည်း ပါဝင်သည်။ တိုင်း (၇) စစ်ရေး ခေါင်းဆောင်မှာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင် ဖြစ်သည်။ တိုင်း (၇) တွင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မိုးညိုသည် စက်မှုလက်မှု တပ်ရင်း (၂)ကို ဦးစီး၍လည်းကောင်း၊ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဘုန်းမြင့်သည် တပ်ရင်း ၁ဝ၃ ကို ဦးစီး၍လည်းကောင်း၊ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မြင့်အောင်သည် စက်အမြောက် တပ်ရင်းကို ဦးစီး၍လည်းကောင်း၊ ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ခိုက်ခဲ့သည်။

http://www.cherrythitsar.org



ရန်ကုန်တိုင်း စစ်ရေးခေါင်းဆောင်မှာ ဗိုလ်မှူးခင်ညိုဖြစ်သည်။ ဖက်ဆစ်ဂျပန် တော်လှန်ရေးတွင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးကြီးလက်ျာသည် တိုင်း (၂) နှင့် တိုင်း(၃) ဆက်သွယ်ရေးကို တာဝန်ယူ ဆောင်ရွက်ခဲ့သည်။ ရဲဘော် သုံးကျိပ်ဝင် ဗိုလ်လင်းယုန်သည် ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ရန် စိတ်ဓာတ် တက်ကြွနေ၍ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့ လွတ်လပ်ရေးအဖွဲ့ချုပ် ခေါင်းဆောင်များက တော်လှန်ရေး စတင်ရန် အချိန်မကျသေးမီ သတင်း ပေါက်ကြားမည်စိုး၍ ၎င်းအား စစ်ရဲတပ်ရင်းတွင် ခေတ္တထိန်းသိမ်း ထားခဲ့ သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေး စတင်သည့်အခါ ဗိုလ်လင်းယုန်အား ပြန်လွှတ်ပေးခဲ့သည်။ ဗိုလ်လင်းယုန်သည် စစ်တိုင်း သီးခြား မရသည့်အပြင် တပ်လည်းမရသည့်အတွက် ခရမ်း၊ သုံးခွ ဒေသတွင် ၎င်း၏ အစီအစဉ် သက်သက်ဖြင့် ဖက်ဆစ်ဂျပန်များကို တော်လှန် တိုက်ခိုက်ခဲ့သည်။

ဖက်ဆစ်ဂျပန်တော်လှန်ရေး ဆင်နွှဲချိန်တွင် ရဲဘော်သုံးကျိပ်ဝင် ၂၅ ဦး ရှိသည့်အနက် ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသည့် ရှေ့တန်းစစ်ဦးစီးဌာနချုပ် တွင် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ရဲဘော်သုံးကျိပ် (၆) ဦး၊ တိုင်း (၂) တွင် တိုင်းမှူး ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးကြီးနေဝင်း၊ တိုင်း (၄) တွင် တိုင်းမှူး ဗိုလ်မှူးကျော်ဇော အပါအဝင် ရဲဘော်သုံးကျိပ်ဝင်(၄)ဦး၊တိုင်း (၆)တွင် တိုင်းမှူး ဗိုလ်မှူးရဲထွဋ် အပါအဝင် ရဲဘော်သုံးကျိပ်ဝင် (၃)ဦး၊ တိုင်း (၇) တွင် တိုင်းမှူး ဗိုလ်မှူးအောင် အပါအဝင် ရဲဘော်သုံးကျိပ်ဝင် (၄)ဦး၊ ၊ တိုင်း (၂)နှင့် တိုင်း (၃) ဆက်သွယ်ရေး တာဝန်ခံ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးကြီးလက်ျာနှင့် ခရမ်းသုံးခွဒေသတွင် ဗိုလ်လင်းယုန် စုစုပေါင်း ရဲဘော်သုံးကျိပ်ဝင် ၂၀ ဦး သည် ဖက်ဆစ်ဂျပန် တော်လှန်ရေးတွင် ပါဝင်ခဲ့ကြသည်။ ကျန်ရဲဘော် သုံးကျိပ်ဝင် ၅ ဦးအနက် သခင်ထွန်းအုပ်သည် တရုတ်ပြည် (နန်ကင်း) ဆိုင်ရာ မြန်မာသံအမတ်အဖြစ် စင်ကာပူနိုင်ငံတွင် ရောက်ရှိနေ၍လည်းကောင်း၊ ဗိုလ်စကြာသည် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူးအဖြစ် ဂျပန်နိုင်ငံတွင် ရောက်ရှိနေ၍ လည်းကောင်း၊ ဗိုလ်လရောင်သည် ဗိုလ်ချုပ်အောင်ဆန်း၏ တာဝန်ပေးအပ်ချက်အရ အဓိပတိ ဒေါက်တာဘမော် ရုံးအဖွဲ့နှင့် မော်လမြိုင်သို့ လိုက်ပါသွားရ၍ လည်းကောင်း၊ ဗိုလ်ထိန်ဝင်းသည် ဂျပန်တပ်မတော် ရန်ကုန်မြို့မှ ဆုတ်ခွာရာတွင် လိုက်ပါသွားရ၍ လည်းကောင်း၊ ဗိုလ်ရန်နိုင်သည်

ဂျပန်တို့ကို တော်လှန်ခြင်းမှာ နည်းလမ်းမကျဟု ထင်၍လည်းကောင်း မပါဝင်ခဲ့ပေ။

ဖက်ဆစ်ဂျပန်တော်လှန်ရေးအပြီး ၁၉၄၅ ခုနှစ် မေလ ၃ ရက်နေ့တွင် အင်္ဂလိပ်တပ်များ ရန်ကုန်မြို့ကို ပြန်လည်ဝင်ရောက်လာခဲ့သည်။ မြန်မာနိုင်ငံသည်လည်း ဗြိတိသျှတို့၏ စစ်အုပ်ချုပ်ရေးအောက် ကျရောက်ခဲ့သည်။ ထိုသို့ စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ဆဲကာလ ၁၉၄၅ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံဆိုင်ရာ အုပ်ချုပ်ရေးမူဝါဒ သဘောထားကြေညာချက်ဖြစ်သည့် စက္ကူဖြူစာတမ်းကို ထုတ်ပြန်ကြေညာပြီး မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးနှင့် စီးပွားရေးကို ဆက်လက်ချုပ်ကိုင်ထားရန် စီစဉ်ခဲ့သည်။ ထိုစက္ကူဖြူ စာတမ်းအရ မြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့် အလှမ်း ကွာဝေးလျက် ရှိနေသေးသည်။ ထို့အတွက် မြန်မာနိုင်ငံရေးခေါင်းဆောင်များသည် မြန်မာ့ လွတ်လပ်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ချမှတ် ဆောင်ရွက်ခဲ့သည်။

ဗမာ့တပ်မတော် ခေါင်းဆောင် အရာရှိကြီးများသည် ၁၉၄၅-ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် အစည်းအဝေး ကျင်းပခဲ့သည်။ ထိုအစည်းအဝေးသို့-

| | | |
|---|---|---|
| ၁။ | ဗိုလ်ချုပ်အောင်ဆန်း | စစ်သေနာပတိ |
| ၂။ | ဗိုလ်မှူးကြီး လက်ျာ | ဒုတိယစစ်သေနာပတိ |
| ၃။ | ဗိုလ်မှူးကြီး ဇေယျ | စစ်ဦးစီးမှူး |
| ၄။ | ဗိုလ်မှူးကြီး နေဝင်း | ရှေ့တန်းစစ်ဌာနချုပ်မှူး |
| ၅။ | ဗိုလ်မှူး ကျော်ဇော | အမှတ် (၄) တိုင်းမှူး |
| ၆။ | ဗိုလ်မှူး ရဲထွဋ် | အမှတ် (၆) တိုင်းမှူး |
| ၇။ | ဗိုလ်မှူး အောင် | အမှတ် (၇) တိုင်းမှူး |
| ၈။ | ဗိုလ်မှူး မောင်မောင် | အမှတ် (၁) တိုင်းမှူး |
| ၉။ | ဗိုလ်မှူး အောင်ကြီး | မြစ်ဝကျွန်းပေါ် တိုင်းမှူး |
| ၁၀။ | ဗိုလ်ကြီး အာဋ္ဌဝက | အထက် မြန်မာပြည် တိုင်းမှူး |

တို့ တက်ရောက်ခဲ့သည်။ ထိုအစည်းအဝေးမှ တပ်မတော်၏ နောင်ရေးအတွက် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည့်အပြင် မြန်မာနိုင်ငံရေးခေါင်းဆောင်

http://www.cherrythitsar.org



များနှင့် မြန်မာပြည်သူတို့အားလည်း စည်းလုံး ညီညွတ်စွာဖြင့် မြန်မာ့လွတ်လပ်ရေးအတွက် ဆက်လက်ကြိုးပမ်းကြရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ဖတပလ အဖွဲ့ချုပ်သည် မြန်မာ့လွတ်လပ်ရေး လုပ်ငန်းစဉ်များကို ချမှတ် ဆောင်ရွက်ခဲ့သည်။ ဖ-တ-ပ-လ အဖွဲ့ချုပ်သည် ၁၉၄၅-ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ကန်တော်ကြီးစောင်းရှိ နေသူရိန်ရုံကြီးတွင် ပြည်သူ့အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် ဗမာ့တပ်မတော်သစ်ကို မျိုးချစ် ဗမာ့တပ်မတော်သားများဖြင့်သာ ဖွဲ့စည်းရန်အဆို၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရေးအတွက် တိုင်းပြည်ပြုလွှတ်တော် ခေါ်ယူရန်အဆိုနှင့် မြန်မာတစ်နိုင်ငံလုံး ညီညွတ်ရေးအဆိုများကို တင်သွင်း ဆုံးဖြတ်ခဲ့သည်။

နေသူရိန် လူထုအစည်းအဝေးတွင် ဖ-တ-ပ-လ အလုပ် အမှုဆောင်အဖွဲ့ဝင်များကို ရွေးကောက်တင်မြှောက်ခဲ့ရာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ချုပ်အောင်ဆန်းသည် ဖ-တ-ပ-လ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်နေဝင်း၊ ဗိုလ်လက်ျာတို့သည် ဗဟိုဦးစီးအဖွဲ့ဝင်များ အဖြစ်လည်းကောင်း ရွေးကောက်တင်မြှောက်ခံရသည်။

နေသူရိန်လူထုအစည်းအဝေးတွင် တင်သွင်းခဲ့သည့် ဗမာ့တပ်မတော်သစ်ဖွဲ့စည်းရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးရန် အရှေ့တောင်အာရှ မဟာမိတ်တပ်ပေါင်းစု စစ်သေနာပတိချုပ် လော့လူဝီမောင့်ဘက်တန် (Lord Louis Mountbatten)က မြန်မာကိုယ်စားလှယ် အဖွဲ့ကို သီဟိုဠ် (Ceylon) နိုင်ငံ (ယခုသီရိလင်္ကာ) (Srilanka) ကန္ဒီမြို့ (Kandy)သို့ ဖိတ်ခေါ်ခဲ့သည်။ ထိုသို့ ဖိတ်ခေါ်ချက်အရ ရဲဘော်သုံးကျိပ်ဝင်များ ဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်လက်ျာ၊ ဗိုလ်နေဝင်း၊ ဗိုလ်ဇေယျ၊ ဗိုလ်ကျော်ဇောတို့နှင့် ဗိုလ်ဇော်မင်း၊ ဗိုလ်မောင်မောင်၊ ဦးဘဖေ၊ စောဘဦးကြီး၊ ဦးညိုထွန်း၊ သခင်သန်းထွန်းတို့ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၁၉၄၅-ခုနှစ် စက်တင်ဘာလတွင် သီဟိုဠ်နိုင်ငံ ကန္ဒီမြို့သို့ သွားရောက်ခဲ့သည်။ ကန္ဒီမြို့တွင် ဗမာ့တပ်မတော်အရေးနှင့်ပတ်သက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် မဟာမိတ် ကိုယ်စားလှယ်များ ဆွေးနွေးပြီးနောက် ၁၉၄၅-ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့၌ ကန္ဒီသဘောတူညီချက် (Kandy Agreement)ကို လက်မှတ် ရေးထိုးနိုင်ခဲ့သည်။

http://www.cherrythitsar.org



ကန္ဒီသဘော တူညီချက်အရ တပ်မတော်သစ် ဖွဲ့စည်းရာတွင် မျိုးချစ် ဗမာ့တပ်မတော်မှ တပ်သားဦးရေ ၅၂၀၀ နှင့် အရာရှိ ၂၀၀ ကိုလည်း ခန့်ထားခွင့်ရရှိခဲ့သည်။

ကန္ဒီကွန်ဖရင့် ပြီးသည့်နောက် ဗမာ့ တပ်မတော်သစ်ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ ထိုသို့ ဖွဲ့စည်းခဲ့ပြီးနောက် တပ်မတော်သည် နိုင်ငံရေးနှင့်မသက်ဆိုင်သဖြင့် ၁၉၄၅-ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် ဖ-တ-ပ-လ အဖွဲ့ချုပ်မှ နုတ်ထွက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း သည်လည်း အသစ်ဖွဲ့စည်းသော ဗမာ့တပ်မတော်တွင် ဗိုလ်မှူးချုပ်အဆင့်ဖြင့် ဒုတိယ စစ်ဆေးရေး အရာရှိချုပ် ရာထူးကမ်းလှမ်းသည်ကို ငြင်းပယ်ကာ မပြီးဆုံးသေးသော မြန်မာ့လွတ်လပ်ရေး လုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်ရန် ၁၉၄၅-ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် မျိုးချစ်ဗမာ့တပ်မတော် ဗိုလ်ချုပ်ရာထူးမှ နုတ်ထွက်ခဲ့သည်။ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင်၊ ဗိုလ်လရောင်၊ ဗိုလ်မင်းခေါင်၊ ဗိုလ်မြင့်ဆွေ၊ ဗိုလ်တောက်ထိန်၊ ဗိုလ်ဇင်ယော် တို့သည် ဖ-တ-ပ-လ အဖွဲ့ချုပ်တွင် ပါဝင်ကာ မပြီးဆုံးသေးသော မြန်မာ့လွတ်လပ်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်ဝင် အချို့က ဖ-တ-ပ-လ အဖွဲ့ချုပ်တွင် ပါဝင်ပြီး နိုင်ငံရေးနယ်ပယ်မှ မြန်မာ့လွတ်လပ်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြသကဲ့သို့ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မှူးကြီး လကျ်ာ၊ ဗိုလ်ဇေယျ၊ ဗိုလ်ကျော်ဇော၊ ဗိုလ်ဗလ၊ ဗိုလ်ရဲထွဋ်တို့ကလည်း အသစ်ဖွဲ့စည်းသည့် ဗမာ့တပ်မတော်သစ်တွင် တာဝန်ထမ်းဆောင်ကာ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံ ဘုရင်ခံ ဆာဒေါ်မန်စမစ် (Sir Reginald Dorman Smith) သည် ၁၉၄၅-ခုနှစ် အောက်တိုဘာလ ၁၆ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။ ဆာဒေါ်မန်စမစ်သည် ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ဖ-တ-ပ-လ ပါဝင်ရန် ဖိတ်ခေါ်ခဲ့သည်။ ဖ-တ-ပ-လ သည် ထိုဖိတ်ခေါ်ချက်ကို လက်ခံကာ ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ပါဝင်ရန် ဆုံးဖြတ်ခဲ့သည်။ သို့သော် ဆာဒေါ်မန်စမစ်နှင့် ဖတပလအဖွဲ့ချုပ်တို့သည် အမှုဆောင် ကောင်စီဝင်ဦးရေနှင့်ပတ်သက်၍လည်းကောင်း၊ ဝန်ကြီးဌာနများ

http://www.cherrythitsar.org



ခွဲဝေရေးနှင့် ပတ်သက်၍လည်းကောင်း၊ သဘောကွဲလွဲခဲ့သည့်အတွက် ဖတပလ အဖွဲ့ချုပ်သည် ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ပါဝင်ဆောင်ရွက်မည့် ဖတပလ ဗဟိုဦးစီးအဖွဲ့ဝင်များ၏အမည်ကို ပြန်လည်ရုပ်သိမ်းခဲ့သည်။ ထိုအခါ မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်ကလည်း ၎င်း၏ အလိုတော်ရိများနှင့် ၁၉၄၅-ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ဘုရင်ခံ၏ အမှုဆောင်ကောင်စီကို ဖွဲ့စည်းခဲ့သည်။

ဖတပလအဖွဲ့ချုပ်သည် ဘုရင်ခံ အမှုဆောင် ကောင်စီတွင် ပါဝင်ရေး ပျက်ပြားသွားပြီးနောက် မြန်မာ့လွတ်လပ်ရေး လုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်ခဲ့သည်။ ဖ-တ-ပ-လ အဖွဲ့ချုပ်သည် ၁၉၄၅-ခုနှစ် နိုဝင်ဘာလ ၁၈ရက်နေ့တွင် ရွှေတိဂုံစေတီအလယ်ပစ္စယံ၌ ပြည်သူ့အစည်းအဝေးကြီး တစ်ရပ် ကျင်းပ၍ မြန်မာနိုင်ငံရေး အခြေအနေများကို ပြည်သူများအား ရှင်းလင်း တင်ပြခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ကန္ဒီစာချုပ်အရ ဖွဲ့စည်းသည့် ဗမာ့တပ်မတော် တွင် ဆက်လက် အမှုထမ်းခွင့် မရသည့် မျိုးချစ် ဗမာ့တပ်မတော်သားဟောင်း များကို စုစည်း၍ ၁၉၄၅-ခုနှစ် ဒီဇင်ဘာလ ၁ ရက်တွင် ပြည်သူ့ရဲဘော်တပ်ဖွဲ့ (People's Volunteer Organization) ဖွဲ့စည်းခဲ့သည်။ ထိုသို့ ဖွဲ့စည်းရာတွင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင်နှင့် ဗိုလ်လရောင်တို့က ဆော်ဩရေးမှူးများ အဖြစ် ဆောင်ရွက်ခဲ့ကြသည်။ ပြည်သူ့ရဲဘော်တပ်ဖွဲ့သည် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် အမျိုးသားရေးတပ်ဦးဖြစ်သော ဖဆပလ အဖွဲ့ချုပ်တွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့သည်။

ဖဆပလ အဖွဲ့ချုပ်သည် ၁၉၄၆-ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့မှ ၂၃ ရက်နေ့အထိ ရွှေတိဂုံစေတီအလယ်ပစ္စယံ၌ နိုင်ငံလုံးဆိုင်ရာ ညီလာခံသဘင်ကို ကျင်းပခဲ့သည်။ ထိုညီလာခံတွင် သဘာပတိ ဗိုလ်ချုပ်အောင်ဆန်းက ဖဆပလ အဖွဲ့ချုပ်၏ ရည်မှန်းချက်မှာ အရွယ်ရောက်သူတိုင်း မဲပေးသော ရွေးကောက်ပွဲ ဖြင့် တိုင်းပြည်ပြုလွှတ်တော် ဖွဲ့စည်းကာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရန်၊ ထိုကာလအတွင်း အမျိုးသားအစိုးရဖွဲ့စည်း၍ ဗြိတိသျှတို့ထံမှ မြန်မာပြည်သူတို့ လက်ထဲသို့အာဏာလွှဲပြောင်းရေးအတွက် စီစဉ်မှုများ ဆောင်ရွက်ရန်ဖြစ်ကြောင်းနှင့် ဖဆပလအဖွဲ့ချုပ်သည် မြန်မာပြည်သူတို့၏

http://www.cherrythitsar.org



ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာလွတ်လပ်ရေးကို ငြိမ်းချမ်းစွာနှင့် ဆောလျင်စွာ ရယူမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထိုညီလာခံတွင် တိုင်းပြည် ပြုလွှတ်တော်တော် တောင်းဆိုချက်၊ ယာယီအမျိုးသား အစိုးရဖွဲ့စည်းရေး စသည့် ကိစ္စရပ်များကို တင်သွင်းဆုံးဖြတ်ခဲ့သည်။

ဖဆပလအဖွဲ့ချုပ်သည် မြန်မာပြည်သူတို့၏ အားပေးထောက်ခံမှုဖြင့် မြန်မာ့လွတ်လပ်ရေးလုပ်ငန်းစဉ်များကို ဆက်လက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ဘုရင်ခံ ဆာဒေါ်မန်စမစ်က မြန်မာပြည်သူတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုများ ကို ဖိနှိပ်ချုပ်ချယ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော ပြည်သူ့ရဲဘော် တပ်ဖွဲ့၏ စစ်ရေးလေ့ကျင့်မှုများကို ၁၉၄၀ ပြည့်နှစ် ကာကွယ်ရေး ဥပဒေများ အရရေးယူခဲ့သည်။ အင်းစိန်ခရိုင် ထန်းတပင်မြို့တွင် စစ်ရေး လေ့ကျင့်သည့် အတွက် ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်များကို ဖမ်းဆီးခဲ့သည်။ ထို့ကြောင့် ၁၉၄၆ ခုနှစ် မေလ ၁၈ ရက်နေ့တွင် ထန်းတပင်မြို့၌ ပြည်သူ့ရဲဘော် တပ်ဖွဲ့ဝင် များနှင့် တောင်သူလယ်သမားများသည် ကာကွယ်ရေး ဥပဒေကို တိုက်ဖျက် သည့်အနေဖြင့် မြို့တွင်းလှည့်လည် ဆန္ဒပြခဲ့ကြသည်။ ထိုသို့ ဆန္ဒပြရာ ထန်းတပင်မြို့ ရဲဌာနမှ ရဲတပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ပစ်ခတ် လူစုခွဲသဖြင့် လူသုံးသီး သေဆုံးပြီး ၂၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ ဖဆပလအဖွဲ့ချုပ်သည် ထန်းတပင် သေနတ်ပစ်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ် ထံ တောင်းဆိုချက်များ ပေးပို့ပြီး ၁၉၄၆-ခုနှစ် ဇွန်လ ၇ ရက်တွင် ကန်တော်မင်ပန်းခြံ (ယခု ကန်တော်မင်္ဂလာပန်းခြံ) ၌ ဖဆပလ အဖွဲ့က ဦးဆောင်၍ ပြည်သူ့လွတ်လပ်ခွင့် ချုပ်ချယ်ခြင်းကို ကန့်ကွက် ဆန္ဒပြခဲ့ကြသည်။ ထန်းတပင်အရေးအခင်းကို အကြောင်းပြုပြီး မြန်မာတစ်နိုင်ငံလုံးတွင် ကန့်ကွက် ဆန္ဒပြပွဲများ ပေါ်ပေါက်ကာ တိုင်းပြည် မငြိမ်မသက် ဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံရေး အခြေအနေ မငြိမ်သက်မှုများ ဖြစ်ပေါ်နေသည့်အတွက် ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်ကို အင်္ဂလန်နိုင်ငံ သို့ ပြန်ခေါ်ပြီး ဘုရင်ခံသစ်အဖြစ် ဆာဟူးဘတ်ရန့်(စ်) (Sir Hubert Rance) အား ခန့်ထားခဲ့သည်။ ဆာဟူးဘတ်ရန့်(စ်)သည် ၁၉၄၆-ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ ဆာဟူးဘတ်ရန့်(စ်) ရောက်လာပြီး မကြာမီမှာပင် ပုလိပ်အဖွဲ့က ၁၉၄၆-ခုနှစ် စက်တင်ဘာလ

http://www.cherrythitsar.org



၅ ရက်နေ့တွင် စတင်သပိတ်မှောက်ခဲ့သည်။ ထိုပုလိပ်သပိတ်မှ စတင်ကာ ၁၉၄၆-ခုနှစ် စက်တင်ဘာလတွင် အစိုးရ အလုပ်သမားများ၏ ပြည်လုံးကျွတ် အထွေထွေ သပိတ်ကြီး ပေါ်ပေါက်လာခဲ့သည်။

မြန်မာနိုင်ငံရေး အခြေအနေများကြောင့် ဆာဟူးဘတ်ရန့်(စ်)သည် ဖဆပလ အဖွဲ့ချုပ်အား ဘုရင်ခံ၏ အမှုဆောင် ကောင်စီတွင် ပါဝင်ဆောင်ရွက်ရန် ကမ်းလှမ်းခဲ့သည်။ ထိုသို့ ကမ်းလှမ်းချက်အရ ၁၉၄၆-ခုနှစ် စက်တင်ဘာလ ၂၆ရက်နေ့တွင် ဖဆပလ အဖွဲ့ချုပ်သည် ဘုရင်ခံ၏ အမှုဆောင် ကောင်စီတွင် ပါဝင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဘုရင်ခံ၏ အမှုဆောင် ကောင်စီတွင် ဒုတိယ သဘာပတိ ဖြစ်လာခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖဆပလအဖွဲ့ချုပ် ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ပါဝင်ခြင်းမှာ မြန်မာ လွတ်လပ်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရန် အတွက်သာဖြစ်သည်။ ထို့ကြောင့် ဘုရင်ခံအမှုဆောင် ကောင်စီတွင် ပါဝင်ပြီး မကြာမီ ၁၉၄၆-ခုနှစ် နိုဝင်ဘာလ ၈-ရက်နေ့တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ ထို ကြေညာချက်တွင် ၁၉၄၇-ခုနှစ် ဇန်နဝါရီလ ၃၁ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံကို လုံးဝလွတ်လပ်ရေးပေးရန်၊ တိုင်းပြည်ပြုလွှတ်တော်ရွေးကောက် ပွဲ ကျင်းပပေးရန်၊ အာဏာအပြည့်အဝရှိသည့် အမျိုးသားအစိုးရအဖွဲ့ ဖြစ်အောင် စီမံပေးရန်နှင့် တောင်းဆိုချက်များ မရရှိပါက ဖဆပလ အဖွဲ့ချုပ်သည် ဘုရင်ခံ၏ အမှုဆောင်ကောင်စီမှ နုတ်ထွက်မည် ဖြစ်ကြောင်း ပါရှိသည်။ ထိုကြေညာချက်ကို မြန်မာနိုင်ငံဘုရင်ခံထံမှ တစ်ဆင့် ဗြိတိသျှ အစိုးရထံသို့ ပေးပို့ခဲ့သည်။

ဖဆပလအဖွဲ့ချုပ်၏ တောင်းဆိုချက်ကြောင့် ဗြိတိသျှအစိုးရနန်းရင်းဝန် မစ္စတာအက်တလီ (Mr.Attlee)က ၁၉၄၆-ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ဗြိတိသျှ ပါလီမန်အောက်လွှတ်တော်၌ မြန်မာကိုယ်စားလှယ်အဖွဲ့ကို အင်္ဂလန်နိုင်ငံသို့ ဖိတ်ခေါ်၍ မြန်မာ့လွတ်လပ်ရေး အတွက် ဆွေးနွေးမည်ဟု ကြေညာခဲ့သည်။ ဗြိတိသျှအစိုးရ၏ ဖိတ်ကြားချက်အရ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဗိုလ်ချုပ် အောင်ဆန်းဦးဆောင်၍ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ သွားရောက်ခဲ့သည်။ လန်ဒန်မြို့တွင် မြန်မာကိုယ်စားလှယ် အဖွဲ့နှင့် ဗြိတိသျှအစိုးရကိုယ်စားလှယ်

http://www.cherrythitsar.org



များ ဆွေးနွေးကြပြီးနောက် ၁၉၄၇-ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် အောင်ဆန်း အက်တလီစာချုပ်ကို လက်မှတ် ရေးထိုးချုပ်ဆိုနိုင်ခဲ့သည်။

အောင်ဆန်းအက်တလီစာချုပ် အပိုဒ်(၈)တွင် မြန်မာနိုင်ငံလွတ်လပ်ရေး ရယူသည့်အခါ တောင်တန်းဒေသရှိ တိုင်းရင်းသားများသည် မြန်မာပြည်မနှင့် ပူးပေါင်း၍ လွတ်လပ်ရေး ရယူလိုသည်။ မယူလိုသည်ကို သိရှိရန်အတွက် အထူးကွန်ဖရင့်ကျင်းပ၍ တိုင်းရင်းသားတို့၏ ဆန္ဒကို ရယူရမည်ဟု ပါရှိခဲ့သည်။ ထိုအတွက် ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံသို့ ပြန်ရောက်သည့်အခါ တောင်တန်းဒေသတိုင်းရင်းသားများ မြန်မာပြည်မနှင့် ပူးပေါင်း၍ လွတ်လပ်ရေး ရယူရန် မြန်မာနိုင်ငံအနှံ့ လှည့်လည်၍ စည်းရုံးခဲ့သည်။ ထို့နောက် ၁၉၄၇-ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့မှစ၍ ရှမ်းပြည်နယ် တောင်ပိုင်း ပင်လုံမြို့တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးညီလာခံကို ကျင်းပခဲ့သည်။ ထိုညီလာခံတွင် တိုင်းရင်းသာ အားလုံး စည်းလုံညီညွတ်စွာဖြင့် တောင်တန်း ပြည်မ ပူးပေါင်း၍ လွတ်လပ်ရေး ရယူနိုင်ရန် ဆွေးနွေးခဲ့ပြီး ၁၉၄၇-ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ဖဆပလအဖွဲ့ချုပ်သည် ပင်လုံစာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုပြီးနောက် တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံရန် ပြင်ဆင်ခဲ့သည်။ တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကို ၁၉၄၇-ခုနှစ် ဧပြီလ ၉ ရက်တွင် ကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ဖဆပလအဖွဲ့ချုပ်သည် ၉၅၃ ရာခိုင်နှုန်း အနိုင်ရရှိခဲ့သည်။ ဖ ဆ ပ လ အဖွဲ့ချုပ်သည် ၁၉၄၇-ခုနှစ် မေလ ၁၉ ရက်မှ ၂၃ ရက် နေ့အထိ ဖဆပလ ပဏာမ ပြင်ဆင်မှု ညီလာခံကို ကျင်းပပြီး ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ရေးဆွဲရေးအတွက် အခြေခံမူများကို ချမှတ်ခဲ့သည်။ ထိုနောက် ၁၉၄၇-ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော် အစည်းအဝေးကို စတင် ကျင်းပခဲ့ပြီး ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရေးကို ဆောင်ရွက်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖဆပလအဖွဲ့ချုပ် လူထု ထောက်ခံမှု ရရှိနေသည်ကို မနာလိုမရှုစိမ့်နိုင်သည့် ဂဠုန်ဦးစောသည် ဗိုလ်ချုပ်

http://www.cherrythitsar.org



အောင်ဆန်း အပါအဝင်နိုင်ငံခေါင်းဆောင်များအား လုပ်ကြံသတ်ဖြတ်ရန် လျှို့ဝှက်ကြံစည် ခဲ့သည်။ ၁၉၄၇-ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး (ယခု ဝန်ကြီးများရုံး) ၌ ဝန်ကြီးများ အစည်းအဝေး ကျင်းပ နေစဉ် ဂဠုန်ဦးစော၏ နောက်လိုက် လူသတ်သမားများက ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဒီဒုတ်ဦးဘချို၊ ဦးဘဝင်း၊ မိုင်းပွန်စော်ဘွား စဝ်စံထွန်း၊ မန်းဘခိုင်၊ ဦးရာဇတ်၊ အတွင်းဝန်ဦးအုန်းမောင်နှင့် ကိုထွေးတို့ကို လုပ်ကြံသတ်ဖြတ် ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံခေါင်းဆောင်များ လုပ်ကြံခံခဲ့ရသဖြင့် မြန်မာတစ်နိုင်ငံလုံး တုန်လှုပ်ချောက်ချားခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံ ခံရသည့် ၁၉၄၇-ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ ညနေတွင်ပင် မြန်မာနိုင်ငံ ဘုရင်ခံ ဆာဟူးဘတ်ရန့်(စ်) က ဖဆပလ ဒုတိယဥက္ကဋ္ဌ သခင်နုကို ဘုရင်ခံ အိမ်တော်သို့ ဖိတ်ကြားကာ ဘုရင်ခံ၏ အမှုဆောင်ကောင်စီကို ဆက်လက် ဦးဆောင်စေခဲ့သည်။ သခင်နုသည် ဗမာ့တပ်မတော်မှ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးကြီး လက်ျာကို ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဌာနဝန်ကြီး ခန့်အပ် ပြီး အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းစေခဲ့သည်။ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးကြီးနေဝင်းသည် ၁၉၄၇-ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် ပျဉ်းမနား မြို့မှ ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး လောင်းဝစ်လမ်း (ယခု အင်းယားမြိုင် လမ်း) ရှိ ပြည်သူ့ရဲဘော်ဌာနချုပ်တွင် သခင်နု၊ ဗိုလ်မှူးကြီးလက်ျာ၊ ဗိုလ်မှူး အောင်၊ ဗိုလ်ရဲထွဋ်၊ ဗိုလ်စိန်မှန်၊ ဗိုလ်မောင်မောင်၊ ဗိုလ်ထွန်းလင်း တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုဆွေးနွေးပွဲတွင် နိုင်ငံ၏ အရေးပေါ် အခြေအနေ အရပ်ရပ်ကို ထိန်းသိမ်းရေး၊ လွတ်လပ်ရေးကြိုးပမ်းမှုကို ဦးဆောင်နေသော ဖဆပလအဖွဲ့ချုပ်ကို ကူညီပံ့ပိုးရေးနှင့် လက်တစ်ကမ်းသာ လိုတော့သည့် မြန်မာ့လွတ်လပ်ရေးကို မထိခိုက်စေရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

သခင်နုခေါင်းဆောင်သော မြန်မာနိုင်ငံ ယာယီအစိုးရသည် ဗိုလ်ချုပ် အောင်ဆန်း ချမှတ်ထားသော မြန်မာ့လွတ်လပ်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ၁၉၄၇-ခုနှစ် ဩဂုတ်လ ၂၉ ရက်တွင် မြန်မာ အစိုးရနှင့် ဗြိတိသျှအစိုးရတို့သည် လက်ျာ-ဖရီးမင်း (Letya-Freeman)စာချုပ်

http://www.cherrythitsar.org



ချုပ်ဆိုကာ နှစ်နိုင်ငံကာကွယ်ရေး သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့သည်။ တိုင်းပြည်ပြု လွှတ်တော်ကလည်း ၁၉၄၇-ခုနှစ် စက်တင်ဘာလ ၂၄ ရက်တွင် ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြု ပြဋ္ဌာန်းခဲ့သည်။ ထို့နောက် ဝန်ကြီးချုပ်သခင်နု ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ သွားရောက်၍ ၁၉၄၇-ခုနှစ် အောက်တိုဘာလ ၂၇ ရက်တွင် နု-အက်တလီ စာချုပ်ကို ချုပ်ဆိုခဲ့သည်။ ထိုစာချုပ်အရ ဗြိတိသျှ အစိုးရသည် မြန်မာနိုင်ငံအား လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် အသိအမှတ်ပြုခဲ့သည်။ ၁၉၄၇-ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးဥပဒေကို ဗြိတိသျှ ပါလီမန်အောက်လွှတ်တော်တွင် တင်သွင်း အတည်ပြုခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံလွတ်လပ်ရေးဥပဒေကို ဗြိတိသျှနိုင်ငံဘုရင် ဆဋ္ဌမမြောက် ဂျော့ (George VI) က ၁၉၄၇-ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ ဤသို့ဖြင့် မြန်မာ့လွတ်လပ်ရေးအတွက် ဆောင်ရွက်စီမံမှုများ ပြီးဆုံးပြီးနောက် မြန်မာတိုင်းရင်းသား ပြည်သူတစ်ရပ်လုံး အနှစ်နှစ်အလလ မျှော်မှန်းခဲ့သည့် အချုပ်အခြာအာဏာပိုင် လွတ်လပ်ရေးကို ၁၉၄၈-ခုနှစ် ဇန်နဝါရီလ ၄ ရက် နံနက် ၄နာရီမိနစ် ၂၀ အချိန်တွင် ရရှိခဲ့သည်။

အချုပ်အားဖြင့် ဆိုရလျှင် ဗြိတိသျှတို့သည် ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲကာ မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ မြန်မာတိုင်းရင်းသား ပြည်သူအပေါင်းသည် သူ့ကျွန်မခံလိုသော စိတ်ဖြင့် ဗြိတိသျှနယ်ချဲ့တို့အား ဆန့်ကျင်တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ မြန်မာပြည်သူတို့သည် အမျိုးသား နိုင်ငံရေးဖြစ်သည့် တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြရာတွင် အသက်သွေး ချွေး မြောက်မြားစွာ ပေးလှူခဲ့ကြရသည်။ မြန်မာ ပြည်သူတို့နှင့်အတူ ရဲဘော်သုံးကျိပ်ဝင်တို့သည်လည်း တိုင်းပြည်နှင့် လူမျိုး လွတ်လပ်ရေးအတွက် ကိုယ်ကျိုးမငဲ့ဘဲ စွန့်လွှတ်စွန့်စားစွာ နိုင်ငံရေးအားဖြင့် သော်လည်းကောင်း၊ စစ်ရေးအားဖြင့်သော်လည်းကောင်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာတွင် ရဲဘော်သုံးကျိပ်ဝင် (၃၀) အနက် သခင်သန်းတင် (၁)၊ ဗိုလ်မြဒင်နှင့် ဗိုလ်ထိန်ဝင်းတို့မှာ ကွယ်လွန်ခဲ့ကြပြီး ဗိုလ်မြင့်အောင်မှာ ကိုယ့်ကိုယ်ကို သတ်သေ သွားခဲ့ကာ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်စောအောင်၊ ဗိုလ်မိုးနှင့်

http://www.cherrythitsar.org



ဗိုလ်ညာဏတို့မှာ လွတ်လပ်ရေးတိုက်ပွဲတွင် ကျဆုံးခဲ့ကြသည်။ ထို့ကြောင့် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလတွင် ရဲဘော်သုံးကျိပ်ဝင် ရှစ်ဦး တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် အသက် ပေးလှူခဲ့ရသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် နိုင်ငံတော်က တိုင်းပြည်နှင့် လူမျိုးလွတ်မြောက်မှု အတွက် ကိုယ်ကျိုးမငဲ့ဘဲ နိုင်ငံရေးအားဖြင့် သော်လည်းကောင်း၊ စစ်ရေး အားဖြင့်သော်လည်းကောင်း စွန့်လွှတ်စွန့်စားစွာ ကြိုးပမ်း ဆောင်ရွက်ခဲ့သည့် မြန်မာ့သားကောင်းများအား ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေး မော်ကွန်းဝင် ဘွဲ့တံဆိပ်များ ချီးမြှင့် ဂုဏ်ပြုခဲ့သည်။ ထိုသို့ ချီးမြှင့် ဂုဏ်ပြုခဲ့ရာတွင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ချုပ်နေဝင်း၊ ဗိုလ်မှူးအောင်၊ ဗိုလ်ဗလ၊ ဗိုလ်ကျော်ဇော၊ ဗိုလ်လရောင်၊ ဗိုလ်လက်ျာ၊ ဗိုလ်လင်းယုန်၊ ဗိုလ်မင်းခေါင်၊ ဗိုလ်မိုးညို၊ ဗိုလ်မြင့်အောင်၊ ဗိုလ်မြင့်ဆွေ၊ ဗိုလ်ဘုန်းမြင့်၊ ဗိုလ်စောနောင်၊ ဗိုလ်တာရာ၊ ဗိုလ်တောက်ထိန်၊ ဗိုလ်ရဲထွဋ်နှင့် ဗိုလ်ဇင်ယော်တို့သည် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) တံဆိပ်ကို လည်းကောင်း၊ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်စကြာ၊ ဗိုလ်ရန်နိုင်နှင့် ဗိုလ်မင်းရောင် တို့သည် လွတ်လပ်ရေး မော်ကွန်းဝင် (ဒုတိယဆင့်) တံဆိပ်ကိုလည်းကောင်း၊ ရဲဘော်သုံးကျိပ်ဝင် သခင်ထွန်းအုပ်၊ ဗိုလ်ထိန်ဝင်း၊ ဗိုလ်မိုး၊ ဗိုလ်မြဒင်၊ ဗိုလ်ညာဏ၊ ဗိုလ်စောအောင်နှင့် သခင်သန်းတင် (၁)တို့သည် လွတ်လပ်ရေး မော်ကွန်းဝင် (တတိယဆင့်) တံဆိပ်ကိုလည်းကောင်း အသီးသီး ချီးမြှင့်ခြင်း ခံခဲ့ရသည်။

http://www.cherrythitsar.org

# ရဲဘော်သုံးကျိပ် အတ္ထုပ္ပတ္တိ

http://www.cherrythitsar.org



ဗိုလ်ချုပ်အောင်ဆန်း

# ဗိုလ်ချုပ်အောင်ဆန်း

မြန်မာပြည်သစ်၏ ဖိသုကာဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၏ ဇာတာတွင် ပါရှိသည့် အမည်မှာ မောင်ထိန်လင်း ဖြစ်သည်။ မိဘများက အကိုဖြစ်သူ အောင်သန်းနာမည်နှင့်လိုက်ရန် အောင်ဆန်းဟု ခေါ်ခဲ့သည်။ တို့ဗမာအစည်းအရုံး ဝင်ရောက်သောအခါ သခင်အောင်ဆန်း ဖြစ်လာခဲ့သည်။ သခင်အောင်ဆန်း၏ ဂျပန်အမည်မှာ အိုမိုဒါမွန်ဂျိ ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရဲဘော်သုံးကျိပ်ဝင်များ ဗိုလ်အမည်ခံယူရာတွင် ဗိုလ်တေဇ ဖြစ်လာခဲ့သည်။ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် နိုင်ငံရေး ဆောင်ရွက်ရာတွင် ဗိုလ်ချုပ်အောင်ဆန်း အမည်ဖြင့် ထင်ရှားသည်။

ဗိုလ်ချုပ်အောင်ဆန်းကို ၁၃ ဖေဖော်ဝါရီ ၁၉၁၅ ခုနှစ်တွင် မကွေးခရိုင် နတ်မောက်မြို့၌ ဦးဖာ၊ ဒေါ်စု မိဘနှစ်ပါးတို့မှ မွေးဖွားသည်။ ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

## ကျောင်းသားဘဝနှင့် ပညာရေးရာ

၁၉၂၂ ခုနှစ် နတ်မောက်မြို့ ဒီပင်္ကရာကျောင်းခေါ် ဆရာတော်ဦးသောဘိတကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ၁၉၂၈ ခုနှစ်တွင် ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းတွင် ပညာဆက်လက်သင်ကြားခဲ့သည်။

http://www.cherrythitsar.org



သတ္တမတန်းတွင် အစိုးရပညာသင်ဆုနှင့် ဦးရွှေခိုဆု ရရှိခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် ဒသမတန်းကို ပါဠိနှင့်မြန်မာစာဂုဏ်ထူးဖြင့် အောင်မြင်သည်။

၁၉၃၂-၃၃ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားသည်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားဘဝတွင် ရန်ကုန်တက္ကသိုလ် အပျော်တမ်း စစ်တပ်အဖွဲ့သို့ ဝင်ရောက်၍ စစ်ပညာ သင်ကြားခဲ့သည်။

၁၉၃၅-၃၆ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ (တ-က-သ) အမှုဆောင်အဖွဲ့ဝင်၊ ပြန်ကြားရေးဌာန တာဝန်ခံနှင့် အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ အိုးဝေမဂ္ဂဇင်းတွင်ပါရှိသော "ငရဲခွေးကြီး လွတ်နေပြီ" ဆောင်းပါး ရေးသူအမည်ကို ထုတ်ဖော်မပြော၍ ၁၉၃၆ ခုနှစ် မတ်လတွင် တက္ကသိုလ်မှ ၃ နှစ်တာမျှ ယာယီထုတ်ပယ်ခြင်း ခံရသည်။

၁၉၃၆ ရန်ကုန်တက္ကသိုလ် ဒုတိယကျောင်းသားသပိတ်တွင် ခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအသင်း (ဗ-က-သ)ကို စတင် ထူထောင်သူများတွင် ပါဝင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် ဒုတိယ ကျောင်းသားသပိတ် လှန်ပြီးနောက် ရန်ကုန်တက္ကသိုလ်သို့ ပြန်လည်တက်ရောက်ခဲ့သည်။

၁၉၃၆-၃၇ ပညာသင်နှစ်တွင် တ-က-သ ဒုတိယ ဥက္ကဋ္ဌ နှင့် ဗ-က-သ အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ပဲခူးဆောင် သဟာယနှင့် စာဖတ်အသင်း ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၃၇ ခုနှစ် မေလတွင် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

၁၉၃၇ ဇွန်လတွင် ဗ-က-သ မှ ဖွဲ့စည်း ခန့်အပ်သည့် ရန်ကုန်တက္ကသိုလ် အက်ဥပဒေပြင်ဆင်ရေးကော်မတီတွင် ဆော်ဩသူအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၃၇-၃၈ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ဥပဒေပညာကို ဆက်လက် သင်ကြားခဲ့သည်။ ထိုပညာသင်နှစ်တွင် တ-က-သ အရန်အလုပ်အမှုဆောင် အဖွဲ့ဝင်နှင့် ဗ-က-သ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သည်။

http://www.cherrythitsar.org



၁၉၃၈ ခုနှစ် နှစ်ဦးတွင် ဗြိတိသျှအစိုးရက ရန်ကုန်တက္ကသိုလ် အက်ဥပဒေ ပြင်ဆင်ရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ် ခန့်အပ်ခဲ့သည်။ ၁၉၃၈-၃၉ ပညာသင်နှစ်တွင် တ-က-သ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဗ-က-သ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၁၉၃၈ ဩဂုတ်လ ကျောင်းပိတ်ရက်တွင် ရန်ကုန်တက္ကသိုလ်မှ ထွက်ခဲ့သည်။ ၃ နိုဝင်ဘာ ၁၉၃၈ ခုနှစ်တွင် တ-က-သ နှင့် ဗ-က-သ ဥက္ကဋ္ဌ အဖြစ်မှ နုတ်ထွက်ခဲ့သည်။

၅ ဇွန် ၁၉၄၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့၌ ပထမဆုံး ရန်ကုန်တက္ကသိုလ်ကျောင်းသားများ ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည်။

**အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်**

သခင်အောင်ဆန်းသည် ရန်ကုန်တက္ကသိုလ်မှ ထွက်ခဲ့ပြီးနောက် ၁၉၃၈ အောက်တိုဘာလတွင် သခင်ကိုယ်တော်မှိုင်း တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ခဲ့ပြီး နိုင်ငံရေးဆောင်ရွက်ခဲ့သည်။ တို့ဗမာအစည်းအရုံး ဌာနချုပ် အလုပ်အမှုဆောင်အဖွဲ့တွင် ဝါဒဖြန့်ချိရေး တာဝန်ယူခဲ့သည်။ ၂၆ နိုဝင်ဘာ ၁၉၃၈ ခုနှစ်တွင် တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူး ဖြစ်လာခဲ့သည်။ သခင်အောင်ဆန်းသည် တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူး ဘဝဖြင့် အမျိုးသားနိုင်ငံရေးကို အဆင်းရဲအပင်ပန်းခံကာ ဆောင်ရွက်ခဲ့သည်။

၁၃၀၀ ပြည့် အရေးတော်ပုံတွင် အားပေးကူညီသည့်အတွက် ၂၃ ဇန်နဝါရီ ၁၉၃၉ ခုနှစ်တွင် ဗြိတိသျှအစိုးရက ဖမ်းဆီးခဲ့ပြီး မကြာမီ အာမခံဖြင့် ပြန်လွှတ်ပေးခဲ့သည်။

၁ အောက်တိုဘာ ၁၉၃၉ ခုနှစ် ဗမာ့ထွက်ရပ်ဂိုဏ်း ဖွဲ့စည်းရာတွင် အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၈ နိုဝင်ဘာ ၁၉၃၉ ခုနှစ် မြေအောက်လျှို့ဝှက်အဖွဲ့ ဖွဲ့စည်းရာတွင် နိုင်ငံခြားဆက်သွယ်ရေး ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သည်။

http://www.cherrythitsar.org



၂၉ မတ် ၁၉၄၀ ပြည့်နှစ် အိန္ဒိယနိုင်ငံ ရမ်းဂါး (Ramgarh) မြို့တွင် ကျင်းပသော အိန္ဒိယအမျိုးသားကွန်ဂရက်ညီလာခံသို့ တက်ရောက်ခဲ့သည်။

၁ ဇွန် ၁၉၄၀ ပြည့်နှစ်၌ ဟသ်ာတစီရင်စု ဇလွန်မြို့တွင် အစိုးရ အကြည်ညိုပျက်အောင် တရားဟောပြောသဖြင့် ၂၉ ဇွန် ၁၉၄၀ ပြည့်နှစ်တွင် ဟသ်ာတစီရင်စု ရာဇဝတ်ဝန် မစ္စတာဇေးဗီးယား (Mr. Zavier) က သခင် အောင်ဆန်းကို မိလျှင် ဆုငွေ ၅/- ပေးမည်ဟု ကြေညာခဲ့သည်။ ထိုအမိန့်ကို ၂၀ ဩဂုတ် ၁၉၄၀ ပြည့်နှစ်တွင် ပြန်လည်ရုပ်သိမ်းခဲ့သည်။

သခင်အောင်ဆန်းသည် ဗြိတိသျှအစိုးရ၏ အဖမ်းမခံလိုဘဲ ပြည်ပထွက် ၍ နိုင်ငံခြား အကူအညီရှာရန် ဆုံးဖြတ်ခဲ့သည်။ တရုတ် ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်ရန် သခင်အောင်ဆန်းသည် တန်လွန်ရှောင် ဟူသော တရုတ်အမည် ခံယူ၍လည်းကောင်း၊ သခင်လှမြိုင်သည် တန်ဆူတောင်ဟူသော တရုတ်အမည် ခံယူ၍လည်းကောင်း ၈ ဩဂုတ် ၁၉၄၀ ပြည့်နှစ်တွင် နော်ဝေပိုင် ဟိုင်လီ သင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၂၄ ဩဂုတ် ၁၉၄၀ ပြည့်နှစ်တွင် အမွိုင်ရှိ ကူလန်စုကျွန်း (Kulangsu Island) သို့ ရောက်ရှိခဲ့သည်။ သခင် အောင်ဆန်းတို့သည် အမွိုင်မြို့တွင် တရုတ်ကွန်မြူနစ်ပါတီနှင့် အဆက်အသွယ် မရဘဲ သောင်တင်နေစဉ် မြန်မာနိုင်ငံရှိ ရဲဘော်များ၏ ကြိုးပမ်းချက်အရ ဂျပန်နှင့်ဆက်သွယ်မိခဲ့သည်။

ဗိုလ်မှူးကြီးစူဇူကီးသည် သခင်အောင်ဆန်းတို့အား အမွိုင်မှ ဂျပန်သို့ ဆက်သွယ်ခေါ်ယူခဲ့ရာ ၁၂ နိုဝင်ဘာ ၁၉၄၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ ရောက် ရှိခဲ့သည်။ သခင်အောင်ဆန်းသည် ဂျပန်နိုင်ငံတွင် မြန်မာ့လွတ်လပ်ရေး လုပ်ငန်းစဉ်များ ညှိနှိုင်းဆောင်ရွက်ပြီးနောက် မြန်မာပြည်တွင်းရှိ ရဲဘော်ရဲဘက် များနှင့် တိုင်ပင်ရန် မြန်မာနိုင်ငံသို့ ရှန်းတင်းမာရူးသင်္ဘောဖြင့် ပြန်လာခဲ့ သည်။ သခင်အောင်ဆန်းသည် ၃ မတ် ၁၉၄၁ ခုနှစ်တွင် ရန်ကုန်ရောက်ပြီး ပြည်သူ့အရေးတော်ပုံ ပါတီဝင်များနှင့် မြန်မာ့လွတ်လပ်ရေးလုပ်ငန်းစဉ် များကို တိုင်ပင်ဆွေးနွေးခဲ့သည်။

သခင်အောင်ဆန်းသည် ၁၀ မတ် ၁၉၄၁ ခုနှစ်တွင် ရှန်းတင်းမာရူး သင်္ဘောဖြင့် ဂျပန်နိုင်ငံသို့အပြန်တွင် ရဲဘော်သုံးကျိပ် ပထမအသုတ်ဖြစ်သည့်

သခင်လှဖေ(ဗိုလ်လက်ျာ) သခင်ဗဂျမ်း (ဗိုလ်လရောင်) သခင်အေးမောင်(ဗိုလ်မိုး) ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်) တို့ကို ခေါ်ဆောင်သွားခဲ့ရာ ၂၇ မတ် ၁၉၄၁ ခုနှစ်တွင် တိုကျိုမြို့သို့ ရောက်ရှိခဲ့သည်။ ထိုမှတစ်ဆင့် စစ်ပညာ သင်ကြားရန် ၁၉၄၁ ခုနှစ် ဧပြီလတွင် ဟိုင်နန်ကျွန်းသို့ သွားရောက်ခဲ့သည်။ ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွန်းတွင် စစ်ပညာများ သင်ကြားခဲ့သည်။ ထို့နောက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် လက်မောင်းသွေးဖောက်၍ သစ္စာပြုကာ ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) ကို ၂၇ ဒီဇင်ဘာ ၁၉၄၁ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။

ဗမာ့လွတ်လပ်ရေး တပ်တော်စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းတွင် ဒုတိယ စစ်သေနာပတိအဖြစ်ဖြင့် မြန်မာနိုင်ငံတွင်း ချီတက်ကာ ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့သည်။

၂၇ ဇူလိုင် ၁၉၄၂ ခုနှစ်တွင် ဘီအိုင်အေ ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေး တပ်မတော်(ဘီဒီအေ) ဖွဲ့စည်းသောအခါ ဗိုလ်မှူးကြီးအဆင့်ဖြင့် ဘီဒီအေ၏ စစ်သေနာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၃ ခုနှစ် မတ်လတွင် ဗိုလ်ချုပ် ရာထူး တိုးမြှင့်ပေးခြင်းခံရသည်။

ဂျပန်အစိုးရ၏ ဖိတ်ကြားချက်အရ ၁၁ မတ် ၁၉၄၃ ခုနှစ်တွင် ဒေါက်တာဘမော်၊ ဒေါက်တာသိမ်းမောင်၊ သခင်မြတို့နှင့်အတူ ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ၁ ဩဂုတ် ၁၉၄၃ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရ ဖွဲ့စည်းသောအခါ ကာကွယ်ရေးဌာနဝန်ကြီး (စစ်ဝန်ကြီး) အဖြစ် တာဝန်ယူခဲ့သည်။

ဖက်ဆစ်ဂျပန်တို့သည် မြန်မာပြည်သူတို့အား ဖိနှိပ်ချုပ်ချယ်ခဲ့သည့် အတွက် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်၍ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ရန် ပြင်ဆင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ၄ ဩဂုတ် မှ ၇ ဩဂုတ် ၁၉၄၄ ခုနှစ်အထိ ပဲခူးမြို့ စံပြတပ်ရင်းတွင် ဗမာပြည် ကွန်မြူနစ်ပါတီ ကိုယ်စားလှယ် သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ဗဟိန်းတို့နှင့် တွေ့ဆုံ ဆွေးနွေးကာ ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့သည်။ ၂၃ ဩဂုတ် ၁၉၄၄ ခုနှစ်တွင် ဖက်ဆစ် တိုက်ဖျက်ရေးအဖွဲ့ ဖွဲ့စည်းရေးအတွက် အစည်းအဝေးခေါ်ယူခဲ့သည်။ ၁ မတ် မှ ၃ မတ် ၁၉၄၅ ခုနှစ်အထိ ရန်ကုန်မြို့

http://www.cherrythitsar.org



ကန်တော်ကြီးပတ်လမ်း နှင့် ဦးထွန်းမြတ်လမ်းထောင့်ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်တွင် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ရန် အစီအစဉ်များ ချမှတ်ခဲ့သည်။ ၂၇ မတ် ၁၉၄၅ ခုနှစ်တွင် ဖက်ဆစ်ဂျပန်တော်လှန်ရေး စတင်သောအခါ ရှေ့တန်းစစ်ဌာနချုပ်တွင် တာဝန်ယူကာ ဖက်ဆစ် ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ခဲ့သည်။

၁၆ မေ ၁၉၄၅ ခုနှစ်တွင် မိတ္ထီလာမြို့၌ ဗြိတိသျှ ဗိုလ်ချုပ် ဆာဝီလီယံစလင်း (Sir Willian Slim)နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ၁၉ မေ ၁၉၄၅ ခုနှစ်တွင် မိတ္ထီလာမှ ရန်ကုန်သို့ လေယာဉ်ဖြင့် ရောက်ရှိခဲ့သည်။ ၁၂ ဩဂုတ် ၁၉၄၅ ခုနှစ်တွင် ဗမာ့တပ်မတော် ခေါင်းဆောင်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၁၉ ဩဂုတ် ၁၉၄၅ ခုနှစ်တွင် ကျင်းပသော နေသူရိန်ညီလာခံတွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၅ ဩဂုတ်လတွင် ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ အဖြစ် ရွေးကောက် တင်မြှောက်ခံရသည်။

ဗမာ့တပ်မတော်အရေးနှင့်ပတ်သက်၍ ၇ စက်တင်ဘာ ၁၉၄၅ ခုနှစ်တွင် ကန္ဒီသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ အရှေ့တောင်အာရှ မဟာမိတ် စစ်သေနာပတိချုပ် မောင့်ဘက်တန်က ဗိုလ်ချုပ်အောင်ဆန်းအား ဗမာ့တပ်မတော်တွင် ဗိုလ်မှူးချုပ်ရာထူးဖြင့် ဒုတိယစစ်ဆေးရေး အရာရှိချုပ် (Deputy Inspector-General) အဖြစ် ခန့်အပ်မည်ဟု ကမ်းလှမ်းခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော်သား ဘဝကို လိုလားသော်လည်း သမိုင်းပေးတာဝန် ဖြစ်သည့် မပြီးဆုံးသေးသော မြန်မာ့လွတ်လပ်ရေးလုပ်ငန်းကို ဆက်လက် ဆောင်ရွက်ရန် ၂၇ အောက်တိုဘာ ၁၉၄၅ ခုနှစ်တွင် မျိုးချစ်ဗမာ့ တပ်မတော် (Patriotic Burmese Forces)၏ ဗိုလ်ချုပ်ရာထူးမှ နုတ်ထွက်ခဲ့ပြီး နိုင်ငံရေးနယ်ပယ်သို့ ပြန်လည် ဝင်ရောက်ခဲ့သည်။

မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်က ဖ-တ-ပ-လ အား အမှုဆောင် ကောင်စီ (ဝန်ကြီးအဖွဲ့)တွင် ပါဝင်ရန် ဖိတ်ခေါ်ခဲ့သော်လည်း ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖ-တ-ပ-လ အဖွဲ့ချုပ်က မိမိတို့တောင်းဆိုချက်များ မရ၍ အမှုဆောင်ကောင်စီသို့ မဝင်ခဲ့ပေ။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖ-တ-ပ-လ အဖွဲ့သည် မြန်မာပြည်သူလူထု၏ အင်အားဖြင့် မြန်မာ့

http://www.cherrythitsar.org



လွတ်လပ်ရေးတိုက်ပွဲကို ဆက်လက်ဆင်နွှဲခဲ့သည်။ ၁ ဒီဇင်ဘာ ၁၉၄၅ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း စစ်သေနာပတိအဖြစ် တာဝန်ယူ၍ ပြည်သူ့ရဲဘော် တပ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ၁၉၄၆ ဇန်နဝါရီလတွင် ကျင်းပသော ဖ-တ-ပ-လ ပထမဆုံး ပြည်လုံးကျွတ်ညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ဖ-ဆ-ပ-လ ဥက္ကဋ္ဌ အဖြစ် ပြန်လည်ရွေးကောက် တင်မြှောက်ခံရသည်။

မြန်မာနိုင်ငံ ဘုရင်ခံ ဆာဒေါ်မန်စမစ်၏ အုပ်ချုပ်ရေးကာလတွင် မြန်မာပြည်သူတို့၏ မကျေနပ်မှု ပိုမိုကြီးထွားကာ နိုင်ငံရေး မငြိမ်မသက်ဖြစ်လာခဲ့သည်။ ထိုအခါ ဗြိတိသျှအစိုးရက ဆာဒေါ်မန်စမစ်ကို အင်္ဂလန်ပြန်ခေါ်ကာ မြန်မာနိုင်ငံဘုရင်ခံသစ်အဖြစ် ဆာဟူးဘတ်ရန့်စ်ကို စေလွှတ်ခဲ့သည်။ ဆာဟူးဘတ်ရန့်စ်သည် အမှုဆောင်ကောင်စီတွင် ပါဝင်ရန် ဖ-ဆ-ပ-လကို ဖိတ်ခေါ်ခဲ့သည်။ ၂၆ စက်တင်ဘာ ၁၉၄၆ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် အမှုဆောင်ကောင်စီတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ကာကွယ်ရေးဌာနနှင့် နိုင်ငံခြားရေးဌာနများကို တာဝန်ယူခဲ့သည်။

ဖ-ဆ-ပ-လ အဖွဲ့ချုပ်သည် အမှုဆောင်ကောင်စီတွင် ပါဝင်လာပြီးနောက် ၈ နိုဝင်ဘာ ၁၉၄၆ ခုနှစ်တွင် ဗြိတိသျှအစိုးရထံ မြန်မာနိုင်ငံကို တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရန် တောင်းဆို ခဲ့သည်။ ဖဆပလ၏ တောင်းဆိုချက်ကို တုံ့ပြန်သည့်အနေဖြင့် အင်္ဂလန်နန်းရင်းဝန် မစ္စတာအက်တလီ (Mr.Attlee) က ၂၀ ဒီဇင်ဘာ ၁၉၄၆ ခုနှစ်တွင် ဗြိတိသျှပါလီမန် အောက်လွှတ်တော်၌ မြန်မာကိုယ်စားလှယ်အဖွဲ့ကို အင်္ဂလန်နိုင်ငံသို့ ဖိတ်ခေါ်ဆွေးနွေးမည်ဟု ကြေညာခဲ့သည်။

ဗြိတိသျှအစိုးရ၏ ဖိတ်ကြားချက်အရ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်္ဂလန်နိုင်ငံသို့ သွားရောက်ပြီး ဗြိတိသျှအစိုးရ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးကာ ၂၇ ဇန်နဝါရီ ၁၉၄၇ ခုနှစ်တွင် အောင်ဆန်းအက်တလီ စာချုပ်ကို ချုပ်ဆိုခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်မနှင့် တောင်တန်းဒေသများ ပေါင်းစည်း၍ မြန်မာ့လွတ်လပ်ရေး ရယူနိုင်ရန် ၁၂ ဖေဖော်ဝါရီ ၁၉၄၇ ခုနှစ်တွင် တိုင်းရင်းသား ခေါင်းဆောင်များနှင့် ပင်လုံစာချုပ် ချုပ်ဆိုခဲ့သည်။ ၉ ဧပြီ ၁၉၄၇ ခုနှစ်တွင် ကျင်းပသော တိုင်းပြည်ပြု လွှတ်တော်ရွေးကောက်ပွဲတွင်

http://www.cherrythitsar.org



ဖ-ဆ-ပ-လ အမတ်လောင်းအဖြစ် ရန်ကုန်မြို့မ(လမ်းမတော်) မဆန္ဒနယ်မြေမှ ဝင်ရောက်အရွေးခံရာ လွတ်တော်အမတ်အဖြစ် ပြိုင်ဘက်မရှိ ရွေးကောက်တင်မြှောက်ခံရသည်။ ၁၉ မေ မှ ၂၃ မေ ၁၉၄၇ ခုနှစ်အထိကျင်းပသော ဖဆပလ ပဏာမ ပြင်ဆင်မှုညီလာခံသို့ တက်ရောက်ခဲ့သည်။ ၁၆ ဇွန် ၁၉၄၇ ခုနှစ်တွင် တိုင်းပြည်ပြုလွတ်တော်ညီလာခံ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများကို တင်သွင်းခဲ့သည်။

## ပါတီနိုင်ငံရေး

၁၃ ဩဂုတ် ၁၉၃၉ ခုနှစ်တွင် တို့ဗမာအစည်းအရုံးအတွင်း ကွန်မြူနစ် အဖွဲ့အစည်းတစ်ရပ်ကို သခင်အောင်ဆန်း၊ သခင်လှဖေ (ဗိုလ်လက်ျာ)၊ သခင်သိန်းဖေ(ဦးသိန်းဖေမြင့်)၊ သခင်ဗဟိန်းနှင့် မစ္စတာဒတ္တားတို့စတင်၍ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ၁၅ ဩဂုတ် ၁၉၃၉ ခုနှစ် ဗမာပြည်ကွန်မြူနစ်ပါတီကို အမြုတေပါတီအဖြစ် လျှို့ဝှက် ဖွဲ့စည်းခဲ့ရာ အထွေထွေအတွင်းရေးမှူး အဖြစ် ဆောင်ရွက်ခဲ့သည်။

## ဆုတံဆိပ်ရေးရာ

၂၂ မတ် ၁၉၄၃ ခုနှစ်တွင် တိုကျိုမြို့၌ ဂျပန်ဘုရင် ဟီရိုဟီတို (Hiro Hito)၏ တက်နေဝန်းတံဆိပ် (တတိယဆင့်) နှင့် စလွယ်လတ် Third Class Order of Rising Sun with middle Cordon ချီးမြှင့်ခြင်းခံခဲ့ရသည်။

၄ စက်တင်ဘာ ၁၉၄၄ ခုနှစ်တွင် ရန်ကုန်မြို့၌ ဂျပန်ဘုရင် ဟီရိုဟီတို၏ မွန်မြတ်သောရတနာ (ပထမဆင့်) Order of the Sacred Treasure (First Class) ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံခဲ့ရသည်။

၂၇ မတ် ၁၉၅၉ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) Star of the Revolution (First Class) တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်း ခံခဲ့ရသည်။

http://www.cherrythitsar.org



**ဘဝနိဂုံး**

၁၉ ဇူလိုင် ၁၉၄၇ ခုနှစ်တွင် အတွင်းဝန်များရုံး၌ ဝန်ကြီးများ အစည်းအဝေး ကျင်းပနေစဉ် ဂဠုန်ဦးစော၏ နောက်လိုက် လူသတ်သမား များက လုပ်ကြံသတ်ဖြတ်၍ ကျဆုံးသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ကလာပ် ကို ၁၁ ဧပြီ ၁၉၄၈ ခုနှစ်တွင် ဂျူဗလီဟောမှ အာဇာနည်ကုန်းသို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်သည်။

**လက်မှတ်**





ဗိုလ်ချုပ်ကြီးနေဝင်း

# ဗိုလ်ချုပ်ကြီးနေဝင်း

အမည်ရင်းမောင်ရှုမောင်ဖြစ်သည်။ တို့ဗမာအစည်းအရုံး ဝင်ရောက်သောအခါ သခင်ရှုမောင် ဖြစ်လာခဲ့သည်။ ဂျပန်စစ်ပညာ သင်တန်းတက်စဉ်က ဂျပန်အမည်မှာ တကာစုငိစုစုမု ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်တွင် ရဲဘော်သုံးကျိပ်ဝင်များ ဗိုလ်အမည် ခံယူရာတွင် ဗိုလ်နေဝင်း ဖြစ်လာခဲ့သည်။

ဗိုလ်နေဝင်းကို ၆ ဇူလိုင် ၁၉၁၀ ပြည့်နှစ်တွင် ပြည်ခရိုင် ပေါင်းတလည်မြို့၌ ဦးဖိုးခ၊ ဒေါ်မိလေး မိဘနှစ်ပါးမှ မွေးဖွားသည်။ ဗမာလူမျိုး ဗုဒ္ဓဘာသာဝင် ဖြစ်သည်။

## ကျောင်းသားဘဝနှင့် ပညာရေးရာ

ပြည်မြို့ အမျိုးသား အထက်တန်းကျောင်းနှင့် အစိုးရ အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ၁၉၂၉ ခုနှစ်တွင် ဒသမတန်းတွင် အောင်မြင်ခဲ့သည်။ ထို့နောက် ရန်ကုန်တက္ကသိုလ်တွင် ဥပစာသိပ္ပံ (ခ) တန်းအထိ ပညာသင်ကြားခဲ့သည်။

## အသက်မွေးမှုဘဝ

၁၉၃၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှထွက်ပြီးနောက် မီးရထားစာတိုက်ဌာနတွင် ၆လခန့် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ထို့နောက် စာတိုက်နှင့်ကြေးနန်းဌာနတွင် (၂)နှစ်ခန့် အမှုထမ်းခဲ့သည်။

http://www.cherrythitsar.org



## အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်

စာပို့နှင့်ကြေးနန်းဌာနတွင် ဝင်ရောက်အလုပ်လုပ်ကိုင်နေစဉ် တို့ဗမာအစည်းအရုံးဝင်များဖြစ်သော သခင်ဗစိန်၊ သခင်ထွန်းအုပ်၊ သခင်ညီ၊ သခင်အောင်သန်း (ဗိုလ်စကြာ)တို့နှင့် ရင်းနှီးရာမှ တို့ဗမာအစည်းအရုံး လုပ်ငန်းများကို အချိန်ပိုင်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် စာတိုက်မှထွက်ပြီး တို့ဗမာအစည်းအရုံးဝင် သခင်တစ်ဦးအနေဖြင့် အမျိုးသားနိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်။ ၁၉၃၈ ခုနှစ် တို့ဗမာအစည်းအရုံးနှစ်ခြမ်းကွဲသောအခါ သခင်ထွန်းအုပ် သခင်ဗစိန် တို့ဗမာအစည်းအရုံးတွင် ပါဝင်ခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ရန် မြန်မာမျိုးချစ်လူငယ် စတုတ္ထအသုတ်နှင့်အတူ ၈ ဇူလိုင်လ ၁၉၄၁ ခုနှစ်တွင် ကိုရီယုမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၂၂ ဇူလိုင် ၁၉၄၁ ခုနှစ်တွင် ရှန်ဟိုင်း (Shang Hai) သို့ ရောက်ရှိခဲ့သည်။ ၂၄ ဇူလိုင် ၁၉၄၁ ခုနှစ်တွင် ရှန်ဟိုင်းမှ လေယာဉ်ပျံဖြင့် ဂျပန်နိုင်ငံ ကျူးရှူးကျွန်း (Kyushu) နာဂါဆာကီးမြို့ (Nagasaki)အနီးရှိ ရေတပ်စခန်းသို့ ရောက်ရှိခဲ့သည်။ ထိုမှတစ်ဆင့် ဟာကိုနီ (Hakone) တောင်ပေါ်စခန်းမြို့သို့ သွားရောက်ကာ အပန်းဖြေခဲ့ကြသည်။ ၈ ဩဂုတ် ၁၉၄၁ ခုနှစ်တွင် တိုကျိုမှ ဟိုင်နန်ကျွန်းသို့ လေယာဉ်ပျံဖြင့်သွားရောက်ရာ ၁၁ ဩဂုတ် ၁၉၄၁ ခုနှစ်တွင် ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွန်းတွင် စစ်ပညာများ သင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) မြန်မာနိုင်ငံတွင်း မချီတက်မီ ပြည်တွင်းသူပုန်လုပ်ငန်းများဆောင်ရွက်ရန် ပြည်တွင်းသူပုန်တပ်ဖွဲ့ ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံတွင်း ဝင်ရောက်ခဲ့သည်။ ၂ ဖေဖော်ဝါရီ ၁၉၄၂ ခုနှစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိပြီး ပြည်သူ့အရေးတော်ပုံပါတီဝင်များနှင့် ဆက်သွယ်ကာ စစ်ပညာသင်တန်းပေးခြင်း၊ စစ်လက်နက်ငယ်များ သင်တန်းပေးခြင်း အပါအဝင် မြေအောက်တော်လှန်ရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးနောက် ဘီအိုင်အေ တပ်မကြီး ၂ ၏ တပ်မမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၇ ဇူလိုင် ၁၉၄၂ ခုနှစ်တွင် ဘီအိုင်အေကို ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ဖွဲ့စည်းသောအခါ ဗိုလ်မှူးအဆင့်ဖြင့် ဘီဒီအေတပ်ရင်း

http://www.cherrythitsar.org



၁ ၏ တပ်ရင်းမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ဗိုလ်မှူးကြီး အဆင့်ဖြင့် ဘီဒီအေနှင့် ဗမာ့အမျိုးသားတပ်မတော် (Burma National Army)တို့၏ စစ်သေနာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် စစ်ဦးစီးချုပ်ရုံးတွင် စစ်ဦးစီးဌာနချုပ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၃ ဩဂုတ် ၁၉၄၄ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ ကျင်းပသော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ဖွဲ့စည်းရေး အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ထို့နောက် ၁၉၄၄ ခုနှစ် စက်တင်ဘာလတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဆန္ဒအရ ဒေးဒရဲမြို့ရှိ သခင်စိုးထံသို့ ဗိုလ်မှူးရဲထွဋ်၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့နှင့်အတူ လျှို့ဝှက်စွာ သွားရောက်ကာ ဖက်ဆစ်ဂျပန်တော်လှန်ရေး အတွက် ပြင်ဆင်စည်းရုံးရေး လုပ်ငန်းများကို ဆွေးနွေးခဲ့သည်။ ၁ မတ် မှ ၃ မတ် ၁၉၄၅ ခုနှစ်အထိ ကျင်းပသော ဖ-တ-ပ-လ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ထိုအစည်းအဝေးတွင် ဖက်ဆစ်ဂျပန်တို့အား တော်လှန်တိုက်ခိုက်ရန် အစီအစဉ်များ ချမှတ်ခဲ့သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလက တိုင်း ၂ (မြစ်ဝကျွန်းပေါ် အရှေ့ပိုင်း၊ ဟံသာဝတီ၊ ဖျာပုံနှင့် မအူပင်)၏ တိုင်းမှူးအဖြစ် တာဝန်ယူကာ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ခဲ့သည်။

၁ မေ ၁၉၄၅ ခုနှစ်တွင် မျိုးချစ် ဗမာ့တပ်မတော်မှ ဗိုလ်မှူးကြီးနေဝင်း ဦးဆောင်သော တပ်ဖွဲ့သည် မဟာမိတ်တပ်များထက်ဦးစွာ ရန်ကုန်မြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ ၇ မေ ၁၉၄၅ ခုနှစ်တွင် ဗိုလ်မှူးကြီးနေဝင်းသည် ဖက်ဆစ်ဂျပန် တော်လှန်ရေး အောင်မြင်မှုများကို အသံလွှင့် ပြောကြားခဲ့သည်။ ၁၉၄၅ ခုနှစ် ဇူလိုင်လမှ အောက်တိုဘာလအထိ မျိုးချစ်ဗမာ့တပ်မတော်တပ်များကို ကွပ်ကဲခဲ့သည်။ ၁၂ ဩဂုတ် ၁၉၄၅ ခုနှစ်တွင် ဗမာ့တပ်မတော်ခေါင်းဆောင် အရာရှိကြီးများ အစည်းအဝေး တက်ရောက်ခဲ့သည်။ ၁၉ ဩဂုတ် ၁၉၄၅ ခုနှစ်တွင် ကျင်းပသော နေသူရိန်လူထုအစည်းအဝေးတွင် ဖဆပလအဖွဲ့ချုပ် ဗဟိုဦးစီး အဖွဲ့ဝင်အဖြစ် ရွေးချယ်ခြင်း ခံခဲ့ရသည်။ ၁၉၄၅ စက်တင်ဘာလတွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့ သီဟို (ယခုသီရိလင်္ကာ)နိုင်ငံ ကန္ဒီမြို့သို့ သွားရောက်ရာ၌ အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။

http://www.cherrythitsar.org



၁၅ ဒီဇင်ဘာ ၁၉၄၅ ခုနှစ်တွင် ဗိုလ်မှူးအဆင့်ဖြင့် ဗမာ့သေနတ်ကိုင် တပ်ရင်း ၄ ၏ ဒုတိယတပ်ရင်းမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၆ နိုဝင်ဘာ ၁၉၄၆ ခုနှစ်တွင် ဒုတိယဗိုလ်မှူးကြီးအဖြစ် လည်းကောင်း၊ ၈ အောက်တိုဘာ ၁၉၄၇ ခုနှစ်တွင် ဗိုလ်မှူးကြီးအဖြစ် လည်းကောင်း၊ ၁၂ ဒီဇင်ဘာ ၁၉၄၇ ခုနှစ် တွင် ဗိုလ်မှူးချုပ် အဖြစ်လည်းကောင်း ရာထူးတိုးမြှင့်ပေးခြင်း ခံခဲ့ရသည်။ ၂၀ ဒီဇင်ဘာ ၁၉၄၇ ခုနှစ်တွင် မြောက်ပိုင်းစစ်ဌာနချုပ် တိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁ ဩဂုတ် ၁၉၄၈ ခုနှစ်တွင် ဗိုလ်ချုပ်နေဝင်း သည် ဒုတိယစစ်ဦးစီးချုပ်နှင့် ဒုတိယစစ်သေနာပတိ (တပ်ပေါင်းစု) အဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၃ ဩဂုတ် ၁၉၄၈ ခုနှစ်တွင် ဗိုလ်ချုပ်အဆင့် ရာထူး တိုးမြှင့်ပေးခြင်းခံရသည်။ ၁ ဖေဖော်ဝါရီ ၁၉၄၉ ခုနှစ်တွင် ဗမာ့တပ်မတော် စစ်သေနာပတိချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။ ၃ မတ် ၁၉၄၉ ခုနှစ် တွင် ဒုတိယဗိုလ်ချုပ်ကြီးအဆင့်ရာထူး တိုးမြှင့်ခြင်းခံရသည်။

လွတ်လပ်ရေးရပြီးစ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ရောင်စုံသူပုန်များ၏ ဆူပူသောင်းကျန်းမှုများကြောင့် မြန်မာနိုင်ငံအစိုးရသည် ရန်ကုန်အစိုးရဟု ခေါ်ရလောက်အောင် အခြေအနေ ဆိုးရွားလာခဲ့သည်။ ထိုသို့ နိုင်ငံရေး အခြေအနေ ဆိုးရွားနေသည့်အတွက် ဖဆပလ အစိုးရသည် ဗိုလ်ချုပ်နေဝင်း အား တိုင်းပြည်အခြေအနေကို ဝင်ရောက်ထိန်းသိမ်းပေးရန်အတွက် အစိုးရ အဖွဲ့ဝင်သို့ဝင်ရန် ဖိတ်ခေါ်ခဲ့သည်။ ဗိုလ်ချုပ်နေဝင်းသည် ၅ ဧပြီ ၁၉၄၉ ခုနှစ် တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၌ ဒုတိယ ဝန်ကြီးချုပ်၊ ကာကွယ်ရေးနှင့် ပြည်ထဲရေးဝန်ကြီး ဖြစ်လာခဲ့သည်။ ဗိုလ်ချုပ်နေဝင်း သည် ပေးအပ်လာသော တာဝန်အား ကျေပွန်စွာဖြင့် မြန်မာနိုင်ငံအနှံ့ ဆူပူ သောင်းကျန်းနေသော ရောင်စုံသူပုန်များအား ရှိသမျှအင်အားနှင့် တိုက်ခိုက် နှိမ်နင်းခဲ့သည့်အတွက် မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးရလာခဲ့သည်။ ထိုသို့ တိုင်းပြည် ငြိမ်းချမ်းလာပြီးနောက် ၉ စက်တင်ဘာ ၁၉၅၀ ပြည့်နှစ်တွင် ဗိုလ်ချုပ်နေဝင်းသည် အစိုးရအဖွဲ့မှ နုတ်ထွက်၍ တပ်မတော်သို့ ပြန်သွား ခဲ့သည်။ ၁ ဇန်နဝါရီ ၁၉၅၆ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးရာထူး တိုးမြှင့်ပေးခြင်း ခံခဲ့ရသည်။

http://www.cherrythitsar.org



၆ မေ ၁၉၅၈ ခုနှစ်တွင် ဖဆပလအဖွဲ့ချုပ်သည် သန့်ရှင်း ဖဆပလ နှင့် တည်မြဲဖဆပလဟူ၍ နှစ်ခြမ်း အတိအလင်း ကွဲခဲ့သည်။ ၉ ဇွန် ၁၉၅၈ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံပါလီမန် ပြည်သူ့လွှတ်တော် အထူး အစည်းအဝေးတွင် တည်မြဲဖဆပလမှ ဦးဗဆွေက ဦးနု ခေါင်းဆောင်သော အစိုးရအပေါ် အယုံအကြည်မရှိ အဆိုတင်သွင်းခဲ့ရာ ရှုံးနိမ့်ခဲ့သည်။ ဝန်ကြီးချုပ် ဦးနု ဦးဆောင်သော အစိုးရအဖွဲ့သည် အာဏာဆက်လက်တည်မြဲခဲ့သော်လည်း သန့်ရှင်း ဖဆပလနှင့် တည်မြဲဖဆပလနှစ်ဖက်အုပ်စု ကွဲပြားမှု ဂယက်ကြောင့် နိုင်ငံရေးအခြေအနေများ တစ်နေ့တခြား တင်းမာလာခဲ့သည်။ ဦးနုသည် ဖြစ်ပေါ်လာသည့် နိုင်ငံရေးအကြပ်အတည်းမှ ရုန်းထွက်နိုင်ရန် ၂၇ စက်တင်ဘာ ၁၉၅၈ ခုနှစ်တွင် ဗိုလ်ချုပ်နေဝင်း ဝန်ကြီးချုပ်အဖြစ် ဦးဆောင်သော အစိုးရအဖွဲ့ ဖွဲ့စည်းအုပ်ချုပ်၍ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပ ပေးပါရန် ကမ်းလှမ်းခဲ့သည်။

ဗိုလ်ချုပ်နေဝင်းသည် ဦးနု၏ ကမ်းလှမ်းချက်ကို လက်ခံကာ ၂၈ အောက်တိုဘာ ၁၉၅၈ ခုနှစ်တွင် အိမ်စောင့်အစိုးရ ဖွဲ့စည်းပြီး ၁၉၆၀ ပြည့်နှစ် ဧပြီလအထိ ဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီးနှင့် အမျိုးသားစီမံကိန်း ဝန်ကြီး တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၂၈ ဇန်နဝါရီ ၁၉၆၀ ပြည့်နှစ်တွင် တရုတ် မြန်မာနှစ်နိုင်ငံ နယ်နိမိတ် ပြဿနာဆိုင်ရာ သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့သည်။ ထို့နောက် ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် လွတ်လပ်၍ တရား မျှတသော ရွေးကောက်ပွဲများ ကျင်းပပေးခဲ့ပြီး အနိုင်ရရှိခဲ့သည့် သန့်ရှင်းဖဆပလ အဖွဲ့အား အစိုးရအာဏာများကို စနစ်တကျ ပြန်လည် လွှဲပြောင်းပေးခဲ့သည်။

ဝန်ကြီးချုပ်ဦးနု၏ ပြည်ထောင်စုအစိုးရလက်ထက်တွင် ရှမ်းစော်ဘွားများ သည် ဖက်ဒရယ်မူကိုတင်ပြ တောင်းဆိုကာ ဖက်ဒရယ်မူမရလျှင် ပြည်ထောင်စု မြန်မာနိုင်ငံမှ ခွဲထွက်မည်ဟု ခြိမ်းခြောက်ခဲ့ကြသဖြင့် ပြည်ထောင်စုပြိုကွဲမည့် အန္တရာယ်ဖြစ်ပေါ်လာခဲ့သည်။ ထိုသို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အထူးယိုယွင်းလာသော အခြေအနေဆိုးကို ထိန်းသိမ်းစိမ့်သောငှာ ၂ မတ် ၁၉၆၂ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော ဗမာ့တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့သည်။

http://www.cherrythitsar.org



ဗိုလ်ချုပ်ကြီးနေဝင်းသည် ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၄ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတ တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၈၁ ခုနှစ် နိုဝင်ဘာလတွင် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌနှင့် နိုင်ငံတော် သမ္မတ တာဝန်များမှ အငြိမ်းစားယူခဲ့သည်။

## ပါတီနိုင်ငံရေး

ဗမာပြည် ဆိုရှယ်လစ်ပါတီ စတင်တည်ထောင်စဉ်က ပါဝင်ခဲ့သည်။ ၄ ဇူလိုင် ၁၉၆၂ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို စတင်တည်ထောင်ခဲ့သည်။ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၇၄ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ (၁၉၇၄) နှင့် ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော်ရွေးကောက်ပွဲ (၁၉၇၈) တို့တွင် ရန်ကုန်တိုင်း မရမ်းကုန်း (၁) မဲဆန္ဒနယ်မြေမှ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ ၁၉၈၈ ခုနှစ် ဇူလိုင်လတွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌအဖြစ်မှ အငြိမ်းစားယူခဲ့သည်။

## အခြားဆောင်ရွက်ချက်များ

၁၆ ဇူလိုင် ၁၉၄၈ ခုနှစ်တွင် ဖွဲ့စည်းသော လက်ဝဲညီညွတ်ရေးကောင်စီတွင် ဥက္ကဋ္ဌ အဖြစ် ပါဝင်ခဲ့သည်။ သို့သော် လက်ဝဲညီညွတ်ရေးကောင်စီ၏ အာဏာသိမ်းရေးအစီအစဉ်ကို လက်မခံခဲ့ချေ။

## ဆုတံဆိပ်ရေးရာ

- ၁၉၄၉ ခုနှစ်တွင် "မဟာသီရိသုဓမ္မဘွဲ့" (Maha Thiri Thudhama) ချီးမြှင့်ခြင်းခံခဲ့ရသည်။

http://www.cherrythitsar.org



- ၁၉၅၅ ဇန်နဝါရီလတွင် ယူဂိုစလားဗီးယားနိုင်ငံ သမ္မတ မာရှယ်တီးတိုး၏ ယူဂိုစလပ် တံခွန်တော်ဘွဲ့ (ပထမဆင့်) Yugoslav Banner (First Class) ချီးမြှင့်ခြင်းခံခဲ့ရသည်။
- ၁၉၅၆ ခုနှစ်တွင် "သတိုးသီရိသုဓမ္မဘွဲ့" (Thado Thiri Thudhama) ချီးမြှင့်ခြင်းခံခဲ့ရသည်။
- ၁၉၅၆ ဇွန်လတွင် အမေရိကန်အစိုးရ၏ "သူရဲကောင်းဘွဲ့" Legion of Merit ချီးမြှင့်ခြင်းခံခဲ့ရသည်။
- ၂၇ မတ် ၁၉၅၉ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုနောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်း ခံခဲ့ရသည်။
- ၅ မတ် ၁၉၆၀ ပြည့်နှစ်တွင် ထိုင်းဘုရင်မင်းမြတ် ဘူမိဘောအဒူယာဒက် (Bhumibol Adulyadej) ၏ "ဆင်ဖြူရှင်" The Most Exalted order of the White Elephant) ဘွဲ့ ချီးမြှင့်ခြင်းခံခဲ့ရသည်။
- ၁၆ ဩဂုတ် ၁၉၆၀ ပြည့်နှစ်တွင် ဖိလစ်ပိုင်နိုင်ငံမှ ချီးမြှင့်မည့် "ရေမွန်မက်ဆေးဆေး" Ramon Magsaysay ဆုကို ငြင်းပယ်ခဲ့သည်။
- ၁၉၆၀ ပြည့်နှစ် ဒီဇင်ဘာလတွင် "အဂ္ဂမဟာသိရီသုဓမ္မဘွဲ့" Agga Maha Thiri Thudhama ချီးမြှင့်ခြင်းခံခဲ့ရသည်။
- ၄ ဇန်နဝါရီ ၁၉၈၁ ခုနှစ်တွင် နိုင်ငံတော်၏ အကျိုးကို ဦးစီးဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ချီးမြှင့်ခြင်းခံရသည်။

**လက်မှတ်**



http://www.cherrythitsar.org



ဗိုလ်မိုးညို

# ဗိုလ်မိုးညို

အမည်ရင်း ကိုကျော်စိန်ဖြစ်သည်။ တို့ဗမာအစည်းအရုံး ဝင်ရောက်သောအခါ သခင်ကျော်စိန် ဖြစ်လာခဲ့သည်။ ဂျပန်စစ်ပညာ သင်တန်းတက်စဉ်က ဂျပန်အမည်မှာ တကာဟရှိ ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်တွင် ရဲဘော်သုံးကျိပ်ဝင်များ ဗိုလ်အမည် ခံယူရာတွင် ဗိုလ်မိုးညို ဖြစ်လာခဲ့သည်။

ဗိုလ်မိုးညိုကို ၆ အောက်တိုဘာ ၁၉၁၇ ခုနှစ်တွင် ရန်ကုန်မြို့ ကမာရွတ်ရှမ်းစုရွာ၌ ဦးဘရှင်၊ ဒေါ်ငွေသင် မိဘနှစ်ပါးတို့မှ မွေးဖွားသည်။ ရှမ်းမြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

## ကျောင်းသားဘဝနှင့် ပညာရေးရာ

ရန်ကုန်မြို့ စိန့်ဂျွန်းကျောင်း (ယခု လသာ အ-ထ-က ၂) တွင် ဒသမတန်းအထိ ပညာသင်ကြားခဲ့သည်။

## အသက်မွေးမှုဘဝ

ရန်ကုန်အင်းစိန် ခရီးသည်တင် မော်တော်ယာဉ်လုပ်ငန်း ဆောင်ရွက်ခဲ့သည်။

http://www.cherrythitsar.org



**အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်**

၁၉၃၅ ခုနှစ်တွင် တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်၍ နိုင်ငံရေး ဆောင်ရွက်ခဲ့သည်။ ၁၉၃၈ တွင် တို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲသွားသောအခါ သခင်ထွန်းအုပ် သခင်ဗစိန် တို့ဗမာအစည်းအရုံးတွင် ပါဝင်ခဲ့သည်။ သခင်ထွန်းအုပ် သခင်ဗစိန် တို့ဗမာအစည်းအရုံး၏ တာဝန်ပေးအပ်ချက် အရ ၁၉၄၁ ခုနှစ် မေလတွင် သခင်သစ် (ဗိုလ်စောနောင်) နှင့်အတူ ထိုင်းနိုင်ငံ မှတစ်ဆင့် ဂျပန်နိုင်ငံသွားရောက်ရန် ကြိုးပမ်းစဉ် မဲဆောက်တွင် အဖမ်း ခံရသည်။ မဲဆောက်အချုပ်ခန်းတွင် နှစ်ရက်ကြာ အချုပ်ခံရပြီး ပြည်နှင်ဒဏ် ခံရ၍ မြန်မာနိုင်ငံ ပြန်ခဲ့ရသည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် ရွေးချယ်စေလွှတ်သည့် မြန်မာ မျိုးချစ်လူငယ် စတုတ္ထအသုတ်နှင့်အတူ ၈ ဇူလိုင် ၁၉၄၁ ခုနှစ်တွင် ကိုရီယုမာရူး သင်္ဘောဖြင့် ရန်ကုန်မြို့မှထွက်ခွာခဲ့ရာ ၂၂ ဇူလိုင် ၁၉၄၁ ခုနှစ်တွင် ရှန်ဟိုင်းသို့ ရောက်ရှိခဲ့သည်။ ၂၄ ဇူလိုင် ၁၉၄၁ ခုနှစ်တွင် ရှန်ဟိုင်းမှ လေယာဉ်ပျံဖြင့် ဂျပန်နိုင်ငံ ကျူးရှူးကျွန်း နာဂါဆကီးမြို့အနီးရှိ ရေတပ်စခန်းသို့ ရောက်ရှိ ခဲ့သည်။ ထိုမှတစ်ဆင့် ဟာကိုနီ တောင်ပေါ်စခန်းမြို့သို့ သွားရောက်ကာ အပန်းဖြေခဲ့ကြသည်။ ၈ ဩဂုတ် ၁၉၄၁ ခုနှစ်တွင် တိုကျိုမှဟိုင်နန်ကျွန်းသို့ လေယာဉ်ပျံဖြင့် သွားရောက်ရာ ၁၁ ဩဂုတ် ၁၉၄၁ ခုနှစ်တွင် ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်းကျွန်းတွင် စစ်ပညာသင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) မြန်မာနိုင်ငံတွင်း မချီတက်မီ ဗိုလ်မှူးကြီး နေဝင်းခေါင်းဆောင်သော ပြည်တွင်းသူပုန်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ပြည်တွင်းသူပုန်အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံတွင်း ဝင်ရောက်ခဲ့ရာ ၂ ဖေဖော်ဝါရီ ၁၉၄၂ ခုနှစ်တွင် ဗိုလ်မှူးကြီး နေဝင်း၊ ဗိုလ်လင်းယုန်တို့နှင့်အတူ ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။ ထိုနောက် ပြည်သူ့အရေးတော်ပုံ ပါတီနှင့် ဆက်သွယ်ကာ ရန်ကုန်မြို့၊ မင်းလှမြို့၊ ပဲခူးမြို့၊ မန္တလေးမြို့နှင့် ရွှေဘိုမြို့တို့တွင် စစ်ပညာသင်တန်းများ သင်ကြား ပေးခြင်း၊ စစ်လက်နက်ငယ် သင်တန်းပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ဖက်ဆစ် တော်လှန်ရေးကာလက တိုင်း ၇ (သရက်၊ အာလံ၊ မကွေး၊ မင်းဘူး) တွင်

စက်မှုလက်မှုတပ်ရင်း ၂ ကို ဦးစီးကာ ဖက်ဆစ်ဂျပန်များကို တော်လှန် တိုက်ခိုက်ခဲ့သည်။

**အခြားဆောင်ရွက်ချက်များ**

ရန်ကုန်မြို့ မသန်မစွမ်းရဲဘော်ဟောင်းရိပ်သာ အုပ်ချုပ်ရေးမှူး အဖြစ် ဆောင်ရွက်ခဲ့သည်။

**ဆုတံဆိပ်ရေးရာ**

၂၇ မတ် ၁၉၅၉ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့် လူမျိုးလွတ်လပ်ရေး အတွက် သက်စွန့်ဆံဖျား ကြိုးပမ်း ဆောင်ရွက်မှုကြောင့် နိုင်ငံတော်က ကျေးဇူး ဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမအဆင့်) တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်းခံခဲ့ရသည်။

**ဘဝနိဂုံး**

၉ ဧပြီ ၁၉၆၀ ပြည့်နှစ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**လက်မှတ်**





ဗိုလ်တာရာ

http://www.cherrythitsar.org

# ဗိုလ်တာရာ

အမည်ရင်း ကိုခင်မောင်ဦးဖြစ်သည်။ တို့ဗမာအစည်းအရုံး ဝင်ရောက်သောအခါ သခင်ခင်မောင်ဦး ဖြစ်လာခဲ့သည်။ ဂျပန်စစ်ပညာ သင်တန်းတက်စဉ်က ဂျပန်အမည်မှာ မွန်ရမာဆာရ ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်တွင် ရဲဘော်သုံးကျိပ်ဝင်များ ဗိုလ်အမည်များ ခံယူရာတွင် ဗိုလ်တာရာ ဖြစ်လာခဲ့သည်။

ဗိုလ်တာရာကို ၁၃ ဧပြီ ၁၉၁၉ ခုနှစ်တွင် ပျဉ်းမနားမြို့၌ သစ်စက်ပိုင်ရှင် ဦးအကောက် ဒေါ်လွန်း မိဘနှစ်ပါးတို့မှ မွေးဖွားသည်။

**ကျောင်းသားဘဝနှင့် ပညာရေးရာ**

၁၉၈၃- ခုနှစ်တွင် ပျဉ်းမနားမြို့ရှိ King Edward Memorial (ကေအီးအမ်) အထက်တန်းကျောင်းမှ ဒသမတန်း အောင်မြင်ခဲ့သည်။

**အမျိုးသားနိုင်ငံရေး ဆောင်ရွက်ချက်**

တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်၍ နိုင်ငံရေး ဆောင်ရွက်ခဲ့သည်။ ပျဉ်းမနားခရိုင် တို့ဗမာအစည်းအရုံး၊ ဗမာ့လက်ရုံး တပ်ဖွဲ့နှင့် တောင်သူလယ်သမား အစည်းအရုံးတို့ကို တည်ထောင်ရာတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည်။

http://www.cherrythitsar.org



ဂျပန်နိုင်ငံသို့ စစ်ပညာ သင်ကြားရန် စေလွှတ်သည့် တတိယအသုတ် မြန်မာမျိုးချစ်လူငယ်များနှင့် အတူ ၁၉၄၁-ခုနှစ် မေလတွင် ကိုဆိုင်မာရူး သင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၁၉၄၁-ခု မေလကုန်တွင် ဂျပန်နိုင်ငံ ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွန်းတွင် စစ်ပညာများ သင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ) မြန်မာနိုင်ငံတွင် မချီတက်မီ ဗိုလ်မှူးကြီးနေဝင်းခေါင်းဆောင်သော ပြည်တွင်းသူပုန် အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ဗိုလ်တာရာသည် ပြည်တွင်း သူပုန်လုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံတွင်း ဝင်ရောက်ခဲ့ပြီး ဖြူးမြို့၊ ပျဉ်းမနားမြို့နှင့် ပဲခူးမြို့တို့တွင် စစ်ပညာသင်တန်းပေးခြင်း၊ စစ်လက်နက်ငယ် သင်တန်းပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ၂၇ ဇူလိုင် ၁၉၄၂-ခုနှစ်တွင် ဘီအိုင်အေ ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ဖွဲ့စည်းသောအခါ ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

ဖက်ဆစ်ဂျပန် တော်လှန်ရေးကာလက တိုင်း ၆ (မိတ္ထီလာ၊ ပျဉ်းမနား၊ တောင်ငူနှင့် တောင်ပိုင်းရှမ်းပြည်)တွင် တာဝန်ကျကာ ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ခိုက်ခဲ့သည်။

**ပါတီနိုင်ငံရေး**

၁၉၄၅-ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီဝင် ဖြစ်ခဲ့သည်။ ၁၉၄၆-ခုနှစ်တွင် ဗမာပြည် ကွန်မြူနစ်ပါတီသည်လိုအပ်ပါက လက်နက်ကိုင် တော်လှန်ရေး ဆင်နွှဲရန် ဗိုလ်တာရာ ဦးစီးသည့်တပ်များအား ပျဉ်းမနားဒေသတွင် ကြိုတင်အခြေချ ခိုင်းထားခဲ့သည်။ ၂၈-မတ် ၁၉၄၈-ခုနှစ်တွင် ဗကပ တောခိုသောအခါ ဗိုလ်တာရာ၏ လက်နက်ကိုင် တပ်များသည် ဖ-ဆ-ပ-လ အစိုးရအား တော်လှန်တိုက်ခိုက်ခဲ့သည်။ ၁၉၄၈-ခုနှစ် ဒီဇင်ဘာလတွင် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည်။ ၁၉၆၀-ပြည့်နှစ် တတိယအကြိမ် ပါလီမန်ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် သန့်ရှင်း ဖဆပလ အမတ်လောင်းအဖြစ် ပျဉ်းမနားမြို့တောင်ပိုင်း မဲဆန္ဒနယ်မြေမှ ဝင်ရောက်အရွေးခံရာ လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက် ခံရသည်။ ၁၉၆၂-ခုနှစ် နောက်ပိုင်းတွင် နိုင်ငံရေးမှ အနားယူခဲ့သည်။

http://www.cherrythitsar.org



**အခြားဆောင်ရွက်ချက်များ**

ရန်ကင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တွင် အဖွဲ့ဝင်တစ်ဦး အဖြစ် ပါဝင် ဆောင်ရွက်ခဲ့သည်။

**စာပေရေးရာ**

ဗိုလ်တာရာသည် စစ်ကြိုခေတ်ကပင် ဝတ္ထုတိုများ ရေးသားခဲ့သည်။ ၁၉၅၃-ခုနှစ် နိုဝင်ဘာလထုတ် မြဝတီမဂ္ဂဇင်းတွင် " သူရဲကောင်း ဗိုလ်ရန်အောင်" ဆောင်းပါးရေးသားခဲ့သည်။ ၁၉၅၅ ဇန်ဝါရီ၊ ဖေဖော်ဝါရီလ ရှုမဝမဂ္ဂဇင်းတွင် "လွတ်လပ်ရေးပညာတော်သင်" ဆောင်းပါးကို ရေးသားခဲ့သည်။ ၁၉၆၁-ခုနှစ်တွင် "ရဲဘော်သုံးကျိပ်ပြည်တော်ပြန်" အမည် စာအုပ်ဖြင့် စာပေဗိမာန် (သုတပဒေသာ)ဆု ရရှိခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် "ကိုယ်တွေ့ဖော်မိုဆာ" စာအုပ်ကို ရေးသားခဲ့သည်။ ၁၉၆၇- ခုနှစ် အောက်တိုဘာလထုတ် ငွေတာရီ မဂ္ဂဇင်းတွင် "ရဲဘော်သုံးကျိပ်၏ ဗိုလ်မိုးကြိုး" ဆောင်းပါးကို ရေးသားခဲ့သည်။ ၁၉၇၃ ခုနှစ်၊ ဩဂုတ်လတွင် ငွေတာရီမဂ္ဂဇင်းတွင် 'ဗိုလ်ချုပ် ဒေါသထွက်သောနေ့" ဆောင်းပါးကို ရေးသားခဲ့သည်။ ထို့ပြင် မုဆိုးစာပေ ဝတ္ထုများနှင့် တော်လှန်ရေး နောက်ခံဝတ္ထုများ အပါအဝင် လုံးချင်းဝတ္ထု ၆၀-ကျော် ရေးသားခဲ့သည်။

**ဆုတံဆိပ်ရေးရာ**

၂၅ မတ် ၁၉၇၂-ခုနှစ်တွင် မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျားကြိုးပမ်း ဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်က ကျေးဇူး ဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေး မော်ကွန်းဝင် (ပထမဆင့်) တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်း ခံခဲ့ရသည်။

၇ ဇွန် ၁၉၈၀-ပြည့်နှစ်တွင် နိုင်ငံတော်၏ အကျိုးကို ဦးစီး ဆောင်ရွက် ခဲ့သည့်အတွက် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ချီးမြှင့်ခံခဲ့ရသည်။

**ဘဝနိဂုံး**

၆-ဖေဖော်ဝါရီ ၁၉၉၃-ခုနှစ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**လက်မှတ်**



http://www.cherrythitsar.org



ဗိုလ်စောအောင်

http://www.cherrythitsar.org

# ဗိုလ်စောအောင်

အမည်ရင်း ကိုငွေ ဖြစ်သည်။ တို့ဗမာအစည်းအရုံး ဝင်ရောက်သော အခါ သခင်ငွေ ဖြစ်လာခဲ့သည်။ ဂျပန်စစ်ပညာ သင်တန်းတက်စဉ်က ဂျပန် အမည်မှာ ကတ်ဆုရာ ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်တွင် ရဲဘော် သုံးကျိပ်ဝင်များ ဗိုလ်အမည် ခံယူရာတွင် ဗိုလ်စောအောင် ဖြစ်လာခဲ့သည်။

ဗိုလ်စောအောင်ကို ၂၈ ဧပြီ ၁၉၁၄ ခုနှစ်တွင် ကမာရွတ်ရှမ်းစုရွာ၌ ဦးဘိုးညွန့်၊ ဒေါ်ရွှေမှတ် မိဘနှစ်ပါးတို့မှ မွေးဖွားသည်။ ရှမ်းလူမျိုး ဗုဒ္ဓ ဘာသာဝင်ဖြစ်သည်။

## ကျောင်းသားဘဝနှင့်ပညာရေးရာ

ရန်ကုန်မြို့ ကမာရွတ်တွင် အင်္ဂလိပ်မြန်မာ သတ္တမတန်းအထိ ပညာ သင်ကြားခဲ့သည်။

## အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်

၁၉၃၄ ခုနှစ်တွင် တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်၍ နိုင်ငံရေး ဆောင်ရွက်ခဲ့သည်။ ၁၉၃၈ ခုနှစ် တို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲသွားသော

http://www.cherrythitsar.org



အခါ သခင်ထွန်းအုပ် သခင်ဗစိန် တို့ဗမာ အစည်းအရုံးတွင် ပါဝင်ခဲ့သည်။ ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် ရွေးချယ်စေလွှတ်ခြင်းခံရသည်။

သခင်ငွေသည် တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် မိခင်နှင့်တကွ ဇနီးနှင့်သား သံယောဇဉ်များအား ဖြတ်တောက်၍ ၈ ဇူလိုင် ၁၉၄၁ ခုနှစ်တွင် မြန်မာမျိုးချစ်လူငယ် စတုတ္ထအသုတ်နှင့်အတူ ကိုရီယူမာရူး သင်္ဘောဖြင့် ရန်ကုန်မြို့မှထွက်ခွာခဲ့ရာ ၂၂ ဇူလိုင် ၁၉၄၁ ခုနှစ်တွင် ရှန်ဟိုင်းသို့ ရောက်ရှိခဲ့သည်။ ၂၄ ဇူလိုင်လ ၁၉၄၁ ခုနှစ်တွင် ရှန်ဟိုင်းမှ လေယာဉ်ပျံဖြင့် ဂျပန်နိုင်ငံ ကျူးရှူးကျွန်း နာဂါးစကီးမြို့အနီးရှိ ရေတပ်စခန်းသို့ ရောက်ရှိခဲ့သည်။ ထိုမှတစ်ဆင့် ဟာကိုနီတောင်ပေါ်စခန်းမြို့သို့ သွားရောက်ကာ အပန်းဖြေခဲ့ကြသည်။ ၈ ဩဂုတ် ၁၉၄၁ ခုနှစ်တွင် တိုကျိုမှ ဟိုင်နန်ကျွန်းသို့ လေယာဉ်ပျံဖြင့် သွားရောက်ရာ ၁၁ ဩဂုတ် ၁၉၄၁ ခုနှစ်တွင် ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွန်းတို့တွင် စစ်ပညာသင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်း ချီတက်ကာ ဗြိတိသျှတပ်များကို ရှုပ်ရှပ်ချုံချုံ တိုက်ခိုက်ခဲ့သည်။ ဗိုလ်စောအောင်သည် ဗြိတိသျှတပ်များ စခန်းချထားသော ရွှေကျင်မြို့ကို ချီတက်တိုက်ခိုက် သိမ်းပိုက်စဉ် ကျဆုံးခဲ့သည်။

## ဆုတံဆိပ်ရေးရာ

၂၇ မတ် ၁၉၅၉ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်းအထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်) တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်းခံခဲ့ရသည်။

## ဘဝနိဂုံး

ရွှေကျင်မြို့သိမ်းတိုက်ပွဲဆင်နွှဲစဉ် ၂၆ ဖေဖော်ဝါရီ ၁၉၄၂ ခုနှစ်နေ့လယ် ၁၁နာရီတွင်ကျဆုံးခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ်နှင့်

မော်လမြိုင်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်းချီတက်ကာ နယ်ချဲ့ဗြိတိသျှတပ်များကို တိုက်ခိုက်ရာ၌ စစ်မြေပြင်တွင် အာဇာနည် သူရဲကောင်းပီသစွာ ပထမဆုံးကျဆုံးသွားသော ရဲဘော်သုံးကျိပ်ဝင် ဖြစ်သည်။

http://www.cherrythitsar.org



ဗိုလ်မင်းခေါင်

# ဗိုလ်မင်းခေါင်

အမည်ရင်း မောင်စောလွင် ဖြစ်သည်။ တို့ဗမာအစည်းအရုံး ဝင်ရောက်လာအခါ သခင်စောလွင် ဖြစ်လာခဲ့သည်။ ဂျပန်စစ်ပညာ သင်တန်းတက်စဉ်က ဂျပန် အမည်မှာ ယာမာအိုကာကီရိုရှိ ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်တွင် ရဲဘော်သုံးကျိပ်ဝင်များ ဗိုလ်အမည်ခံယူရာ၌ ဗိုလ်မင်းခေါင် ဖြစ်လာခဲ့သည်။

ဗိုလ်မင်းခေါင်ကို ၁၈ အောက်တိုဘာ ၁၉၂၀-ပြည့်နှစ်တွင် သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့၌ ဦးသောကြာ-ဒေါ်ကြော့ မိဘနှစ်ပါးတို့မှ မွေးဖွားသည်။ ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

## ကျောင်းသားဘဝနှင့်ပညာရေးရာ

ကြို့ပင်ကောက်မြို့မ အမျိုးသားအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ၁၉၆၃ ဒုတိယကျောင်းသားသပိတ်တွင် ကြို့ပင်ကောက်ကျောင်းသားသမဂ္ဂအသင်း ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ ထို့နောက် ရန်ကုန်မြို့ မြို့မအထက်တန်းကျောင်းတွင် ပညာဆက်လက်သင်ကြားခဲ့သည်။

## အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်

၁၉၃၉-တွင် ကြို့ပင်ကောက်မြို့ တို့ဗမာအစည်းအရုံး အလုပ်အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ဂျပန်နိုင်ငံသို့ စစ်ပညာ သင်ကြားရန် စေလွှတ်သည့်

http://www.cherrythitsar.org



ဒုတိယအသုတ် မြန်မာမျိုးချစ်လူငယ်များနှင့်အတူ ၁၃ ဧပြီလ ၁၉၄၁-ခုနှစ်တွင် ကိုင်ရှီမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၂၈ ဧပြီ ၁၉၄၁-ခုနှစ်တွင် ဂျပန်နိုင်ငံ အိုဆာကာ (Osaka) မြို့သို့ ရောက်ရှိခဲ့သည်။ အိုဆာကာမှတစ်ဆင့် တိုကျိုမြို့သိုရောက်ရှိပြီး ဟာကိုနီတောင်ပေါ်စခန်းမြို့တွင် အပန်းဖြေခဲ့ကြသည်။ ၉ မေ၊ ၁၉၄၁ ခုနှစ်တွင် လေယာဉ်ပျံဖြင့် တိုကျိုမှ ဟိုင်နန်ကျွန်းသို့ သွားရောက်ရာ ၁၀ မေ၊ ၁၉၄၁ ခုနှစ်တွင် ရောက်ရှိခဲ့သည်။ ဟိုင်နန်းကျွန်းနှင့် တိုင်ဝမ်းကျွန်းတို့တွင် စစ်ပညာများ သင်ကြားခဲ့သည်။

မြန်မာနိုင်ငံတွင်းရှိ ဗြိတိသျှတို့ကို တိုက်ထုတ်ရန် ၁၅ ဇန်ဝါရီ ၁၉၄၂-ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ရေကြောင်းချီတပ်ဖွဲ့ (မြိတ်စစ်ကြောင်း) ဖြင့် ချီတက်ခဲ့သည်။ ကျိုက္ခမီမှ တဆင့် ရန်ကုန်မြို့သို့ ချီတက်ခဲ့ရာ ဗိုလ်မင်းခေါင်ဦးစီးသည့် စက်လှေအုပ်စုသည် ရန်ကုန်မြို့ အဝင်တွင် ဗြိတိသျှရေတပ်အုပ်စု၏ ဖမ်းဆီးခြင်းခံရသည်။ ၃ မတ် ၁၉၄၂ ခုနှစ်တွင် မိမိတပ်ဖွဲ့နှင့်အတူ ရန်ကုန်ထောင်ကို ဖောက်ထွင်းလွတ်မြောက်ခဲ့သည်။

၁၈ မတ်၊ ၁၉၄၂ ခုနှစ်တွင် ဗိုလ်မင်းခေါင်ဦးစီးသည့် ဘီအိုင်အေ တပ်ဖွဲ့သည် ရခိုင်ပြည်နယ်တောင်ပိုင်းသို့ ချီတက်၍ ငြိမ်ဝပ်ပိပြားရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ၂၇ ဇူလိုင် ၁၉၄၂-ခုနှစ်တွင် ဘီအိုင်အေ ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ဖွဲ့စည်းသောအခါ ဗိုလ်ကြီးအဆင့်ဖြင့် တာဝန် ထမ်းဆောင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ရံတော်တပ်မှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးကာလတွင် ရွှေ့တန်းစစ်ဌာနချုပ်တွင် တာဝန်ကျကာ ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ခိုက်ခဲ့သည်။ ဗိုလ်မင်းခေါင် ဦးစီးသည့် အမှတ် ၁၀၆ တပ်ရင်း (ရန်ကုန်တပ်ရင်း) သည် ပဲခူးရိုးမမှ ဆုတ်ခွာလာသော ဖက်ဆစ်ဂျပန်တပ်များကို စစ်တောင်းမြစ်ဝှမ်းတစ်ဝိုက်၌ ချေမှုန်းသုတ်သင်ခဲ့သည်။

ဖက်ဆစ် ဂျပန်တော်လှန်ရေးအပြီးတွင် တပ်မတော်မှ နုတ်ထွက်ကာ နိုင်ငံရေး ဆောင်ရွက်ခဲ့သည်။ ပြည်သူ့ ရဲဘော်တပ်ဖွဲ့တွင် အထွေထွေ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၉ ဧပြီ ၁၉၄၇ -ခုနှစ် တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲတွင် ဖ-ဆ-ပ-လ အမတ်လောင်းအဖြစ် ရန်ကုန်မြို့

ကြည့်မြင်တိုင်တောင်ပိုင်း မဲဆန္ဒ နယ်မြေမှ ဝင်ရောက်အရွေးခံရာ လွတ်တော် အမတ်အဖြစ် ရွေးကောက် တင်မြှောက်ခံရသည်။ ၁၉၄၇-ခုနှစ် ဇူလိုင်လတွင် မြန်မာပြည် သောင်းကျန်းမှုနှိမ်နင်းရေး တပ်ရင်း (၂)၏ တပ်ရင်းမှူးအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ကျန်းမာရေးနှင့် အလုပ်သမား ဌာန ပါလီမန်အတွင်းဝန် အဖြစ်ဆောင်ရွက်ခဲ့သည်။ ၁ ဧပြီလ ၁၉၄၉ ခုနှစ် တွင် ပါလီမန်အတွင်းဝန်ရာထူးမှ နုတ်ထွက်ခဲ့သည်။ ၂ ဧပြီ ၁၉၅၀ ပြည့်နှစ်တွင် ပညာရေး ပြည်သူ့လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးဌာန ပါလီမန်အတွင်းဝန် အဖြစ် ဆောင်ရွက်ခဲ့သည်။ ၂ အောက်တိုဘာ ၁၉၅၀ ပြည့်နှစ်တွင် တစ်ကြိမ်၊ ၁၆ မတ် ၁၉၅၂-ခုနှစ်တွင် တစ်ကြိမ် ပြည်သူ့လုပ်ငန်းနှင့် ပြန်လည် ထူထောင်ရေးဌာန ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် စက်တင်ဘာလ ၁၉၅၅ခုနှစ်တွင် ထောက်ပံ့ရေးဌာန ဝန်ကြီးအဖြစ် လည်းကောင်း၊ ၁၂ ဇွန် ၁၉၅၆-ခုနှစ်တွင် သယ်ယူပို့ဆောင်ရေး၊ စာတိုက်နှင့် ကြေးနန်းဌာန ဝန်ကြီး အဖြစ် လည်းကောင်း၊ ၁ မတ် ၁၉၅၇ ခုနှစ်တွင် သယ်ယူပို့ဆောင်ရေး စာတိုက်နှင့် ကြေးနန်းဌာန ဝန်ကြီးအဖြစ်လည်းကောင်း၊ ၅ ဇွန် ၁၉၅၈ ခုနှစ်မှ ၂၈ အောက်တိုဘာ ၁၉၅၈ ခုနှစ်အထိ ပြည်ထဲရေးဝန်ကြီးဌာန၊ သယ်ယူ ပို့ဆောင်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၄ ဒီဇင်ဘာ ၁၉၆၈ ခုနှစ်တွင် တော်လှန်ရေး ကောင်စီ ဖွဲ့စည်းပေးသည့် ပြည်ထောင်စုမြန်မာနိုင်ငံပြည်တွင်း ညီညွတ်ရေး အကြံပေးအဖွဲ့တွင် အဖွဲ့ဝင် အဖြစ် ဆောင်ရွက်ခဲ့သည်။

## ပါတီနိုင်ငံရေး

၁၆ ဇူလိုင် ၁၉၄၈ ခုနှစ်တွင် ဖွဲ့စည်းသော လက်ဝဲညီညွတ်ရေး ကောင်စီတွင် ပြည်သူ့ရဲဘော်အဖွဲ့ ကိုယ်စားလှယ်အဖြစ် ပါဝင်ခဲ့သည်။ ဗမာပြည် ဆိုရှယ်လစ်ပါတီ အလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦးဖြစ်ပြီး ဖ-ဆ-ပ-လ အဖွဲ့ချုပ်တွင်ပါဝင်၍ နိုင်ငံရေးဆောင်ရွက်ခဲ့သည်။ ၁၉၅၁-ခုနှစ်နှင့် ၁၉၅၆-ခုနှစ်များတွင် ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံ ပါလီမန်

http://www.cherrythitsar.org



ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲများတွင် ကြို့ပင်ကောက်မဲဆန္ဒနယ်မြေမှ လွှတ်တော်အမတ်အဖြစ် ရွေးကောက် တင်မြှောက်ခံရသည်။

၁၉၅၅ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး (ဗ. တ. လ. စ)တွင် အလုပ်အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၇-၅၈ ခုနှစ်တွင် အလုပ်သမားအစည်းအရုံးများ အဖွဲ့ချုပ် (ဗမာနိုင်ငံ)တွင် အလုပ်အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၈၅-ခုနှစ်တွင် ဖ-ဆ-ပ-လ နှစ်ခြမ်း ကွဲသောအခါ သန့်ရှင်း ဖ-ဆ-ပ-လအဖွဲ့၏ တွဲဖက် အထွေထွေအတွင်းရေးမှူး အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၀-ပြည့်နှစ်တွင် ပြည်ထောင်စုပါတီ တွဲဖက် အထွေထွေ အတွင်းရေးမှူးနှင့် ပြည်ထောင်စုအလုပ်သမား အဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ပြည်ထောင်စု ပါတီအတွင်း ဦးဗိုလ်အုပ်စုနှင့် သခင်အုပ်စုဟူ၍ ကွဲပြားသောအခါ ဦးဗိုလ်အုပ်စု၏ ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၇ မတ် ၁၉၆၁ ခုနှစ်တွင် ပြည်ထောင်စုပါတီ အမှုဆောင်အဖွဲ့တစ်ဖွဲ့လုံးနှင့်အတူ နုတ်ထွက်ခဲ့သည်။

## အခြားဆောင်ရွက်ချက်များ

ရွှေတိဂုံစေတီတော် ဂေါပကအဖြစ် ၁၉၇၇-ခုနှစ်တွင် တစ်ကြိမ် ၁၉၈၂-ခုနှစ်တွင် တစ်ကြိမ် ဆောင်ရွက်ခဲ့သည်။ ၁၉၈၂-ခုနှစ်တွင် ရွှေတိဂုံစေတီတော်ကြီး၏ ၁၃ ကြိမ်မြောက် စေတီယင်္ဂဏပရိယတ္တိ အသင်း ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခြင်း ခံရသည်။

## စာပေရေးရာ

၁၉၄၃ ခုနှစ်တွင် "ရွှေတိဂုံ" စာအုပ်ကို ရေးသားခဲ့သည်။ ၁၉၆၈ ဒီဇင်ဘာလတွင် "ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်" စာအုပ်ကို ထုတ်ဝေခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ရွှေတူဂျာနယ် ထုတ်ဝေခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် "ရွှေတူ၏ မြစ်ဖျားခံရာ" စာအုပ်ကို ရေးသားပြုစုခဲ့သည်။

http://www.cherrythitsar.org



**ဆုတံဆိပ်ရေးရာ**

ဂျပန်နိုင်ငံ၌ စစ်ပညာသင်ကြားစဉ်က သင်တန်းသားကောင်း တံဆိပ်နှင့် ရွှေစလွယ်တို့ကို ရရှိခဲ့သည်။

၁၉၃၉-၄၅ ခုနှစ်အတွင်း အင်္ဂလန်နိုင်ငံသူရဲကောင်း ထူးချွန်ဆုကို ရရှိခဲ့သည်။

၁၉၅၄-၅၅ ခုနှစ်တွင် အီသီယိုပီးယားနိုင်ငံ၏ လူစွမ်းကောင်း ဘွဲ့ တံဆိပ်နှင့် အမြင့်ဆုံးသူရဲကောင်း ဆုတံဆိပ်များ ရရှိခဲ့သည်။

၂၇ မတ် ၁၉၅၉-ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်က ကျေးဇူး ဆပ်ခြင်းအထိမ်းအမှတ်အဖြစ် လွတ်လပ်ရေး မော်ကွန်းဝင် (ပထမအဆင့်)တံဆိပ် ချီးမြှင့်ခြင်း ခံခဲ့ရသည်။

**ဘဝနိဂုံး**

၂၄ ဩဂုတ် ၁၉၈၃-ခုနှစ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**လက်မှတ်**



http://www.cherrythitsar.org



ဗိုလ်တောက်ထိန်

# ဗိုလ်တောက်ထိန်

အမည်ရင်း ကိုစံမြ ဖြစ်သည်။ တို့ဗမာအစည်းအရုံး ဝင်ရောက်သော အခါ သခင်စံမြ ဖြစ်လာခဲ့သည်။ ဂျပန်စစ်ပညာ သင်တန်းတက်စဉ်က ဂျပန် အမည်မှာ နာကာဂါဝါအီချိရို ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်တွင် ရဲဘော် သုံးကျိပ်ဝင်များ ဗိုလ်အမည်ခံယူရာတွင် ဗိုလ်တောက်ထိန် ဖြစ်လာခဲ့သည်။

ဗိုလ်တောက်ထိန်ကို ၁၇ ဇန်နဝါရီ ၁၉၁၁-ခုနှစ်တွင် ရမည်းသင်း ခရိုင် ပျဉ်းမနားမြို့၌ ဦးဘိုးအောင်၊ ဒေါ်ရွှေမြ မိဘနှစ်ပါးမှ မွေးဖွားသည်။ ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

## ကျောင်းသားဘဝနှင့်ပညာရေးရာ

ပျဉ်းမနားမြို့ ခေမာသီဝံကျောင်းတွင် သတ္တမတန်းအထိ ပညာ သင်ကြားခဲ့သည်။

## အသက်မွေးမှုဘဝ

၁၈-နှစ်သားတွင် ကျောင်းမှထွက်၍ တောင်သူလုပ်ငန်း လုပ်ကိုင်ခဲ့သည်။

## အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်

၁၉၃၈-ခုနှစ်တွင် ပျဉ်းမနားမြို့ တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်၍ နိုင်ငံရေး ဆောင်ရွက်ခဲ့သည်။ ပျဉ်းမနား စီရင်စုလုံးဆိုင်ရာ တို့ဗမာ အစည်းအရုံး အလုပ်အမှုဆောင်အဖြစ် လည်းကောင်း၊ ဗမာ့လက်ရုံးတပ်တွင် မြို့နယ်တပ်မှူး အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

http://www.cherrythitsar.org



ဂျပန်နိုင်ငံသို့ စစ်ပညာသင်ရန် စေလွှတ်သည့် တတိယအသုတ် မြန်မာမျိုးချစ် လူငယ်များနှင့်အတူ ၁၉၄၁-ခုနှစ် မေလတွင် ကိုဆိုင်မာရူး သင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၁၉၄၁-ခုနှစ် မေလကုန်တွင် ဂျပန်နိုင်ငံ ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွန်းတွင် စစ်ပညာများ သင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) ရေကြောင်းချီ တပ်ဖွဲ့ (မြိတ်စစ်ကြောင်း)ဖြင့် မြန်မာနိုင်ငံတွင်းချီတက်ကာ ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့သည်။ ၂၇ ဇူလိုင် ၁၉၄၂-ခုနှစ်တွင် ဘီအိုင်အေဖျက်သိမ်း၍ ဘီဒီအေ ဖွဲ့သည့်အခါ တပ်ခွဲ(၂)တွင် ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလက တိုင်း ၆(မိတ္ထီလာ၊ ပျဉ်းမနား၊ တောင်ငူနှင့် တောင်ပိုင်း ရှမ်းပြည်)တွင် ဒုတိယတိုင်းမှူးအဖြစ် ဖက်ဆစ်ဂျပန်တို့ကို တော်လှန် တိုက်ခိုက်ခဲ့သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးအပြီးတွင် တပ်မတော် မှနုတ်ထွက်ခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ပျဉ်းမနားနယ်တွင် ဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ရာ ၁၉၄၉-ခုနှစ် ဖေဖော်ဝါရီလတွင် ဗိုလ်တောက်ထိန်သည် ရဲအဖွဲ့၊ သစ်တောလက်နက်ကိုင်တပ်ဖွဲ့၊ စစ်ဝန်ထမ်းတပ်ဖွဲ့၊ မီးရထားလက်နက်ကိုင်အဖွဲ့၊ ကျောင်းသားရဲခေါင်များတပ်ဖွဲ့၊ မီးသတ်ကာကွယ်ရေးအဖွဲ့များကို ဦးစီးခေါင်းဆောင်ကာ သောင်းကျန်းမှု ကာကွယ်ရေးကော်မတီကို ဖွဲ့စည်းခဲ့သည်။ ထို့နောက် ဗိုလ်တောက်ထိန်သည် ပြည်သူ့ငြိမ်းချမ်းရေး ပြောက်ကျားတပ်ကို ဦးဆောင်ဖွဲ့စည်းပြီး ၂၈-မတ် ၁၉၅၀-ပြည့်နှစ်တွင် ကွန်မြူနစ်လက်အောက် ကျရောက်နေသော ပျဉ်းမနားမြို့အား ဗမာ့တပ်မတော် တပ်ရင်း (၁)ဗိုလ်မှူးကြီး ထွန်းစိန်နှင့် ပူးပေါင်းကာ ပြန်လည်သိမ်းပိုက်ခဲ့သည်။

## ပါတီနိုင်ငံရေး

မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီးနောက် ပျဉ်းမနားခရိုင် ဗမာပြည်ဆိုရှယ်လစ်ပါတီဥက္ကဋ္ဌနှင့် ဖဆပလဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သည်။

http://www.cherrythitsar.org



၁၉၅၁-ပထမအကြိမ် ပါလီမန် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် ဖ ဆ ပ လ အမတ်လောင်းအဖြစ် ပျဉ်းမနားမဲဆန္ဒနယ်မှ လည်းကောင်း၊ ၁၉၅၆ ဒုတိယအကြိမ် ပါလီမန်ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် ဖ ဆ ပ လ အမတ်လောင်းအဖြစ် ပျဉ်းမနား မြောက်ပိုင်း မဲဆန္ဒနယ်မှလည်းကောင်း ဝင်ရောက်အရွေးခံရာ လွှတ်တော်အမတ်အဖြစ် ရွေးကောက် တင်မြှောက်ခံရသည်။ ၁၉၅၈-ခုနှစ် ဖ ဆ ပ လ နှစ်ခြမ်းကွဲရာတွင် တည်မြဲ ဖ ဆ ပ လ တွင် ပါဝင်ခဲ့သည်။ ၁၉၆၀-ပြည့်နှစ် တတိယအကြိမ် ပါလီမန်ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် တည်မြဲ ဖ ဆ ပ လ အမတ်လောင်းအဖြစ် ပျဉ်းမနားမြောက်ပိုင်း မဲဆန္ဒနယ်မှ ဝင်ရောက်အရွေးခံရာ လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

၈ ဩဂုတ် ၁၉၈၈-အရေးအခင်းအပြီးတွင် နိုင်ငံရေးပါတီများ တရားဝင်ဖွဲ့ခွင့်ပြုသည့်အခါ ပျဉ်းမနားမြို့နယ် ပြည်ထောင်စုမြန်မာနိုင်ငံ ဖဆပလ ဗဟိုအဖွဲ့ချုပ်နှင့် ဒီမိုကရေစီပါတီတို့တွင် နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၀-ပြည့်နှစ်တွင် ဒီမိုကရေစီ ပါတီနာယကအဖြစ်မှ နုတ်ထွက်ခဲ့သည်။

**ဆုတံဆိပ်ရေးရာ**

၂၇ မတ် ၁၉၅၉-ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်းခံခဲ့ရသည်။

၇ ဇွန် ၁၉၈၀-ပြည့်နှစ်တွင် နိုင်ငံတော်၏ အကျိုးကို ဦးစီးဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ချီးမြှင့်ခြင်းခံခဲ့ရသည်။

**နိဂုံး**

၁၈ ဧပြီ ၁၉၉၆-ခုနှစ်တွင် ပျဉ်းမနားမြို့၌ ကွယ်လွန်သည်။

**လက်မှတ်**





ဗိုလ်မှူးအောင်

# ဗိုလ်မှူးအောင်

အမည်ရင်း ကိုစံလှိုင်ဖြစ်သည်။ တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်သောအခါ သခင်စံလှိုင် ဖြစ်လာခဲ့သည်။ ဂျပန်စစ်ပညာ သင်တန်းတက်စဉ်က ဂျပန်အမည်မှာ အိုမူရာတာဒါရှိ ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်တွင် ရဲဘော်သုံးကျိပ်ဝင်များ ဗိုလ်အမည်ခံယူရာတွင် ဗိုလ်မှူးအောင် ဖြစ်လာခဲ့သည်။

ဗိုလ်မှူးအောင်ကို ၃၀ ဩဂုတ် ၁၉၁၀ ပြည့်နှစ်တွင် ပဲခူးတိုင်း ကျောက်တံခါးမြို့၌ ဦးရွှေမှန် ဒေါ်ဖော့ မိဘနှစ်ပါးတို့မှ မွေးဖွားသည်။ ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

**ကျောင်းသားဘဝနှင့် ပညာရေးရာ**

၁၉၃၀ ပြည့်နှစ်တွင် ဖြူးမြို့၌ ရဟန်းခံကာ သာသနာ့ဘောင် ဝင်ရောက်ခဲ့သည်။ ရဟန်းဘဝဖြင့် ပထမကြီးတန်း စာမေးပွဲအောင်မြင်ခဲ့သည်။

**အသက်မွေးမှုဘဝ**

လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ခဲ့သည်။

**အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်**

၁၉၃၉ ခုနှစ်တွင် ဖြူးမြို့နယ် တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်၍ နိုင်ငံရေး ဆောင်ရွက်ခဲ့သည်။ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံး၏ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

http://www.cherrythitsar.org



ဂျပန်နိုင်ငံသို့ စစ်ပညာသင်ရန် စေလွှတ်သည့် စတုတ္ထအသုတ် မြန်မာမျိုးချစ်လူငယ်များနှင့်အတူ ၈ ဇူလိုင် ၁၉၄၁ ခုနှစ်တွင် ကိုရီယုမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၂၂ ဇူလိုင် ၁၉၄၁ ခုနှစ်တွင် ရှန်ဟိုင်းသို့ ရောက်ရှိခဲ့သည်။ ၂၄ ဇူလိုင် ၁၉၄၁ ခုနှစ်တွင် ရှန်ဟိုင်းမှ လေယာဉ်ပျံဖြင့် ဂျပန်နိုင်ငံ ကျူးရှူးကျွန်း နာဂါဆာကီးမြို့ အနီးရှိ ရေတပ်စခန်းသို့ ရောက်ရှိခဲ့သည်။ ထိုမှတစ်ဆင့် ဟာကိုနီတောင်ပေါ်စခန်းမြို့သို့ သွားရောက် အပန်းဖြေခဲ့ကြသည်။ ၈ ဩဂုတ် ၁၉၄၁ ခုနှစ်တွင် တိုကျိုမှဟိုင်နန်ကျွန်းသို့ လေယာဉ်ပျံဖြင့် သွားရောက်ရာ ၁၁ ဩဂုတ် ၁၉၄၁ ခုနှစ်တွင် ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွန်းတွင် စစ်ပညာများ သင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ် နှင့် မော်လမြိုင်စစ်ကြောင်း မြန်မာနိုင်ငံတွင်း ချီတက်စဉ် လက်နက်ခဲယမ်းမီးကျောက်နှင့် သယ်ယူပို့ဆောင်ရေး တပ်ဖွဲ့နှင့်အတူ ချီတက်ခဲ့သည်။ ဘီအိုင်အေတပ်ရင်း ၂ ၏ တပ်ရေးဗိုလ်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၇ ဇူလိုင် ၁၉၄၂ ခုနှစ်တွင် ဘီအိုင်အေကို ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် ဖွဲ့စည်းသောအခါ ဘီဒီအေ တပ်ရင်း ၅ ၏ တပ်ရင်းမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

၂၃ ဩဂုတ် ၁၉၄၄ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း နေအိမ်၌ ကျင်းပသော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ဖွဲ့စည်းရေး အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလက တိုင်း ၇ (သရက်၊ အာလံ၊ မကွေး၊ မင်းဘူး)တွင် တိုင်းမှူးအဖြစ် တာဝန်ယူကာ ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ခိုက်ခဲ့သည်။

၁၂ ဩဂုတ် ၁၉၄၅ ခုနှစ်တွင် ဗမာ့တပ်မတော်ခေါင်းဆောင် အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ပြည်သူ့ရဲဘော်တပ်ဖွဲ့ တည်ထောင်ရာတွင် ဆော်ဩရေးမှူး အဖြစ် လည်းကောင်း၊ ပြည်သူ့ရဲဘော်တပ်ဖွဲ့ ဖွဲ့စည်းပြီးနောက် ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၉ ဧပြီ ၁၉၄၇ ခုနှစ် တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲတွင် ဖဆပလ အမတ်လောင်းအဖြစ် သရက်တောင် မဲဆန္ဒနယ်မြေမှ ဝင်ရောက် အရွေးခံရာ လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

http://www.cherrythitsar.org



၁၉၄၈-၄၉ ခုနှစ်တွင် ပြန်လည်ထူထောင်ရေးဌာနဝန်ကြီး အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၆ ဇူလိုင် ၁၉၅၈ ခုနှစ်တွင် သန့်ရှင်း ဖဆပလ အစိုးရ အဖွဲ့၌ ဒုတိယဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၀ မှ ၁၉၆၂ ခုနှစ် မတ်လအထိ ပြည်ထောင်စုအစိုးရအဖွဲ့တွင် လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဌာန ဝန်ကြီးအဖြစ်လည်းကောင်း ကာကွယ်ရေးဝန်ကြီး အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၄ ဒီဇင်ဘာ ၁၉၆၈ ခုနှစ်တွင် တော်လှန်ရေးကောင်စီ ဖွဲ့စည်းပေးသည့် ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့တွင် အဖွဲ့ဝင် အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

**ပါတီနိုင်ငံရေး**

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ဖဆပလ အဖွဲ့ချုပ်တွင် ပါဝင်၍ နိုင်ငံရေး ဆောင်ရွက်ခဲ့သည်။ ဝန်ကြီးချုပ် သခင်နု၏ လက်ဝဲညီညွတ်ရေး မူနှင့် ပတ်သက်၍ ပြည်သူ့ရဲဘော်အဖွဲ့ အဖြူနှင့်အဝါ ကွဲပြားသည့်အချိန်တွင် ပြည်သူ့ရဲဘော်အဝါအဖွဲ့ကို ခေါင်းဆောင်ခဲ့သည်။ ၁၆ ဇူလိုင် ၁၉၄၈ ခုနှစ် တွင် ဖွဲ့စည်းသော လက်ဝဲညီညွတ်ရေးကောင်စီတွင် ပြည်သူ့ရဲဘော် ကိုယ်စားလှယ်အဖြစ် ပါဝင်ခဲ့သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါလီမန်ပြည်သူ့လွှတ်တော် ပထမ အကြိမ် ရွေးကောက်ပွဲ (၁၉၅၁) နှင့် ဒုတိယအကြိမ်ရွေးကောက်ပွဲ (၁၉၅၆) တို့တွင် ဖဆပလအမတ်လောင်းအဖြစ် ကြည့်မြင်တိုင် မြောက်ပိုင်း မဲဆန္ဒ နယ်မြေမှ ဝင်ရောက်အရွေးခံရာ လွှတ်တော်အမတ်အဖြစ် ရွေးကောက် တင်မြှောက်ခြင်း ခံရသည်။

၁၉၅၈ ခုနှစ် ဖဆပလ အဖွဲ့ နှစ်ခြမ်းကွဲသောအခါ သန့်ရှင်း ဖဆပလ အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ် တတိယ အကြိမ် ပါလီမန်ရွေးကောက်ပွဲတွင် သန့်ရှင်း အမတ်လောင်းအဖြစ် ကြည့်မြင်တိုင်မြောက်ပိုင်း မဲဆန္ဒနယ်မြေမှ ဝင်ရောက်အရွေးခံရာ လွှတ်တော် အမတ်အဖြစ် ရွေးကောက် တင်မြှောက်ခြင်း ခံရသည်။ ပြည်ထောင်စုပါတီ နှင့် ဗ-တ-လ-စ တို့တွင် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၇ မတ် ၁၉၆၁ ခုနှစ်တွင် ပြည်ထောင်စုပါတီ အမှုဆောင်တစ်ဖွဲ့လုံးနှင့် အတူ

http://www.cherrythitsar.org



နုတ်ထွက်ခဲ့သည်။ ၂၀ မတ် ၁၉၆၁ ခုနှစ်တွင် ဖွဲ့စည်းသော ပြည်ထောင်စုပါတီ ထိန်းသိမ်းရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။

၁၉၇၂ ခုနှစ် ဇူလိုင်လတွင် ရန်ကုန်ဘဆွေနှင့်အတူ ထိုင်းနိုင်ငံသို့ သွားရောက်ပြီး ဦးနုဦးဆောင်သည့် ပါလီမန်ဒီမိုကရေစီ ပါတီ (Parliamentary Democracy Party) တွင် ပါဝင်ခဲ့သည်။ ပါလီမန် ဒီမိုကရေစီပါတီတွင် အနောက်မြောက်တိုင်းမှူးအဖြစ် လည်းကောင်း၊ အားသစ်စာစောင်၏ တွဲဖက်အယ်ဒီတာအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၁ ဇန်နဝါရီ ၁၉၇၅ ခုနှစ်တွင် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့ညီညွတ်ရေးပါတီ (ဖဆညပ) (Anti-Fascist People's Unity Party) ကို သီးခြား တည်ထောင်ခဲ့သည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီမှ ၂၈ မေ ၁၉၈၀ ပြည့်နှစ်တွင် လွတ်ငြိမ်းချမ်းသာခွင့် အမိန့် (၂/၈၀)ကို ကြေညာခဲ့ပြီးနောက် ၂၁ ဇွန် ၁၉၈၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ ပြန်လည်ရောက်ရှိခဲ့သည်။

၁၉၈၈ အရေးအခင်းအပြီးတွင် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး အဖွဲ့ချုပ် (ဒီ/ငြိမ်း)တွင် ဒုဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း တာဝန်ယူ ဆောင်ရွက်ခဲ့သည်။ တပ်မတော်မှ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ယူပြီးနောက် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဗိုလ်မှူးအောင်သည် အိန္ဒိယဝန်ကြီးချုပ်ရာဂျစ်ဂန္ဒီထံ ၎င်းတို့အား စစ်ရေးအကူအညီပေးရန် စာရေးသား တင်ပြတောင်းခံခဲ့သည်။

## အခြားဆောင်ရွက်ချက်များ

၁ ဇူလိုင် ၁၉၅၄ ခုနှစ်တွင် ရွှေတိဂုံစေတီ ဂေါပကလူကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၈၈ အရေးအခင်းကာလအတွင်း ၉ စက်တင်ဘာ ၁၉၈၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် ဦးနု ဝန်ကြီးချုပ်အဖြစ် ဦးဆောင်သည့် စင်ပြိုင်အစိုးရတွင် လွှတ်တော်ဥက္ကဋ္ဌအဖြစ် ပါဝင်ခဲ့သည်။

http://www.cherrythitsar.org



၂၉ ဒီဇင်ဘာလ ၁၉၈၉ခုနှစ်တွင် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(ခ)အရ တားဆီးမိန့် ထုတ်ပြန်ခံခဲ့ရသည်။

၁၁ အောက်တိုဘာ ၁၉၉၀ ပြည့်နှစ်တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အမိန့် ၅/၉၀ ကို ထုတ်ပြန်ခဲ့ပြီး ဒီ/ငြိမ်း ၏ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်ဖြစ်သူ ဗိုလ်မှူးအောင်အား စင်ပြိုင်အစိုးရ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ပယ်ဖျက်ခြင်း မရှိသေးသည့်အတွက် ဥပဒေနှင့်အညီ ရပ်တည်နေသူ မဟုတ်သဖြင့် ဒီ/ငြိမ်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် အမည်စာရင်းမှ ပယ်ဖျက်ခဲ့သည်။

**ဆုတံဆိပ်ရေးရာ**

၁၉၅၆ ခုနှစ်တွင် "သတိုးသီရိသုဓမ္မဘွဲ့" ချီးမြှင့်ခံခဲ့ရသည်။

၂၇ မတ် ၁၉၅၉ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံး ကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့် ဆံဖျားကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) တံဆိပ် ချီးမြှင့် ဂုဏ်ပြုခြင်းခံခဲ့ရသည်။

၄ ဇန်နဝါရီ ၁၉၈၁ ခုနှစ်တွင် နိုင်ငံတော်၏အကျိုးကို ဦးစီး ဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ချီးမြှင့်ခြင်း ခံခဲ့ရသည်။ သို့သော် ထိုဘွဲ့ကို ၂ အောက်တိုဘာ ၁၉၈၂ ခုနှစ်တွင် ပြန်လည်ရုပ်သိမ်း ခံရသည်။

**လက်မှတ်**





ဗိုလ်မြင့်အောင်

http://www.cherrythitsar.org

# ဗိုလ်မြင့်အောင်

အမည်ရင်း မောင်ဖိုးစိုးဖြစ်သည်။ တို့ဗမာအစည်းအရုံး ဝင်ရောက်သောအခါ သခင်စိုး ဖြစ်လာခဲ့သည်။ ဂျပန်စစ်ပညာသင်တန်း တက်စဉ်က ဂျပန်အမည်မှာ ကိုနို ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်တွင် ရဲဘော်သုံးကျိပ်ဝင်များ ဗိုလ်အမည်ခံယူရာတွင် ဗိုလ်မြင့်အောင် ဖြစ်လာခဲ့သည်။

ဗိုလ်မြင့်အောင်ကို ၁၄ နိုဝင်ဘာ ၁၉၁၇ ခုနှစ်တွင် ပန်းတောင်းမြို့နယ် သူရဲတန်းကျေးရွာ၌ ဦးပန်း၊ ဒေါ်သက်ရှည် မိဘနှစ်ပါးတို့မှ မွေးဖွားသည်။ ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

## ကျောင်းသားဘဝနှင့်ပညာရေးရာ

အထက်တန်းပညာရေးအဆင့်ထိ ပညာသင်ကြားခဲ့သည်။

## အမျိုးသားရေးဆောင်ရွက်ချက်

သခင်ကိုယ်တော်မှိုင်း သခင်မြ တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်၍ နိုင်ငံရေးဆောင်ရွက်ခဲ့သည်။ ဂျပန်နိုင်ငံသို့ စစ်ပညာ သင်ကြားရန် စေလွှတ်သည့် မြန်မာမျိုးချစ်လူငယ် ဒုတိယအသုတ်နှင့် အတူ ၁၃ ဧပြီ ၁၉၄၁ ခုနှစ်တွင်

ကိုင်ရှိမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၂၈ ဧပြီ ၁၉၄၁ ခုနှစ်တွင် ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ ရောက်ရှိခဲ့သည်။ ထိုမှတစ်ဆင့် ဟာနီကို တောင်ပေါ်စခန်းမြို့သို့ သွားရောက် အပန်းဖြေခဲ့ကြသည်။ ၉ မေ ၁၉၄၁ ခုနှစ်တွင် လေယာဉ်ပျံဖြင့် တိုကျိုမှ ဟိုင်နန်ကျွန်းသို့ သွားရောက်ရာ ၁၀ မေ ၁၉၄၁ ခုနှစ်တွင် ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွန်းတွင် စစ်ပညာများ သင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် ထားဝယ် စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်း ချီတက်၍ ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့သည်။ ၂၇ ဇူလိုင် ၁၉၄၂ ခုနှစ်တွင် ဘီအိုင်အေဖျက်သိမ်းပြီး ဗမာ့ကာကွယ်ရေး တပ်မတော် (ဘီဒီအေ) ဖွဲ့စည်းသောအခါ ဗိုလ်ကြီးအဆင့်ဖြင့် စက်အမြောက်တပ်ရင်းတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

ဖက်ဆစ်ဂျပန် တော်လှန်ရေးကာလက တိုင်း "၇" (သရက်၊ အာလံ၊ မကွေး၊ မင်းဘူး) တွင် တာဝန်ကျပြီး စက်အမြောက် တပ်ရင်းကို ခေါင်းဆောင်၍ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးအပြီးတွင် နတ္တလင်းမြို့သို့ ဗိုလ်ချုပ်အောင်ဆန်း ရောက်ရှိလာရာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မြင့်အောင်၊ ဗိုလ်ဗလတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

## ဆုတံဆိပ်ရေးရာ

၂၇ မတ် ၁၉၅၉ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့် လူမျိုးလွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်မှုကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်း ခံခဲ့ရသည်။

http://www.cherrythitsar.org



**ဘဝနိဂုံး**

၂၄ ဇွန် ၁၉၄၅ ခုနှစ်တွင် နတ္တလင်းမြို့၌ ကိုယ့်ကိုယ်ကို သတ်သေခဲ့သည်။

http://www.cherrythitsar.org



**ဗိုလ်ထိန်ဝင်း**

http://www.cherrythitsar.org

# ဗိုလ်ထိန်ဝင်း

အမည်ရင်းကိုဆောင်း ဖြစ်သည်။ ကိုဆောင်း၏ ဂျပန်အမည်မှာ မွန်ရဟိရိုရှိ ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရဲဘော်သုံးကျိပ်ဝင်များ ဗိုလ်အမည်ခံယူရာတွင် ဗိုလ်ထိန်ဝင်း ဖြစ်လာခဲ့သည်။

ဗိုလ်ထိန်ဝင်းကို ၁၇ မေ ၁၉၁၄ ခုနှစ်တွင် ပဲခူးခရိုင် ရွှေကျင်မြို့၌ ဦးလွန်းမောင်၊ ဒေါ်ပွား မိဘနှစ်ပါးတို့မှ မွေးဖွားသည်။

**ကျောင်းသားဘဝနှင့်ပညာရေးရာ**

ညောင်လေးပင်မြို့ အမျိုးသား အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး အင်္ဂလိပ်မြန်မာ ၁၀ တန်းစာမေးပွဲ အောင်မြင်ခဲ့သည်။

**အသက်မွေးမှုဘဝ**

၁၉၃၆-၃၇ ခုနှစ်တွင် ခေတ်သစ်သဘင်အဖွဲ့ တည်ထောင်ခဲ့သည်။ မျက်လှည့်ပညာလည်း ပြသခဲ့သည်။

**အမျိုးသားရေးဆောင်ရွက်ချက်**

ဂျပန်နိုင်ငံ တိုကျိုမြို့ လက်မှုပညာအတတ်သင်တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေစဉ် ဗိုလ်မှူးကြီးစူဇူကီးနှင့် ဆက်သွယ်မိခဲ့သည်။

http://www.cherrythitsar.org



ဗိုလ်မှူးကြီးစူဇူကီးသည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုတွင် ကိုဆောင်း တက်ကြွစွာ ပါဝင်လိုကြောင်း သိရသောအခါ ဂျပန်နိုင်ငံ ရောက်ရှိနေသည့် သခင်အောင်ဆန်း၊ သခင်လှမြိုင်တို့နှင့် တွေ့ဆုံပေးခဲ့သည်။ ဂျပန်စစ်ဦးစီး ဌာနချုပ်က မြန်မာနိုင်ငံကို စည်းရုံး သိမ်းသွင်းရန် မိနာမီအဖွဲ့ ဖွဲ့စည်းသော အခါ အဖွဲ့ဝင်ဖြစ်လာခဲ့သည်။

မိနာမီအဖွဲ့ဝင် ဖြစ်လာပြီးနောက် ထိုင်းနိုင်ငံတွင် လျှို့ဝှက် တာဝန် ထမ်းဆောင်ရန် အဆာဟိစန်မာရူးသင်္ဘော (Asahi San Maru) ဖြင့် ၁ မတ် ၁၉၄၁ ခုနှစ်တွင် ဂျပန်နိုင်ငံမှ ထိုင်းနိုင်ငံသို့ ထွက်ခွာခဲ့ရာ ၁၂ မတ် ၁၉၄၁ ခုနှစ်တွင် ဗန်ကောက်မြို့သို့ ရောက်ရှိခဲ့သည်။ ကိုဆောင်းသည် ၂၃ မတ် ၁၉၄၁ ခုနှစ်မှ ၂၉ ဇူလိုင် ၁၉၄၁ ခုနှစ်ထိ ၅လခန့် ထိုင်းနိုင်ငံ ဇင်းမယ်မြို့ တွင် မြန်မာနိုင်ငံအတွင်း သူပုန်ထရေးအတွက် လက်နက်များ သွင်းရန်နှင့် မြန်မာနိုင်ငံမှ လျှို့ဝှက်စွာ ထွက်ခွာလာသော မျိုးချစ်လူငယ်များအား စောင့်ကြို ရန် တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ကိုဆောင်းသည် သခင်သန်းတင်ကို ဂျပန်နိုင်ငံသို့ပို့ပေးရန် ၁၅ ဩဂုတ် ၁၉၄၁ ခုနှစ်တွင် ဒေလီမာရူးသင်္ဘော (Delhi Maru) ဖြင့် ဂျပန်နိုင်ငံ သို့ ထွက်ခွာခဲ့သည်။ ရဲဘော်သုံးကျိပ်ဝင်များ စစ်ပညာ သင်တန်းများ ပြီးဆုံးပြီးနောက် ထိုင်းနိုင်ငံ ဗန်ကောက်သို့ ရောက်ရှိခဲ့ရာ ကိုဆောင်းသည် ဗန်ကောက်မြို့ ဝါဒဖြန့်ဖြူးရေးဌာနမှနေ၍ မြန်မာဘာသာဖြင့် အသံလွှင့် ဝါဒ ဖြန့်ခဲ့သည်။ ၉ မေ ၁၉၄၂ ခုနှစ်တွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီး ပြန်ကြားရေးအရာရှိအဖြစ် တာဝန် ထမ်းဆောင် ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေး စတင်ပြီးနောက် ဂျပန်တပ်မတော် ရန်ကုန်မြို့မှ ဆုတ်ခွာသွားသည့်အခါ ဗိုလ်ထိန်ဝင်းသည် ဂျပန်တပ်မတော်နှင့်အတူ မော်လမြိုင်သို့ လိုက်ပါသွားခဲ့ရသည်။ မော်လမြိုင်တွင် ဂျပန်တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်နေရသော်လည်း ဗိုလ်ထိန်ဝင်းသည် ဖက်ဆစ်ဂျပန်တို့က မသက်ာ၍ ဖမ်းဆီးထားသည့် မြန်မာတော်လှန်ရေးသမားများ လွတ်မြောက်ရေး အတွက် အကူအညီများ ပေးခဲ့သည်။

**ဆုတံဆိပ်ရေးရာ**

၂၇ မတ် ၁၉၅၉ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနောက်ဆုံး ကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်) တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်းခံခဲ့ရသည်။

**ဘဝနိဂုံး**

ဗိုလ်ထိန်ဝင်းသည် မော်လမြိုင်တွင်ရှိစဉ် ကျန်းမာရေးမကောင်း၍ ထိုင်းနိုင်ငံသို့ ဆေးကုသရန် သွားရောက်ခဲ့ရာ ၁၉၄၅ နိုဝင်ဘာလတွင် ထိုင်းနိုင်ငံ လန်ပန်မြို့ (Lampang)၌ အဆုတ်နာ ရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

http://www.cherrythitsar.org



ဗိုလ်ဘုန်းမြင့်

# ဗိုလ်ဘုန်းမြင့်

အမည်ရင်း ကိုတင်အေး ဖြစ်သည်။ တို့ဗမာအစည်းအရုံး ဝင်ရောက်သောအခါ သခင်တင်အေး ဖြစ်လာခဲ့သည်။ ဂျပန်စစ်ပညာ သင်တန်းတက်စဉ်က ဂျပန်အမည်မှာ ချင်းဒါစိန်ဂျိ ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်တွင် ရဲဘော်သုံးကျိပ်ဝင်များ ဗိုလ်အမည်များ ခံယူရာတွင် ဗိုလ်ဘုန်းမြင့် ဖြစ်လာခဲ့သည်။

ဗိုလ်ဘုန်းမြင့်ကို ၃ ဇန်နဝါရီ ၁၉၂၀-ပြည့်နှစ်တွင် သာယာဝတီ ခရိုင် လက်ပံတန်းမြို့နယ် ကွမ်းခြံရွာ၌ ဦးဘ ဒေါ်ရွှေခဲ မိဘနှစ်ပါးတို့မှ မွေးဖွားသည်။ ဗမာလူမျိုး ဗုဒ္ဓဘာသာဝင် ဖြစ်သည်။

## ကျောင်းသားဘဝနှင့်ပညာရေးရာ

လက်ပံတန်းမြို့ ဆရာကြီးဦးစိန်၏ မြန်မာဘာသာ အထက်တန်းကျောင်းမှ နဝမတန်းအောင်မြင်ခဲ့သည်။ ထို့နောက် မင်းလှမြို့ နော်မန်ကျောင်းတွင် အလယ်တန်းဆရာဖြစ်သင်တန်း ဆက်လက်တက်ရောက်ခဲ့ရာ ၁၉၄၁-ခုနှစ်တွင် ထူးချွန်စွာ အောင်မြင်သဖြင့် ရွှေတံဆိပ် ချီးမြှင့်ခြင်း ခံခဲ့ရသည်။ မင်းလှမြို့နယ် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

## အသက်မွေးမှုဘဝ

၁၉၅၈-ခုနှစ် ဖဆပလအကွဲတွင် နိုင်ငံရေးလောကမှ အနားယူ၍ သစ်ကုန်သည်လုပ်ခဲ့သည်။

http://www.cherrythitsar.org



၁၉၆၄-ခုနှစ်တွင် ဆိုရှယ်လစ် စီးပွားရေးတည်ဆောက်မှု ကော်မတီ အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၆၆-ခုနှစ်မှ ၁၉၇၉-ခုနှစ်အထိ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင် အဖြစ် ဆောင်ရွက်ခဲ့သည်။

**အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်**

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန်စေလွှတ်သည့် ဒုတိယ အသုတ် မြန်မာမျိုးချစ်လူငယ်များနှင့်အတူ ၁၃ ဧပြီ ၁၉၄၁-ခုနှစ် တွင် ကိုရှိုမာရူး သင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၂၈ ဧပြီ ၁၉၄၁-ခုနှစ်တွင် ဂျပန်နိုင်ငံ အိုဆကာမြို့သို့ ရောက်ရှိခဲ့သည်။ ထိုမှတစ်ဆင့် တိုကျိုမြို့သို့ရောက်ရှိခဲ့သည်။ ထို့နောက် ဟာကိုနီ တောင်ပေါ်စခန်းမြို့တွင် အပန်းဖြေခဲ့ကြသည်။ ၉ မေ ၁၉၄၁-ခုနှစ် တွင် လေယာဉ်ပျံဖြင့် တိုကျိုမှ ဟိုင်နန်ကျွန်းသို့ ထွက်ခွာလာရာ ၁၀ မေ ၁၉၄၁-ခုနှစ်တွင် ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွန်းတွင် စစ်ပညာများသင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) မြန်မာနိုင်ငံတွင်း ချီတက် တိုက်ခိုက်ရန် စစ်ကြောင်းများ အသီးသီးသတ်မှတ်သောအခါ ဗိုလ်ဘုန်းမြင့်သည် ဂျပန်တပ်မ အမှတ် ၅၅ ၏ ဆက်သွယ်ရေးအရာရှိ အဖြစ် တာဝန်ထမ်းဆောင်ခဲ့ သည်။ ၂၇-ဇူလိုင် ၁၉၄၂-ခုနှစ်တွင် ဘီအိုင်အေဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေး တပ်မတော် (ဘီဒီအေ) ဖွဲ့စည်းသောအခါ ဗိုလ်ကြီးအဆင့်ဖြင့် တာဝန် ထမ်းဆောင်ခဲ့သည်။

ဖက်ဆစ်ဂျပန် တော်လှန်ရေးကာလတွင် တိုင်း ၇ (သရက်၊ အာလံ၊ မကွေး၊ မင်းဘူး) တွင် မျိုးချစ်ဗမာ့တပ်မတော် ပီဘီအက်(ဖ်) တပ်ရင်း ၁၀၃ ၏ တပ်ရင်းမှူးအဖြစ် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ခဲ့သည်။ မင်းလှလေယာဉ်ကွင်းကို ရဲဘော်သုံးယောက်တည်းဖြင့် စီးနင်းတိုက်ခိုက်ရာ ဂျပန် ခုနစ်ဦးသေ၍ လက်နက်ခဲယမ်းမီးကျောက် အမြောက်အမြားကို ဖျက်ဆီး နိုင်ခဲ့သည်။

http://www.cherrythitsar.org



**ပါတီနိုင်ငံရေး**

ဗမာပြည်ဆိုရှယ်လစ်ပါတီဝင်ဖြစ်သည်။ ၁၉၅၀-ပြည့်နှစ်တွင် ဗမာပြည် ဆိုရှယ်လစ်ပါတီနှစ်ခြမ်းကွဲသောအခါ ဗမာပြည် အလုပ်သမား လယ်သမားပါတီ တွင် ပါဝင်ခဲ့သည်။ ဗမာပြည် အလုပ်သမား လယ်သမားပါတီ သာယာဝတီ ခရိုင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၂-ပထမအကြိမ် ပါလီမန် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် ဗမာပြည် အလုပ်သမား လယ်သမားပါတီ အမတ်လောင်းအဖြစ် မင်းလှအနောက်ပိုင်းအုတ်ဖို မဲဆန္ဒ နယ်မြေမှ ဝင်ရောက်အရွေးခံရာ လွှတ်တော်အမတ်အဖြစ် ရွေးကောက် တင်မြှောက်ခံရသည်။ ၁၉၅၆- ဒုတိယအကြိမ် ပါလီမန် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် ပ မ ည တ အမတ်လောင်းအဖြစ် မိုးညိုမြို့နယ်မှ ဝင်ရောက်အရွေးခံရာ ရှုံးနိမ့်ခဲ့သည်။ ၁၉၅၅ မှ ၁၉၆၂-ခုနှစ်အထိ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေး တပ်ပေါင်းစု (ပ-မ-ည-တ)တွင် ပါဝင်၍ နိုင်ငံရေးဆောင်ရွက်ခဲ့သည်။

**ဆုတံဆိပ်ရေးရာ**

၂၇ မတ် ၁၉၅၉-ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု နောက်ဆုံးကဏ္ဍတွင် ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေး အတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်း ခံခဲ့ရသည်။

၇ ဇွန် ၁၉၈၀-ပြည့်နှစ်တွင် နိုင်ငံတော်၏ အကျိုးကို ဦးစီးဆောင်ရွက် ခဲ့သည့်အတွက် နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ချီးမြှင့်ခြင်းခံခဲ့ရသည်။

**ဘဝနိဂုံး**

၂၈ ဇူလိုင် ၁၉၈၉-ခုနှစ်တွင် လက်ပံတန်းမြို့တွင် ကွယ်လွန်ခဲ့သည်။

**လက်မှတ်**





ဗိုလ်မြင့်ဆွေ

# ဗိုလ်မြင့်ဆွေ

အမည်ရင်း ကိုထွန်းခင်ဖြစ်သည်။ တို့ဗမာအစည်းအရုံး ဝင်ရောက်ပြီး နောက် သခင် ထွန်းခင်ဖြစ်လာခဲ့သည်။ ဂျပန်စစ်ပညာသင်တန်း တက်ရောက်စဉ်က ဂျပန်အမည်မှာ နာကာမူရာဟီတိုရှိ ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်တွင် ရဲဘော်သုံးကျိပ်ဝင်များ ဗိုလ်အမည်ခံယူရာတွင် ဗိုလ်မြင့်ဆွေ ဖြစ်လာခဲ့သည်။

ဗိုလ်မြင့်ဆွေကို ၈ ဧပြီ၊ ၁၉၁၁ ခုနှစ်တွင် ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ သရက်တပင်ကျေးရွာ၌ ဦးဖိုးမောင်၊ ဒေါ်ငွေဝင်း မိဘနှစ်ပါးတို့မှ မွေးဖွားသည်။ ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

## ကျောင်းသားဘဝနှင့် ပညာရေးရာ

ရွှေတောင်အမျိုးသားကျောင်းမှ စတုတ္ထတန်း အောင်မြင်ခဲ့သည်။ မင်းဘူးမြို့ အလယ်တန်းကျောင်းမှ သတ္တမတန်း အောင်မြင်ခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် သီဟို (ယခု သီရိလင်္ကာ)နိုင်ငံ၊ ကိုလံဘိုမြို့ရှိ ဂျက်ဖနာကောလိပ် (Jaffner College) တွင် ပညာဆက်လက်သင်ကြားခဲ့ပြီး ဂျူနီယာကင်းဘရစ် (Junior Cambridge) တန်း အောင်မြင်ခဲ့သည်။

http://www.cherrythitsar.org



**အသက်မွေးမှုဘဝ**

တော်လှန်ရေး အစိုးရလက်ထက် ကုန်သွယ်ရေးကော်ပိုရေးရှင်း (၁၅) တွင် တာဝန်ထမ်းဆောင်ခဲ့သည်။

**အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်**

တို့ဗမာအစည်းအရုံးသို့ဝင်ရောက်၍ နိုင်ငံရေးဆောင်ရွက်ခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် ရေနံချောင်းမြို့၌ ကျင်းပသည့် တို့ဗမာအစည်းအရုံး၏ ပထမဆုံး အကြိမ် ညီလာခံတွင် ပြည်ခရိုင်ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ထိုညီလာခံမှနေ၍ သခင်ထွန်းခင်အား တို့ဗမာအစည်းအရုံးဌာနချုပ် အလုပ်အမှုဆောင်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ ၁၉၃၆ ခုနှစ်၊ မြင်းခြံတွင် ကျင်းပသည့် တို့ဗမာအစည်းအရုံး၏ ဒုတိယအကြိမ်မြောက် ညီလာခံတွင် ဌာနချုပ် ဘဏ္ဍာရေးမှူးအဖြစ် ရွေးချယ်ခြင်းခံရသည်။ ၁၉၃၈ ခုနှစ် တို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲသောအခါ သခင်ထွန်းအုပ် သခင်ဗစိန် တို့ဗမာအစည်းအရုံးတွင် ပါဝင်ခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် စေလွှတ်သည့် မြန်မာ မျိုးချစ်လူငယ် စတုတ္ထအသုတ်နှင့်အတူ ၈ ဇူလိုင်၊ ၁၉၄၁ ခုနှစ်တွင် ကိုရိယုမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ပြီး ၂၂ ဇူလိုင်၊ ၁၉၄၁ ခုနှစ်တွင် ရှန်ဟိုင်းသို့ ရောက်ရှိခဲ့သည်။ ၂၄ ဇူလိုင် ၁၉၄၁ ခုနှစ်တွင် ရှန်ဟိုင်းမှ လေယာဉ်ပျံဖြင့် ဂျပန်နိုင်ငံ ကျူးရှူးကျွန်း နာဂါစကီမြို့အနီးရှိ ရေတပ်စခန်းသို့ ရောက်ရှိခဲ့သည်။ ထိုမှတစ်ဆင့် ဟာကိုနီတောင်ပေါ်စခန်းမြို့တွင် ခေတ္တအပန်းဖြေခဲ့ကြသည်။ ၈ ဩဂုတ် ၁၉၄၁ ခုနှစ်တွင် တိုကျိုမှ ဟိုင်နန်ကျွန်းသို့ လေယာဉ်ပျံဖြင့် သွားရောက်ရာ ၁၁ ဩဂုတ် ၁၉၄၁ ခုနှစ်တွင် ဟိုင်နန်ကျွန်းသို့ ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွန်းတွင် စစ်ပညာများ သင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) မြန်မာနိုင်ငံတွင်း မချီတက်မီ ပြည်တွင်းသူပုန်အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံအတွင်း ဝင်ရောက်ခဲ့ရာ ၁၁ ဒီဇင်ဘာ ၁၉၄၁ ခုနှစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။ ရန်ကုန်မြို့သို့ ရောက်ရှိပြီးနောက် ပြည်သူ့အရေးတော်ပုံ ပါတီဝင်များနှင့် တွေ့ဆုံပြီး

http://www.cherrythitsar.org



ဂျပန်တပ်များ အကြောင်းနှင့် မှာကြားလိုက်သော ကိစ္စများကို သတင်းပို့ခဲ့သည်။ ထို့နောက် ရန်ကုန်မြို့၊ ဖျာပုံမြို့၊ ဘိုကလေးမြို့နှင့် ကျိုက်လတ်မြို့တို့တွင် စစ်ပညာသင်တန်းပေးခြင်း၊ စစ်လက်နက်ငယ် သင်တန်းပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

ဘီအိုင်အေတွင် ဗိုလ်မှူးကြီးရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၇ဇူလိုင် ၁၉၄၂ ခုနှစ်တွင် ဘီအိုင်အေဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)ဖွဲ့စည်းသောအခါ ဗိုလ်ကြီးရာထူးဖြင့် ရန်ကုန်စစ်ရုံးတွင် တာဝန် ထမ်းဆောင်ခဲ့သည်။ ထို့နောက် ပျဉ်းမနားစစ်ရုံးချုပ်၊ တပ်ရင်း(၄)၊ ပဲခူး စံပြ တပ်ရင်း၊ စစ်ဝန်ကြီးရုံးနှင့် လေ့ကျင့်ရေးဌာနရုံးတို့တွင် တာဝန် ထမ်းဆောင် ခဲ့သည်။

ဖက်ဆစ်ဂျပန် တော်လှန်ရေးကာလတွင် တိုင်းအမှတ် (၄) (ပဲခူး၊ ရွှေကျင်၊ သထုံ) တွင် ဒုတိယစစ်ခေါင်းဆောင်အဖြစ် ဖက်ဆစ်ဂျပန်များကို တော်လှန် တိုက်ခိုက်ခဲ့သည်။ ဂျပန်တော်လှန်ရေး အပြီးတွင် ဗမာ့တပ်မတော်မှ နုတ်ထွက်ခဲ့သည်။

## ပါတီနိုင်ငံရေး

ဖဆပလ အဖွဲ့ချုပ်တွင်ပါဝင်၍ နိုင်ငံရေး ဆောင်ရွက်ခဲ့သည်။ ၁၉၅၈ ခုနှစ်၊ ဖဆပလ နှစ်ခြမ်းကွဲသောအခါ သန့်ရှင်းဖဆပလ အဖွဲ့တွင် ပါဝင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ် တတိယအကြိမ် ပါလီမန် ရွေးကောက်ပွဲတွင် သန့်ရှင်းဖဆပလ အမတ်လောင်းအဖြစ် ပခုက္ကူအရှေ့ပိုင်း မဲဆန္ဒနယ်မြေမှ ဝင်ရောက်အရွေးခံရာ လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

## အခြားဆောင်ရွက်ချက်များ

၁၉၆၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ် မတ်လအထိ ပါလီမန်အတွင်းဝန် အဖြစ် ဆောင်ရွက်ခဲ့သည်။

http://www.cherrythitsar.org



**စာပေရေးရာ**

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် ရဲဘော်သုံးကျိပ်၏ အခန်းကဏ္ဍကို ဖော်ပြထားသည့် "ရဲဘော်သုံးကျိပ် ကိုယ်တွေ့မှတ်တမ်း" ကို ရေးသားပြုစုခဲ့သည်။

**ဆုတံဆိပ်ရေးရာ**

၂၇ မတ် ၁၉၅၉ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုးအတွက် သက်စွန့်ဆံဖျားကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်း ခံခဲ့ရသည်။

**ဘဝနိဂုံး**

၂၃ ဇန်နဝါရီ၊ ၁၉၇၃ ခုနှစ်တွင် ရန်ကုန်မြို့၌ နှလုံး သွေးကြောပိတ်ရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

**လက်မှတ်**



http://www.cherrythitsar.org



ဟိုင်နန်ကျွန်း-စစ်ကျောင်း၌ ရဲဘော်သုံးကျိပ်ဝင်အချို့-
ပူးတွဲရိုက်ကူးထားသည့်ပုံ။
(ဟိုင်နန်ကျွန်းစစ်ကျောင်းတွင် စစ်ပညာသင်ကြားနေသည့်-
ရဲဘော်သုံးကျိပ်ဝင်များအနက် ရဲဘော်အချို့ ဆရာများ-
ရေချိုးဆောင်၌ ရိုက်ကူးထားသည့်ပုံ။)
ဝဲ-မှ-ယာ-ဗိုလ်မင်းခေါင်၊ ဗိုလ်ချုပ်နေဝင်း၊ ဗိုလ်မြင့်ဆွေ၊
ဗိုလ်စောအောင်၊ ဗိုလ်မြင့်အောင်။



ဗိုလ်ရန်နိုင်

# ဗိုလ်ရန်နိုင်

အမည်ရင်း ကိုထွန်းရှိန်ဖြစ်သည်။ ဂျပန်စစ်ပညာသင်တန်း တက်စဉ်က ဂျပန်အမည်မှာ ယာမာရှီတာတေရုအို ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်တွင် ရဲဘော်သုံးကျိပ်ဝင်များ ဗိုလ်အမည်ခံယူရာတွင် ဗိုလ်ရန်နိုင်ဖြစ်လာခဲ့သည်။

ဗိုလ်ရန်နိုင်ကို ၂ နိုဝင်ဘာ ၁၉၁၈ ခုနှစ်တွင် အောင်လံမြို့နယ် ကမ္ဘလေး ကျေးရွာ၌ ဦးခန့် ဒေါ်သန့်မိဘနှစ်ပါးတို့မှ မွေးဖွားသည်။ ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

## ကျောင်းသားဘဝနှင့်ပညာရေးရာ

ကမ္ဘလေးကျေးရွာ ဆရာကြီးဦးချမ်းသာ၏ တိုင်းရင်းမြန်မာ စာသင်ကျောင်းတွင် မူလတန်းအဆင့်အထိ ပညာသင်ကြားခဲ့သည်။ အောင်လံမြို့တွင် အလယ်တန်းအဆင့်အထိ ပညာသင်ကြားခဲ့သည်။ ပြည်မြို့ အစိုးရ အထက်တန်းကျောင်းတွင် ပညာဆက်လက် သင်ကြားခဲ့သည်။ ၁၉၃၆ ကျောင်းသားသပိတ်ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့သည့်အတွက် အဖမ်းခံခဲ့ရသည်။ ၁၉၃၇ ခုနှစ်တွင် ဒသမတန်း အောင်မြင်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်သို့ တက်ရောက် ပညာသင်ကြားခဲ့သည်။ ၁၉၃၈-၃၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂ အမှုဆောင်အဖြစ်

http://www.cherrythitsar.org



ဆောင်ရွက်ခဲ့သည်။ သထုံကျောင်းဆောင်တွင် နေထိုင်ခဲ့သည်။ ၁၉၃၈ ရန်ကုန်တက္ကသိုလ် တတိယကျောင်းသားသပိတ် ခေါင်းဆောင်တစ်ဦး အဖြစ် ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ သံမဏိတပ်ကို တည်ထောင်ပြီး ပထမဆုံး တပ်မှူးအဖြစ် ဆောင်ရွက်ခဲ့ရာ သံမဏိထွန်းရှိန်ဟု ကျော်ကြားခဲ့သည်။ ၁၉၃၉-၄၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သမဂ္ဂနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂတွင် အထွေထွေ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၉ မတ် ၁၉၄၀ပြည့်နှစ် အိန္ဒိယ နိုင်ငံ ရမ်းဂါးမြို့တွင် ကျင်းပသော အိန္ဒိယ အမျိုးသားကွန်ဂရက်သို့ မြန်မာနိုင်ငံ ကျောင်းသားများ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။

၁၉၄၁-ခုနှစ် ဉပစာ ဝိဇ္ဇာတန်း နောက်ဆုံးနှစ်တွင် စစ်ပညာသင်ရန် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သဖြင့် ပညာသင်ကြားမှု ခေတ္တရပ်ဆိုင်းခဲ့သည်။ ၁၉၄၆-ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ပြန်လည်တက်ရောက် ပညာ သင်ကြား ခဲ့ရာ ၁၉၄၇ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ ထို့နောက် ဉပဒေပညာကို ဆက်လက်သင်ကြားခဲ့သည်။

**အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်-**

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် စေလွှတ်သည့် မြန်မာ မျိုးချစ် လူငယ်ပထမအသုတ်နှင့်အတူ ၁၀-မတ် ၁၉၄၁-ခုနှစ်တွင် ရွှန်းတင်းမာရူး သင်္ဘောဖြင့် ရန်ကုန်မြို့မှထွက်ခွာခဲ့ရာ ၂၇ မတ် ၁၉၄၁- ခုနှစ်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိခဲ့သည်။ တိုကျိုမြို့တွင် ၁၀ရက်ခန့် နေပြီးနောက် ၁၉၄၁-ခုနှစ် ဧပြီလတွင် စစ်ပညာသင်ကြားရန် တိုင်ဝမ်ကျွန်းမှတစ်ဆင့် ဟိုင်နန်ကျွန်းသို့ သွားရောက်ခဲ့သည်။ ဟိုင်နန်ကျွန်းတွင် စစ်ပညာ သင်ကြား ခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ ) ရေကြောင်းချီတပ်ဖွဲ့ (မြိတ် စစ်ကြောင်း)ဖြင့် မြန်မာနိုင်ငံတွင်း ချီတက်၍ ဗြိတိသျှ တို့ကို တိုက်ခိုက်ခဲ့သည်။ ၁၉၄၂ မတ်လတွင် ဗိုလ်ရန်နိုင် ဦးစီးတိုက်ခိုက်သည့် ရွှေတောင်တိုက်ပွဲသည် သမိုင်းတွင်သည့် တိုက်ပွဲတစ်ပွဲ ဖြစ်သည်။

http://www.cherrythitsar.org



၂၇ ဇူလိုင် ၁၉၄၂-ခုနှစ်တွင် ဘီအိုင်အေကို ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ဖွဲ့စည်းသောအခါ ဗိုလ်မှူးအဆင့်ဖြင့် တပ်ရင်း ၂-တပ်မှူးကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၃-ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ စစ်ရေးအတွင်းဝန် အဖြစ်လည်းကောင်း၊ အဓိပတိ ဒေါက်တာဘမော်၏ စစ်ရေးအတွင်းဝန် အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ စစ်ရေးအတွင်းဝန်အဖြစ် အရှေ့အာရှ ကွန်ဖရင့်တက်ရောက်ခဲ့သည်။ ဂျပန်ခေတ် မင်္ဂလာဒုံ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

## ပါတီနိုင်ငံရေး

ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရသောအချိန်၌ ဖဆပလ အစိုးရ၏ ပုဒ်မ (၅)ဖြင့် ဖမ်းဆီးခြင်းခံရသည်။ ၁၉၅၁-ခုနှစ်တွင် ထောင်မှ လွတ်လာပြီးနောက် ဒေါက်တာဘမော်၏ မဟာ ဗမာပါတီတွင်ပါဝင်၍ နိုင်ငံရေးဆောင်ရွက်ခဲ့သည်။ ထို့နောက် သုံးပွင့်ဆိုင်မဟာမိတ်အဖွဲ့၊ အတိုက်အခံပေါင်းစုံ မဟာမိတ်အဖွဲ့ (All opposition Alliance) နှင့် ပြည်ချစ် မဟာမိတ်အဖွဲ့ တို့တွင် ပါဝင်ခဲ့သည်။

၁၉၅၁-ပထမအကြိမ် ပါလီမန်ရွေးကောက်ပွဲတွင် မဟာ ဗမာ အမတ်လောင်းအဖြစ် သိမ်ဖြူမြောက်ပိုင်း မဲဆန္ဒနယ်မှ လည်းကောင်း၊ ၁၉၅၆-ခု ဒုတိယအကြိမ် ပါလီမန် ရွေးကောက်ပွဲတွင် အမျိုးသားအုပ်စု အမတ်လောင်းအဖြစ် ရမည်းသင်းမြောက်မဲဆန္ဒနယ်မှ လည်းကောင်း၊ ၁၉၆၀ တတိယကြိမ် ပါလီမန် ရွေးကောက်ပွဲတွင် အမျိုးသား မဟာမိတ်အဖွဲ့ အမတ်လောင်းအဖြစ် သရက်ရှေ့ပိုင်း မဲဆန္ဒနယ်မှလည်းကောင်း ဝင်ရောက်အရွေးခံရာ ရှုံးနိမ့်ခဲ့သည်။

၁၂-မတ် ၁၉၆၅-ခုနှစ်တွင် ဗိုလ်ရန်နိုင်သည် ဗိုလ်မှူးချုပ်ဟောင်း စောကြာဒိုး၊ ဇာလီမော်၊မစ္စတာပက်တို့ ပါဝင်သည့်အဖွဲ့နှင့် အတူ ထိုင်းနိုင်ငံသို့ လျှို့ဝှက်ထွက်ခွာခဲ့သည်။ ထို့နောက် ၁၉၆၆-ခုနှစ် မတ်လတွင် ထိုင်းမြန်မာ နယ်စပ်တွင် အမျိုးသားလွတ်မြောက်ရေး တပ်မတော် ဖွဲ့စည်းခဲ့သည်။ ၁၉၆၆-ခုနှစ် အောက်တိုဘာလတွင် အမျိုးသား လွတ်မြောက်ရေးကောင်စီကို ဖွဲ့စည်းခဲ့သည်။

http://www.cherrythitsar.org



၂၉ ဩဂုတ် ၁၉၆၉-ခုနှစ်တွင် ဦးနုဦးဆောင်သော ပါလီမန်ဒီမိုကရေစီ ပါတီ ဖွဲ့စည်းရာ၌ အလုပ်အမှုဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။ ပါလီမန်ဒီမိုကရေစီပါတီမှ ဦးနု နုတ်ထွက်သွားပြီးနောက် ဗိုလ်လက်ျာ ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် ပြည်သူ့ပြည်ချစ်ပါတီတွင် အလုပ်အမှုဆောင် တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။ ၁၈ ဇူလိုင် ၁၉၇၅-ခုနှစ် တွင် ပြည်သူ့ပြည်ချစ်ပါတီမှ ထုတ်ပယ်ခြင်းခံရသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီမှ ၂၈ မေ ၁၉၈၀-ပြည့်နှစ်တွင် လွတ်ငြိမ်းချမ်းသာခွင့် အမိန့် ၂/၈၀ ကို ကြေညာခဲ့ပြီးနောက် ၁၈ ဩဂုတ် ၁၉၈၀-ပြည့်နှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။

## အခြားဆောင်ရွက်ချက်များ

၁၉၆၀-ပြည့်နှစ် မတ်လတွင် နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ဝင်အဖြစ် အိန္ဒိယနိုင်ငံ သွားရောက်ခဲ့သည်။ ၁၉၆၀-ပြည့်နှစ် ဧပြီလတွင် ပုဂ္ဂလိကစီးပွားရေးကိစ္စဖြင့် အင်္ဂလန်နှင့် ဥရောပနိုင်ငံများသို့ သွားရောက်ခဲ့သည်။ ၁၉၆၁-ခုနှစ် ဇွန်လတွင် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ၁၆ ဒီဇင်ဘာလ ၁၉၈၇ ခုနှစ်တွင် ဂျပန်နိုင်ငံ တိုကျိုစက်မှုသုတေသနသိပ္ပံမှ မစ္စတာဟာရာ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ သွားရောက်ခဲ့သည်။ ၁၉၈၈-ခုနှစ်အတွင်း မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သော ဒီမိုကရေစီ တောင်းဆိုမှု ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့သည်။

## အထွေအထွေ

ဖက်ဆစ်ဂျပန် တော်လှန်ရေးကာလက ဂျပန်ကို တော်လှန်ခြင်းမှာ နည်းလမ်းမကျဟု ယူဆ၍ မပါဝင်ခဲ့ပေ။ ဒေါက်တာဘမော် ဦးစီးသော ဗမာနိုင်ငံအစိုးရအဖွဲ့ ရန်ကုန်မြို့မှ မော်လမြိုင်မြို့သို့ ဆုတ်ခွာရာတွင် မုဒုံမြို့အထိ လိုက်ပါခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် ဗန်ကောက်မြို့၌ ဗိုလ်ရန်နိုင်ကို အင်္ဂလိပ်တို့က ဖမ်းစီး၍ မြန်မာနိုင်ငံပြန်ပို့ခဲ့သည်။

http://www.cherrythitsar.org



**စာပေရေးရာ-**

"ရဲဘော်သုံးကျိပ်မှတ်တမ်း" ကို ရေးသားပြုစုခဲ့သည်။

**ဆုတံဆိပ်ရေးရာ-**

၁၉၄၂-မတ်လ ရွှေတောင်တိုက်ပွဲအပြီး ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)၏ သူရဲကောင်းတံဆိပ်(ဒုတိယအဆင့်) ရရှိခဲ့သည်။

၂၇-မတ် ၁၉၅၉ ခုနှစ်တွင် မြန်မာလွတ်လပ်ရေး ကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေး မော်ကွန်းဝင်(ဒုတိယဆင့်)တံဆိပ်ချီးမြှင့် ဂုဏ်ပြုခြင်း ခံခဲ့ရသည်။

၄-ဇန်နဝါရီ ၁၉၈၁-ခုနှစ်တွင် နိုင်ငံတော်၏ အကျိုးကို ဦးစီး ဆောင်ရွက်ခဲ့သည်အတွက် နိုင်ငံဂုဏ်ရည်ဘွဲ့(ပထမဆင့်)ချီးမြှင့်ခြင်းခံခဲ့ရသည်။

**ဘဝနိဂုံး**

၂၈ ဇန်နဝါရီ ၁၉၈၉-ခုနှစ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**လက်မှတ်**



http://www.cherrythitsar.org



ဗိုလ်လင်းယုန်

# ဗိုလ်လင်းယုန်

အမည်ရင်း ကိုထွန်းရွှေဖြစ်သည်။ တို့ဗမာအစည်းအရုံး ဝင်ရောက်သော အခါ သခင် ထွန်းရွှေဖြစ်လာခဲ့သည်။ ဂျပန်စစ်ပညာ သင်တန်းတက်စဉ်က ဂျပန်အမည်မှာ အုဆုမိစုစုမု ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်တွင် ရဲဘော်သုံးကျိပ်ဝင်များ ဗိုလ်အမည် ခံယူရာတွင် ဗိုလ်လင်းယုန် ဖြစ်လာခဲ့သည်။

ဗိုလ်လင်းယုန်ကို ၁၉၁၇ ခုနှစ် အောက်တိုဘာလတွင် တောင်ငူမြို့၌ ဦးအောင်သိန်း၊ ဒေါ်ဒေါ်စိမ်း မိဘနှစ်ပါးတို့မှ မွေးဖွားသည်။ ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

**အသက်မွေးမှုဘဝ**

တော်လှန်ရေးအစိုးရ လက်ထက်တွင် သစ်လုပ်ငန်းကော်ပိုရေးရှင်း ဒုတိယမန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

**အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်**

သခင်ကိုယ်တော်မှိုင်း သခင်မြ တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်၍ နိုင်ငံရေးဆောင်ရွက်ခဲ့သည်။ ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန်စေလွှတ်သည့်

http://www.cherrythitsar.org



မြန်မာမျိုးချစ်လူငယ် ဒုတိယအသုတ်နှင့်အတူ ၁၃ ဧပြီ ၁၉၄၁ ခုနှစ်တွင် ကိုင်ရှိုမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၂၈ ဧပြီ ၁၉၄၁ ခုနှစ်တွင် ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ ရောက်ရှိခဲ့သည်။ အိုဆာကာမှတစ်ဆင့် တိုကျိုမြို့သို့ ရောက်ရှိပြီး ဟာကိုနီတောင်ပေါ်စခန်းမြို့တွင် အပန်းဖြေခဲ့ကြသည်။ ထို့နောက် ၉ မေ ၁၉၄၁ ခုနှစ်တွင် တိုကျိုမှ လေယာဉ်ပျံဖြင့် ထွက်ခွာလာရာ ၁၀ မေ ၁၉၄၁ ခုနှစ်တွင် ဟိုင်နန်ကျွန်းသို့ ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွမ်းတွင် စစ်ပညာများ သင်ကြားခဲ့သည်။

ဗမာလွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) မြန်မာနိုင်ငံတွင်း မချီတက်မီ ပြည်တွင်း သူပုန် အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံတွင်း ဝင်ရောက်ခဲ့ရာ ၂ ဖေဖော်ဝါရီ ၁၉၄၂ ခုနှစ်တွင် ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မိုးညိုတို့နှင့် အတူ ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။ ရန်ကုန်မြို့သို့ ရောက်ရှိပြီးနောက် ပြည်သူ့အရေးတော်ပုံပါတီဝင်များနှင့် ဆက်သွယ်ကာ ရန်ကုန်မြို့၊ မင်းလှမြို့၊ ပဲခူးမြို့နှင့် မန္တလေးမြို့တို့တွင် စစ်ပညာ သင်တန်းပေးခြင်း၊ လက်နက်ငယ် သင်တန်းပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ၂၇ ဇူလိုင် ၁၉၄၂ ခုနှစ်တွင် ဘီအိုင်အေကို ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေး တပ်မတော် (ဘီဒီအေ) ဖွဲ့စည်းသောအခါ ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

ဖက်ဆစ် ဂျပန်တော်လှန်ရေးကာလက ခရမ်း၊ သုံးခွဒေသတွင် ဖက်ဆစ်ဂျပန်တို့ကိုတော်လှန်တိုက်ခိုက်ခဲ့သည်။

## ဆုတံဆိပ်ရေးရာ

၂၅ မတ် ၁၉၇၂ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုးအတွက် သက်စွန့်ဆံဖျားကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်း ခံခဲ့ရသည်။

http://www.cherrythitsar.org



**ဘဝနိဂုံး**

၈ ဧပြီ၊ ၁၉၇၄ ခုနှစ်တွင် လေဖြတ်ရောဂါဖြင့် ရန်ကုန်မြို့တွင် ကွယ်လွန်သည်။

**လက်မှတ်**



http://www.cherrythitsar.org



ဗိုလ်ဗလ

http://www.cherrythitsar.org

# ဗိုလ်ဗလ

အမည်ရင်း ကိုသန်းရင် ဖြစ်သည်။ တို့ဗမာအစည်းအရုံး ဝင်ရောက်ပြီးနောက် သခင်ထွန်းလွင် ဖြစ်လာခဲ့သည်။ ဂျပန်စစ်ပညာ သင်တန်းတက်စဉ်က ဂျပန်အမည်မှာ အိုတာနီဟုရိုရှိ ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်တွင် ရဲဘော်သုံးကျိပ်ဝင်များ ဗိုလ်အမည်ခံယူရာတွင် ဗိုလ်ဗလ ဖြစ်လာခဲ့သည်။

ဗိုလ်ဗလကို ၁၇ မတ် ၁၉၁၇-ခုနှစ်တွင် မြောင်းမြခရိုင် မော်လမြိုင်ကျွန်းမြို့နယ်ကျိုက်ပိရွာ၌ ဦးကျော်ဟန် ဒေါ်သိန်း မိဘ နှစ်ပါးတို့မှ မွေးဖွားသည်။ ဗမာလူမျိုး ဗုဒ္ဓဘာသာဝင် ဖြစ်သည်။

## ကျောင်းသားဘဝနှင့်ပညာရေးရာ

လပွတ္တာ အစိုးရအထက်တန်းကျောင်းတွင် သတ္တမတန်းအထိ ပညာသင်ကြားခဲ့သည်။

## အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်

၁၉၃၈-ခုနှစ်တွင် မြောင်းမြစီရင်စု တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်က နိုင်ငံရေး ဆောင်ရွက်ခဲ့သည်။ ၁၉၃၈-၃၉ မြောင်းမြ စီရင်စု ဗမာ့လက်ရုံးတပ်များ တည်ထောင်သောအခါ ခေါင်းဆောင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၃၈-သာယာဝတီ တို့ဗမာအစည်းအရုံး ညီလာခံတွင် မြောင်းမြခရိုင် ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ထိုညီလာခံတွင် သခင်ထွန်းခင်

http://www.cherrythitsar.org



သည် တို့ဗမာ အစည်းအရုံးဌာနချုပ် အလုပ်အမှုဆောင်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ ၁၉၃၈-ခု တို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲသောအခါ သခင်ကိုယ်တော်မှိုင်း၊ သခင်မြ တို့ဗမာအစည်းအရုံးတွင် ပါဝင်ခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် စေလွှတ်သည့် စတုတ္ထအသုတ် မြန်မာမျိုးချစ်လူငယ်များနှင့်အတူ ၈ ဇူလိုင် ၁၉၄၁-ခုနှစ်တွင် ကိုရီယုမာရူး သင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၂၂ ဇူလိုင် ၁၉၄၁-ခုနှစ်တွင် ရှန်ဟိုင်းသို့ ရောက်ရှိခဲ့သည်။ ၂၄ ဇူလိုင် ၁၉၄၁-ခုနှစ်တွင် ရှန်ဟိုင်းမှ လေယာဉ်ပျံဖြင့် ဂျပန်နိုင်ငံ ကျူးရှူးကျွန်း နာဂါစကီးမြို့အနီးရှိ ရေတပ်စခန်းသို့ ရောက်ရှိခဲ့သည်။ ထိုမှတစ်ဆင့် ဟာကိုနီတောင်ပေါ်စခန်းမြို့သို့ သွားရောက်ကာ အပန်းဖြေခဲ့ကြသည်။ ၈ ဩဂုတ် ၁၉၄၁-ခုနှစ်တွင် တိုကျိုမှ ဟိုင်နန်းကျွန်းသို့ လေယာဉ်ပျံဖြင့် သွားရောက်ကာ ၁၁ ဩဂုတ် ၁၉၄၁-ခုနှစ်တွင် ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွန်းတွင် စစ်ပညာများ သင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) ထားဝယ် စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်း ချီတက်၍ ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့သည်။ ၂၇ ဇူလိုင် ၁၉၄၂-ခုနှစ်တွင် ဘီအိုင်အေ ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ဖွဲ့စည်းသောအခါ ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

ဖက်ဆစ်ဂျပန် တော်လှန်ရေးကာလက ဗိုလ်ဗလဦးစီးသည့် တပ်ရင်း (၇) သည် ရှေ့တန်း စစ်ဦးစီးဌာနချုပ်၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ရှိပြီး တိုင်း(၆)နှင့် တိုင်း(၇)ဒေသအတွင်း ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ခဲ့သည်။

## ပါတီနိုင်ငံရေး

၁၉၅၈-ခုနှစ်တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့ပြီး နိုင်ငံရေး နယ်ပယ်သို့ ပြန်ဝင်ခဲ့သည်။ ၁၉၆၀-ပြည့်နှစ် တတိယအကြိမ် ပါလီမန်ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် သန့်ရှင်းဖဆပလ အမတ်လောင်းအဖြစ် ချောက်မြို့ မဲဆန္ဒနယ်မှ ဝင်ရောက် အရွေးခံရာ လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

http://www.cherrythitsar.org



**စာပေရေးရာ**

၁၈ ဇူလိုင် ၁၉၇၃-ခုနှစ် ကြေးမုံသတင်းစာတွင် "ထိုနေ့" ဆောင်းပါးကို ရေးသားခဲ့သည်။ ၁၉၇၄-ခုနှစ်တွင် "လွတ်လပ်ရေး ခရီးတစ်ထောက်" စာအုပ်ကို ရေးသားပြုစုခဲ့သည်။ ၁၁ ဧပြီလ ၁၉၇၄ ခုနှစ် ကြေးမုံသတင်းစာတွင် "ရဲဘော်သုံးကျိပ် ၃၄ နှစ်ခရီး" ဆောင်းပါးကို ရေးသားခဲ့သည်။

**ဆုတံဆိပ်ရေးရာ**

ဇန်နဝါရီ ၁၉၅၅ ခုနှစ်တွင် ယူဂိုစလားဗီးယား သမ္မတ တီးတိုး၏ စစ်သည်တော်ကောင်း (တတိယဆင့်) Military Merit (Third Class) ချီးမြှင့်ခြင်း ခံခဲ့ရသည်။

၂၇ မတ် ၁၉၅၉-ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျားကြိုးပမ်း ဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်း ခံခဲ့ရသည်။

၇ ဇွန် ၁၉၈၀-ပြည့်နှစ်တွင် နိုင်ငံတော်၏ အကျိုးကို ဦးစီးဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ချီးမြှင့်ခြင်းခံခဲ့ရသည်။

**လက်မှတ်**





သခင်ထွန်းအုပ်

http://www.cherrythitsar.org

# သခင်ထွန်းအုပ်

အမည်ရင်း ကိုထွန်းအုပ် ဖြစ်သည်။ တို့ဗမာအစည်းအရုံး ဝင်ရောက်သောအခါ သခင်ထွန်းအုပ် ဖြစ်လာခဲ့သည်။ သခင်ထွန်းအုပ်၏ ဂျပန်အမည်မှာ အိချိဟာရအိရှိရော ဖြစ်သည်။

သခင်ထွန်းအုပ်ကို ၇ ဒီဇင်ဘာ၊ ၁၉၀၇ ခုနှစ်တွင် ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ သိုက်တောရွာ၌ မြေပိုင်ရှင် ဦးရွှေ၊ ဒေါ်ရွှေသား မိဘနှစ်ပါးတို့မှ မွေးဖွားသည်။ ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

**ကျောင်းသားဘဝနှင့် ပညာရေးရာ**

သိုက်တောရွာ အလယ်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ထို့နောက် မှော်ဇာမြို့နှင့်ရန်ကုန်မြို့တို့တွင် ပညာ ဆက်လက်သင်ကြားခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် သီဟို (ယခု သီရိလင်္ကာ)နိုင်ငံ၊ ကိုလံဘိုမြို့ စိန့်ဂျိုးဇက်ကောလိပ် (St. Joseph's College) တွင် ပညာသင်ကြားခဲ့ပြီး စီနီယာကင်းဘရစ် (Senior Cambridge) တွင် အောင်မြင်ခဲ့သည်။ ထိုမှတစ်ဆင့် ဟာနနာကောလိပ် (Hanana College) တွင် ဆက်လက်ပညာ သင်ကြားခဲ့သည်။

http://www.cherrythitsar.org



**အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်**

၁၉၃၂ ခုနှစ်တွင် တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်၍ နိုင်ငံရေး ဆောင်ရွက်ခဲ့သည်။ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ၁၉၃၇ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၃၈ ခုနှစ်တွင် တစ်ကြိမ် အဖမ်းခံရသည်။ ၁၉၃၈ ခုနှစ်တွင် တို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲသောအခါ သခင်ထွန်းအုပ် သခင်ဗစိန် တို့ဗမာအစည်းအရုံးကို ဦးဆောင်ခဲ့သည်။

မြန်မာ့လွတ်လပ်ရေး အတွက် ဗြိတိသျှတို့ကို လက်နက်ကိုင် တော်လှန်ရန် ဂျပန်ဆရာဝန် စူဖူကီး မှတစ်ဆင့် ဂျပန်ကောင်စစ်ဝန် မစ္စတာဖူကိုင်းခေါ် မစ္စတာဟုမ္မာ (Mr. Fukai (a) Mr. Nonma) နှင့် ဆက်သွယ်ခဲ့သည်။ ဂျပန်ကောင်စစ်ဝန်၏ အကြံပေးချက်အရ သခင်ထွန်းအုပ်သည် ဗမာ့လက်ရုံးတပ် ဗိုလ်ချုပ် သခင်လှဖေ (ပင်ဖြူ) ကို ထိုင်းနိုင်ငံသို့ စေလွှတ်ရန်ကြိုးစားရာ မအောင်မြင်ခဲ့ပေ။

၁၀ ဇွန် ၁၉၄၀ ပြည့်နှစ်တွင် သခင်ထွန်းအုပ်သည် ဂျူဗလီဟော၌ ဂျပန်သွားစိုက်ဆရာဝန် မစ္စတာကိုကုဘု (Mr. Kokubu) နှင့် မြန်မာ့ လွတ်လပ်ရေးအတွက် ဂျပန်ထံမှ အကူအညီရရန် ထပ်မံ တွေ့ဆုံဆွေးနွေး ခဲ့သည်။ ထိုသို့ဆွေးနွေးပြီးနောက် သခင်ထွန်းအုပ်သည် သခင်ဗစိန်အား ထိုင်းနိုင်ငံဆိုင်ရာ ဂျပန်စစ်သံမှူးနှင့်တွေ့ဆုံရန် ၁၉၄၀ ပြည့်နှစ် အောက်တိုဘာလ တွင် ထိုင်းနိုင်ငံသို့ စေလွှတ်ခဲ့သည်။ သို့သော် သခင်ဗစိန်သည် ထိုင်းနိုင်ငံ နယ်စပ်ကို ဖြတ်ကျော်ရန် ကြိုးစားစဉ် ၁၃ အောက်တိုဘာ ၁၉၄၀ ပြည့်နှစ် တွင် ဗြိတိသျှ စုံထောက်များ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။

သခင်ထွန်းအုပ်သည် ၁၉၄၀ ပြည့်နှစ် အောက်တိုဘာလတွင် သခင် အောင်သန်း (ဗိုလ်စကြာ)အား ထိုင်းနိုင်ငံသို့ ထပ်မံစေလွှတ်ခဲ့သည်။

သခင်အောင်ဆန်းသည် ထိုင်းနိုင်ငံသို့ ချောမောစွာ ရောက်ရှိသွားပြီး ဂျပန်ရေတပ်စစ်သံမှူးနှင့် ဆက်သွယ်နိုင်ခဲ့သည်။ ထိုသို့ ဆက်သွယ်နိုင်ခဲ့ပြီး နောက် သခင်အောင်ဆန်းသည် သခင်ထွန်းအုပ်ထံ ဂျပန်နိုင်ငံ၌ စစ်ပညာ သင်ကြားရန် မြန်မာလူငယ် (၄၀)ခန့် စေလွှတ်ပေးရန် အကြောင်းကြားခဲ့သည်။ သခင်ထွန်းအုပ်သည် သခင်အောင်ဆန်း၏ အကြောင်းကြားချက်အရ ၁၉၄၁

http://www.cherrythitsar.org



ခုနှစ် မေလတွင် သခင်သစ် (ဗိုလ်စောနောင်)နှင့် သခင်ကျော်စိန် (ဗိုလ်မိုးညို) တို့အား ထိုင်းနိုင်ငံသို့ စေလွှတ်ခဲ့ရာ မအောင်မြင်ခဲ့ပေ။

သခင်ကိုယ်တော်မှိုင်း၊ သခင်မြ တို့ဗမာအစည်းအရုံးမှ ဗိုလ်မှူးကြီး စူဇူကီးနှင့် ဆက်သွယ်မိပြီး ဂျပန်နိုင်ငံသို့ စစ်ပညာ သင်ကြားရန် မြန်မာ မျိုးချစ်လူငယ်များ စေလွှတ်နေချိန်တွင် ဂျပန် သံအမတ်က သခင်ထွန်းအုပ် ကိုယ်တိုင် ဂျပန်နိုင်ငံသို့ သွားရောက်ရန် တိုက်တွန်းသည့်အတွက် မြန်မာ မျိုးချစ်လူငယ် စတုတ္ထအသုတ်နှင့် အတူ ၈ ဇူလိုင်၊ ၁၉၄၁ ခုနှစ်တွင် ကိုရီယုမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၂၂ ဇူလိုင်၊ ၁၉၄၁ ခုနှစ် တွင် ရှန်ဟိုင်းသို့ ရောက်ရှိခဲ့သည်။ ၂၄ ဇူလိုင် ၁၉၄၁ ခုနှစ်တွင် ရှန်ဟိုင်းမှ လေယာဉ်ပျံဖြင့် ဂျပန်နိုင်ငံ ကျူရှူးကျွန်း နာဂါစကီးမြို့အနီးရှိ ရေတပ်စခန်းသို့ ရောက်ရှိခဲ့သည်။ ထိုမှတစ်ဆင့် ဟာကိုနီတောင်ပေါ်စခန်းမြို့တွင် ခေတ္တ အပန်းဖြေခဲ့ကြသည်။

၈ ဩဂုတ် ၁၉၄၁ ခုနှစ်တွင် စတုတ္ထအသုတ် မြန်မာ မျိုးချစ်လူငယ် ၁၀ ဦး တိုကျိုမှ ဟိုင်နန်ကျွန်းသို့ ထွက်ခွာသွားသောအခါ သခင်ထွန်းအုပ်သည် အုပ်ချုပ်ရေးပညာများ လေ့လာရန် တိုကျိုတွင် နေရစ်ခဲ့သည်။

ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) စစ်ဌာနချုပ်နှင့် မော်လမြိုင် စစ်ကြောင်းတွင် ပါဝင်၍ မြန်မာနိုင်ငံတွင်း ချီတက်ခဲ့သည်။ ၁ ဩဂုတ် ၁၉၄၂ ခုနှစ် ဂျပန်စစ်အုပ်ချုပ်ရေးအောက်တွင် ဖွဲ့စည်းသည့် မြန်မာအစိုးရ အဖွဲ့တွင် သစ်တောရေးဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။

## ပါတီနိုင်ငံရေး

လွတ်လပ်ရေးရပြီးနောက် ပြည်သူ့ ငြိမ်းချမ်းရေး အဖွဲ့ပေါင်းစုံတွင် ပါဝင်၍ နိုင်ငံရေးဆောင်ရွက်ခဲ့သည်။ ၁၉၅၁ ခုနှစ်၊ ပထမအကြိမ် ပါလီမန် ရွေးကောက်ပွဲတွင် ကြည့်မြင်တိုင်တောင်ပိုင်း မဲဆန္ဒနယ်မှ ပြည်သူ့ငြိမ်းချမ်းရေး အဖွဲ့ပေါင်းစုံ အမတ်လောင်းအဖြစ် ဝင်ရောက်အရွေးခံရာ ရှုံးနိမ့်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံးကို ပြည်လည် ဖွဲ့စည်းခဲ့သည်။ ၁၉၅၅ ခုနှစ် ဩဂုတ်လတွင် အတိုက်အခံပေါင်းစုံ မဟာမိတ်

http://www.cherrythitsar.org



အဖွဲ့ (အမအ) ဖွဲ့စည်းရာတွင် ပါဝင်ခဲ့သည်။ ၁၉၅၆ ခုနှစ်၊ ဒုတိယ အကြိမ် ပါလီမန် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် ပြည်မဲဆန္ဒနယ်မြေနှင့် သဲကုန်း မဲဆန္ဒနယ်မြေမှ အမျိုးသားမဟာမိတ် အမတ်လောင်းအဖြစ် လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ် တတိယအကြိမ် ပါလီမန်ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် သိမ်ဖြူတောင်ပိုင်း မဲဆန္ဒနယ်မြေနှင့် တွံတေးမဲဆန္ဒနယ်မြေတို့မှ တို့ဗမာ အစည်းအရုံး အမတ်လောင်း အဖြစ်လည်းကောင်း ဝင်ရောက်အရွေးခံရာ ရှုံးနိမ့်ခဲ့သည်။

## အခြားဆောင်ရွက်ချက်များ

၁၉၄၂ ဩဂုတ်လတွင် ဒေါက်တာဘမော် ဦးဆောင်သော ဆင်းရဲသား ဝံသာနုအဖွဲ့၊ သခင်ထွန်းအုပ်၊ သခင်ဗစိန် တို့ဗမာအစည်းအရုံးနှင့် သခင် ကိုယ်တော်မှိုင်း၊ သခင်မြ တို့ဗမာ အစည်းအရုံးတို့ ပေါင်းစည်း၍ ဗမာ အဖွဲ့ချုပ်ကြီး (တို့ဗမာဆင်းရဲသားအစည်းအရုံး) ဖွဲ့စည်းခဲ့သည်။ ၁ ဩဂုတ် ၁၉၄၃ ခုနှစ်တွင် ဂျပန်တို့က မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးပြီးနောက် သခင်ထွန်းအုပ် အား တရုတ်ပြည် (နန်ကင်း) ဆိုင်ရာ မြန်မာသံအမတ်အဖြစ် ခန့်အပ်၍ စင်္ကာပူသို့ ပို့ခဲ့သည်။ ဒုတိယ ကမ္ဘာစစ်အပြီးတွင် မြန်မာနိုင်ငံ ပြန်ရောက်လာပြီး မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်၏ ဥပဒေပြုအဖွဲ့တွင် ပါဝင်ခဲ့သည်။

## စာပေရေးရာ

၁၉၄၃ ခုနှစ်တွင် "ကျွန်ုပ်စွန့်စားခန်း" စာအုပ်ကို ရေးသား ပြုစုခဲ့သည်။

## ဆုတံဆိပ်ရေးရာ

၂၇မတ် ၁၉၅၉ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံး ကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ် အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင်(တတိယဆင့်) တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်း ခံခဲ့ရသည်။

http://www.cherrythitsar.org



**ဘဝနိဂုံး**

၂၃ ဇန်နဝါရီ ၁၉၇၀ ပြည့်နှစ်တွင် ရန်ကုန်မြို့၌ ဦးနှောက်ရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

**လက်မှတ်**





ဗိုလ်လရောင်

# ဗိုလ်လရောင်

အမည်ရင်း ကိုဗဂျမ်းဖြစ်သည်။ တို့ဗမာအစည်းအရုံး ဝင်ရောက်သောအခါ သခင်ဘဂျမ်း ဖြစ်လာခဲ့သည်။ ဂျပန်စစ်ပညာ သင်တန်း တက်စဉ်က ဂျပန်အမည်မှာ ဘာဘာတာကေရှိ ဖြစ်သည်။ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ရဲဘော်သုံးကျိပ်ဝင်များ ဗိုလ်အမည်ခံယူရာ၌ ဗိုလ်လရောင် ဖြစ်လာခဲ့သည်။

ဗိုလ်လရောင်ကို ၂၈ မေ ၁၉၁၁ ခုနှစ်တွင် မင်းဘူးမြို့၊ သူဌေးကုန်းရပ်ကွက်၌ ကုန်သည်ကြီး ဦးသာဒွား၊ ဒေါ်ငွေသင် မိဘနှစ်ပါးတို့မှ မွေးဖွားသည်။ ဗမာလူမျိုး ဗုဒ္ဓဘာသာဝင် ဖြစ်သည်။

**ကျောင်းသားဘဝနှင့်ပညာရေး**

မင်းဘူးမြို့ အစိုးရအထက်တန်းကျောင်းမှ တန်းမြင့်ကျောင်းထွက်စာမေးပွဲအောင်မြင်ခဲ့သည်။

**အသက်မွေးမှုဘဝ**

တော်လှန်ရေးအစိုးရလက်ထက်တွင် ဗဟိုကုန်သွယ်ရေးလုပ်ငန်း စစ်ဆေးရေးဌာနတွင် အထူးအရာရှိအဖြစ် ဆောင်ရွက်ခဲ့သည်။

http://www.cherrythitsar.org



**အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်**

၁၉၃၀ ပြည့်နှစ်တွင် သက်ပန်းဆရာတော်၏ ဂျီစီဘီအေ (General Council of Burmese Association) အဖွဲ့သို့ ဝင်ရောက်ခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် မင်းဘူး တို့ဗမာအစည်းအရုံးကို တည်ထောင်ခဲ့ပြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ မင်းဘူးခရိုင် ရဲတပ်ဗိုလ်ချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ တို့ဗမာအစည်းအရုံးဌာနချုပ် အလုပ်အမှုဆောင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၃၈ တို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲသောအခါ သခင်ကိုယ်တော်မှိုင်း သခင်မြ တို့ဗမာအစည်းအရုံးတွင် ပါဝင်ခဲ့သည်။ ၁၉၃၉-၄၀ ပြည့်နှစ်တွင် တို့ဗမာ အစည်းအရုံးဌာနချုပ် အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ရန် စေလွှတ်သည့် မြန်မာမျိုးချစ်လူငယ် ပထမ အသုတ်နှင့်အတူ ၁၀ မတ် ၁၉၄၁ ခုနှစ်တွင် ရွှန်းတင်းမာရူးသင်္ဘောဖြင့် ရန်ကုန်မှထွက်ခွာခဲ့ပြီး ၂၇ မတ်၊ ၁၉၄၁ ခုနှစ်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိခဲ့သည်။ ထိုမှ တဆင့် ၁၉၄၁ ခုနှစ် ဧပြီလတွင် တိုင်ဝမ်ကျွန်းမှ တစ်ဆင့် ဟိုင်နန်ကျွန်းသို့ ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်းတွင် စစ်ပညာများ သင်ကြားခဲ့သည်။

ဗိုလ်လက်ျာနှင့်အတူ မြန်မာနိုင်ငံအတွင်း ပြည်တွင်းသူပုန်လုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။ ထိုတာဝန်များ ဆောင်ရွက်နေစဉ် ၂၁ နိုဝင်ဘာ၊ ၁၉၄၁ ခုနှစ်တွင် တက်နွန်ရွာ၌ ထိုင်းရဲများ၏ ဖမ်းဆီးခြင်းခံရပြီး ၁၁ ဒီဇင်ဘာ၊ ၁၉၄၁ ခုနှစ်တွင် အချုပ်မှ လွတ်မြောက်ခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ထားဝယ်စစ်ကြောင်းတွင် စစ်လက်နက်ပစ္စည်းထောက်ပံ့ရေးတပ်ဖွဲ့၏ တပ်မှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

ဘီအိုင်အေ စစ်ရုံးချုပ်တွင် ဗိုလ်မှူးကြီးအဆင့်ဖြင့် ဒုတိယ စစ်ဦးစီးချုပ် တာဝန် ထမ်းဆောင်ခဲ့သည်။ ၂၇ ဇူလိုင် ၁၉၄၂ ခုနှစ်တွင် ဘီအိုင်အေ ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ဖွဲ့စည်းသောအခါ ဘီဒီအေ တပ်ရင်း(၁)တွင် တပ်ရေးဗိုလ်ကြီးအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။

http://www.cherrythitsar.org



ထို့နောက် ဗိုလ်မှူးအဆင့်ဖြင့် သယ်ယူပို့ဆောင်ရေးတပ်ရင်းတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးကာလက ဒေါက်တာဘမော် ဦးစီးသော ဗမာနိုင်ငံ အစိုးရအဖွဲ့ ရန်ကုန်မြို့မှမော်လမြိုင်သို့ ဆုတ်ခွာရာတွင် စစ်ဝန်ကြီး၏ အတွင်းဝန်ဖြစ်သော ဒုတိယဗိုလ်မှူးကြီးလရောင်သည် အမိပတိရုံးအဖွဲ့နှင့် လိုက်ပါသွားရသည်။ ဖက်ဆစ်တော်လှန်ရေးပြီးသည့်နောက် တိုင်း ၅ (မော်လမြိုင်-ထားဝယ်နှင့် မြိတ်) စစ်ဌာနချုပ်ကို ပဲခူးတွင် ပြန်လည် စုစည်းသည့်အခါ မော်လမြိုင်တပ်ရင်း၏ တပ်ရင်းမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် တပ်မတော်မှ နုတ်ထွက်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း ပြည်သူ့ရဲဘော်တပ်ဖွဲ့ကြီးကို တည်ထောင်ရာတွင် ဆော်ဩရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၉ ဧပြီ ၁၉၄၇ ခုနှစ် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲတွင် ဖဆပလ အမတ်လောင်းအဖြစ် မင်းဘူးတောင် မဲဆန္ဒနယ်မှ ဝင်ရောက်အရွေးခံရာ လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

## ပါတီနိုင်ငံရေး

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ပြည်သူ့ရဲဘော် အဖွဲ့ချုပ်တွင် ဒုတိယဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သည်။ ဝန်ကြီးချုပ် သခင်နု၏ လက်ဝဲညီညွတ်ရေးမူနှင့် ပတ်သက်၍ ပြည်သူ့ရဲဘော် အဖြူနှင့်အဝါ ကွဲပြားသည့် အချိန်တွင် ပြည်သူ့ရဲဘော်အဖြူအဖွဲ့၏ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၆ ဇူလိုင် ၁၉၄၈ ခုနှစ်တွင် ဖွဲ့စည်းသော လက်ဝဲညီညွတ်ရေးကောင်စီတွင် ပြည်သူ့ရဲဘော် ကိုယ်စားလှယ်အဖြစ် ပါဝင်ခဲ့သည်။ ပြည်သူ့ရဲဘော် (အဖြူ) တပ်ဖွဲ့ နှင့်အတူ ၂၉ ဇူလိုင်၊ ၁၉၄၈ ခုနှစ်တွင် တောခိုခဲ့သည်။

၁၉၅၀ ပြည့်နှစ် မတ်လတွင် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၃ ခုနှစ်အထိ ဥပဒေ ဘောင်အတွင်း တည်ရှိသည့် ပြည်သူ့ရဲဘော်ပါတီ၏ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သည်။

http://www.cherrythitsar.org



၁၉၅၁ ခုနှစ်၊ ပထမအကြိမ် ပါလီမန် ရွေးကောက်ပွဲတွင် ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့ပေါင်းစုံ အမတ်လောင်းအဖြစ် မင်းဘူးတောင်ပိုင်း မဲဆန္ဒနယ်မှ ဝင်ရောက်အရွေးခံရာ ရှုံးနိမ့်ခဲ့သည်။

၂၇ မတ်၊ ၁၉၅၂ ခုနှစ်တွင် ပြည်သူ့ညီညွတ်ရေးပါတီ တည်ထောင်ရာ၌ ပါဝင်ခဲ့ပြီး အလုပ်အမှုဆောင် တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၅၆ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု (ပ-မ-ည-တ) တွင် ပါဝင်၍ နိုင်ငံရေးဆောင်ရွက်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် နိုင်ငံရေးမှ အနားယူခဲ့သည်။

## အခြားဆောင်ရွက်ချက်များ

၁၉၅၂ ခုနှစ်တွင် ငြိမ်းချမ်းရေးအဖွဲ့ အဖွဲ့ဝင်အဖြစ် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုဗီယက်ဆိုရှယ်လစ် ပြည်သူ့သမ္မတနိုင်ငံ၊ ဩစတြီးယားနိုင်ငံနှင့် ဟန်ဂေရီနိုင်ငံများသို့ သွားရောက်ခဲ့သည်။ ထိုနှစ်တွင်ပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့တွင် ကျင်းပသော အာရှနှင့်ပစိဖိတ်ဒေသ ငြိမ်းချမ်းရေးကွန်ဖရင့်သို့ တက်ရောက်ခဲ့သည်။ ထို့ပြင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ကျင်းပသော ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဖရင့်သို့ တက်ရောက်ခဲ့သည်။ ၁၉၆၁ ဇွန်လတွင် စီးပွားရေးကိစ္စဖြင့် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည်။

## ဆုတံဆိပ်ရေးရာ

၂၅ မတ်၊ ၁၉၇၂ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့် လူမျိုးလွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်း ဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်းခံခဲ့ရသည်။

http://www.cherrythitsar.org



**ဘဝနိဂုံး**

၉ ဇူလိုင် ၁၉၆၉ ခုနှစ်တွင် နှလုံးရောဂါဖြင့် ရန်ကုန်မြို့တွင် ကွယ်လွန်ခဲ့သည်။

**လက်မှတ်**





ဗိုလ်ညာဏ

# ဗိုလ်ညာဏ

အမည်ရင်း မောင်မောင်ဖြစ်သည်။ တို့ဗမာအစည်းအရုံး ဝင်ရောက်သောအခါ သခင်မောင်မောင် ဖြစ်လာခဲ့သည်။ ဂျပန် စစ်ပညာသင်တန်းတက်စဉ်က ဂျပန်အမည်မှာ ဆုချီယ ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်တွင် ရဲဘော်သုံးကျိပ်ဝင်များ ဗိုလ်အမည် ခံယူရာတွင် ဗိုလ်ညာဏ ဖြစ်လာခဲ့သည်။

ဗိုလ်ညာဏကို ၁၉၁၄ ခုနှစ်တွင် တောင်ငူခရိုင် ဖြူးမြို့နယ် ကျောက်တိုင်တောင် ကျေးရွာ၌ ဦးဘပု ဒေါ်မြစ် မိဘနှစ်ပါးတို့မှ မွေးဖွားသည်။ ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

**ကျောင်းသားဘဝနှင့်ပညာရေးရာ**

ကညွတ်ကွင်းမြို့တွင် သတ္တမတန်းအထိ ပညာသင်ကြားခဲ့သည်။

**အသက်မွေးမှုဘဝ**

ကချင်ပြည်နယ် ဆားမှော်သကြားစက်တွင် အလုပ်လုပ်ခဲ့သည်။

http://www.cherrythitsar.org



## အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်

ဖြူးမြို့ တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်၍ နိုင်ငံရေးကို တက်ကြွစွာ ဆောင်ရွက်ခဲ့သည်။ သခင်ကိုယ်တော်မှိုင်း သခင်မြ တို့ဗမာ အစည်းအရုံးမှ ဗိုလ်ဉာဏအား ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် ရွေးချယ်ခဲ့သည်။

မြန်မာမျိုးချစ်လူငယ် စတုတ္ထအသုတ်နှင့်အတူ ၈ ဇူလိုင် ၁၉၄၁ ခုနှစ်တွင် ကိုရီယုမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၂၂ ဇူလိုင် ၁၉၄၁ ခုနှစ်တွင် ရှန်ဟိုင်းသို့ ရောက်ရှိခဲ့သည်။ ၂၄ ဇူလိုင် ၁၉၄၁ ခုနှစ်တွင် ရှန်ဟိုင်းမှ လေယာဉ်ပျံဖြင့် ဂျပန်နိုင်ငံ ကျူးရှူးကျွန်း နာဂါးစကီးမြို့အနီး ရှိ ရေတပ်စခန်းသို့ ရောက်ရှိခဲ့သည်။ ထိုမှတစ်ဆင့် ဟာကိုနီတောင်ပေါ် စခန်းမြို့သို့ သွားရောက်ကာ အပန်းဖြေခဲ့ကြသည်။ ၈ ဩဂုတ် ၁၉၄၁ ခုနှစ်တွင် တိုကျိုမှ ဟိုင်နန်ကျွန်းသို့ လေယာဉ်ပျံဖြင့် သွားရောက်ရာ ၁၁ ဩဂုတ် ၁၉၄၁ခုနှစ် တွင် ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွန်းတွင် စစ်ပညာ သင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) ထားဝယ်စစ်ကြောင်း ဖြင့် မြန်မာနိုင်ငံတွင်း ချီတက်ကာ ဗြိတိသျှတပ်များကို ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ခဲ့သည်။ ထားဝယ်စစ်ကြောင်းသည် ၈ မတ် ၁၉၄၂ ခုနှစ်တွင် အမှတ် ၅၅ ဂျပန်တပ်များနှင့်အတူ ရန်ကုန်မြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ ထို့နောက် ရန်ကုန်စစ်ဌာနချုပ်၏ တာဝန်ပေးအပ်ချက်အရ ဗိုလ်ကြီးဉာဏ သည် ဖာပွန်မြို့တွင် ငြိမ်ဝပ်ပိပြားရေး တာဝန်များ ထမ်းဆောင်ခဲ့သည်။

## ဆုတံဆိပ်ရေးရာ

၂၇ မတ် ၁၉၅၉ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံး ကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့် ဆံဖျား ကြိုးပမ်းဆောင်ရွက်မှုကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်း အမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်) တံဆိပ် ချီးမြှင့် ဂုဏ်ပြုခြင်း ခံခဲ့ရသည်။

http://www.cherrythitsar.org



**ဘဝနိဂုံး**

၄ ဧပြီ ၁၉၄၂ ခုနှစ်တွင် ဖာပွန်မြို့၌ ငြိမ်ဝပ်ပိပြားရေးတာဝန်များ ထမ်းဆောင်နေစဉ် ကရင်လက်နက်ကိုင်တပ်များ၏ ချုံခိုတိုက်ခိုက်မှုကြောင့် ကျဆုံးခဲ့ပြီး ခေါင်းဖြတ်ယူသွားခြင်း ခံရသည်။ တတိယမြောက် ကျဆုံးသွားသော ရဲဘော်သုံးကျိပ်ဝင် ဖြစ်သည်။

http://www.cherrythitsar.org



ဗိုလ်ကျော်ဇော

# ဗိုလ်ကျော်ဇော

အမည်ရင်း ကိုရွှေ ဖြစ်သည်။ ဂျပန်စစ်ပညာသင်တန်း တက်စဉ်က ဂျပန်အမည်မှာ တာနီငုချိ ရှင်အိချိ ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်တွင် ရဲဘော်သုံးကျိပ်ဝင်များ ဗိုလ်အမည်ခံယူရာတွင် ဗိုလ်ကျော်ဇော ဖြစ်လာခဲ့သည်။

ဗိုလ်ကျော်ဇောကို ၃၀ နိုဝင်ဘာ ၁၉၁၈-ခုနှစ်တွင် သုံးဆယ်မြို့နယ် ဆိုင်းစုကျေးရွာ၌ ဦးပန်း၊ ဒေါ်တင့် မိဘနှစ်ပါးတို့မှ မွေးဖွားသည်။ ဗမာလူမျိုး ဗုဒ္ဓဘာသာဝင် ဖြစ်သည်။

**ကျောင်းသားဘဝနှင့်ပညာရေးရာ**

သုံးဆယ်မြို့ အစိုးရအထက်တန်းကျောင်းတွင် အထက်တန်းအဆင့်ထိ ပညာသင်ကြားခဲ့သည်။

**အသက်မွေးမှုဘဝ**

သာယာဝတီမြို့ တိုင်းရင်း မြန်မာစာသင်ကျောင်းတွင် ကျောင်းအုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။

http://www.cherrythitsar.org



**အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်**

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ရန် စေလွှတ်သည့် မြန်မာမျိုးချစ်လူငယ် ဒုတိယအသုတ်နှင့်အတူ ၁၃ ဧပြီ ၁၉၄၁-ခုနှစ် တွင် ကိုင်ရှီမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၂၈ ဧပြီ ၁၉၄၁-ခုနှစ် တွင် ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ ရောက်ရှိခဲ့သည်။ အိုဆာကာမှတစ်ဆင့် တိုကျိုမြို့သို့ရောက်ရှိပြီး ဟာကိုနီ တောင်ပေါ်စခန်းမြို့တွင် ခေတ္တ အပန်းဖြေခဲ့ကြသည်။ ထို့နောက် ၉ မေ ၁၉၄၁-ခုနှစ်တွင် တိုကျိုမှ လေယာဉ်ပျံနှင့်ထွက်ခွာလာရာ ၁၀ မေ ၁၉၄၁-ခုနှစ်တွင် ဟိုင်နန်ကျွန်းသို့ ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွန်းတွင် စစ်ပညာသင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) စစ်ဌာနချုပ်နှင့် မော်လမြိုင် စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်း ချီတက်၍ ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့သည်။ ၂၇ ဇူလိုင် ၁၉၄၂ ခုနှစ်တွင် ဘီအိုင်အေကို ဖျက်သိမ်း၍ ဗမာ့ ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ဖွဲ့စည်းသောအခါ ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၃ ဩဂုတ် ၁၉၄၄-ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ ကျင်းပသော ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ ဖွဲ့စည်းရေးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၁ မတ် ၃ မတ် ၁၉၄၅-ခုနှစ်အထိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ ကျင်းပသော ဖ-တ-ပ-လ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ထိုအစည်းအဝေးတွင် ဖက်ဆစ်ဂျပန်တို့အား တော်လှန်တိုက်ခိုက်ရန် အစီအစဉ်များ ချမှတ်ခဲ့သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေး ကာလက တိုင်း ၄ (ပဲခူး-ရွှေကျင် နှင့် သထုံ)တွင် တိုင်းမှူးအဖြစ် တာဝန်ယူကာ ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ခိုက်ခဲ့သည်။

၁၂ ဩဂုတ် ၁၉၄၅-ခုနှစ်တွင် ဗမာ့တပ်မတော် ခေါင်းဆောင် အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၁၉၄၅ စက်တင်ဘာလတွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ သီဟိုနိုင်ငံ ကန္ဒီမြို့သို့ သွားရောက်ရာ၌ အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ၁၅

http://www.cherrythitsar.org



ဒီဇင်ဘာ ၁၉၄၅-ခုနှစ်တွင် ဗမာ့တပ်မတော်၌ ဒုတိယ ဗိုလ်အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၄၈- ခုနှစ်တွင် မြောက်ပိုင်းတိုင်း တိုင်းမှူးအဖြစ် လည်းကောင်း၊ ၄ ဖေဖော်ဝါရီ ၁၉၄၉-ခုနှစ်တွင် တောင်ပိုင်းတိုင်း တိုင်းမှူးအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၅၂-ခုနှစ်တွင် မြန်မာ စစ်မစ်ရှင် ဒုတိယအဖွဲ့ခေါင်းဆောင်အဖြစ် အင်္ဂလန်၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ ဘယ်လ်ဂျီယန်၊ နော်ဝေ၊ ဆွီဒင်နှင့်ယူဂိုဆလားဗီးယားနိုင်ငံများသို့ သွားရောက်ခဲ့သည်။ ၁၉၅၃-ခုနှစ်တွင် မြောက်ပိုင်းတိုင်း တိုင်းမှူးအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။ ဗမာ့တပ်မတော်တွင် ဗိုလ်မှူးချုပ်အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၄-ခုနှစ်တွင် တရုတ်ဖြူ ကိုမင်တန် (Kuomintang) တပ်များကို ဘုရင့်နောင်စစ်ဆင်ရေးဖြင့် လည်းကောင်း၊ ၁၉၅၅-ခုနှစ်တွင် ရန်ကြီးအောင် စစ်ဆင်ရေးဖြင့် လည်းကောင်း တိုက်ခိုက်ချေမှုန်းခဲ့သည်။ ၁၉၅၅-ခုနှစ် စက်တင်ဘာလတွင် စစ်ဘက် ချစ်ကြည်ရေး မိတ်ဆက်အဖွဲ့ အဖွဲ့ဝင်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည်။

**ပါတီနိုင်ငံရေး**

၁၉၄၅-ခုနှစ် ဗ-က-ပ ဒုတိယအကြိမ်မြောက် ကွန်ဂရက်တွင် ဗဟို ကော်မတီဝင် ဖြစ်ခဲ့သည်။ ၂၈ မတ် ၁၉၄၈-ခုနှစ် ဗ-က-ပ တောခိုရာ၌ မလိုက်ပါ၍ ပါတီမှ ထုတ်ပယ်ခြင်းခံရသည်။

ဗမာ့တပ်မတော်မှ ၁၉၅၆-အောင်မာဃထိုးစစ်ဆင်နွှဲစဉ် ဗ-က-ပ ဌာနချုပ်သို့ ရဲဘော်ကြီးမြင့်နှင့်ဗိုလ်ကျော်ဇောတို့ ပေးပို့သော စစ်ရေးထိပ်တန်း လျှို့ဝှက်သတင်းများ ပါရှိသည့် စာရွက်စာတမ်းများကို သိမ်းဆည်းမိခဲ့သည်။ ထိုကိစ္စကြောင့် ၆ မတ် ၁၉၅၇-ခုနှစ်တွင် ဒုတိယဗိုလ်မှူးကြီး အဆင့်ဖြင့် ဗမာ့ တပ်မတော်မှ အငြိမ်းစားပေးခြင်း ခံရသည်။

၁၉၆၀-ပြည့်နှစ် တတိယအကြိမ်ပါလီမန် ရွေးကောက်ပွဲတွင် တသီး ပုဂ္ဂလ အမတ်လောင်းအဖြစ် ကြည့်မြင်တိုင်တောင်ပိုင်း မဲဆန္ဒနယ်မှ ဝင်ရောက် အရွေးခံရာ ရှုံးနိမ့်ခဲ့သည်။

http://www.cherrythitsar.org



၁၈ ဇူလိုင် ၁၉၇၆-ခုနှစ်တွင် ရန်ကုန်မြို့မှ တရုတ်နိုင်ငံသို့ လျှို့ဝှက်ထွက်ခွာသွားပြီး ၁၀ ဩဂုတ် ၁၉၇၆-ခုနှစ်တွင် ဗ-က-ပ နှင့် ပူးပေါင်းခဲ့သည်။ ၃ နိုဝင်ဘာ ၁၉၇၆-ခုနှစ်တွင် ဗ-က-ပ ဗဟိုဌာနချုပ်၌ စစ်အကြံပေးနှင့် စစ်ကော်မရှင် အဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သည်။ ထို့နောက် ဗ-က-ပ ဗဟိုစစ်ဦးစီးဌာန၊ ဗဟိုစစ်ကော်မရှင်တွင် ပထမ၊ ဒုတိယ ဉက္ကဋ္ဌ တာဝန်များကို ထမ်းဆောင်ခဲ့သည်။

## အခြားဆောင်ရွက်ချက်များ

၂၇ ဖေဖော်ဝါရီ ၁၉၆၁-ခုနှစ်တွင် တရုတ်ဖြူကျူးကျော်မှု ဆန့်ကျင်ရေး အမျိုးသားကော်မတီ၏ ဉက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်း ခံရသည်။ ၁၉၆၃-ခုနှစ် တော်လှန်ရေးကောင်စီနှင့် တောတွင်း လက်နက်ကိုင်အဖွဲ့များ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲ ကျင်းပစဉ်ကာလက ပြည်တွင်းငြိမ်းချမ်းရေး အဖွဲ့ချုပ် ဒုတိယဉက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သည်။

## စာပေရေးရာ

၁၉၅၇ ခုနှစ်တွင် "ပြည်တွင်းငြိမ်းချမ်းရေး သဘောထားနှင့် လက်ရွေးစင် မိန့်ခွန်းများ"၊ ၁၉၅၉ ခုနှစ်တွင် "ဖက်ဆစ်တော်လှန်ရေး"၊ ၁၉၅၉ ခုနှစ်တွင် "ရွေးကောက်ပွဲရှင်းတမ်း"၊ ၁၉၆၀ ပြည့်နှစ်တွင် "ဖက်ဆစ်တော်လှန်ရေး၊ ကမ္ဘာစစ်နှင့် ငြိမ်းချမ်းရေး"၊ ၁၉၆၁ ခုနှစ်တွင် "အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲများ" စာအုပ်များကို ရေးသားပြုစုပါသည်။

## ဆုတံဆိပ်ရေးရာ

၁၀ ဇန်နဝါရီ ၁၉၅၅ ခုနှစ်တွင် ယူဂိုစလားဗီးယား သမ္မတ တီတိုး၏ စစ်သည်တော်ကောင်း (ပထမဆင့်) ချီးမြှင့်ခြင်း ခံခဲ့ရသည်။

၂၇ မတ် ၁၉၅၉-ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက်

http://www.cherrythitsar.org



သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) တံဆိပ်ချီးမြှင့် ဂုဏ်ပြုခြင်းခံခဲ့ရသည်။

**လက်မှတ်**



http://www.cherrythitsar.org



ဗိုလ်မင်းရောင်

# ဗိုလ်မင်းရောင်

အမည်ရင်း ကိုလှဖြစ်သည်။ တို့ဗမာအစည်းအရုံး ဝင်ရောက်သောအခါ သခင်လှ ဖြစ်လာခဲ့သည်။ ဂျပန်စစ်ပညာသင်တန်း တက်စဉ်က ဂျပန်အမည်မှာ အီတိုဟီတိုးရှိ ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်တွင် ရဲဘော်သုံးကျိပ်ဝင်များ ဗိုလ်အမည်များ ခံယူရာတွင် ဗိုလ်မင်းရောင် ဖြစ်လာခဲ့သည်။

ဗိုလ်မင်းရောင်ကို ၂၆ စက်တင်ဘာ ၁၉၁၇-ခုနှစ်တွင် ရန်ကုန်တိုင်း ပုစွန်တောင်မြို့နယ် ရေကျော်ရပ်တွင် ဦးဖိုးထင်၊ ဒေါ်သင်းမြိုင် မိဘနှစ်ပါးတို့မှ မွေးဖွားသည်။ ဗမာလူမျိုး၊ ဗုဒ္ဓဘာသာဝင် ဖြစ်သည်။

## ကျောင်းသားဘဝနှင့် ပညာရေးရာ

ရန်ကုန်မြို့ ကန်တော်ကလေးရှိ ဆရာကြီး ဦးဖိုးအိမ်၏ အင်္ဂလိပ် မြန်မာ နှစ်ဘာသာသင်ကျောင်းတွင် ဒသမတန်းအထိ ပညာ သင်ကြားခဲ့သည်။

## အသက်မွေးမှုဘဝ

တော်လှန်ရေးအစိုးရ လက်ထက်တွင် နိုင်ငံတော်သစ်လုပ်ငန်း အဖွဲ့၌ အထူးအရာရှိအဖြစ် ဆောင်ရွက်ခဲ့သည်။

## အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်

ဦးမောင်ကြီး၏ ရဲညွန့်တပ်ဖွဲ့တွင် ပါဝင်ခဲ့သည်။ တို့ဗမာ အစည်းအရုံး သို့ ဝင်ရောက်၍ နိုင်ငံရေးဆောင်ရွက်ခဲ့သည်။ ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြား

http://www.cherrythitsar.org



ရန် စေလွှတ်သည့် စတုတ္ထအသုတ် မြန်မာလူမျိုးချစ်လူငယ်များနှင့်အတူ ၈ ဇူလိုင် ၁၉၄၁-ခုနှစ်တွင် ကိုရီယုမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၂၂ ဇူလိုင် ၁၉၄၁-ခုနှစ်တွင် ရှန်ဟိုင်းသို့ ရောက်ရှိခဲ့သည်။ ၂၄ ဇူလိုင် ၁၉၄၁-ခုနှစ်တွင် ရှန်ဟိုင်းမှ လေယာဉ်ပျံဖြင့် ဂျပန်နိုင်ငံ ကျူးရှူးကျွန်း နာဂါစကီးမြို့ အနီးရှိ ရေတပ်စခန်းသို့ ရောက်ရှိခဲ့သည်။ ထိုမှတစ်ဆင့် ဟာကိုနီတောင်ပေါ်စခန်းမြို့သို့ သွားရောက်ကာ အပန်းဖြေခဲ့ကြသည်။ ၈ ဩဂုတ် ၁၉၄၁-ခုနှစ်တွင် တိုကျိုမှ ဟိုင်နန်ကျွန်းသို့ လေယာဉ်ပျံဖြင့် သွားရောက်ရာ ၁၁ ဩဂုတ် ၁၉၄၁-ခုနှစ်တွင် ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွန်းတို့တွင် စစ်ပညာသင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ထားဝယ်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်း ချီတက်၍ ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့သည်။ ထားဝယ်မြို့ကို တိုက်ခိုက်သိမ်းပိုက်ရာတွင် ဦးဆောင်ပါဝင်ခဲ့သည်။ ၂၇ ဇူလိုင် ၁၉၄၂-ခုနှစ်တွင် ဘီအိုင်အေ ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် ဘီဒီအေ ဖွဲ့စည်းသောအခါ ဗိုလ်ကြီးအဆင့်ဖြင့် ဘီဒီအေတပ်ရင်း(၂) တပ်ခွဲ(၂)တွင် တပ်ခွဲမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဖက်ဆစ်ဂျပန် တော်လှန်ရေးကာလက တိုင်း ၄ (ပဲခူး၊ ရွှေကျင် သထုံ)တွင် ပါဝင်ခဲ့သည်။

**ဆုတံဆိပ်ရေးရာ**

၂၇ မတ် ၁၉၅၉-တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေး မော်ကွန်းဝင် (ဒုတိယဆင့်) တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်း ခံခဲ့ရသည်။

၇ ဇွန် ၁၉၈၀-တွင် နိုင်ငံတော်၏အကျိုးကို ဦးစီးဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ချီးမြှင့် ခံခဲ့ရသည်။

http://www.cherrythitsar.org



**ဘဝနိဂုံး**

၆ နိုဝင်ဘာ ၁၉၈၈ ခုနှစ် မွန်းလွဲ ၁ နာရီတွင် ရန်ကုန် ဆေးရုံကြီးတွင် ကွယ်လွန်ခဲ့သည်။

**လက်မှတ်**



http://www.cherrythitsar.org



ဗိုလ်လက်ျာ

# ဗိုလ်လက်ျာ

အမည်ရင်း ကိုလှဖေ ဖြစ်သည်။ တို့ဗမာအစည်းအရုံး ဝင်ရောက်သောအခါ သခင်လှဖေ ဖြစ်လာခဲ့သည်။ ဂျပန် စစ်ပညာသင်တန်း တက်စဉ်က ဂျပန်အမည်မှာ တာနီကိယောရှိ ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်တွင် ရဲဘော် သုံးကျိပ်ဝင်များ ဗိုလ်အမည်များ ခံယူရာတွင် ဗိုလ်လက်ျာ ဖြစ်လာခဲ့သည်။

ဗိုလ်လက်ျာကို ၃၀ ဩဂုတ် ၁၉၁၁-ခုနှစ်တွင် ပျဉ်းမနားမြို့၌ ဦးစိန်သွင်၊ ဒေါ်ကျင်မြိုင် မိဘနှစ်ပါးမှ မွေးဖွားသည်။

**ကျောင်းသားဘဝနှင့် ပညာရေးရာ**

ရန်ကုန်မြို့ မြို့မအမျိုးသားကျောင်းတွင် ပညာ သင်ကြားခဲ့သည်။ မြို့မအမျိုးသားကျောင်းမှ ဒသမတန်း အောင်မြင်ပြီးနောက် ရန်ကုန် တက္ကသိုလ်သို့ တက်ရောက် ပညာသင်ကြားခဲ့သည်။ ၁၉၃၆ ရန်ကုန်တက္ကသိုလ် ဒုတိယ ကျောင်းသားသပိတ်တွင် ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်မှ ထွက်ခဲ့ပြီးနောက် အိန္ဒိယနိုင်ငံ ကာလကတ္တားတက္ကသိုလ် တွင် ပညာ ဆက်လက်သင်ကြားခဲ့သည်။

**အသက်မွေးမှုဘဝ**

လက်ျာကုမ္ပဏီနှင့် မုတ္တမကုမ္ပဏီများ တည်ထောင်ခဲ့သည်။

http://www.cherrythitsar.org



**အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်**

၁၃၀၀ ပြည့်အရေးတော်ပုံကာလ ၁၆ ဒီဇင်ဘာလ ၁၉၃၈ - ခုနှစ်၌ ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂ အသင်းတိုက်၌ ကျင်းပသော လျှို့ဝှက်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ တို့ဗမာအစည်းအရုံး၏ တာဝန်ပေးအပ်ချက်အရ သခင်လှဖေသည် သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့ တရုတ်နိုင်ငံ အမွိုင်မြို့သို့ သွားရောက်ရေးအတွက် စီစဉ်ပေးခဲ့သည်။ သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့ အမွိုင်တွင် သောင်တင်နေစဉ်က ရန်ပုံငွေများ ရှာဖွေကောက်ခံ ပေးပို့ခဲ့သည်။ သခင်လှဖေသည် ကိုလှမောင် (အငြိမ်းစားသံအမတ်ကြီး) နှင့်အတူ ပြည်ပအကူအညီရရန်အတွက် ထိုင်းနိုင်ငံ သွားရောက်ခဲ့ရာ နိုင်ငံကူးလက်မှတ်မပါဘဲ ထိုင်းနိုင်ငံအတွင်း ဝင်ရောက်လာမှုဖြင့် အဖမ်းခံခဲ့ရသည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် စေလွှတ်သည့် မြန်မာ မျိုးချစ်လူငယ် ပထမအသုတ်နှင့်အတူ ၁၀ မတ် ၁၉၄၁-ခုနှစ်တွင် ရွှန်းတင်းမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၂၇ မတ် ၁၉၄၁-ခုနှစ်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိခဲ့သည်။ တိုကျိုမြို့တွင် ၁၀ ရက်ခန့် နေပြီးနောက် ၁၉၄၁ ခုနှစ် ဧပြီလတွင် စစ်ပညာသင်ကြားရန် တိုင်ဝမ်ကျွန်းမှတစ်ဆင့် ဟိုင်နန်ကျွန်းသို့ သွားရောက်ခဲ့သည်။ ဟိုင်နန်ကျွန်းတွင် စစ်ပညာများ သင်ကြားခဲ့သည်။

ဗိုလ်လရောင်နှင့်အတူ မြန်မာနိုင်ငံအတွင်း ပြည်တွင်းသူပုန်လုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသည်။ ထိုတာဝန်များ ဆောင်ရွက်နေစဉ် ၂၁ နိုဝင်ဘာ ၁၉၄၁-ခုနှစ် တက်နွှန်ရွာ၌ ထိုင်းရဲများ၏ ဖမ်းဆီးခြင်း ခံရပြီး ၁၁ ဒီဇင်ဘာလ ၁၉၄၁-ခုနှစ်တွင် အချုပ်မှ လွတ်မြောက်ခဲ့သည်။ ဗိုလ်လက်ျာသည် ဗမာ့ လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ထားဝယ်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်း ချီတက်၍ ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့သည်။

ဘီအိုင်အေတွင် ဒုတိယစစ်သေနာပတိအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။ ၂၇ ဇူလိုင် ၁၉၄၂-ခုနှစ်တွင် ဘီအိုင်အေ ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ဖွဲ့စည်းသောအခါ ဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့် ဘီဒီအေစစ်ဦးစီးအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။

http://www.cherrythitsar.org



၂၃ ဩဂုတ် ၁၉၄၄ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ ကျင်းပသော ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ ဖွဲ့စည်းရေးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၁ မတ်မှ ၃ မတ် ၁၉၄၅-ခုနှစ်အထိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ ကျင်းပသော ဖ-တ-ပ-လ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ထိုအစည်းအဝေးတွင် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ရန် အစီအစဉ်များ ချမှတ်ခဲ့သည်။ ဖက်ဆစ်ဂျပန် တော်လှန်ရေးကာလက တိုင်း(၂)နှင့် တိုင်း(၃) ဆက်သွယ်ရေး တာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၂ ဩဂုတ် ၁၉၄၅-ခုနှစ်တွင် ဗမာ့တပ်မတော် ခေါင်းဆောင် အရာရှိကြီးများ အစည်းအဝေးသို့တက်ရောက်ခဲ့သည်။ ၁၉ ဩဂုတ် ၁၉၄၅-ခုနှစ်တွင် ကျင်းပသော နေသူရိန်လူထု အစည်းအဝေးတွင် ဖ-တ-ပ-လ ဗဟိုဦးစီးအဖွဲ့ဝင် ဖြစ်လာခဲ့သည်။ ၁၉၄၅ စက်တင်ဘာလတွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ သီဟို (ယခုသီရိလင်္ကာ) နိုင်ငံ ကန္ဒီမြို့သို့ သွားရောက်ရာတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ကန္ဒီစာချုပ် အရ ပြန်လည်ဖွဲ့စည်းသော ဗမာ့တပ်မတော်တွင် ဗိုလ်မှူးကြီးရာထူးဖြင့် ဒုတိယ စစ်ဆေးရေး အရာရှိချုပ်အဖြစ် ခန့်အပ်ခံရသည်။ ၁၉၄၇ ခုနှစ်တွင် ဗိုလ်မှူးချုပ်ရာထူး တိုးမြှင့်ပေးခြင်းခံရသည်။

၂၁ ဇူလိုင် ၁၉၄၇-ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးတာဝန် ထမ်းဆောင်ခဲ့သည်။ ၂၉ ဩဂုတ် ၁၉၄၇-ခုနှစ်တွင် လက်ျာဖရီးမင်း ကာကွယ်ရေးစာချုပ်ကို ချုပ်ဆိုခဲ့သည်။ ၁၉၄၇-ခုနှစ် အောက်တိုဘာလတွင် ဦးနုဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အင်္ဂလန်နိုင်ငံသွားရောက်ရာတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ၁၉၄၈-ခုနှစ်တွင် ဗမာ့တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။ ၁၉၄၇-၄၈ ခုနှစ်တွင် ဖဆပလ အစိုးရအဖွဲ့၌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးနှင့် ကာကွယ်ရေးဝန်ကြီးတာဝန်ကို ပူးတွဲထမ်းဆောင်ခဲ့သည်။ ၁၉၄၈ ဇူလိုင်လတွင် ဖဆပလ အစိုးရအဖွဲ့မှ နုတ်ထွက်ခဲ့သည်။

## ပါတီနိုင်ငံရေး

၁၃ ဩဂုတ် ၁၉၃၉-ခုနှစ်တွင် တို့ဗမာအစည်းအရုံး အတွင်း၌ ကွန်မြူနစ်အဖွဲ့အစည်းတစ်ရပ်ကို သခင်အောင်ဆန်း၊ သခင်လှဖေ (ဗိုလ်လက်ျာ)၊

http://www.cherrythitsar.org



သခင်သိန်းဖေ (ဦးသိန်းဖေမြင့်)၊ သခင်ဗဟိန်းနှင့် မစ္စတာဒတ္တားတို့ စတင်၍ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ထို့နောက် ၁၅ ဩဂုတ် ၁၉၃၉-ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီကို အမြုတေပါတီအဖြစ် လျှို့ဝှက်စွာ ဖွဲ့စည်းရာ၌ ပါဝင်ခဲ့ပြီး ဘဏ္ဍာရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၈-ခုနှစ်တွင် တပ်မတော်မှ အငြိမ်းစား ယူပြီးနောက် ဖ-ဆ-ပ-လ အဖွဲ့ချုပ်သို့ ဝင်ရောက်၍ နိုင်ငံရေး ဆောင်ရွက်ခဲ့သည်။ ထိုနှစ်တွင်ပင် ကသာကျေးလက်အရှေ့ပိုင်း မဲဆန္ဒနယ်မှ တိုင်းပြည်ပြုလွှတ်တော် အမတ်အဖြစ် ရွေးကောက် တင်မြှောက်ခံရသည်။

၁၉၆၉-ခုနှစ်တွင် ဦးနုဦးဆောင်သည့် ပါလီမန်ဒီမိုကရေစီပါတီ၌ ခေါင်းဆောင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၄ ဇူလိုင် ၁၉၇၃-ခုနှစ်တွင် ဦးနုပါလီမန် ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ အဖြစ်မှ နုတ်ထွက်သွားပြီးနောက် ပြည်သူ့ပြည်ချစ်ပါတီ (Peoples Patriotic Party) ကို ဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ပြည်ချစ်လွတ်မြောက်ရေး တပ်မတော်ကိုလည်း ဖွဲ့စည်းခဲ့သည်။

## အခြားဆောင်ရွက်ချက်များ

၁၉၅၆-ခုနှစ် မတ်လတွင် ဗကပ အလင်းဝင်ရောက်ရေး ကိစ္စနှင့် ပတ်သက်၍ ဖ-ဆ-ပ-လ အစိုးရနှင့် ဗ-က-ပ ဗဟိုကော်မတီ ကိုယ်စားလှယ် ရဲဘော်ချမ်းအေးတို့အကြား ကြားလူအဖြစ် ဆွေးနွေး ဆောင်ရွက်ပေးခဲ့သည်။

## ဆုတံဆိပ်ရေးရာ

၁၉၄၈-ခုနှစ်တွင် မဟာသီရိသုဓမ္မဘွဲ့ ချီးမြှင့်ခြင်းခံရသည်။

၂၇ မတ် ၁၉၅၉-ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) တံဆိပ် ချီးမြှင့် ဂုဏ်ပြုခြင်း ခံခဲ့ရသည်။

http://www.cherrythitsar.org



**ဘဝနိဂုံး**

၂၇ နိုဝင်ဘာ ၁၉၇၈-ခုနှစ်တွင် ထိုင်းမြန်မာနယ်စပ်အနီး ပရာကျွတ်စခန်းတွင် ကေအင်ယူရွှေဆိုင်းတပ်နှင့် တိုက်ပွဲ ဖြစ်ပွားစဉ် ကျဆုံးခဲ့သည်။

**လက်မှတ်**





ဗိုလ်ဇေယျ

# ဗိုလ်ဇေယျ

အမည်ရင်း ကိုလှမောင်ဖြစ်သည်။ ဂျပန်စစ်ပညာ သင်တန်း တက်စဉ်က ဂျပန်အမည်မှာ ကာဂါမာဆာရို ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်တွင် ရဲဘော်သုံးကျိပ်ဝင်များ ဗိုလ်အမည် ခံယူရာတွင် ဗိုလ်ဇေယျဖြစ်လာခဲ့သည်။

ဗိုလ်ဇေယျကို ၁၀ ဒီဇင်ဘာ ၁၉၁၃ ခုနှစ်တွင် အလုံမြို့နယ် နန်းတော်ရှေ့ရွာတွင် ဦးချစ်မောင်၊ ဒေါ်စိန်တိုင် မိဘနှစ်ပါးမှ မွေးဖွားသည်။ ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

**ကျောင်းသားဘဝနှင့် ပညာရေးရာ**

ရန်ကုန် မြို့မအမျိုးသားကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် ဒသမတန်းစာမေးပွဲကို အောင်မြင်ခဲ့သည်။ ထို့နောက် ၁၉၃၄-၃၅ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက် ပညာသင်ကြားခဲ့သည်။ ၁၃၀၀ ပြည့် အရေးတော်ပုံကာလအတွင်း ရန်ကုန်တက္ကသိုလ် တတိယ ကျောင်းသားသပိတ်တွင် ခေါင်းဆောင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၀ ဖေဖော်ဝါရီ ၁၉၃၉ ခုနှစ် မန္တလေးမြို့ ဗြိတိသျှနယ်ချဲ့ ဆန့်ကျင်ရေး ဆန္ဒပြပွဲတွင် ပါဝင်ခဲ့ပြီး ဒဏ်ရာရရှိခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

**အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်**

၁၈ နိုဝင်ဘာ ၁၉၃၉ ခုနှစ်၊ မြေအောက်လျှို့ဝှက်အဖွဲ့ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် စေလွှတ်သည့် တတိယအသုတ် မြန်မာမျိုးချစ် လူငယ်များနှင့်အတူ ၁၉၄၁ မေလတွင် ကိုဆိုင်မာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှထွက်ခွာခဲ့ရာ ၁၉၄၁ ခုနှစ်၊ မေလကုန်တွင် ဂျပန်နိုင်ငံ ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်းတွင် စစ်ပညာများ သင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) မြန်မာနိုင်ငံတွင်း မချီတက်မီ ပြည်တွင်းသူပုန်အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံတွင်း ဝင်ရောက်ခဲ့ရာ ၁၁ ဒီဇင်ဘာ ၁၉၄၁ ခုနှစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။ ရန်ကုန်မြို့သို့ ရောက်ရှိပြီးနောက် ပြည်သူ့အရေးတော်ပုံ ပါတီဝင်များနှင့် တွေ့ဆုံပြီး ဂျပန်တပ်များ အကြောင်းနှင့် မှာကြားလိုက်သော ကိစ္စများကို သတင်းပို့ခဲ့သည်။ ထို့နောက် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် စစ်ပညာသင်တန်းပေးခြင်း၊ စစ် လက်နက် ငယ် သင်တန်းပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

ဂျပန်တပ်မတော်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော် ရန်ကုန်ကို သိမ်းပိုက်ပြီးနောက် ၅ ဧပြီ ၁၉၄၂ ခုနှစ်တွင် ဗိုလ်မှူးကြီးဇေယျသည် တပ်မ(၁)ကို ဦးစီး၍ အထက်မြန်မာနိုင်ငံသို့ ချီတက်သော ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့သည်။

၂၇ ဇူလိုင် ၁၉၄၂ ခုနှစ်တွင် ဘီအိုင်အေဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေး တပ်မတော်(ဘီဒီအေ) ဖွဲ့စည်းသောအခါ ဗိုလ်မှူးအဆင့်ဖြင့် တာဝန် ထမ်းဆောင်ခဲ့သည်။ ဂျပန်ခေတ်တွင် ဖွင့်လှစ်သော မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်းတွင် ကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

၂၃ ဩဂုတ် ၁၉၄၄ ခုနှစ်တွင် ဗိုလ်ချုပ်ဆောင်ဆန်းနေအိမ်၌ ကျင်းပသော ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ ဖွဲ့စည်းရေးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၁၉၄၄ ခုနှစ် အောက်တိုဘာလတွင် ဗမာနိုင်ငံ အစိုးရအဖွဲ့၌ ဒုတိယ စစ်ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁ မတ်မှ ၃ မတ် ၁၉၄၅ ခုနှစ်အထိ

http://www.cherrythitsar.org



ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ ကျင်းပသော ဖ-တ-ပ-လ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ထိုအစည်းအဝေးတွင် ဖက်ဆစ်ဂျပန်တို့အား တော်လှန်တိုက်ခိုက်ရန် အစီအစဉ်များ ချမှတ်ခဲ့သည်။ ဖက်ဆစ်ဂျပန် တော်လှန်ရေးကာလတွင် ရှေ့တန်းစစ်ဌာနချုပ်၌ စစ်ဦးစီးမှူးအဖြစ် တာဝန်ယူကာ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ခဲ့သည်။

၁၂ ဩဂုတ် ၁၉၄၅ ခုနှစ်တွင် ဗမာ့တပ်မတော်ခေါင်းဆောင် အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၁၉၄၅ ခုနှစ် စက်တင်ဘာလတွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ သီဟို (ယခု သီရိလင်္ကာ) နိုင်ငံ ကန္ဒီမြို့သို့ သွားရောက်ရာတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ဒုတိယဗိုလ်မှူးကြီးဇေယျသည် စစ်ဦးစီးအရာရှိ ပထမတန်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဗမာ့တပ်မတော်တွင် ဗိုလ်မှူးကြီးအဆင့်ဖြင့် ၁၉၄၈၊ ဩဂုတ်လအထိ တာဝန်ထမ်းဆောင်ခဲ့သည်။

**ပါတီနိုင်ငံရေး**

၁၆ ဇူလိုင် ၁၉၄၈ ခုနှစ်တွင် ဖွဲ့စည်းသော လက်ဝဲညီညွတ်ရေးကောင်စီ၌ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ လက်ဝဲညီညွတ်ရေး ကောင်စီတွင် ပါဝင်ဆောင်ရွက်နေစဉ် ဒုတိယဗိုလ်မှူးကြီးဇေယျသည် ဝန်ကြီးချုပ် သခင်နုထံ ၎င်းအား ကာကွယ်ရေးဝန်ကြီး ခန့်အပ်ရန် တောင်းဆိုရာ သခင်နုက လက်မခံခဲ့ပေ။

ဗိုလ်ဇေယျသည် လက်ဝဲညီညွတ်ရေးကောင်စီ၏ အာဏာသိမ်းရေး လမ်းစဉ်ကို လက်ခံကာ ၁၀ ဩဂုတ် ၁၉၄၈ ခုနှစ်တွင် ဗမာ့တပ်မတော် တပ်ရင်းအချို့ တောခိုရာ၌ ပါဝင်ခဲ့သည်။ ၁၉၄၈-၅၀ ပြည့်နှစ်တွင် တော်လှန်နေသော ဗမာ့တပ်မတော်၏ ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၄ မတ် ၁၉၄၉ ခုနှစ်တွင် ပြည်မြို့၌ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော် (အဖြူ)နှင့် တော်လှန်နေသော ဗမာ့တပ်မတော်တို့ ပူးပေါင်း၍ ပြည်သူ့

http://www.cherrythitsar.org



ဒီမိုကရေစီ တပ်ပေါင်းစု ဖွဲ့စည်းရာတွင် ပါဝင်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ် မတ်လတွင် ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု ပြိုကွဲသွားပြီးနောက် တော်လှန်သော ဗမာ့တပ်မတော်ကို ဖျက်သိမ်းလိုက်ပြီး တောခိုတပ်များနှင့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ လက်နက်ကိုင်တပ်များ ပူးပေါင်းခဲ့သည်။ ထို့နောက် ဗိုလ်ဇေယျသည် ဗမာပြည်ကွန်မြူနစ်ပါတီတွင် ဗဟိုကော်မတီဝင် ဖြစ်လာခဲ့သည်။

၁၆ ဒီဇင်ဘာ ၁၉၅၃ ခုနှစ်တွင် ဗိုလ်ဇေယျနှင့် သခင် သန်းမြိုင်တို့ ခေါင်းဆောင်သောအဖွဲ့သည် ဗန်းမော်ခရိုင်မှတစ်ဆင့် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ထို့နောက် တရုတ်နိုင်ငံတွင် ဖွဲ့စည်းသည့် အဝေးရောက်ကွန်မြူနစ်ပါတီတွင် ပါဝင်ခဲ့သည်။

၂၃ ဇူလိုင် ၁၉၆၃ ခုနှစ်တွင် ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲ တက်ရောက်ရန် တရုတ်နိုင်ငံမှ ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။ တော်လှန်ရေးကောင်စီနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲပျက်ပြားပြီးနောက် ၁၆ နိုဝင်ဘာ၊ ၁၉၆၃ ခုနှစ်တွင် သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်ရှိ ဗ-က-ပ တောတွင်းစခန်းသို့ သွားရောက်ခဲ့သည်။ ထို့နောက် ဗကပ ဗဟိုကော်မတီအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဗဟိုစစ်ဦးစီးဌာနချုပ်မှူး အဖြစ်လည်းကောင်း တာဝန်ယူခဲ့သည်။

**ဘဝနိဂုံး**

၁၆ ဧပြီ၊ ၁၉၆၈ ခုနှစ်တွင် ဗမာ့တပ်မတော်မှ ဗကပဌာနချုပ်ကို ဝင်ရောက်စီးနင်း တိုက်ခိုက်စဉ် ကျဆုံးသည်။

**လက်မှတ်**





၂-ကြိမ်တိတိ-သွေးသောက်ရာ၌-အသုံးပြုသည့်
သွေးသောက်ငွေဖလား
နှင့်
ဆေးထိုးအပ်။
(ယိုးဒယားပြည်-ဘန်ကောက်မြို့၌၊ ရဲဘော်သုံးကျိပ်နှင့်-
ယိုးဒယား-ဘန်ကောက်မြို့တော်မှ ဗမာ့လွတ်လပ်ရေးတပ်မတော်သို့
ဝင်လာသော ရဲဘော်များ သွေးသောက်သည့်ဖလားနှင့် ဆေးထိုးအပ်ပုံ)



ဗိုလ်ရန်အောင်

# ဗိုလ်ရန်အောင်

အမည်ရင်း ကိုလှမြိုင်ဖြစ်သည်။ တို့ဗမာအစည်းအရုံး ဝင်ရောက်သော အခါ သခင်လှမြိုင် ဖြစ်လာခဲ့သည်။ ဂျပန်စစ်ပညာသင်တန်း တက်စဉ်က ဂျပန်အမည်မှာ အီတိုဒါတေအိချိ ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်တွင် ရဲဘော်သုံးကျိပ်ဝင်များ ဗိုလ်အမည် ခံယူရာတွင် ဗိုလ်ရန်အောင် ဖြစ်လာခဲ့သည်။

ဗိုလ်ရန်အောင်ကို ၂ မတ် ၁၉၁၇ ခုနှစ်တွင် လှည်းကူးမြို့နယ် ဒါးပိန်ရွာ ဈေးပိုင်းရပ်၌ ဦးဘအောင် ဒေါ်သိန်းမြ မိဘနှစ်ပါးတို့မှ မွေးဖွားသည်။ ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

## ကျောင်းသားဘဝနှင့် ပညာရေးရာ

၁၉၃၅ ခုနှစ်တွင် ဒသမတန်းစာမေးပွဲ အောင်မြင်ခဲ့သည်။

## အသက်မွေးမှုဘဝ

၁၉၃၆ မှ ၁၉၃၉ ခုနှစ်အထိ သန်လျင် ဘီအိုစီကုမ္ပဏီတွင် အလုပ် လုပ်ခဲ့သည်။

## အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်

၁၃၀၀ ပြည့်အရေးတော်ပုံကာလ ၂၇ ဇွန် ၁၉၃၈ ခုနှစ် သန်လျင် ဘီအိုစီ ရေနံချက်စက်ရုံ သပိတ်မှောက်ရာတွင် ဦးဆောင်ခဲ့သည်။ သခင် အောင်ဆန်းနှင့် သခင်ကျော်စိန်ကို တရုတ်နိုင်ငံ စေလွှတ်ရန် စီစဉ်ထားသော် လည်း သခင်ကျော်စိန် မလိုက်ပါနိုင်သည့်အတွက် ဗြိတိသျှအစိုးရက ဖမ်း ဝရမ်းထုတ်ထားသော သံလျင် ဘီအိုစီ အလုပ်သမားသမဂ္ဂ အတွင်းရေးမှူး သခင်လှမြိုင်ကို အစားထိုး ရွေးချယ်ခဲ့သည်။

http://www.cherrythitsar.org



၈ ဩဂုတ် ၁၉၄၀ ပြည့်နှစ်တွင် သခင်အောင်ဆန်းနှင့်အတူ ဟိုင်လီ သင်္ဘောဖြင့် အမွိုင်သို့သွားရောက်ခဲ့သည်။ အမွိုင်တွင် တရုတ်ကွန်မြူနစ်ပါတီ နှင့် အဆက်အသွယ် မရဘဲ သောင်တင်နေရာမှ မြန်မာနိုင်ငံရှိ ရဲဘော်များ၏ ကြိုးပမ်းမှုကြောင့် ဂျပန်နှင့်ဆက်သွယ် မိကာ ၁၂ နိုဝင်ဘာ ၁၉၄၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံသို့ ရောက်ရှိခဲ့သည်။ ထို့နောက် ၁၉၄၁ ခုနှစ် ဧပြီလတွင် စစ်ပညာ သင်ကြားရန် ဟိုင်နန်ကျွန်းသို့ ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွန်း တွင် စစ်ပညာ သင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) စစ်ဌာနချုပ်နှင့် မော်လမြိုင် စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်း ချီတက်ကာ ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့သည်။ ဂျပန်တပ်မတော်နှင့် ဘီအိုင်အေတပ်များ ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးနောက် ပြန်လည်ဖွဲ့စည်းခဲ့သည့် ဘီအိုင်အေ တပ်မ (၁) နှင့် (၂) တို့သည် အထက်မြန်မာ နိုင်ငံကို ချီတက်တိုက်ခိုက်ခဲ့ရာ ၁၂ ဧပြီ ၁၉၄၂ ခုနှစ်တွင် ဒုတိယ ဗိုလ်မှူးကြီး ရန်အောင်သည် တပ်မ(၁)လက်အောက်ခံ တပ်မဟာ(၁)အား ဦးစီး၍ ရခိုင်သို့ ချီတက်ခဲ့သည်။ တပ်မဟာ (၁)သည် တောင်ကုတ်၊ ရမ်းဗြဲ၊ မင်းပြား၊ ပုဏ္ဏား ကျွန်း၊ စစ်တွေ၊ ဘူးသီးတောင်၊ မြို့ဟောင်းတို့ကို တိုက်ခိုက် သိမ်းပိုက်ခဲ့သည်။

ဗိုလ်ရန်အောင် မင်းပြားတွင်ရှိနေစဉ် အိန္ဒိယရှိ မဟာမိတ် စစ်အာဏာပိုင် များနှင့် ဆက်သွယ်ရန် သွားရောက်မည့် သခင်သိန်းဖေ၊ သခင်တင်ရွှေတို့နှင့် တွေ့ဆုံခဲ့သည်။ ဗိုလ်ရန်အောင်သည် ၎င်းတို့နှစ်ဦးအား လိုအပ်သည့် ငွေကြေး အကူအညီများ ပေးအပ်ခဲ့သည့်အပြင် နယ်စပ်အထိ ရောက်အောင် စီစဉ် ပို့ဆောင်ပေးခဲ့သည်။

၂၇ ဇူလိုင် ၁၉၄၂ ခုနှစ်တွင် ဘီအိုင်အေကို ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေး တပ်မတော်(ဘီဒီအေ) ဖွဲ့စည်းသောအခါ ဗိုလ်ကြီးအဆင့်ဖြင့် တာဝန် ထမ်းဆောင် ခဲ့သည်။

၂၃ ဩဂုတ် ၁၉၄၄ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ ကျင်းပခဲ့သော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ဖွဲ့စည်းရေး အစည်း အဝေးသို့ တက်ရောက်ခဲ့သည်။ ၁ မတ်မှ ၃ မတ် ၁၉၄၅ ခုနှစ်အထိ ကျင်းပခဲ့ သော ဖ-တ-ပ-လ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ထိုအစည်းအဝေးမှ ဖက်ဆစ်ဂျပန်တို့အား တော်လှန်တိုက်ခိုက်ရန် အစီအစဉ်များ ချမှတ်ခဲ့သည်။ ဖက်ဆစ်ဂျပန် တော်လှန်ရေးကာလက ရွှေ့တန်းစစ်ဌာနချုပ်တွင် ဒုတိယ

http://www.cherrythitsar.org



စစ်ဦးစီးမှူးအဖြစ် တာဝန်ယူကာ ဖက်ဆစ်ဂျပန်တို့ကို တော်လှန် တိုက်ခိုက်ခဲ့သည်။ အထက်ဗမာပြည်တိုင်းတွင် တိုင်းမှူး ဗိုလ်မှူးကြီးဗထူး ကျဆုံးသွားသော အခါ ဗိုလ်ရန်အောင်သည် အထက်ဗမာပြည်တိုင်းမှူးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

**ပါတီနိုင်ငံရေး**

ဗမာပြည်ကွန်မြူနစ်ပါတီဝင်ဖြစ်သည်။ ၁၉၃၉ ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီမှ ပထမဆုံးဖွင့်လှစ်သော ကွန်မြူနစ်သင်တန်းကို တက်ရောက်ခဲ့သည်။ ၂၈ ဖေဖော်ဝါရီမှ ၆ မတ် ၁၉၄၈ ခုနှစ်အထိ အိန္ဒိယနိုင်ငံ ကလကတ္တားမြို့၌ ကျင်းပသော အရှေ့တောင်အာရှ ဒီမိုကရက်တစ် လူငယ်များညီလာခဲ့သို့ တက်ရောက်ခဲ့သည်။

၁၉၄၈ ခုနှစ် မတ်လတွင် ဖဆပလအစိုးရက ဗမာပြည် ကွန်မြူနစ်ပါတီဝင်များကို ဖမ်းဆီးရာ၌ ဗိုလ်ရန်အောင်ကို ဖမ်းမိခဲ့သည်။ ၁၈ ဇူလိုင် ၁၉၄၈ ခုနှစ်တွင် ဖဆပအစိုးရက အင်းစိန်ထောင်မှ လွှတ်ပေးခဲ့ပြီးနောက် လက်ဝဲညီညွတ်ရေးကောင်စီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ၁၉၄၈ ခုနှစ် ဩဂုတ်လတွင် လက်ဝဲညီညွတ်ရေးကောင်စီက ဗိုလ်ရန်အောင်အား ဗမာပြည်ကွန်မြူနစ်ပါတီသို့ လက်ဝဲညီညွတ်ရေးလမ်းစဉ်ကို တင်ပြရန် ဗကပ ဌာနချုပ်သို့ စေလွှတ်ခဲ့သည်။ ထိုသို့ စေလွှတ်ခဲ့ရာမှ ပြန်မလာတော့ဘဲ တောခိုကာ ဗကပ၏ လက်နက်ကိုင် တော်လှန်ရေး လမ်းစဉ်နောက်ပါသွားခဲ့သည်။

၁၉၄၉ ခုနှစ်တွင် ဗကပခြေလျင်တပ်မ ၄ ၏ တပ်မမှူး အဖြစ်လည်းကောင်း၊ ဗ-က-ပ တပ်များ၏ ဒုတိယစစ်သေနာပတိအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၅ ဒီဇင်ဘာ ၁၉၆၇ ခုနှစ်တွင် ပီကင်း ကွန်မြူနစ်လမ်းစဉ်ကို မထောက်ခံ၍ ဗမာပြည် ကွန်မြူနစ်ပါတီမှ ထုတ်ပယ်ခြင်း ခံရသည်။

**ဘဝနိဂုံး**

ဗကပ၏ ဖြုတ်ထုတ်သတ်လမ်းစဉ်အရ ဗိုလ်ရန်အောင်သည် ၂၆ ဒီဇင်ဘာ ၁၉၆၇ ခုနှစ်တွင် ပဲခူးရိုးမရှိ ဗ-က-ပ ဌာနချုပ် ဗဟိုစခန်း၌ လူငယ်များ၊ အမျိုးသမီးများနှင့် ကင်းအဖွဲ့ဝင်များ၏ သတ်ဖြတ်ခြင်း ခံရသည်။

**လက်မှတ်**



http://www.cherrythitsar.org



ဗိုလ်စောနောင်

# ဗိုလ်စောနောင်

အမည်ရင်း မောင်သစ် ဖြစ်သည်။ တို့ဗမာအစည်းအရုံး ဝင်ရောက်သော အခါ သခင်သစ် ဖြစ်လာခဲ့သည်။ ဂျပန်စစ်ပညာသင်တန်း တက်စဉ်က ဂျပန်အမည်မှာ အိုဆာဝါ ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်တွင် ရဲဘော် သုံးကျိပ်ဝင်များ ဗိုလ်အမည် ခံယူရာတွင် ဗိုလ်စောနောင် ဖြစ်လာခဲ့သည်။

ဗိုလ်စောနောင်ကို ၂ စက်တင်ဘာ ၁၉၂၀ -ပြည့်နှစ်တွင် ရန်ကုန်မြို့ ကမာရွတ် ရှမ်းစုရပ်၌ ဦးဘိုးညွန့် ဒေါ်ရွှေမှတ် မိဘနှစ်ပါးတို့မှ မွေးဖွားသည်။ ရှမ်းလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

**ကျောင်းသားဘဝနှင့် ပညာရေးရာ**

အင်္ဂလိပ်မြန်မာ သတ္တမတန်းစာမေးပွဲ အောင်မြင်ခဲ့သည်။

**အသက်မွေးမှုဘဝ**

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ကိုယ်ပိုင်စီးပွားရေး လုပ်ငန်း များ လုပ်ကိုင်ခဲ့သည်။ တော်လှန်ရေးအစိုးရလက်ထက် ကုန်သွယ်ရေး ဝန်ကြီး ဌာန လုပ်ငန်းစစ်ဆေးရေးဌာနတွင် အထူးအရာရှိ အဖြစ် တာဝန်ထမ်းဆောင် ခဲ့သည်။

http://www.cherrythitsar.org



## အမျိုးသားရေးနိုင်ငံရေးဆောင်ရွက်ချက်

၁၉၃၅-ခုနှစ်တွင် တို့ဗမာအစည်းအရုံး ဝင်ရောက်၍ နိုင်ငံရေး ဆောင်ရွက်ခဲ့သည်။ သခင်ထွန်းအုပ် သခင်ဗစိန် တို့ဗမာအစည်းအရုံး၏ တာဝန်ပေးအပ်ချက်အရ ၁၉၄၁-ခုနှစ်မေလတွင် သခင်ကျော်စိန် (ဗိုလ်မိုးညို) နှင့်အတူ ထိုင်းနိုင်ငံမှ တစ်ဆင့် ဂျပန်နိုင်ငံသွားရောက်ရန် ကြိုးပမ်းစဉ် မဲဆောက်တွင် အဖမ်းခံရသည်။ မဲဆောက်အချုပ်ခန်းတွင် နှစ်ရက်ကြာ အချုပ်ခံရပြီး ပြည်နှင်ဒဏ်ပေးခံရ၍ မြန်မာနိုင်ငံ ပြန်လာခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် စေလွှတ်သည့် စတုတ္ထအသုတ် မြန်မာမျိုးချစ်လူငယ်များနှင့်အတူ ၈ ဇူလိုင် ၁၉၄၁-ခုနှစ်တွင် ကိုရီယုမာရူး သင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၂၂ ဇူလိုင် ၁၉၄၁ ခုနှစ်တွင် ရှန်ဟိုင်းသို့ ရောက်ရှိခဲ့သည်။ ၂၄ ဇူလိုင် ၁၉၄၁-ခုနှစ်တွင် ရှန်ဟိုင်းမှ လေယာဉ်ပျံဖြင့် ဂျပန်နိုင်ငံ ကျူးရှူးကျွန်း နာဂါစကီးမြို့အနီးရှိ ရေတပ်စခန်း သို့ရောက်ရှိခဲ့သည်။ ထိုမှတစ်ဆင့် ဟာကိုနီတောင်ပေါ်စခန်းမြို့သို့ သွားရောက် ကာ အပန်းဖြေခဲ့ကြသည်။ ၈ ဩဂုတ် ၁၉၄၁-ခုနှစ်တွင် တိုကျိုမှ ဟိုင်နန်ကျွန်းသို့ လေယာဉ်ပျံဖြင့် သွားရောက်ရာ ၁၁ ဩဂုတ် ၁၉၄၁-ခုနှစ်တွင် ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွန်းတွင် စစ်ပညာ များ သင်ကြားခဲ့သည်။

ထိုင်းနိုင်ငံဗန်ကောက်တွင် ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) ဖွဲ့စည်းပြီးနောက် စစ်သားစုဆောင်းရေး တာဝန်များကို ဆောင်ရွက်ခဲ့သည်။ တပ်သားသစ် ၁၀၀၀ ကျော် စုဆောင်းနိုင်ခဲ့သည့်အတွက် ဗိုလ်ချုပ်အောင်ဆန်း နှင့် ဂျပန်စစ်အရာရှိကြီးများ၏ ချီးကျူးခြင်းခံရသည်။ ဗမာ့လွတ်လပ်ရေး တပ်မတော် စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်း ချီတက်ကာ ဗြိတိသျှတပ်များကို တိုက်ခိုက်ခဲ့သည်။

ဘီအိုင်အေတွင် ဗိုလ်မှူးအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၇-ဇူလိုင် ၁၉၄၂-ခုနှစ်တွင် ဘီအိုင်အေ ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ဖွဲ့စည်းသောအခါ ဘီဒီအေ တပ်ရင်း (၄) တပ်ခွဲ (၁)တွင် ဗိုလ်ကြီး အဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် စစ်ဝန်ကြီးရုံးတွင် တာဝန် ထမ်းဆောင်ခဲ့သည်။

http://www.cherrythitsar.org



ဖက်ဆစ် တော်လှန်ရေးကာလက ရှေ့တန်းစစ်ဌာနချုပ်တွင် တပ်ခွဲမှူး တာဝန်ဖြင့် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ခဲ့သည်။

**ဆုတံဆိပ်ရေးရာ**

၂၇ မတ် ၁၉၅၉-ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု နောက်ဆုံး ကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့် လူမျိုးလွတ်လပ်ရေးအတွက် သက်စွန့် ဆံဖျားကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေး မော်ကွန်းဝင် (ပထမဆင့်) တံဆိပ် ချီးမြှင့် ဂုဏ်ပြုခြင်းခံခဲ့ရသည်။

**ဘဝနိဂုံး**

၃၀ ဇန်နဝါရီလ ၁၉၇၆-ခုနှစ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**လက်မှတ်**



http://www.cherrythitsar.org



ဗိုလ်ဇင်ယော်

http://www.cherrythitsar.org

# ဗိုလ်ဇင်ယော်

အမည်ရင်း ကိုသန်းညွန့် ဖြစ်သည်။ တို့ဗမာအစည်းအရုံး ဝင်ရောက်သောအခါ သခင်သန်းညွန့် ဖြစ်လာခဲ့သည်။ ဂျပန်စစ်ပညာ သင်တန်းတက်စဉ်က ဂျပန်အမည်မှာ အိုကာဝါ ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်တွင် ရဲဘော်သုံးကျိပ်ဝင်များ ဗိုလ်အမည် ခံယူရာတွင် ဗိုလ်ဇင်ယော် ဖြစ်လာခဲ့သည်။

ဗိုလ်ဇင်ယော်ကို ၂၁ နိုဝင်ဘာ ၁၉၁၉-ခုနှစ်တွင် ရန်ကုန်တိုင်း ခရမ်းမြို့နယ် အေးရွာတွင် ဦးပို ဒေါ်နှင်းမြ မိဘနှစ်ပါးတို့မှ မွေးဖွားသည်။ ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

## ကျောင်းသားဘဝနှင့် ပညာရေးရာ

ခရမ်းမြို့နယ် အေးရွာတွင် အလယ်တန်းအဆင့်ထိ ပညာ သင်ကြားခဲ့သည်။ ၁၉၃၆-ခုနှစ်တွင် ပုစွန်တောင်မြူနီစပယ် အထက်တန်းကျောင်းတွင် ပညာဆက်လက်သင်ကြားခဲ့ရာ န၀မတန်း အောင်မြင်ခဲ့သည်။ ထို့နောက် ဆရာဖြစ်သင်တန်း တက်ရောက် အောင်မြင်ခဲ့သည်။

## အသက်မွေးမှုဘဝ

၁၉၅၀-ပြည့်နှစ်တွင် အဆောက်အအုံ ကန်ထရိုက်လုပ်ငန်းများ လုပ်ကိုင်ခဲ့သည်။ ၁၉၅၄-ခုနှစ်မှ ၁၉၅၈-ခုနှစ်အထိ စကြာကုမ္ပဏီတွင် မန်နေဂျာအဖြစ် ဆောင်ရွက်ခဲ့သည်။ တော်လှန်ရေးအစိုးရ လက်ထက်တွင် သစ်လုပ်ငန်းကော်ပိုရေးရှင်း၌ အထူးအရာရှိအဖြစ် ဆောင်ရွက်ခဲ့သည်။

http://www.cherrythitsar.org



**အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်**

၁၉၃၉-ခုနှစ်တွင် တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်၍ နိုင်ငံရေး ဆောင်ရွက်ခဲ့သည်။ ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် စေလွှတ်သည့် စတုတ္ထအသုတ် မြန်မာမျိုးချစ်လူငယ်များနှင့်အတူ ၈ ဇူလိုင် ၁၉၄၁-ခုနှစ် တွင် ကိုရီမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၂၂ ဇူလိုင် ၁၉၄၁-ခုနှစ်တွင် ရှန်ဟိုင်းသို့ ရောက်ရှိခဲ့သည်။ ၂၄ ဇူလိုင် ၁၉၄၁-ခုနှစ်တွင် ရှန်ဟိုင်း မှ လေယာဉ်ပျံဖြင့် ဂျပန်နိုင်ငံ ကျူးရှူးကျွန်း နာဂါစကီးမြို့အနီးရှိ ရေတပ်စခန်းသို့ ရောက်ရှိခဲ့သည်။ ထိုမှတစ်ဆင့် ဟာကိုနီတောင်ပေါ်စခန်းမြို့သို့ သွားရောက်ကာ အပန်းဖြေခဲ့ကြသည်။ ၈ ဩဂုတ် ၁၉၄၁-ခုနှစ်တွင် တိုကျိုမှ ဟိုင်နန်ကျွန်းသို့ လေယာဉ်ပျံဖြင့် သွားရောက်ရာ ၁၁ ဩဂုတ် ၁၉၄၁-ခုနှစတွင် ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွန်းတွင် စစ်ပညာများ သင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) စစ်ဌာနချုပ်နှင့် မော်လမြိုင် စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်း ချီတက်၍ ဗြိတိသျှတို့ကို တိုက်ခိုက် ခဲ့သည်။ ရွှေကျင်တိုက်ပွဲတွင် ဗိုလ်စောအောင်ကျဆုံးပြီးနောက် ဗိုလ်ဇင်ယော် ဦးစီး၍ ဆက်လက် တိုက်ခိုက်ရာ အနိုင်ရခဲ့သည်။

၂၇ ဇူလိုင် ၁၉၄၂-ခုနှစ်တွင် ဘီအိုင်အေဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေး တပ်မတော် (ဘီဒီအေ) ဖွဲ့စည်းသောအခါ ဘီဒီအေ တပ်ရင်း ၃ တပ်ခွဲ ၃၌ ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၃-ခုနှစ် ဇူလိုင်လတွင် စက်မှုလက်မှု တပ်ရင်း ၁ ၏ တပ်ခွဲမှူး တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၄-ခုနှစ် ဩဂုတ်လတွင် အနောက်တိုင်း စစ်ဌာနချုပ် စစ်ဆင်ရေးမှူး အဖြစ် လည်းကောင်း၊ ၁၉၄၄-ခုနှစ် နိုဝင်ဘာလတွင် မန္တလေး အထက်မြန်မာပြည် တိုင်းတပ်ရင်းမှူးအဖြစ်လည်းကောင်း တာဝန် ထမ်းဆောင်ခဲ့သည်။

၁၉၄၅-ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့ လောင်းဝစ်လမ်း (ယခု အင်းယားမြိုင်လမ်း)ရှိ စစ်ဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ် ဖက်ဆစ် ဂျပန် တော်လှန်ရေး ဖြစ်ပွားလာသဖြင့် ဆေးရုံမှဆင်းကာ တိုင်း ၄ (ပဲခူး၊ ရွှေကျင်နှင့်သထုံ) နှင့် ဆက်သွယ်ကာ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ခဲ့သည်။

ကန္ဒီ စာချုပ်အရ မျိုးချစ်ဗမာ့တပ်မတော် ဖျက်သိမ်းသောအခါ တပ်မတော်မှ ထွက်ခဲ့သည်။ ၁၉၄၅-ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း ဖွဲ့စည်း

http://www.cherrythitsar.org



သော ပြည်သူ့ရဲဘော်တပ်ဖွဲ့တွင် ပါဝင်ခဲ့ပြီး ရန်ကုန်ခရိုင် ပြည်သူ့ရဲဘော်တပ်ဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

## ပါတီနိုင်ငံရေး

၁၉၅၈-ခုနှစ်တွင် နိုင်ငံရေးနယ်ပယ်သို့ ပြန်လည်ဝင်ရောက်ကာ ဦးနု ဦးဆောင်သော သန့်ရှင်းဖဆပလအဖွဲ့တွင် ပါဝင်ခဲ့သည်။ ၁၉၆၀-ပြည့်နှစ် တတိယအကြိမ် ပါလီမန်ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် သန့်ရှင်း ဖဆပလ အမတ်လောင်းအဖြစ် ကဝမြို့နယ် မဲဆန္ဒနယ်မှ ဝင်ရောက်အရွေးခံရာ လွှတ်တော်အမတ်အဖြစ် ရွေးကောက် တင်မြှောက်ခံရသည်။

## အခြားဆောင်ရွက်ချက်များ

၁၉၅၇-ခုနှစ်တွင် ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ကျင်းပသော သတ္တမအကြိမ်မြောက် ကမ္ဘာ့စစ်ပြန်ညီလာခံသို့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ၁၉၆၃-၆၄ ခုနှစ်များတွင် မြန်မာနိုင်ငံ စစ်ပြန် စစ်မှုထမ်းဟောင်းများအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

## ဆုတံဆိပ်ရေးရာ

၂၇ မတ် ၁၉၅၉-ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့် လူမျိုးလွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) တံဆိပ်ချီးမြှင့်ဂုဏ်ပြုခြင်း ခံခဲ့ရသည်။

၇ ဇွန် ၁၉၈၀-ပြည့်နှစ်တွင်နိုင်ငံတော်၏အကျိုးကို ဦးစီး ဆောင်ရွက်ခဲ့သည်အတွက် နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ချီးမြှင့်ခံခဲ့ရသည်။

## ဘဝနိဂုံး

၃၁ ဒီဇင်ဘာ ၁၉၉၃-ခုနှစ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**လက်မှတ်**



http://www.cherrythitsar.org



သခင်သန်းတင်

# သခင်သန်းတင်(၁)

အမည်ရင်း ကိုသန်းတင် ဖြစ်သည်။ တို့ဗမာအစည်းအရုံး ဝင်ရောက်သောအခါ သခင်သန်းတင် ဖြစ်လာခဲ့သည်။ သခင်သန်းတင်၏ ဂျပန်အမည်မှာ ယာမာဒါ ဖြစ်သည်။

သခင်သန်းတင်ကို ၂၇ ဩဂုတ် ၁၉၂၀ပြည့်နှစ်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ညောင်ပင်ဆိပ်ရွာ၌ ဦးမောင်နှင့် ဒေါ်စိုး မိဘနှစ်ပါးတို့မှ မွေးဖွားခဲ့သည်။ ဗမာလူမျိုး ဗုဒ္ဓဘာသာဝင် ဖြစ်သည်။

**ကျောင်းသားဘဝနှင့် ပညာရေးရာ**

မြဝတီကျောင်းတွင် စတုတ္ထတန်းအထိ ပညာသင်ကြားခဲ့သည်။

**အသက်မွေးမှုဘဝ**

ရန်ကုန်မြို့ဗိုလ်တထောင်စက်အလုပ်ရုံနှင့် ပန်းတနော်မြို့နယ် ဝဲဒေါင့်ရွာ ဆန်စက်တွင် အလုပ်လုပ်ခဲ့သည်။ ထို့နောက် ကမာရွတ် ပန်းထိမ်အလုပ်ရုံတွင် အလုပ်လုပ်ခဲ့သည်။

**အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်**

၁၉၄၀ ပြည့်နှစ်တွင် ကမာရွတ် တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်၍ နိုင်ငံရေး ဆောင်ရွက်ခဲ့သည်။ ဂျပန်နိုင်ငံသို့ စစ်ပညာသွားသင်ရန် သခင်

http://www.cherrythitsar.org



ထွန်းအုပ် သခင်ဗစိန် တို့ဗမာအစည်းအရုံးမှ သခင်သန်းတင်အား ရွေးချယ်ခဲ့သော်လည်း မိဘနှစ်ပါးက သဘောမတူ၍ မလိုက်ရပေ။ နောက်ဆုံးတွင် သခင်သန်းတင်က အစာငတ်ခံ ဆန္ဒပြသည့်အတွက် မိဘနှစ်ပါးက ခွင့်ပြုရသည်။

ထိုအချိန်တွင် မြန်မာမျိုးချစ်လူငယ် စတုတ္ထအသုတ်သည် ဂျပန်နိုင်ငံသို့ ၈ ဇူလိုင် ၁၉၄၁ခုနှစ်၌ ကိုရီယူမာရူးသင်္ဘောဖြင့် ထွက်ခွာသွားပြီဖြစ်၍ မမီတော့ပေ။

ထိုသို့ မမီတော့သော်လည်း သခင်ထွန်းအုပ်က ထိုင်းနိုင်ငံကို အရောက်လာရန် မှာခဲ့သည့်အတွက် သခင်သန်းတင်သည် တိုင်းပြည်နှင့် လူမျိုးလွတ်လပ်ရေးအတွက် မဖြစ်မနေဆောင်ရွက်မည်ဟု ခိုင်မာသော သန္နိဋ္ဌာန်ဖြင့် ၁၂ ဇူလိုင် ၁၉၄၁ ခုနှစ်တွင် စွန့်လွှတ်စွန့်စားစွာ ရန်ကုန်မြို့မှ မော်လမြိုင် ထိုမှတစ်ဆင့် မြဝတီသို့ သွားရောက်ခဲ့ပြီး ထိုင်းမြန်မာနယ်စပ်ရှိ တောတောင်အထပ်ထပ်ကို ဖြတ်ကျော်၍ ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ရောက်ရှိခဲ့သည်။ မဲဆောက်မြို့ရှိ ဂျပန် သံအမတ်က သခင်သန်းတင်အား ဂျပန်အဝတ်အစားများ လဲလှယ်ဝတ်ဆင်ပေးပြီး လေယာဉ်ဖြင့် ဗန်ကောက်မြို့သို့ သွားရောက်ရန် စီစဉ်ပေးခဲ့သည်။

သခင်သန်းတင်သည် စစ်ပညာသင်ကြားရန် ၁၅ ဩဂုတ် ၁၉၄၁ ခုနှစ်တွင် ဗိုလ်ထိန်ဝင်းနှင့်အတူ ဒေလီမာရူးသင်္ဘောဖြင့် ဂျပန်နိုင်ငံသို့ ထွက်ခွာခဲ့ရာ လမ်းခရီးတွင် အဖျားရောဂါ ဖြစ်ပွားခဲ့သည်။ ဒေလီမာရူးသင်္ဘော တိုင်ဝမ်ကျွန်းသို့ ဆိုက်ရောက်သောအခါ ဂျပန်စစ်ဖက်အရာရှိများက တိုင်ပေ စစ်ဆေးရုံသို့ ပို့ပေးခဲ့သည်။ ထို ဆေးရုံတွင် အူအတက်ပေါက်မှုကို ခွဲစိတ်ကုသမှု ခံယူနေစဉ် ကွယ်လွန်ခဲ့သည်။

## ဆုတံဆိပ်ရေးရာ

၂၇ မတ် ၁၉၅၉ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း

http://www.cherrythitsar.org



အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်) တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်း ခံခဲ့ရသည်။

**ဘဝနိဂုံး**

စက်တင်ဘာ ၁၉၄၁ ခုနှစ်တွင် တိုင်ဝမ်ကျွန်း၌ အဖျားရောဂါဖြင့် ကွယ်လွန်သည်။ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်စဉ် ပထမဆုံးကွယ်လွန်သွားသော ရဲဘော်သုံးကျိပ်ဝင် ဖြစ်သည်။

http://www.cherrythitsar.org



ဗိုလ်မြခင်

# ဗိုလ်မြဒင်

အမည်ရင်း ကိုသန်းတင်ဖြစ်သည်။ တို့ဗမာအစည်းအရုံး ဝင်ရောက်သော အခါ သခင်သန်းတင် ဖြစ်လာခဲ့သည်။ ဂျပန်စစ်ပညာ သင်တန်းတက်စဉ်က ဂျပန်အမည်မှာ ဆူဘိုတာ ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်တွင် ရဲဘော် သုံးကျိပ်ဝင်များ ဗိုလ်အမည်ခံယူရာတွင် ဗိုလ်မြဒင် ဖြစ်လာခဲ့သည်။

ဗိုလ်မြဒင်ကို ၁၉၂၀ ပြည့်နှစ်တွင် သာယာဝတီခရိုင် အုတ်ဖိုမြို့၌ ဦးမောင်ဖေ၊ ဒေါ်ရွှေဖန် မိဘနှစ်ပါးတို့မှ မွေးဖွားသည်။ ဗမာလူမျိုး ဗုဒ္ဓ ဘာသာဝင်ဖြစ်သည်။

**ကျောင်းသားဘဝနှင့် ပညာရေးရာ**

သာယာဝတီမြို့ ဗုဒ္ဓဘာသာ အလယ်တန်းကျောင်းတွင် ပညာ သင်ကြားခဲ့သည်။ သတ္တမတန်းရောက်သည့်နှစ်တွင် ၁၃၀၀ ပြည့် အရေးတော်ပုံ ပေါ်ပေါက်ခဲ့ရာ ထိုကျောင်း၏ သပိတ်မှောက် ခေါင်းဆောင် တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၃၀၀ ပြည့် အရေးတော်ပုံအပြီးတွင် ကျောင်းမှထွက်၍ နိုင်ငံရေးဆောင်ရွက်ခဲ့သည်။

**အသက်မွေးမှုဘဝ**

သာယာဝတီဈေးတွင် စာအုပ်အရောင်းဆိုင်ဖွင့်လှစ်ခဲ့သည်။

http://www.cherrythitsar.org



## အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်

၁၉၃၉ ခုနှစ်တွင် သာယာဝတီမြို့ တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်၍ နိုင်ငံရေး ဆောင်ရွက်ခဲ့သည်။ သခင်ကိုယ်တော်မှိုင်း သခင်မြ တို့ဗမာအစည်းအရုံးဌာနချုပ်၏ ညွှန်ကြားချက်အရ သာယာဝတီမြို့ မြေအောက်လျှို့ဝှက်အဖွဲ့ ဖွဲ့စည်းရာတွင် တာဝန်ခံ အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ သာယာဝတီမြို့နယ် ဗမာလက်ရုံးတပ်တွင် တပ်ဗိုလ်အဖြစ် ဆောင်ရွက်ခဲ့သည်။ တောင်သူလယ်သမား တော်လှန်ရေးခေါင်းဆောင် ဆရာစံ၏ ဌာနချုပ်ဖြစ်သော အလံတောင်စခန်းတွင် သခင်သန်းတင်နှင့် လက်ရုံးတပ်သားများ စစ်ရေးလေ့ကျင့်ခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် မြန်မာမျိုးချစ်လူငယ်များ စေလွှတ်ရေးကိစ္စ ပေါ်လာသောအခါ သခင်သန်းတင်က တိုင်းပြည်အတွက် အသက် ပေးလှူပါမည်ဟု ဆိုသောကြောင့် မြေအောက်လျှို့ဝှက် အဖွဲ့ခေါင်းဆောင် သခင်မြက ဗိုလ်မြဒင်အား ရွေးချယ်ခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် စေလွှတ်သည့် မြန်မာ မျိုးချစ်လူငယ် ဒုတိယအသုတ်နှင့်အတူ ၁၃ ဧပြီ ၁၉၄၁ ခုနှစ်တွင် ကိုင်ရှိုမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှထွက်ခွာခဲ့ရာ ၂၈ ဧပြီ ၁၉၄၁ ခုနှစ်တွင် ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ ရောက်ရှိခဲ့သည်။ ထိုမှတစ်ဆင့် ဟာကိုနီတောင်ပေါ်စခန်းမြို့တွင် အပန်းဖြေခဲ့ကြသည်။ ၉ မေ ၁၉၄၁ ခုနှစ်တွင် လေယာဉ်ပျံဖြင့် တိုကျိုမှ ဟိုင်နန်ကျွန်းသို့ သွားရောက်ရာ ၁၀ မေ ၁၉၄၁ ခုနှစ်တွင် ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွန်းတွင် စစ်ပညာများ သင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) မြန်မာနိုင်ငံတွင်း မချီတက်မီ မြန်မာနိုင်ငံအတွင်း ရှေ့ပြေးသူပုန်လုပ်ငန်းများ ဆောင်ရွက်ရန် ပြည်တွင်းသူပုန်အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခံရသည်။ ဗိုလ်မြဒင်သည် ပြည်တွင်းသူပုန်အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံတွင်း ဝင်ရောက်စဉ် ထိုင်းမြန်မာနယ်စပ်အရောက် ငှက်ဖျားရောဂါဖြစ်ပွား၍ ဇင်းမယ်ဆေးရုံတက်ရောက် ကုသနေစဉ် ကွယ်လွန်ခဲ့သည်။

http://www.cherrythitsar.org



**ဆုတံဆိပ်ရေးရာ**

၂၇ မတ် ၁၉၅၉ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့် လူမျိုးလွတ်လပ်ရေး အတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်) တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်းခံခဲ့ရသည်။

**ဘဝနိဂုံး**

ဇန်နဝါရီ ၁၉၄၂ ခုနှစ်တွင် ထိုင်းနိုင်ငံ ဇင်းမယ်မြို့တွင် ကွယ်လွန်ခဲ့သည်။ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်စဉ် ဒုတိယမြောက်ကွယ်လွန်သွားသော ရဲဘော်သုံးကျိပ်ဝင် ဖြစ်သည်။

http://www.cherrythitsar.org



ဗိုလ်မိုး

# ဗိုလ်မိုး

ငယ်နာမည် မောင်မောင်ဖြစ်သည်။ ကျောင်းနာမည်မှာ ခင်မောင်ဆွေ ဖြစ်သည်။ တို့ဗမာအစည်းအရုံး ဝင်ရောက်သောအခါ သခင်အေးမောင် ဖြစ်လာခဲ့သည်။ ဂျပန်စစ်ပညာသင်တန်း တက်စဉ်က ဂျပန်အမည်မှာ မိဇူနိုဆာ ဘူရို ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်တွင် ရဲဘော်သုံးကျိပ်ဝင်များ ဗိုလ်အမည်ခံယူရာတွင် ဗိုလ်မိုး ဖြစ်လာခဲ့သည်။

ဗိုလ်မိုးကို ၂၁ မတ် ၁၉၁၈ ခုနှစ်တွင် ရန်ကုန်မြို့၌ ဦးဖိုးမှီ၊ ဒေါ်အေးတင် မိဘနှစ်ပါးတို့မှ မွေးဖွားသည်။ ဗမာလူမျိုး ဗုဒ္ဓဘာသာဝင် ဖြစ်သည်။

**ကျောင်းသားဘဝနှင့် ပညာရေးရာ**

ပျဉ်းမနားမြို့ အေဘီအမ် (American Baptist Mission) ကျောင်းတွင် စတုတ္ထတန်းအထိ ပညာသင်ကြားခဲ့သည်။ ထို့နောက် ရန်ကုန်မြို့ အလုံရပ် ကူရှင် (Cushin) ကျောင်းတွင် ဒသမတန်းအထိ ဆက်လက် ပညာသင်ကြား ခဲ့သည်။

၁၃၀၀ ပြည့် အရေးတော်ပုံကာလအတွင်း ၂၀ ဒီဇင်ဘာ ၁၉၃၈ ခုနှစ် တွင် ရန်ကုန်တက္ကသိုလ် အပါအဝင် ရန်ကုန်မြို့ရှိ ကျောင်းပေါင်းစုံ ကျောင်းသားထု အတွင်းဝန်များရုံး (ယခုဝန်ကြီးများရုံး) ကို ဝိုင်း၍ သပိတ်တား

http://www.cherrythitsar.org



ဆန္ဒပြရာတွင် မောင်အေးမောင်သည် ကူရှင်ကျောင်းသားများသမဂ္ဂကို ဦးဆောင်ကာ ပါဝင်ခဲ့သည်။

## အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်

၁၉၃၉ ခုနှစ်တွင် သခင်ကိုယ်တော်မှိုင်း သခင်မြ တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်၍ နိုင်ငံရေးဆောင်ရွက်ခဲ့သည်။ မြေနီကုန်း တို့ဗမာအစည်းအရုံးကို စတင်တည်ထောင်ရာတွင် ပါဝင်ခဲ့ပြီး အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် စေလွှတ်သည့် မြန်မာမျိုးချစ်လူငယ် ပထမအသုတ်နှင့် အတူ ၁၀ မတ် ၁၉၄၁ ခုနှစ်တွင် ရွှန်းတင်းမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၂၇ မတ် ၁၉၄၁ ခုနှစ်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိခဲ့သည်။ ထိုမှ တစ်ဆင့် ၁၉၄၁ ခုနှစ် ဧပြီလတွင် စစ်ပညာ သင်ကြားရန် တိုင်ဝမ်ကျွန်းမှတစ်ဆင့် ဟိုင်နန်ကျွန်းသို့ သွားရောက်ခဲ့သည်။ ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်း ချီတက်ကာ ဗြိတိသျှ စစ်တပ်များကို ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ခဲ့သည်။ ဗိုလ်မိုးသည် ဖူးကြီးတွင် ဗြိတိသျှတပ်များနှင့် တွေ့ဆုံ တိုက်ပွဲဖြစ်ပွားရာ တပ်ဦးမှ အမိန့်ပေးနေစဉ် ရန်သူ၏ ကျည်သင့်၍ ၈ မတ် ၁၉၄၂ ခုနှစ်တွင် ကျဆုံးခဲ့သည်။

## ဆုတံဆိပ်ရေးရာ

၂၇ မတ် ၁၉၅၉ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့် လူမျိုးလွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းမှုဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေး မော်ကွန်းဝင် (တတိယဆင့်) တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်းခံခဲ့ရသည်။

http://www.cherrythitsar.org



**ဘဝနီဂိုး**

၈ မတ် ၁၉၄၂ ခုနှစ် ဖူးကြီးတိုက်ပွဲတွင် ကျဆုံးခဲ့သည်။ တိုင်းပြည်နှင့် လူမျိုး လွတ်လပ်ရေးအတွက် ဗမာ့လွတ်လပ်ရေး တပ်မတော်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်း ချီတက်ကာ နယ်ချဲ့ ဗြိတိသျှ တပ်များကို တိုက်ခိုက်ရာ၌ စစ်မြေပြင်တွင် အာဇာနည် သူရဲကောင်းပီသစွာ ဒုတိယမြောက် ကျဆုံးသွားသော ရဲဘော်သုံးကျိပ်ဝင် ဖြစ်သည်။

http://www.cherrythitsar.org



ဗိုလ်စကြာ

# ဗိုလ်စကြာ

အမည်ရင်း ကိုအောင်သန်းဖြစ်သည်။ တို့ဗမာအစည်းအရုံး ဝင်ရောက်သောအခါ သခင်အောင်သန်း ဖြစ်လာခဲ့သည်။ ဂျပန် စစ်ပညာသင်တန်းတက်စဉ်က ဂျပန်အမည်မှာ ဟီရာတာမာဆာအို ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရဲဘော်သုံးကျိပ်ဝင်များ ဗိုလ်အမည်ခံယူရာတွင် ဗိုလ်စကြာ ဖြစ်လာခဲ့သည်။

ဗိုလ်စကြာကို ၁ ဇူလိုင်၊ ၁၉၁၅ ခုနှစ်တွင် ရန်ကုန်မြို့၌ ဦးမြတ်သာ၊ ဒေါ်သန်းတင် မိဘနှစ်ပါးတို့မှ မွေးဖွားသည်။ ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

**ကျောင်းသားဘဝနှင့် ပညာရေးရာ**

ဒိုင်အိုစီဇင် ယောက်ျားလေး အထက်တန်းကျောင်း (Diocesan Boy's High School) နှင့် ရန်ကုန်အစိုးရအထက်တန်း ကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ ထို့နောက် အစိုးရဆေးပညာသင်ကျောင်းတွင် ဆေးပညာများ သင်ကြားခဲ့သည်။

**အသက်မွေးမှုဘဝ**

"ဗမာ့လေကြောင်းပို့ဆောင်ရေး" လေယာဉ်ပျံကုမ္ပဏီနှင့် သီရိစကြာကုမ္ပဏီများ တည်ထောင်လုပ်ကိုင်ခဲ့သည်။

**အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်**

တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်၍ နိုင်ငံရေး ဆောင်ရွက်ခဲ့သည်။ ၁ ဇန်နဝါရီ၊ ၁၉၃၈ ခုနှစ်တွင် ချောက်ရေနံမြေ အလုပ်သမားထုကို တရားဟောခဲ့သည်။ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး ဆောင်ရွက်မှုများကြောင့် အဖမ်းခံခဲ့ရသည်။

http://www.cherrythitsar.org



၁၉၃၈တွင် တို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲသွားသောအခါ သခင်ထွန်းအုပ်၊ သခင်ဗစိန် တို့ဗမာအစည်းအရုံးတွင် ပါဝင်ခဲ့သည်။ ၁၀ ဇွန် ၁၉၄၀ ပြည့်နှစ်တွင် ဂျူဗလီဟော၌ သခင်ဗစိန်၊ သခင်ထွန်းအုပ်၊ သခင်အောင်သန်း (ဗိုလ်စကြာ)၊ သခင်ချစ်တင်၊ သခင်ခင်မောင်တို့သည် ဂျပန်သွားစိုက်ဆိုင်ရှင် မစ္စတာကိုကုဘုနှင့် လျှို့ဝှက်စွာ တွေ့ဆုံကာ မြန်မာ့လွတ်လပ်ရေးအတွက် ဂျပန်နိုင်ငံမှ အကူအညီရရန် ဆွေးနွေးခဲ့သည်။

သခင်ထွန်းအုပ် သခင်ဗစိန် တို့ဗမာ အစည်းအရုံးက သခင်အောင်သန်းအား ဂျပန်နှင့်ဆက်သွယ်ရန် ယိုးဒယားနိုင်ငံသို့ စေလွှတ်သည့်အတွက် ထိုင်းနိုင်ငံသို့ စွန့်လွှတ်စွန့်စားစွာ သွားရောက်ခဲ့ရာ ၁၉၄၀ ပြည့်နှစ်ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိခဲ့သည်။ ဗန်ကောက်တွင် ဂျပန် အာဏာပိုင်များနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး သခင်ထွန်းအုပ်ထံ မြန်မာနိုင်ငံရှိ နိုင်ငံရေးအဖွဲ့ သုံးလေးဖွဲ့မှ လူငယ်လေးဆယ်ခန့် စစ်ပညာသင်ရန်အတွက် လျှို့ဝှက်စွာ စေလွှတ်ပေးရန် အကြောင်းကြားခဲ့သည်။ သခင်အောင်သန်း ထိုင်းနိုင်ငံရောက်နေကြောင်း မီနာမီအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစူဇူကီး သိရှိရလျှင် စစ်ပညာသင်ရန် ဟိုင်နန်ကျွန်းသို့ ပို့ပေးခဲ့သည်။ ဟိုင်နန်နှင့် တိုဝမ်ကျွန်းတွင် စစ်ပညာများသင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်း မြန်မာနိုင်ငံတွင်းချီတက်စဉ် ဗိုလ်ကျော်ဇော ဦးဆောင်သည့် လက်နက်ခဲယမ်းမီးကျောက်နှင့် သယ်ယူပို့ဆောင်ရေးတပ်ဖွဲ့နှင့်အတူ ချီတက်လိုက်ပါခဲ့သည်။

၂၇ ဇူလိုင် ၁၉၄၂ ခုနှစ်တွင် ဘီအိုင်အေကို ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ဖွဲ့စည်းသောအခါ ဒုတိယ ဗိုလ်မှူးကြီးအဆင့်ဖြင့် စစ်ဦးစီးတာဝန် ထမ်းဆောင်ခဲ့သည်။

၁ ဩဂုတ် ၁၉၄၃ ခုနှစ်တွင် ဖွဲ့စည်းသော မြန်မာနိုင်ငံအစိုးရအဖွဲ့တွင် ဒုတိယကာကွယ်ရေးဝန်ကြီး (ဒုတိယ စစ်ဝန်ကြီး) အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ၁၈ မေ ၁၉၄၄ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဂျပန်နိုင်ငံ ဆိုင်ရာမြန်မာစစ်သံမှူးအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလတွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ အင်္ဂလန်နိုင်ငံ သွားရောက်ရာတွင် အတိုင်ပင်ခံ

http://www.cherrythitsar.org



အဖြစ် လိုက်ပါခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာန ပါလီမန် အတွင်းဝန်အဖြစ် ခန့်အပ်ခံရသည်။

**ပါတီနိုင်ငံရေး**

ဗမာပြည် ဆိုရှယ်လစ်ပါတီသို့ ဝင်ရောက်၍ နိုင်ငံရေး ဆောင်ရွက်ခဲ့သည်။ ဖဆပလအဖွဲ့၏ နိုင်ငံခြားရေးရာ ကော်မတီတွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၅၁ ခုနှစ်၊ ပထမအကြိမ် ပါလီမန်ရွေးကောက်ပွဲတွင် ဖဆပလ အမတ်လောင်းအဖြစ် သရက်တောင်ပိုင်း မဲဆန္ဒနယ်မှ ဝင်ရောက်အရွေးခံရာ လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

၁၉၅၈ ခုနှစ်၊ ဖဆပလ နှစ်ခြမ်းကွဲသောအခါ တည်မြဲဖဆပလတွင် ပါဝင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ် တတိယအကြိမ် ပါလီမန်ရွေးကောက်ပွဲတွင် တည်မြဲဖဆပလ အမတ်လောင်းအဖြစ် ကြည့်မြင်တိုင်တောင်ပိုင်း မဲဆန္ဒနယ်မြေမှ ဝင်ရောက် အရွေးခံရာ ရှုံးနိမ့်ခဲ့သည်။

၁၉၆၅ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ လျှို့ဝှက်စွာထွက်ခွာသွားပြီး ၁၉၆၆ အောက်တိုဘာလတွင် ထိုင်းနိုင်ငံ၌ အမျိုးသားလွတ်မြောက်ရေး ကောင်စီကို ဖွဲ့စည်းရာတွင် ပါဝင်ခဲ့သည်။ ၆ ဩဂုတ် ၁၉၆၉ ခုနှစ်တွင် ဦးနုအဖွဲ့ ထိုင်းနိုင်ငံတွင်းသို့ ရောက်လာသောအခါ ဦးနုအဖွဲ့နှင့် ပူးပေါင်းခဲ့သည်။

**ဆုတံဆိပ်ရေးရာ**

၂၇ မတ်၊ ၁၉၅၉ တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ် အဖြစ် လွတ်လပ်ရေး မော်ကွန်းဝင် (ဒုတိယဆင့်) တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်း ခံခဲ့ရသည်။

**ဘဝနိဂုံး**

၆ စက်တင်ဘာ၊ ၁၉၆၉ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

**လက်မှတ်**





ဗိုလ်ရဲထွဋ်

# ဗိုလ်ရဲထွဋ်

အမည်ရင်း မောင်အောင်သိန်း ဖြစ်သည်။ ဂျပန်စစ်ပညာ သင်တန်းတက်စဉ်က ဂျပန်အမည်မှာ ယာယာရှိ ဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်တွင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်အမည်များ ခံယူရာတွင် ဗိုလ်ရဲထွဋ် ဖြစ်လာခဲ့သည်။

ဗိုလ်ရဲထွဋ် ၂၅ ဖေဖော်ဝါရီ ၁၉၂၂ ခုနှစ်တွင် ရန်ကုန်မြို့ တာမွေကလေးရပ်၌ ဦးဘိုးလွင် ဒေါ်စောရှင် မိဘနှစ်ပါးတို့မှ မွေးဖွားသည်။ ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

**ကျောင်းသားဘဝနှင့် ပညာရေးရာ**

ရန်ကုန်မြို့ ကန်တော်ကလေး မြူနီစီပယ်ကျောင်းမှ ဒသမတန်း အောင်မြင်ခဲ့သည်။ ထို့နောက်အထက်တန်းဆရာဖြစ် သင်တန်း အောင်မြင်ခဲ့သည်။ ၁၉၃၆-ခုနှစ်တွင် ဦးမောင်ကြီး ရဲတပ်တွင် ပါဝင်ခဲ့သည်။ ၁၉၃၈ ကျောင်းသားသပိတ်တွင် မြူနီစီပယ်ကျောင်းမှ သပိတ်မှောက်ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၃၉-၄၀ ပြည့်နှစ်တွင် မြူနီစီပယ်ကျောင်း ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

http://www.cherrythitsar.org



**အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်**

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် စေလွှတ်သည့် ဒုတိယအသုတ် မြန်မာမျိုးချစ်လူငယ်များနှင့်အတူ ၁၃ ဧပြီ ၁၉၄၁ ခုနှစ်တွင် ကိုင်ရှိုမာရူး သင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ပြီး ၂၈ ဧပြီ ၁၉၄၁ ခုနှစ်တွင် ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ ရောက်ရှိခဲ့သည်။ ထိုမှတစ်ဆင့် ဟာကိုနီတောင်ပေါ်စခန်းမြို့သို့ သွားရောက် အပန်းဖြေခဲ့ကြသည်။ ၉ မေ ၁၉၄၁ ခုနှစ်တွင် လေယာဉ်ပျံဖြင့် တိုကျိုမှ ဟိုင်နန်ကျွန်းသို့ သွားရောက်ရာ ၁၀ မေ ၁၉၄၁ ခုနှစ်တွင် ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွန်းတွင် စစ်ပညာများသင်ကြားခဲ့သည်။

၂၇ ဒီဇင်ဘာ ၁၉၄၁ ခုနှစ် ထိုင်းနိုင်ငံ ဗန်ကောက်တွင် လက်မောင်းသွေးဖောက်၍ သစ္စာပြုကာ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) စတင်ဖွဲ့စည်းထူထောင်ရာ၌ ပါဝင်ခဲ့သည်။

ဘီအိုင်အေစစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်း ချီတက်ကာ ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့သည်။ လှိုင်းဘွဲ့မြို့သိမ်း တိုက်ပွဲနှင့် ကတိုင်တိတိုက်ပွဲတို့တွင် ရှုပ်ရှုပ်ချွံချွံ ပါဝင်တိုက်ခိုက်ခဲ့သည်။

၁၉၄၂ ခုနှစ် ဧပြီလတွင် ဘီအိုင်အေ တပ်မဟာ ၃ တပ်မှူး အဖြစ်ဆောင်ရွက်ခဲ့သည်။ ၂၇ ဇူလိုင် ၁၉၄၂ ခုနှစ်တွင် ဘီအိုင်အေကို ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ဖွဲ့စည်းသောအခါ ဘီဒီအေ တပ်ရင်း ၁ တပ်ရင်းမှူး အဖြစ်လည်းကောင်း၊ ၁၉၄၄-၄၅ ခုနှစ်တွင် ဘီဒီအေ တပ်ရင်း ၅ တပ်ရင်းမှူးအဖြစ်လည်းကောင်း၊ စစ်ဦးစီးဌာနချုပ် အထွေထွေဌာနကြီးမှူး အဖြစ်လည်းကောင်း တာဝန် ထမ်းဆောင်ခဲ့သည်။

၁၉၄၄ခုနှစ် စက်တင်ဘာလတွင် ဖက်ဆစ်ဂျပန် တော်လှန်ရေးအတွက် ပြင်ဆင်စည်းရုံးရန် ဗိုလ်မှူးကြီးနေဝင်း ဒေးဒရဲရှိ သခင်စိုးထံ သွားရောက်ရာတွင် လိုက်ပါခဲ့သည်။ ၁ မတ် မှ ၃ မတ် ၁၉၄၅ ခုနှစ် အထိ ကျင်းပသော ဖ-တ-ပ-လ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ထိုအစည်းအဝေးတွင် ဖက်ဆစ်ဂျပန်တို့အား တော်လှန် တိုက်ခိုက်ရန် အစီအစဉ်များ ချမှတ်ခဲ့သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလတွင် တိုင်း ၆ (မိတ္ထီလာ၊ ပျဉ်းမနား၊ တောင်ငူနှင့် တောင်ပိုင်း ရှမ်းပြည်) တိုင်းမှူးအဖြစ် တာဝန်ယူ၍ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ခဲ့သည်။

http://www.cherrythitsar.org



၁၂ ဩဂုတ် ၁၉၄၅ ခုနှစ်တွင် ဗမာ့တပ်မတော်ခေါင်းဆောင် အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၁၉၄၆-၄၇ ခုနှစ်တွင် ဗမာ့တပ်မတော်တပ်ရင်း ၅ ၏ တပ်ခွဲမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် အမှတ်(၃) ဗမာ့သေနတ်ကိုင်တပ်ရင်းတွင် တပ်ခွဲမှူးနှင့် တပ်ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၃ ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကော်မရှင်တွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

**ပါတီနိုင်ငံရေး**

၁၆ ဇူလိုင် ၁၉၄၈ ခုနှစ်တွင် ဖွဲ့စည်းသော လက်ဝဲညီညွတ်ရေးကောင်စီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ဗိုလ်ရဲထွဋ်သည် လက်ဝဲညီညွတ်ရေးကောင်စီ၏ အာဏာသိမ်းရေးလမ်းစဉ်ကို လက်ခံကာ ၁၀ ဩဂုတ် ၁၉၄၈ ခုနှစ်တွင် ဗမာ့တပ်မတော် တပ်ရင်း ၃ ကို ဦးဆောင်၍ တောခိုခဲ့သည်။ ၁၉၄၈-၅၀ ပြည့်နှစ်အတွင်း တော်လှန်နေသော ဗမာ့တပ်မတော်၏ ဒုတိယခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၄ မတ် ၁၉၄၉ ခုနှစ်တွင် ပြည်မြို့၌ ဗမာပြည် ကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော်(ဖြူ)နှင့် တော်လှန်သော ဗမာ့တပ်မတော်တို့ ပူးပေါင်း၍ ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု ဖွဲ့စည်းရာတွင် ပါဝင်ခဲ့သည်။

၁၉၅၀ ပြည့်နှစ် မတ်လတွင် ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု ပြိုကွဲသွားပြီးနောက် တော်လှန်သော ဗမာ့တပ်မတော်ကို ဖျက်သိမ်းလိုက်ပြီး တောခိုတပ်များနှင့် ဗမာပြည် ကွန်မြူနစ်ပါတီ၏ လက်နက်ကိုင်တပ်များ ပူးပေါင်းခဲ့သည်။ ၁၉၅၁-၆၃ ခုနှစ်အတွင်း ဗမာပြည်ကွန်မြူနစ်ပါတီ ပြည်သူ့တော်လှန်ရေး စစ်ကောင်စီတွင် အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ ဗ က ပ ပြည်သူ့တပ်မတော် စစ်ဦးစီးမှူးအဖြစ် လည်းကောင်း၊ အမျိုးသားဒီမိုကရေစီ ညီညွတ်ရေး တပ်ပေါင်းစု (မဒညတ)တွင် ဗကပ ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ဗကပအစုံ ဗဟိုကော်မတီဝင်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

http://www.cherrythitsar.org



၂၁ မေ ၁၉၆၃ ခုနှစ်တွင် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့သည်။ ထို့နောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့ ဝင်ရောက်၍ နိုင်ငံရေးဆောင်ရွက်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီတွင် လူထုရေးရာကော်မတီအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၂ မတ် ၁၉၆၄ ခုနှစ်တွင် တော်လှန်ရေးကောင်စီ၏ အကြံပေး အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုရေးရာဌာနကြီး၏ အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခဲ့သည်။ ၉ အောက်တိုဘာ ၁၉၇၂ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ် သမဝါယမ စိုက်ပျိုးမွေးမြူရေးနှင့် သစ်တောရေးရာကော်မတီတွင် အတွင်းရေးမှူးတာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၇၃-၇၄ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ သန့်စင်ရေးလုပ်ရာတွင် ပါသွားခဲ့ပြီး ပါတီပြင်ပ ရောက်သွားခဲ့သည်။

## အခြားဆောင်ရွက်ချက်များ

၁၉၆၄ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ လွတ်လပ်ရေးမော်ကွန်း ကော်မတီအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၅ ဖေဖော်ဝါရီ ၁၉၈၂ ခုနှစ်မှစ၍ နိုင်ငံရေးပင်စင် ချီးမြှင့်ခြင်းခံရသည်။ ၁၇ နိုဝင်ဘာ ၁၉၈၈ ခုနှစ်တွင် မျိုးချစ်ရဲဘော်ဟောင်းများ အဖွဲ့၏ နာယကအဖြစ်ဆောင်ရွက်ခဲ့သည်။ ၂၇ ဒီဇင်ဘာ ၁၉၈၈ ခုနှစ်တွင် ဒေါ်ခင်ကြည်ဈာပနကော်မတီ ဒုတိယဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ခဲ့သည်။ ၃ ဒီဇင်ဘာ ၁၉၉၀ ပြည့်နှစ်တွင် မျိုးချစ်ရဲဘော်ဟောင်းများမှ နုတ်ထွက်ခဲ့သည်။

## စာပေရေးရာ

၂၇ မတ် ၁၉၆၃ ခုနှစ် လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာတွင် "ဂျပန်တော်လှန်ရေး" ဆောင်းပါးကိုရေးသားခဲ့သည်။

## ဆုတံဆိပ်ရေးရာ

- လှိုင်းဘွဲ့မြို့ သိမ်းပိုက်ပွဲနှင့် ကတိုင်တိတိုက်ပွဲတို့တွင် ထူးချွန်စွာ တိုက်ခိုက်ခဲ့သည့်အတွက် ၁၉၄၂-၄၃ခုနှစ်တွင် ဗမာ့ လွတ်လပ်ရေး

http://www.cherrythitsar.org



တပ်မတော်(ဘီအိုင်အေ)၏ သူရဲကောင်းတံဆိပ် (ဒုတိယဆင့်)ချီးမြှင့်ခြင်း ခံခဲ့ရသည်။

- ၈ ဇန်နဝါရီ ၁၉၄၂ ခုနှစ်မှ ၂၆ ဇူလိုင် ၁၉၄၂ ခုနှစ်ကာလအတွင်း ဘီအိုင်အေ စစ်မှုထမ်းခဲ့သည့်အတွက် အရေးတော်ပုံတံဆိပ် ချီးမြှင့်ခြင်း ခံခဲ့ရသည်။
- ၂၇ ဇူလိုင် ၁၉၄၂ ခုနှစ်မှ ၂၆ မတ် ၁၉၄၅ ခုနှစ် ကာလအတွင်း ဘီဒီအေ၌ စစ်မှုထမ်းခဲ့သည့်အတွက် လွတ်လပ်ရေးစည်းရုံးမှုတံဆိပ် ချီးမြှင့်ခြင်းခံခဲ့ရသည်။

  ၂၇ မတ် ၁၉၄၅ ခုနှစ်မှ ၁၂ စက်တင်ဘာ ၁၉၄၅ ခုနှစ်ကာလအတွင်း ဖက်ဆစ်ဂျပန်များကို ရှုပ်ရှုပ်ချွံချွံ သက်စွန့်ကြိုးပမ်း တိုက်ခိုက် မောင်းထုတ်ခဲ့သည့်အတွက် လွတ်မြောက်ရေးတံဆိပ် ချီးမြှင့်ခြင်း ခံခဲ့ရသည်။
- ၂၅ မတ် ၁၉၇၂ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်းခံခဲ့ရသည်။
- ၇ ဇွန် ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံတော်အကျိုးကို ဦးစီး ဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ချီးမြှင့်ခြင်းခံရသည်။

**လက်မှတ်**



http://www.cherrythitsar.org



# ကျမ်းကိုးစားရင်း


ကျော်ငြိမ်း **ပျဉ်းမနားသမိုင်း (၁၉၄၈-၆၂)** မဟာ ဝိဇ္ဇာဘွဲ့ယူ ကျမ်း၊ သမိုင်းဌာန၊ မန္တလေးတက္ကသိုလ်၊ ၁၉၇၄

ကျောဇော်(ဗိုလ်မှူးချုပ်) **ပြည်တွင်းငြိမ်းချမ်းရေး သဘောထားနှင့် လက်ရွေးစင်မိန့်ခွန်းများ၊** ရန်ကုန်၊ မြို့မ စာနယ်ဇင်း ပုံနှိပ် ၁၉၅၇

〃 **ဖက်ဆစ်တော်လှန်ရေး၊** ရန်ကုန်၊ မျိုးညွန့်ပုံနှိပ် ၁၉၅၉

〃 **ဖက်ဆစ်တော်လှန်ရေး၊ ကမ္ဘာစစ်နှင့်ငြိမ်းချမ်းရေး၊** ရန်ကုန်၊ မျိုးညွန့်ပုံနှိပ် ၁၉၆၀

〃 **ရွေးကောက်ပွဲရှင်းတမ်း၊** ရန်ကုန်၊ မျိုးညွန့်ပုံနှိပ် ၁၉၅၉

〃 **အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲများ၊** ရန်ကုန်၊ အောင်မျိုး စာပုံနှိပ် ၁၉၆၁

ခိုင်ဝါလွင် **ရဲဘော်သုံးကျိပ်ဝင် လူငယ်များ၏ လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်း၊** မဟာဝိဇ္ဇာဘွဲ့ယူကျမ်း၊ သမိုင်း ဌာန၊ မော်လမြိုင် တက္ကသိုလ်၊ ၁၉၉၇

စုစုလွင် **ဖက်ဆစ်တော်လှန်ရေးတွင် တပ်မတော်၏ အခန်းကဏ္ဍ** (၁၉၄၂-၄၅) မဟာဝိဇ္ဇာ ဘွဲ့ယူကျမ်း၊ သမိုင်းဌာန၊ ရန်ကုန် တက္ကသိုလ် ၁၉၉၂

စစ်တက္ကသိုလ်(မေမြို့) **ခေါင်းဆောင်ဟူသည်** မေမြို့ တိုင်းရင်းဆွေပုံနှိပ်၊ ပုံနှိပ်နှစ်မသိ

ညိုညိုခင် **မြန်မာ့နိုင်ငံရေးသမိုင်းတွင် သခင် သိန်းဖေမြင့်၏ အခန်းကဏ္ဍ၊** မဟာဝိဇ္ဇာ ဘွဲ့ယူကျမ်း၊ သမိုင်း ဌာန၊ ရန်ကုန်တက္ကသိုလ်၊ ၁၉၉၆

http://www.cherrythitsar.org




| | |
|---|---|
| တာရာ၊ ဗိုလ် | **"ကိုယ်တွေ့ ဖော်မိုဆာ"**၊ ရန်ကုန်၊ စပယ်ပုံနှိပ်၊ ၁၉၆၃ |
| ။ | **ရဲဘော်သုံးကျိပ်ပြည်တော်ပြန်**၊ ရန်ကုန်၊ သန်းမြင့် ဗဟိုပုံနှိပ်၊ ပုံနှိပ်နှစ်မသိ |
| တို့ဗမာအစည်းအရုံးသမိုင်း | **တို့ဗမာအစည်းအရုံးသမိုင်း (ပ+ဒု)**၊ ရန်ကုန်၊ စာပေပြုစုရေးအဖွဲ့ စာပေဗိမာန် ပုံနှိပ် ၁၉၇၆ |
| တက္ကသိုလ်စိန်တင် | **ရဲဘော်သုံးကျိပ် မော်ကွန်း**၊ စတုတ္ထအကြိမ်၊ ရန်ကုန်၊ တောက်တောက်ဝင်း ပုံနှိပ်၊ ၁၉၈၄ |
| တင်မြ၊ သခင် | **ဖက်ဆစ်တော်လှန်ရေး ဌာနချုပ် နှင့် တိုင်း ၁၀ တိုင်း**၊ ရန်ကုန်၊ ကျုံပျော်စာပေ၊ ၁၉၆၈ |
| | **၁၉၅၉ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ လွတ်လပ်ရေးမော်ကွန်းဝင်များအဖြစ် အသိအမှတ်ပြု ကြေညာခြင်းခံရသူများ စာရင်း (လက်နှိပ်စက်မူ)** |
| တပ်မတော်မော်ကွန်းတိုက် | **တပ်မတော်နေ့စာစောင်** ၁၉၅၉၊ **တပ်မတော်နေ့စာစောင်** ၁၉၆၀၊ |
| ထွန်းလှ၊ ဗိုလ် (တက္ကသိုလ်နေဝင်း) | **ဗိုလ်ချုပ်အောင်ဆန်း**၊ ရန်ကုန်၊ သမာမိတ္တ ပုံနှိပ် ၁၉၅၅ |
| ထွန်းအုပ်၊ သခင် | **ကျွန်ုပ်စွန့်စားခန်း**၊ ရန်ကုန် တို့ဗမာ ကုမ္ပဏီ ၁၉၄၃ |
| နေ့ညွန့်ဗဆွေ | **ပြည်သူ့ အရေးတော်ပုံပါတီ** (၁၉၃၉-၄၅) မဟာဝိဇ္ဇာဘွဲ့ယူကျမ်း၊ သမိုင်းဌာန၊ ရန်ကုန် တက္ကသိုလ်၊ ၁၉၈၄ |
| ဗစိန်၊ သခင် | **သခင်များ လွတ်လပ်ရေးကြိုးပမ်းမှု**၊ ရန်ကုန်၊ တိုင်းပြည်ပြု ပုံနှိပ်တိုက်၊ ၁၉၄၃ |

http://www.cherrythitsar.org



ဗလ၊ ဗိုလ် — **လွတ်လပ်ရေးခရီးတစ်ထောက်** (ပ+ဒု) ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်၊ ၁၉၇၄

**ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ** (သခင်ကိုယ်တော်မှိုင်း တည်းဖြတ်)၊ ရန်ကုန်၊ အမျိုးသား စာပုံနှိပ်တိုက် ၁၉၅၁

ဗိုလ်လေး၊ ဒေါက်တာ — **အလုပ်အကိုင် လက်တွေ့ သုတေသနကျမ်း၊** ရန်ကုန်၊ ကျော်ဝင်းဆွေပုံနှိပ်၊ ၁၉၉၁

မင်းခေါင်၊ ဗိုလ် (ရဲဘော်သုံးကျိပ်) — **ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်** ရန်ကုန်၊ ရွှေတူစာပေ ၁၉၆၈

〃 — **ရွှေတူ၏ မြစ်ဖျားခံရာ၊** ရန်ကုန်၊ သိန်းသန်းဦး ပုံနှိပ်၊ ၁၉၇၄

မြဒေါင်းညို — **ရဲဘော်သုံးကျိပ်၊** သတ္တမအကြိမ်၊ ရန်ကုန်၊ သတင်းနှင့် စာနယ်ဇင်း ပုံနှိပ်၊ ၁၉၉၂

〃 — **ရွှေတောင်တိုက်ပွဲ၊** ရန်ကုန်၊ မြန်မာ့ရုပ်ရှင် ပုံနှိပ်၊ ၁၉၄၂

〃 — **အောင်ဆန်း ဘာလဲ၊** ရန်ကုန်၊ မြန်မာ့အလင်း သတင်းစာ ပုံနှိပ်တိုက်၊ ၁၉၄၆

မြဟန်၊ကျော်ငြိမ်း၊ညိုညိုခင်၊မျိုးဦး — **ရန်ကုန်တက္ကသိုလ် ရက်စွဲသမိုင်း၊** ၁၉၉၅ (ကွန်ပျူတာမူ)

## ရဲဘော်သုံးကျိပ်အကြောင်း (DSHRI DR 358)

ရန်နိုင်၊ ဗိုလ် — **ရဲဘော် သုံးကျိပ် မှတ်တမ်း၊** ရန်ကုန်၊ အမျိုးသားသတင်းစဉ်၊ ပုံနှိပ်နှစ်မသိ

http://www.cherrythitsar.org




| | |
|---|---|
| လှကြိုင်၊ ဦး | **ဖလိတစိန္တာမဏိကျမ်း၊** မန္တလေး လှိုင်ပုံနှိပ်တိုက်၊ ၁၉၇၁ |
| သုတေသနရဲဘော် | **ရဲဘော်သုံးကျိပ်နှင့် ဗမာ့ လွတ်လပ်ရေး တပ်မတော် စစ်ကြောင်းများ၊** ရန်ကုန်၊ ရဲအုန်းကျော်ပုံနှိပ်၊ ၁၉၇၅ |
| | သူရဲကောင်း ဗိုလ်မှူးရန်နိုင် အတ္ထုပ္ပတ္တိ၊ ရန်ကုန်၊ သီတာ မြစာပုံတိုက်၊ ပုံနှိပ်နှစ်မပါ |
| အိုနိုတိုးရု | **ဂျပန်စစ်အုပ်ချုပ်ရေးခေတ် မြန်မာနိုင်ငံ၊** ရန်ကုန်၊ ပုဂံ စာအုပ်တိုက် ၁၉၇၅ |
| အောင်သန်း | **အောင်ဆန်းမိသားစု၊** ရန်ကုန်၊ စန္ဒာဝင်းပုံနှိပ်၊ ၁၉၈၀ |
| အောင်ဆန်း၊ ဗိုလ်ချုပ် | **ဖက်ဆစ်တော်လှန်ရေးသမိုင်း၊** ရန်ကုန်၊ ရှုမဝစာအုပ်တိုက်၊ ၁၉၅၅ |
| Aung San | **Burma's Challenge** Rangoon. The New Light of Burma press, Ltd, 1946 |
| Ba Maw | **Break through in Burma** Yale University 1968 |
| Ba Than (Dhammika) | **The Roots of the Revolution** Rangoon, Director of Information 1962. |
| **History of Minami kikan** | **(DSHRI DR 950)** |
| Izumiya Tetsuro | **THE MINANI ORGAN** third edition Rangoon University PRESS 1991 |
| **Letter Containing Bo Mo Gyo's** | **account of how Thakhin Aung, San and Hla Myaning were Smug gled out of Burma** (DSHRI DR 984) |
| Maung Maung, Dr. | **Aung San of Burma** The Hague, Nijhoff. 1962 |
| Maung Maung, Dr. | **Burma and General Ne Win** Bombay 19643 |

http://www.cherrythitsar.org



| | |
|---|---|
| **Memorandum of Mr. Tokeshi Higuehi** | (DSHRI DR 1403) |
| **Notes and answers on military training by thirty Comrades during their training in Hainan island** | (DSHRI DR 259) |
| **The Memoirs of 1" squad Minami Organ** | (DSHRI DR 3141) |
| **Who's who in Burma** | Rangoon Govt-printing 1961 |
| Whon Z. Yoon | **JAPAN'SSCHEMEFORTHELIB-ERATION OF BURMA** : The Role of the Minami kikan and the "Thirty Comrades" Ohio University Center for International studies Southeast Asia program, 1973. |

◆

## ဆောင်းပါးများ

| | |
|---|---|
| တာရာ၊ ဗိုလ် | "ဗိုလ်ချုပ်ဒေါ်သထွက်သော နေ့"၊ **ငွေတာရီ မဂ္ဂဇင်း၊** ၁၉၇၃၊ ဩဂုတ် |
| ״ | "ဗိုလ်ချုပ်နှင့် ကျွန်တော်" **မေ့ပျောက်မရသော အောင်ဆန်း၊** ရန်ကုန်၊ ကျူပျော်စာပေ၊ ၁၉၆၆ |
| ״ | "ရဲဘော်သုံးကျိပ်၏ ဗိုလ်မိုးကြိုး" **ငွေတာရီ မဂ္ဂဇင်း၊** ၁၉၆၇ အောက်တိုဘာ |
| ״ | လွတ်လပ်ရေးပညာတော်သင်၊ **ရှုမဝမဂ္ဂဇင်း၊** ၁၉၅၅၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ |
| ״ | "သူရဲကောင်း ဗိုလ်ရန်အောင်" **မြဝတီ မဂ္ဂဇင်း၊** ၁၉၅၃၊ နိုဝင်ဘာ |

http://www.cherrythitsar.org




ဗလ၊ ဗိုလ် — "ထိုနေ့" **ကြေးမုံသတင်းစာ၊** ၁၈ ဇူလိုင်၊ ၁၉၇၃

〃 — "ရဲဘော် သုံးကျိပ်၏ ၃၄နှစ်ခရီး"၊ **ကြေးမုံ သတင်းစာ** ၁၁ ဧပြီ ၁၉၇၄

ရဲထွဋ်၊ ဗိုလ် — "ဂျပန်တော်လှန်ရေး" **လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာ၊** ၂၇ မတ် ၁၉၆၃

အောင်ဆန်း၊ ဗိုလ်ချုပ် — "ဗမာ့လွတ်လပ်ရေး အရေးတော်ပုံ" **ဗမာ့ ခေတ် သတင်းစာ၊** ၁ ဩဂုတ် ၁၉၄၃

Kyaw Zaw / Bo — "A Long and Relentless struggle" Maung Maung Dr. **Aung San of Burma** The Haigue Nijhoff 1962

Letya / Bo — "Snapshots of Aung San" "Maung Maung Dr. **Aung San of Burma** The Haigue Nijhoff 1962

"The March to National Leadership" Maung Maung Dr. **Aung San of Burma** The Haigue Nijhoff 1962

Suzuki Keiji — "Aung San and Burma Independence Army". "Maung Maung Dr. **Aung San of Burma** The Haigue Nijhoff 1962

Yan Aung / Bo — "Our Lonly Mission" "Maung Maung Dr. **Aung San of Burma** The Haigue Nijhoff 1962


◆

## မှတ်တမ်းများ


ကျော်ငြိမ်း၊ ဦး — **မြေအောက် သူပုန် အဖွဲ့ ဆိုင်ရာ မှတ်စု** (လက်နှိပ်စက်မူ)

ကျော်ဇော၊ ဗိုလ်မှူး — **ဂျပန်သွား စစ်ပညာသင် မှတ်တမ်း** (တပ်မတော် မော်ကွန်းတိုက် DR ၄၄၁၁)

http://www.cherrythitsar.org



| | |
|---|---|
| မြင့်ဆွေ၊ ဗိုလ် | **"ကိုယ်တွေ့ မှတ်တမ်း"** (စာကူး စက်မှု) |
| ရဲထွင်၊ ဗိုလ် | **"ကိုယ်ရေးရာဇဝင်"** (လက်ရေးမူ) |
| | **"ကိုယ်တွေ့မှတ်တမ်း"** (လက်ရေးမူ) |
| ။ | **ရဲဘော်သုံးကျိပ်မိသားစု သာရေးနာရေးအဖွဲ့ မှတ်တမ်း** (၁၉၈၃-၉၇) (လက်ရေးမူ) |
| | **ဦးလွန်းဖေ၊ ဦးဘွန်တိတ်တို့၏ ဗမာ့လွတ်လပ်ရေး တပ်မတော် စတင်တည်ထောင်ပုံ ကိုယ်တွေ့ မှတ်တမ်း** (တပ်မတော် မော်ကွန်းတိုက် DR ၃၂၀၄) |

◆

## မိန့်ခွန်းများ

၁။ ပုပ္ပား တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲ (၂၈ ဇန်နဝါရီ ၁၉၆၄) တွင် ပြောကြားသည့် တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်း၏ မိန့်ခွန်း။

၂။ စစ်မှုထမ်းဟောင်းများအဖွဲ့ တတိယအကြိမ် ဗဟိုဦးစီး အစည်းအဝေး (၂၉ ဇူလိုင် ၁၉၈၂)တွင် ပြောကြားသည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းမိန့်ခွန်း။

၃။ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသည့် ၂နှစ်မြောက်နေ့ (၁၉ဇူလိုင် ၁၉၄၉)တွင် တပ်ပေါင်းစုံ ကိုယ်စားလှယ်များအား ပြောကြားသည့် တပ်မှူးချုပ် ဗိုလ်ကျော်ဇော မိန့်ခွန်း။

၄။ ပြည်သူ့ရဲဘော်အဖွဲ့ ဗဟိုဌာနချုပ်မှ ကြီးမှူးကျင်းပသော ဗိုလ်ချုပ်အောင်ဆန်းနေ့ (၁၉ ဇူလိုင် ၁၉၆၀) တွင် ပြောကြားသည့် ဗိုလ်မှူးချုပ် ကျော်ဇော မိန့်ခွန်း။

◆

http://www.cherrythitsar.org

## တွေ့ဆုံမေးမြန်းသည့်ပုဂ္ဂိုလ်များ

| | |
|---|---|
| ရဲဘော်သုံးကျိပ်ဝင် | ဗိုလ်တောက်ထိန်နှင့် (၁၃-၃-၉၄) တွေ့ဆုံမေးမြန်းချက် မှတ်တမ်း |
| 〃 | ဗိုလ်ဗလနှင့် (၁၄-၇-၁၉၉၆) တွေ့ဆုံမေးမြန်းချက် မှတ်တမ်း |
| 〃 | ဗိုလ်ရဲထွဋ်နှင့် (၁၈-၁၂-၉၅)၊ (၂၉-၇-၉၆) တွေ့ဆုံမေးမြန်းချက် မှတ်တမ်း |
| 〃 | ဗိုလ်မျှုးအောင်နှင့် ၁၇-၈-၁၉၉၆ တွေ့ဆုံမေးမြန်းချက် မှတ်တမ်း |
| ဒေါ်ခင်ဆင့် | (ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဇေယျ၏ဇနီး) နှင့် ၁၉-၁၀-၉၅ တွေ့ဆုံမေးမြန်းချက်မှတ်တမ်း |
| ဒေါ်ခင်ဝင်းကြည် | (ရဲဘော် သုံးကျိပ်ဝင် ဗိုလ်ဘုန်းမြင့်၏ သမီး) နှင့် ၂၀-၁၂-၉၅ တွေ့ဆုံမေးမြန်းချက်မှတ်တမ်း |
| ဒေါ်စောကြည် | (ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်အောင်၏ ညီမ ဝမ်းကွဲ၊ ဒါးပိန်မြို့) နှင့် ၁၂-၃-၉၅ တွေ့ဆုံမေးမြန်းချက် မှတ်တမ်း |
| ဒေါ်သိန်းကြည် | (ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မိုးညို၏ ညီမ) နှင့် ၂၈-၁၂-၉၅ တွေ့ဆုံမေးမြန်းချက်မှတ်တမ်း |

◆

http://www.cherrythitsar.org

## စာပြန်ကြားသည့်ပုဂ္ဂိုလ်များ

၁။ ဒေါ်ခင်မြင့်၊ ကျောင်းအုပ်ဆရာမကြီး၊ အ-ထ-က ကညွတ်ကွင်းမြို့၏ ၁၈ ဇူလိုင် ၁၉၉၆ ခုနှစ် ရက်စွဲဖြင့် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဉာဏ၏ မိဘအမည် ပြန်ကြားချက်။

၂။ ဦးထွန်းရွှေ၊ ကျောက်တိုင်တောင်ရွာ၊ ဖြူးမြို့နယ်၏ ၁၅ စက်တင်ဘာ ၁၉၉၆ ခုနှစ် ရက်စွဲဖြင့် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဉာဏ၏ မိဘအမည် ပြန်ကြားချက်။

၃။ မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပန်းတောင်းမြို့၏ ၁ ဖေဖော်ဝါရီ ၁၉၉၆ခုနှစ်၊ စာအမှတ် ၂၃၉/၄-၃/မဝတ(ပန်းတောင်း) ဖြင့် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မြင့်အောင်၏ မိဘအမည် ပြန်ကြားချက်။

၄။ လူထုဒေါ်အမာ (မန္တလေး) ၏ ၇ မတ် ၁၉၉၆ ခုနှစ် ရက်စွဲဖြင့် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ထိန်ဝင်း၏ မိဘအမည်ပြန်ကြားချက်။

◆

http://www.cherrythitsar.org

## အညွှန်းမာတိကာ


| | |
|---|---|
| ကညွတ်ကွင်းမြို့ | ၁၃၅ |
| ကတိုင်တိတိုက်ပွဲ | ၁၉၀၊ ၁၉၂ |
| ကမာရွတ်ရှမ်းစု | ၇၁၊ ၁၆၅ |
| ကရသူရိရွာ | ၁၈ |
| ကရာမြစ် | ၁၈ |
| ကဝမြို့နယ် | ၁၇၁ |
| ကာကွယ်ရေးဥပဒေ | ၂၊ ၃၇ |
| ကာဂါမာဆာရှို(ဗိုလ်ဇေယျ၏ဂျပန်အမည်) | ၁၃၊ ၁၅၅ |
| ကာလကတ္တား | ၁၄၉ |
| ကာဝါရှီးမား၊ ဗိုလ်ကြီး | ၂၀ |
| ကူဆိပ် | ၁၇ |
| ကူရှင်ကျောင်း (ယခု အ-ထ-က-၄ အလုံ) | ၁၈၁ |
| ကူလန်စုကျွန်း | ၄၈ |
| ကေအီးအမ်အထက်တန်းကျောင်း | ၆၇ |
| ကေအင်ယူရွှေဆိုင်းတပ် | ၁၅၃ |
| ကိုကုဘု၊ မစ္စတာ | ၁၂၄၊ ၁၈၆ |
| ကိုဆိုင်မာရှူးသဘော် | ၆၊ ၉၊ ၆၈၊ ၈၂၊ ၁၅၆ |
| ကိုနို (ဗိုလ်မြင့်အောင်၏ ဂျပန်အမည်) | ၁၂၊ ၉၁ |
| ကိုနိုယေအစိုးရအဖွဲ့နုတ်ထွက် | ၉ |
| ကိုမင်တန်တပ် (တရုတ်ဖြူ) | ၁၄၁ |
| ကိုရီယုမာရှူးသဘော် | ၆၊ ၅၆၊ ၆၄၊ ၇၂၊ ၈၆၊ ၁၀၄၊ ၁၂၀၊ ၁၂၅၊ ၁၃၆၊ ၁၄၆၊ ၁၆၆၊ ၁၇၀ |
| ကိုင်ရှိုမာရှူးသဘော် | ၆၊ ၇၆၊ ၉၂၊ ၁၀၀၊ ၁၁၆၊ ၁၄၀၊ ၁၇၈၊ ၁၉၀ |
| ကတ်ဆုရာ (ဗိုလ်စောအောင်၏ ဂျပန်အမည်) | ၁၂၊ ၇၁ |
| ကန်ချနာဘူရီ | ၁၀၊ ၁၅၊ ၂၀ |
| ကန်တော်ကလေးမြူနီစပယ်ကျောင်း | ၁၈၉ |

http://www.cherrythitsar.org




ကန်တော်ကြီးပတ်ခ်လမ်း (ယခု နတ်မောက်လမ်း)
နှင့် ဦးထွန်းမြတ်လမ်း ၂၇၊ ၂၈၊ ၅၀
ကန်တော်မင်ပန်းခြံ (ယခု ကန်တော်မင်္ဂလာပန်းခြံ) ၃၇
ကန္ဒီကွန်ဖရင့် ၃၅
ကန္ဒီမြို့ ၃၄၊ ၅၇၊ ၁၄၀၊ ၁၅၁၊ ၁၅၇
ကန္ဒီသဘောတူညီချက် ၃၄၊ ၃၅၊ ၃၆၊ ၅၀
ကမ္ဘလေးကျေးရွာ ၁၀၉
ကျူးရှုးကျွန်း ၅၆၊ ၆၄၊ ၇၂၊ ၈၆၊ ၁၀၄၊ ၁၂၀၊ ၁၂၅
၁၃၆၊ ၁၄၆၊ ၁၆၆၊ ၁၇၀
ကျော်ခင်၊ ကို ၃
ကျော်ခေါင်ဗလတပ်ဖွဲ့ ၂၈
ကျော်ငြိမ်း၊ ဦး ၂၇၊ ၂၈၊ ၅၇
ကျော်စိန်၊ သခင် ၁၆၁
**ကျော်ဇော၊ ဗိုလ် ၁၃၉**
**အမည်ရင်း ၁၃၊ ၁၃၉၊ ဂျပန်အမည် ၁၃၊ ၁၃၉၊ မိဘအမည် ၁၃၉၊ မွေးသက္ကရာဇ် ၁၃၉၊ မွေးဖွား ရာဇဝင် ၁၃၉၊ စစ်ပညာသင်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာ ၆၊ ၁၄၀၊ မော်လမြိုင်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်းချီတက် ၁၄၀၊ ဖက်ဆစ်ဂျပန် တော်လှန်ရေးကာလ၌ တိုင်း ၄ (ပဲခူး-ရွှေကျင်နှင့် သထုံ)တွင် တိုင်းမှူးအဖြစ် တာဝန်ယူ ၁၄၀၊ ဗမာ့တပ်မတော် ခေါင်းဆောင်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက် ၁၄၀၊ ဗိုလ်ချုပ် အောင်ဆန်းဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့ ကန္ဒီမြို့သို့သွားရာ၌ အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ ၁၄၀၊ မြောက်ပိုင်းတိုင်းမှူး၊ တောင်ပိုင်းတိုင်းမှူး အဖြစ် တာဝန်ထမ်းဆောင် ၁၄၁၊ တရုတ်ဖြူ ကူမင်တန်ကျူးကျော်မှုကိုတိုက်ခိုက်ချေမှုန်း၁၄၁၊**

http://www.cherrythitsar.org



**ဗ-က-ပ ထံသို့ စစ်ရေးထိပ်တန်း လျှို့ဝှက်သတင်း ပေးပို့သည့်ကိစ္စဖြင့် အငြိမ်းစားပေးခြင်းခံရ ၁၄၁၊ တရုတ်နိုင်ငံသို့ လျှို့ဝှက်ထွက်ခွာသွားပြီး ဗ-က-ပ ဗဟိုဌာနချုပ်၌ စစ်အကြံပေးနှင့် စစ်ကော်မရှင်အဖွဲ့ ဝင်အဖြစ် တာဝန်ယူ ၁၄၂၊ ယူဂိုစလားဗီးယားသမ္မတ တီးတိုး၏ စစ်သည်တော်ကောင်းတံဆိပ် ချီးမြှင့်ခြင်း ခံရ ၁၄၂၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)တံဆိပ် ချီးမြှင့်ခြင်းခံရ ၁၄၃၊**

ကျောက်တံခါး ၈၅

ကျိုက္ခမီ ၁၈၊ ၁၉၊ ၇၆

ကျိုက်ပိရွာ ၁၁၉

ကျိုက်လတ်မြို့ ၁၉၊ ၁၀၅

ကြီးမြင့်၊ ရဲဘော် ၁၄၁

ကြံခင်းမြို့ ၁၉

ကြို့ပင်ကောက် ၇၅

ကြည့်မြင်တိုင်ဆိပ်ကမ်း ၁၈၊ ၂၂

ကွင်းဆိပ် ၁၇၊ ၂၁

ကွန်မြူနစ်ပါတီ ၂၆၊ ၂၇၊ ၂၈၊ ၄၉

ကွမ်းခြံရွာ ၉၉

ခရမ်းမြို့နယ် ၃၂၊ ၁၁၆၊ ၁၆၉

ခင်ညို၊ ဗိုလ်မှူး ၃၂

ခင်မောင်၊ သခင် ၁၈၆

ခင်မောင်လေး၊ ဗိုလ် ၂၇၊ ၂၈

ခန်းဒ၊ ဗိုလ်မှူး ၄၊ ၅

ချိဒိုး၊ ဦး ၂၉

ချင်းဒါစိန်ကို (ဗိုလ်ဘုန်းမြင့်၏ ဂျပန်အမည်) ၁၂၊ ၉၉

ချစ်၊ သခင် ၂၇၊ ၂၈

ချစ်တင်၊ သခင် ၁၈၆

http://www.cherrythitsar.org



ချန်ကေရှိတ် ၄
ချန်ကေရှိတ်အစိုးရတပ်များ ၂၂
ချမ်းအေး၊ ရဲဘော် ၁၅၂
ချိုကင်း ၃၊ ၄
ချွန်ဖုန်း ၁၈
ဂျပန်ကင်ပေတိုင်တပ်မှူး ၄
ဂျပန်ခေတ် မြန်မာနိုင်ငံအစိုးရအဖွဲ့(၁-၈-၄၂) ၂၅၊ ၁၂၅
ဂျပန်ခေတ် မြန်မာနိုင်ငံအစိုးရအဖွဲ့(၁-၈-၄၃) ၂၆၊ ၄၉၊ ၁၈၆
ဂျပန်စစ်ဘက်အုပ်ချုပ်ရေး ၂၄
ဂျပန်စစ်ဦးစီးဌာနချုပ် ၅၊ ၉၊ ၁၀၊ ၁၅၊ ၂၅
ဂျပန်တပ်မတော် အမှတ်(၁၅) ၁၅၊ ၁၇၊ ၂၄၊ ၂၅
ဂျပန်တပ်မ အမှတ် ၅၅ ၂၀၊ ၂၁၊ ၂၂၊ ၂၄၊ ၁၁၀
ဂျပန်နိုင်ငံ ၂၊ ၄၊ ၅၊ ၆၊ ၈၊ ၉၊ ၁၀၊ ၁၄၊ ၂၅၊ ၃၂
၄၈၊ ၆၄၊ ၇၆၊ ၈၂၊ ၉၂၊ ၉၆၊ ၁၀၀၊ ၁၀၄
၁၁၀၊ ၁၁၅၊ ၁၂၀၊ ၁၂၅၊ ၁၃၀၊ ၁၃၆၊ ၁၄၀
၁၄၅၊ ၁၅၀၊ ၁၅၆၊ ၁၆၆၊ ၁၇၀၊ ၁၇၃၊ ၁၇၄
၁၇၈၊ ၁၈၂၊ ၁၉၀
ဂျပန်နိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ၃၂၊ ၁၈၆
ဂျပန်ဘုရင့်တပ်မတော် ၁၅
ဂျပန်အကြံပေးအရာရှိချုပ် ၃၀
ဂျာမနီနိုင်ငံ ၁၇၁
ဂျူပလီဟော ၅၃၊ ၁၂၄၊ ၁၈၆
ဂျော့ဘုရင် (ဆဋ္ဌမမြောက်) ၄၁
ဂျက်ဖနာကောလိပ် ၁၀၃
ဂွမြို့ ၂၃
ဂွန်ဆေးဘုခေါ် စစ်အုပ်ချုပ်ရေး ၂၄
“ငရဲခွေးကြီးလွတ်နေပြီ”ဆောင်းပါး ၄၆
ငါးပွင့်ဆိုင်အဖွဲ့ ၁

http://www.cherrythitsar.org



စူဇူကီး၊ ဆရာဝန် ၁၂၄

စူဇူကီး၊ ဗိုလ်မှူးကြီး(ဗိုလ်မိုးကြိုး) ၄၊ ၅၊ ၁၀ ၁၁၊ ၁၃၊ ၂၄၊ ၂၅
၄၈၊ ၉၅၊ ၁၂၅၊ ၁၈၆

စေတီယင်္ဂဏပရိယတ္တိအသင်း ၇၈

စော၊ ဂဠုန် ၃၉၊ ၄၀၊ ၅၃

စောကြာဒိုး၊ ဗိုလ် ၂၇၊ ၂၈၊ ၃၁၊ ၁၁၁

**စောနောင်၊ ဗိုလ် ၁၆၅**

**အမည်ရင်း ၁၃၊ ၁၆၅၊ ဂျပန်အမည် ၁၃၊ ၁၆၅ မိဘအမည် ၁၆၅၊ မွေးသက္ကရာဇ် ၁၆၅၊ မွေးဖွား ရာဇာတိ ၁၆၅၊ စစ်ပညာသင်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာ ၆၊ ၁၆၆၊ မော်လမြိုင်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်းချီတက် ၁၆၆၊ ဖက်ဆစ်ဂျပန် တော်လှန်ရေးကာလက ရှေ့တန်းစစ်ဌာနချုပ် တွင် တပ်ခွဲမှူးတာဝန်ဖြင့် ဖက်ဆစ်ဂျပန်များ ကို တော်လှန် ၁၆၇၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)တံဆိပ် ချီးမြှင့်ခြင်းခံရ ၁၆၇၊ ကွယ်လွန် ၁၆၇။**

စောဘဦးကြီး

**စောအောင်၊ ဗိုလ်**

**အမည်ရင်း ၁၂၊ ၇၁၊ ဂျပန်အမည် ၁၂၊ ၇၁၊ မိဘအမည် ၇၁၊ မွေးသက္ကရာဇ် ၇၁၊ မွေးဖွား ရာဇာတိ ၇၁၊ စစ်ပညာသင်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာ ၆၊ ၇၂၊ မော်လမြိုင်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်းချီတက် ၇၂၊ ရွှေကျင်တိုက်ပွဲ တွင်ကျဆုံး ၇၂၊ လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်) တံဆိပ်ချီးမြှင့်ခြင်းခံရ ၇၂။**

စိုး၊ သခင် (ကွန်မြူနစ်ပါတီ) ၂၆၊ ၂၇၊ ၂၈၊ ၄၉၊ ၅၇၊ ၁၉၀

စက္ကူဖြူစာတမ်း ၃၃

http://www.cherrythitsar.org



**စကြာ၊ ဗိုလ်** **၁၈၅**
**အမည်ရင်း ၁၃၊ ၁၈၅၊ ဂျပန်အမည် ၁၃၊ ၁၈၅၊**
**မိဘအမည် ၁၈၅၊ မွေးသက္ကရာဇ် ၁၈၅၊ မွေးဖွား**
**ရာဇာတိ ၁၈၅၊ စစ်ပညာသင်ရန် ဂျပန်နိုင်ငံသို့**
**ထွက်ခွာ ၁၈၆၊ မော်လမြိုင်စစ်ကြောင်းဖြင့်**
**မြန်မာနိုင်ငံတွင်းချီတက် ၁၈၆၊ မြန်မာနိုင်ငံ**
**အစိုးရအဖွဲ့တွင် ဒု-ကာကွယ်ရေးဝန်ကြီးအဖြစ်**
**ထမ်းဆောင် ၁၈၆၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာ**
**စစ်သံမှူးအဖြစ် တာဝန်ထမ်းဆောင် ၁၈၆၊**
**ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာ**
**ကိုယ်စားလှယ်အဖွဲ့ အင်္ဂလန်နိုင်ငံသွားရောက်ရာ**
**တွင် အတိုင်ပင်ခံအဖြစ်လိုက်ပါ ၁၈၆၊-၁၈၇**
**ထိုင်းနိုင်ငံသို့ လျှို့ဝှက်ထွက်ခွာသွားပြီး အမျိုးသား**
**လွတ်မြောက်ရေးကောင်စီအဖွဲ့ ၁၈၇၊ ဦးနုအဖွဲ့နှင့်**
**ပူးပေါင်း ၁၈၇၊ လွတ်လပ်ရေးမော်ကွန်းဝင်**
**(ဒုတိယဆင့်)တံဆိပ် ချီးမြှင့်ခြင်းခံရ ၁၈၆၊**
**ကွယ်လွန် ၁၈၇။**

စက်မှုလက်မှုတပ်ရင်း(၂) ၃၁
စက်အမြောက်တပ်ရင်း ၃၁
စင်ကာပူ ၃၂၊ ၁၂၆
စင်ပြိုင်အစိုးရ ၈၈
စစ်ကိုင်း ၂၉
စစ်တောင်းမြစ် ၁၇၊ ၂၁
စစ်တောင်းမြစ်ဝှမ်း ၇၆
စစ်တွေ ၁၆၂
စစ်ဘက်ချစ်ကြည်ရေးမိတ်ဆက်အဖွဲ့ ၁၄၁
စစ်ရဲတပ်ရင်း ၃၂
စစ်ဝန်ကြီး၊ (ဗိုလ်ချုပ်အောင်ဆန်း) ၃၀၊ ၄၉

http://www.cherrythitsar.org




| | |
|---|---|
| စစ်ဝန်ကြီးရုံး | ၁၀၅ |
| စစ်သူရဲကောင်းဘွဲ့ | ၆၁ |
| စစ်သေနာပတိ (ဗိုလ်ချုပ်အောင်ဆန်း) | ၂၉၊ ၃၃၊ ၄၉ |
| စစ်သေနင်္ဗျူဟာပညာ | ၁၁ |
| စစ်သည်တော်ကောင်းတံဆိပ် | ၁၂၁၊ ၁၄၂ |
| စစ်ဦးစီးချုပ်ရုံး | ၅၇ |
| စန်ပိုရွာ | ၂၀ |
| စန်းယစစ်ပညာသင်တန်းကျောင်း | ၇၊ ၁၁ |
| စန်းယမြို့ | ၇ |
| စိန်မှန်၊ ဗိုလ် | ၂၈၊ ၄၀ |
| စိန့်ဂျိုးဇက်ကောလိပ် | ၁၂၃ |
| စိန့်ဂျွန်းကျောင်း | ၆၃ |
| စဝ်စံထွန်း (မိုင်းပွန်စော်ဘွား) | ၄၀ |
| ဆသွန်းလမ်း | ၁၄ |
| ဆာကူရိုင်း(ဗိုလ်ချုပ်) | ၃၀ |
| ဆားမှော်သကြားစက် | ၁၃၅ |
| ဆုချိယ (ဗိုလ်ညဏ၏ ဂျပန်အမည်) | ၁၃၊ ၁၃၅ |
| ဆူဘိုတာ (ဗိုလ်မြဒင်၏ ဂျပန်အမည်) | ၁၃၊ ၁၇၇ |
| ဆိုရှယ်လစ်စီးပွားရေးတည်ဆောက်မှုကော်မတီ | ၁၀၀ |
| ဆင်ဖြူရှင်ဘွဲ့ | ၆၁ |
| ဆင်းရဲသားဝံသာနုအဖွဲ့ | ၁၊ ၁၂၆ |
| ဆိုင်းစုကျေးရွာ | ၁၃၉ |
| ဆွီဒင် | ၁၄၁ |
| ဆွစ်ဇာလန် | ၁၄၁ |
| ဇလွန်မြို့ | ၄၈ |
| ဇာလီမော် | ၁၁၃ |
| ဇီးကုန်းမြို့နယ် | ၁၅၈ |

http://www.cherrythitsar.org



**ဇေယျ၊ ဗိုလ်** ၁၅၅

အမည်ရင်း ၁၃၊ ၁၅၅၊ ဂျပန်အမည် ၁၃၊ ၁၅၅ မိဘအမည် ၁၅၅၊ မွေးသက္ကရာဇ် ၁၅၅၊ မွေးဖွား ရာဇာတိ ၁၅၅၊ စစ်ပညာသင်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာ ၆၊ ၁၅၆၊ ပြည်တွင်းသူပုန်အဖွဲ့ဝင် အဖြစ် မြန်မာနိုင်ငံတွင်းဝင်ရောက် ၁၅၆၊ ဖက်ဆစ်တော်လှန်ရေးတွင် ရှေ့တန်းစစ်ဌာနချုပ် ၌ စစ်ဦးစီးမှူးအဖြစ် တာဝန်ယူ ၁၅၇၊ ဗိုလ်ချုပ် အောင်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စား လှယ်အဖွဲ့ကန္ဒီမြို့သို့သွားရောက်ရာတွင် အဖွဲ့ဝင် အဖြစ်ပါဝင် ၁၅၇၊ တပ်မတော်တပ်ရင်းအချို့ တောခိုရာတွင် ပါဝင် ၁၅၇၊ ဗမာ့တပ်မတော်မှ ဗကပဌာနချုပ်ကိုဝင်ရောက်စီးနင်းစဉ်ကျဆုံး ၁၅၈။

ဇေယျကျော်သူတပ်ဖွဲ့ ၂၈

ဇေးဗီးယား၊ မစ္စတာ (ဟင်္သာတစီရင်စု ရာဇဝတ်ဝန်) ၄၈

ဇော်မင်း၊ ဗိုလ် (ဦးမောင်မောင်ကျော်ဝင်း) ၃၄

**ဇင်ယော်၊ ဗိုလ်**

အမည်ရင်း ၁၃၊ ၁၆၉၊ ဂျပန်အမည် ၁၃၊ ၁၆၉၊ မိဘအမည် ၁၆၉၊ မွေးသက္ကရာဇ် ၁၆၉၊ မွေးဖွားရာ ဇာတိ ၁၆၉၊ စစ်ပညာသင်ရန် ဂျပန်နိုင်ငံသို့ထွက်ခွာ ၆၊ ၁၇၀၊ မော်လမြိုင်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်း ချီတက် ၁၇၀၊ ရန်ကုန်ခရိုင် ပြည်သူ့ ရဲဘော်တပ်ဖွဲ့ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက် ၁၇၁၊ လွတ်လပ်ရေးမော်ကွန်း ဝင်(ပထမဆင့်)တံဆိပ် ချီးမြှင့်ခြင်းခံရ ၁၇၁၊ နိုင်ငံ့ ဂုဏ်ရည်ဘွဲ့(ပထမဆင့်)ရ ၁၇၁၊ ကွယ်လွန် ၁၇၁။

ဇင်းမယ် ၈၊ ၁၅၊ ၁၆၊ ၉၆၊ ၁၇၈၊ ၁၇၉

http://www.cherrythitsar.org



**ဉာဏ၊ ဗိုလ်** **၁၃၅**

**အမည်ရင်း ၁၃၊ ၁၃၅၊ ဂျပန်အမည် ၁၃၊ ၁၃၅၊ မိဘအမည် ၁၃၅၊ မွေးသက္ကရာဇ် ၁၃၅၊ မွေးဖွားရာဇာတိ ၁၃၅၊ စစ်ပညာသင်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာ ၆၊ ၁၃၆၊ ထားဝယ်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်းချီတက် ၁၃၆၊ ကရင်လက်နက်ကိုင်တပ်များ၏ ချုံခိုတိုက်ခိုက်မှုကြောင့်ကျဆုံး ၁၃၇၊ လွတ်လပ်ရေးမော်ကွန်းဝင်(တတိယဆင့်) တံဆိပ် ချီးမြှင့်ခြင်းခံရ ၁၃၆၊**

ညီ၊ သခင် ၅၆

ညိုထွန်း၊ ဦး ၃၄

ညောင်စာရေး ၁၉

ညောင်ပင်ဆိပ်ရွာ ၁၃၃

ညောင်လေးပင်မြို့ ၉၅

တကာစုငိစုစုမု (ဗိုလ်ချုပ်နေဝင်း၏ ဂျပန်အမည်) ၁၂၊ ၅၅

တကာဟာရှိ (ဗိုလ်မိုးညို၏ ဂျပန်အမည်) ၁၂၊ ၆၃

တရုတ်ကွန်မြူနစ်ပါတီ ၃၊ ၄၈၊ ၁၆၂

